


www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





မောင်ကျော်လှိုင်

[illegible] စာပေ

မှ စီစဉ်ထုတ်လုပ်ပါသည်။

အုပ်(၆၀)မြောက် အထိမ်းအမှတ်

# လမင်းမှိုမှို



အဖောင်လေး

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ အေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
ပြည်ပနိုင်ငံသားများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား
ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

# ၁

တယ်လီဖုန်းကိုကောက်ကိုင်ကာ အဝေးက နာရီ တစ်ချက်ကြည့်လိုက်ရင်း ...

"ဟယ်လို ... အဝေးပါ ..."

"အဝေးလား ... အန်တီစန်းပါ ..."

"အော် ... ဟုတ်ကဲ့ အန်တီစန်း ..."

"အဝေး ဒီနေ့အားလား ..."

"ဘယ်အားပါ့မလဲအန်တီစန်း အဝေးရုံးတက်ရမှာပေါ့"

"ခွင့်ယူလို့မရဘူးလား ..."

"မရဘူးအန်တီစန်း ..."

အဝေးက မြန်မာနှင့်နိုင်ငံခြားသားဖက်စပ်အိမ် ယာစီမံကိန်းများ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၌ အလုပ်လုပ် သည်။ အလုပ်ဝင်စက သာမန်အင်ဂျင်နီယာပေါက်စအဖြစ်ဝင် ခဲ့သော်လဲ အဝေးရဲ့ လည်ဝယ်သွက်လက်ချက်ချာမှု၊ အလိုက် တသိဖင်ပေါ့မှု၊ ခိုင်းကောင်းမှု၊ မခိုမကပ်ကြိုးစားတတ်မှုတို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နှစ်နှစ်အတွင်း ရာထူးအဆင့်ဆင့်တိုးတာမဟုတ်ဘဲ ခုန်ကျော်တိုးပုံမျိုးနှင့် အတော်အဆင့်မြင့်သည့်တစ်နေရာကို ရောက်ခဲ့သည်။

စက်ာပူလူမျိုး နိုင်ငံခြားသားလက်အောက်မှာ သူနှင့်တိုက်ရိုက်ဆက်ဆံရပြီး သူ့ရဲ့လက်ထောက်တစ်ယောက် အနေအထားသို့ ကံအားလျော်စွာတိုးတက်ရောက်ခဲ့ရပါသည်။ အဝေးကို ဘာသဘောကျမှန်းမသိ ရိုးသားစွာမျက်စေ့မှိတ် သဘောကျနေသော ထိုအထက်လူကြီးကြောင့် အဝေးအနေအထားက အမြင့်တန်းမှာဖြစ်နေသည်။

မြန်မာလူကြီးနှင့် စက်ာပူလူကြီးရှိကာ အဝေးက စက်ာပူလူကြီးရဲ့လူ ...။ စက်ာပူလူကြီးက မြန်မာလူကြီး အပေါ် အနည်းငယ်ပိုပြီး ဩဇာသက်ရောက်လေရာ စက်ာပူ လူကြီး မြန်မာပြည် မရှိနိုက် အာဏာကုန်လွှဲအပ်ခံရသော လက်ထောက်ဖြစ်သူအဝေးသည် ထိုကုမ္ပဏီ၌ လူတိုင်းကရိုန်ရ သော အခြေအနေမှာရှိသည်။ ထိုစက်ာပူလူကြီးသည် အဝေးကို ရိုးရိုးသားသား သဘောကျကျေနပ်ကာ အထင်လဲကြီးလေသည်။ အဝေးရဲ့အကြံပေးချက်တို့ကို လေးစားတတ်သည်။ သို့သော် နိုင်ငံခြားသားပီပီ ရုံးစည်းကမ်းကကြီးသည်။ ရုံးချိန်ကို ငါးမိ နစ်ထက်ပို၍နောက်မကျရ။ နောက်ကျချိန်သုံးခါရှိလာလျှင် သူ နှင့်တွေ့ရပြီမှတ်။ တွေ့ရသူတိုင်းလဲ ချက်ချင်းအလုပ်ပြုတ် သူ ကများသည်။ ထို့ကြောင့် အဝေးက ကိုယ်ရထားသည့်နေရာနှင့်





တန်အောင် စည်းကမ်းရှိရှိ သိက္ခာရှိရှိနေသည်။ အလုပ်နောက် မကျစဘူး ...။ ခွင့်မယူစဘူး ...။ အမှားအယွင်းမရှိစဘူး။ ကိုယ့်ကို လေးစားနေသူ ပိုပြီးလေးစားလာအောင်သာ ကြိုးစား သည်။ လေးစားမှုတွေ တစ်စတစ်စလျော့ကျပျက်စီးကုန်မှာမျိုး ကို ရှောင်သည်။

"ဟယ်လို ..အန်တီစန်း၊ အဝေးအိမ်ကထွက်တော့မှာ"

တစ်ဖက်ကတိတ်နေသဖြင့် အဝေးက သတိပေး လိုက်သည်။

"အဝေး ... ဒီတစ်ရက်တော့ ... မရဘူးလား"

"မရဘူး အန်တီစန်းရဲ့၊ တကယ်မရတာပါ ... ကြို လဲခွင့်မတိုင်ထားဘူး ... အဝေးပျက်ကွက်ရင်လဲ အဝေး သော့စ်တစ်ယောက်ထဲ ချာလပတ်ယမ်းမှာပဲ ... ဘယ် လိုမှမရဘူး ... အန်တီစန်း ဘာကိစ္စရှိလို့လဲ ..."

"အရေးကြီးတာမို့ပါ အဝေးရယ် ..."

"ဘာများပါလိမ့် အန်တီစန်း ..."

"ဒီနေ့ ... မမြ ... အင်းလေ ... အဝေးမေမေ ထောင်ကလွတ်မယ် ..."

"ဘာ ..."

အဝေးသည် အလန့်တကြား ဟစ်အော်လိုက်မိ ဘာ တယ်လီဖုန်းပင်လွှတ်ကျမတတ် လူကအခြေပျက်သွားရ၏။ ထိုစကားလုံးတို့သည် နားထဲအူကာ ထွေးကုန်သည်။

www.burmeseclassic.com



"အစေး ... အစေး ..."

"ရှင် ... ဟုတ်ကဲ့ ..."

"အန်တီစန်းပြောတာကြားတယ်နော် ... ဒီနေ့ မမမြ ထောင်ကလွတ်မယ် ... အန်တီစန်းလဲ ခုနကမှသိတယ် ... သမီးအန်ကယ်ရုံးကိုလဲ ခုပဲခွင့်ယူဖို့ပြောရတယ် ... အန်ကယ်လဲ ဒီနေ့ရုံးမသွားဘူး ..."

အစေးက ဒိတ်ဒိတ်ရင်ခုန်ကာ ငိုင်တွေနေသည်။ အန်တီစန်းက မေမေ့ညီမဝမ်းကွဲဖြစ်ပါသည်။ သူနှင့်သူ့ခင်ပွန်း ပင်ရုံးဖျက်လိုက်သည်မို့ အစေးကိုလဲခွင့်ယူပါဟု တိုက်တွန်းလိုပုံပြသည်။ အန်ကယ်ဦးလှမောင်သည် ညွှန်ကြားရေးမှူးအဆင့်ရာထူးရှိသူဖြစ်ပါသည်။ သာမန်စာရေးစာချိမဟုတ်ပါ။ သို့သော် အစေးငိုင်တွေနေမိသည်။

"တို့သွားကြိုကြရအောင်နော် အစေး၊ အစေးလဲဒီနေ့"

"မဖြစ်ဘူး အန်တီစန်း ..."

"ဟင် ..."

အစေးအသံက ခပ်ပြတ်ပြတ် ထွက်လာသည်။ အန်တီစန်းသည် တစ်ဖက်မှာ စိတ်ပျက်လက်ပျက်ဖြစ်သွားသလို "ဟင်" ခနဲ တစ်ချက်ညည်းညူကာ ဘာမှပင်ဆက်မပြောနိုင်တော့။

"အစေးခွင့်မယူဘူး၊ ရုံးတက်ရမယ် ...၊ အန်တီစန်းတို့အားရင် အန်တီစန်းတို့ပဲသွားကြိုလိုက်ပါ ...၊ ဒါ





မှမဟုတ် သူ ... သူ့ဘာသာသူလာရင်လာမှာပေါ့ အစေး ဆန်းဒေးကျမှအန်တီစန်းတို့အိမ်လာခဲ့မယ်"

"ဘာပြောတယ်အစေး ... ကြိုလဲမကြိုနိုင်ဘူး၊ မကြိုနိုင်တဲ့အပြင် ... ဒီနေ့ညနေတောင်အရောက်လာဖို့ မကြိုးစားဘူး ဟုတ်လား ... ခုမှ ကြာသပတေးပဲရှိသေးတယ် ... တနင်္ဂနွေမှလာမယ် ဟုတ်လား ... ဟုတ်ရဲ့လားအစေး ..."

အစေးလေသံက လျော့မသွားပါ။ အသက်ဆယ်နှစ်အရွယ်ကစပြီး ကိုယ့်ခြေထောက်ပေါ်မတ်မတ်ရပ် ကြံ့ကြံ့ခံနိုင်အောင် မာကျောသောနှလုံးသား ပိုင်ဆိုင်ခဲ့ရသည့်အစေးသည် ဆွေမျိုးတကာတို့အိမ်၌ ဟိုအိမ်ခြောက်လ ... ဒီအိမ်တစ်နှစ်စသဖြင့် အကြိမ်ကြိမ်ရွှေ့ကာပြောင်းကာ ခွေးဝင်စားတစ်ကောင်လိုနေခဲ့ရသည့်ဘဝ၌ မာဆတ်ဆတ် မထုံတက်သေးနိုင်ခြင်းအသားကျလာခဲ့သေသည်။

အန်ဝီစန်းက ရုတ်တရက် ငိုချလိုက်လေသည်။

"အမေကို တနင်္ဂနွေနေ့မှလာတွေ့မယ်တဲ့ ... ဟုတ်လား ... ညည်းနဲ့အနှစ်နှစ်ဆယ်နီးပါးကွဲပြီး ထောင်ထဲပင်ပန်းဆင်းရဲကြီးစွာနေခဲ့တဲ့အမေ ... ထောင်ကလွတ်တာကို ချက်ချင်းလာမတွေ့နိုင်ဘဲ ... ရုံးအားတော့ကျမှလာမယ်တဲ့ ... ဟုတ်လား ..."

"ဟုတ်ကဲ့ ... အန်တီစန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"အဝေး ... ညည်း ... ညည်းမှာ အသဲနှလုံးမှရှိရဲ့လားဟင် ..."

"ရှိပါတယ်အန်တီစိန်း ..."

အသဲနှလုံးရှိလို့သာ အဝေးဟာ နောက်လထဲ မင်္ဂလာဆောင်မည့်ချစ်သူတစ်ယောက်ကို ရွေးချယ်ထားခဲ့တာပေါ့။

"ညည်း ... ညည်း အမေကို မသနားဘူးလားဟင် အဝေး ..."

အဝေးက ခပ်သဲ့သဲ့လေးမဲ့ပြုံးလိုက်ပါသည်။

"မသနားဘူးအန်တီစိန်း ..."

"ဟင် ..."

အဝေးက အေးအေးဆေးဆေးပင် ထမင်းစားရေသောက်ပမာပြောလိုက်ပါသည်။

"အဝေးရဲ့ခံစားချက် ... အဝေးစိတ်ထဲရှိတာကို အန်တီစိန်းသိသားနဲ့ ... အဝေး အမေ့ကို မသနားဘူး၊ သူဘာဖြစ်လို့ အဖေ့ကိုသတ်သေးလဲ ...၊ အဖေ့ကိုသတ် အဝေးကို မိကွဲဖကွဲတစ်ယောက်ထဲထားရစ်ပြီး သူ့အပြစ်နဲ့သူ ထောင်ထဲဝင်သွားတဲ့မိန်းမတစ်ယောက်ကို အဝေးက ဘာလို့သနားရမလဲ ...၊ သူ့အပြစ်သူခံရတာပဲဟာကို ... အဝေးသွားတော့မှဖြစ်မယ် ... ဆန်းဒေးကျမှပဲ အဝေးလာခဲ့မယ် ... ဒါပဲနော် ... အန်တီစိန်း"

အဝေးကဖုန်းကိုချကာ ကားသော့ကောက်ယူပြီး





အိမ်သော့ခတ်ထွက်ခဲ့လေတော့သည်။

✧ ⌑ ✧

ငါးနာရီထိုး ရုံးကပြန်ခါနီးတွင် အဝေးက မောင့်ထံဖုန်းဆက်လိုက်သည်။ အဝေးတို့ရဲ့ကုမ္ပဏီရုံးချုပ်ရုံးခန်းက ဗိုလ်ချုပ်လမ်းပေါ်မှာရှိသည်။ မောင်က ခရစ်လမ်းမှာနေသည်။ ဖုန်းကို မောင့်ညီမလေးသဲသဲကကိုင်သည်။ သဲသဲသည် မောင်တို့မိသားစုထဲတွင် ခင်စရာအကောင်းဆုံးမိန်းကလေးဖြစ်၏။

"ကိုကို ခုနပဲပြန်ရောက်တယ်၊ ခဏနော် ... မမဝေး"

"အင်း ... အင်း ..."

ခဏအကြာတွင် ဖုန်းကို မောင်လာကိုင်သည်။

"ပြော ... အဝေး ..."

"မောင်အားလား၊ ဘယ်သွားစရာရှိလဲ ..."

"အဝေးဆီလာစေချင်လို့လား ..."

တစ်ခုခုမေးလိုက်လျှင် မေးခွန်းပြန်ထုတ်တတ်သည်မှာ မောင့်အကျင့်ဖြစ်သည်။ အစပိုင်း၌ အဝေး ကသိကအောက်ဖြစ်တတ်ခဲ့သော်လဲ ကြာသော်ရိုးသွားပေပြီ။ သူ့ရဲ့အပြန်အလှန်မေးခွန်းတို့ကို အသဲမယားအောင် လျစ်လျူရှုတတ်လာသည်။

"ဟုတ်တယ် ... အားရင် အဝေးဆီလာခဲ့ပါလား ...

www.burmeseclassic.com



အခုပြန်တော့မယ်၊ ရုံးရှေ့ကစောင့်နေမယ် ...”

“မောင်လာခဲ့မယ်လေ ...”

“ရေချိုးပြီးပြီလား၊ မချိုးရသေးရင်ချိုးခဲ့ ... ဆယ်မိနစ်လောက်ပိုစောင့်နိုင်ပါတယ် ...”

“ဘာလဲ ... ရှုပ်ပြန်ပြီလား၊ ဒီနေ့ဆေးရုံမှာ ဘယ်သူ့ကိုမှ မကိုင်မတွယ်မနှိုက်မချုတ်ရပါဘူး ... ညကျမှ ဒပ်ဖရင်သွားရမယ် ...”

“ရေသာချိုးခဲ့ပါ ... ဒါပဲနော် ...”

အဝေးက “မောင်” ဟုခေါ်သော မောင်မောင်ကျော်သည် ဆေးတက္ကသိုလ်နောက်ဆုံးနှစ်အပိုင်း(က)ကျောင်းသားတစ်ယောက်ဖြစ်သဖြင့် လောလောဆယ်တွင် မိုက်ဘယ်နှစ်လုံးပြည့်အောင်မွေးပြီးသားဖြစ်ရမည်ဆိုသည့် သတ်မှတ်ချက်အရ တချို့ညတို့၌ ဒပ်ဖရင်သွားကာ ကလေးစောင့်မွေးပေးနေရပါသည်။

အဝေးက ပစ္စည်းပစ္စယသိမ်းဆည်း ... စားပွဲအံဆွဲ၊ ဗီရိုတို့သော့ခတ်စစ်ကာ သော့တွဲကို စလင်းဘက်ဂ်ထဲထဲ့ပြီးသော် ပြန်ဖို့ပြင်သည်။ ဦးကျော်ခင်ရှိနေသေးသဖြင့် ရုံးခန်းသော့ခတ်ပိတ်ဖို့ အဝေး၌တာဝန်မရှိပါ။

“ပြန်ပြီလား ...”

“ဟုတ် ... ပြန်ပြီရှင့် ...”

ဦးကျော်ခင် အခန်းဝမှအဖြတ် နှုတ်ဆက်ခဲ့ပြီး





ရုံးရှေ့ထွက်လာသည်။ ရုံးရှေ့မှာဓါတ်တိုင်ရှိသည်။ ထိုဓါတ်တိုင်အနီး၌ အဝေးရဲ့ကားရပ်ထားသည်။ ကားထဲဝင်ထိုင်ပြီး မောင့်ကို အဝေးစောင့်နေပါသည်။ တစ်ယောက်ထဲငြိမ်ထိုင်နေရင်း အဝေးစိတ်တွေ ဟိုသည်ပြေးလွှားနေသည်။ အလုပ်ချိန်တစ်ချိန်လုံး တမင်တကာမေ့ထားပြီး တာဝန်ချိန်ကုန်သည်နှင့် ဦးဆုံးအတွေးထဲဝင်သည်မှာ ... အမေ ...။

အမေ ... ထောင်ကလွတ်လာပြီပဲ ...။

အဝေးသည် ကိုယ့်မိခင်ရင်းတစ်ယောက် ထောင်ကလွတ်လာသည်ဆိုသောအသိ၌ပျော်ပါး ဝမ်းမြောက်ခြင်းမရှိလှဘဲ ... စိတ်က ငြိမ်သက်နိုင်လှသည်။ မလွတ်စေချင်ဘူးရယ်လို့တော့ ဘယ်ရှိပါ့မလဲ။ သို့သော် လွတ်သည့်အတွက်လဲ ထူးပြီးဘာမှမခံစားရ။ ထောင်အနှစ်နှစ်ဆယ်ကျခံခဲ့ရသော အမေ့ကိုအခါများစွာ၌ အဝေးမေ့လျော့နေသည်။

အဝေးဆယ်နှစ်သမီးလောက်ကဆိုတော့ ... အင်း ... အခုဆို ဆယ်ရှစ်နှစ်လောက်ရှိပြီပေါ့။ လျှော့ရက်တို့ဘာတို့ကြားဖူးနားဝရှိတာမျိုးနှင့် လွတ်လာတာမျိုးထင်ပါရဲ့။ နှစ်နှစ်ဆယ်ပြည့်အောင် မကြာလိုက်ပါ။ အရင်ကတော့ အမေထောင်ကလွတ်လျှင် အဝေးကအသက်သုံးဆယ်လောက်ရှိပြီဟု ခန့်မှန်းစဉ်းစားကြည့်ဖူးသည်။ သို့သော် သုံးဆယ်နားနီးလာတော့ ... အမေ လွတ်တော့မှာပါလား ... ထွက်လာတော့မှာပါလား ... တွေ့ရတော့မှာပါလားဟု ... မစဉ်းစားမိ။

www.burmeseclassic.com



တစ်ခါတစ်ရံတော့လဲ မေ့ထားချင်၍ မေ့ထားလိုက်သည်။ တစ်ခါတစ်ရံတော့လဲ အလိုလိုသတိလွတ်လျော့မေ့ကာနေသည်။ သေချာတာတစ်ခုကတော့ အဝေးသည် အမေ့အပေါ်သံယောဇဉ်မရှိလှခြင်းပင်ဖြစ်သည်။ သံယောဇဉ်မရှိလှတာအပြင် ငယ်စဉ်ကတော့ မုန်းမျက်စိတ်နာခြင်းပင်ရှိခဲ့ပါသေးသည်။ အမေ့ကြောင့် ...။

အမေ့ကြောင့် အဝေးဟာ ဖခင်ကိုသေကွဲ မိခင်ကိုရှင်ကွဲ ခွဲရတာပေါ့။ အမေ အဖေ့ကိုသတ်လို့ပေါ့။ ဟိုလူ့မျက်နှာကြည့်ရ ... ဒီလူ့အောက်ကျို့ရနှင့် ကိုယ့်ပိုက်ဆံနှင့်ထမင်းစားပြီး ခွေးမျိုးတစ်ခုလုံးအလယ်၌ မျက်နှာငယ် အထီးကျန်ခဲ့ရ သောဘဝကို စိတ်နာလေ ... အမေ့ကိုလဲ စိတ်နာလေ။ ကိုယ့်ယောကျ်ား၊ ကိုယ့်သမီးရဲ့ဖခင်တစ်ယောက်ကို ရက်ရက်စက်စက်သတ်ပစ်ရဲသောအမေ့ကို အံ့သြတာနှင့်အမျှ ထိတ်လန့်နာကြည်းသည်။

လူသတ်သမားကြီးဆိုတဲ့အမည်ဟာ ဘယ်လောက်ဆိုးပြီးဘယ်လောက်ရွံမုန်းစရာကောင်းလိုက်လှသလဲ။ အမေဟာလူသတ်သမားကြီးတစ်ယောက် ... တဲ့။ အဝေး ငယ်စဉ်ကဖေဖေ့ကိုရော မေမေ့ကိုပါချစ်သည်။ ဖေဖေ့ကိုတော့ အချစ်ပိုခဲ့သည်ထင်သည်။ ရက်ရှည်ခရီးထွက်ရတတ်သော အဖေမို့ ပြန်ရောက်ချိန်၌ အလွမ်းသယ်ကာ ပိုတည့်တာလဲဖြစ်မည်။ အဖေနှင့်ကတော့ တစ်ရက်မခွဲစဘူးနေရကာ နီးတကျက်ကျက်။





ဖေဖေပြန်လာလျှင် အဝေးဘယ်လိုခေါင်းမာကြောင်း၊ အဆော့မက်ကြောင်း၊ စာမကျက်ကြောင်း၊ စကားနားမထောင်ကြောင်း၊ ကလန်ကဆန်လုပ်ကြောင်း အမေကအမြဲတိုင်တန်းတတ်သည်။ ထိုအခါတို့၌ ဖေဖေက တဟဲဟဲရယ်ကာ "ဟုတ်လားသမီး ... " ဟု အဝေးကိုမေးစမ်းချီပွေ့ပြီး ပါးကိုနမ်းတတ်သည်။ ထိုအခိုက်၌ အဝေးက အမေ့ကို မျက်စောင်းထိုးလျှာထုတ်ပြရတာပဲပေါ့။

အဝေးမှတ်မိသလောက် အမေသည် ဖြစ်တောက်ဖြစ်တောက် ပူညံပူညံအလွန်လုပ်တတ်သည်။ အဖေကလဲ နားညည်းတယ်ကွာ ... ဟု အမြဲအော်တတ်သည်။ အမေနှင့်အဖေသည် အကြီးအကျယ်ကြီးမဟုတ်တောင် သေးကွေးကွေးရန်ပွဲများတော့ မကြာခဏဖြစ်တတ်သည်။ တစ်ကြိမ်တွင်တော့ ဘာကြောင့်ရန်ဖြစ်မှန်းမသိသော်လဲ အဖေက အမေ့ပါးကိုရိုက်ချလိုက်တာတော့ မှတ်မိနေသည်။ "ဟင်" ဟု အံ့သြတုန်လှုပ်ကာ အဖေ့ကိုလှည့်မော့ကြည့်နေသော အမေ့မျက်နှာက သနားစရာကောင်းတာကိုလဲ အဝေးမှတ်မိနေသည်။ ဒီနောက်တော့ အဖေနှင့်အမေ သိပ်ရန်မဖြစ်တော့။

အမေက ကြောက်သွားတာမျိုးလားတော့မသိ။ တော်ရုံနှင့်ရန်မဖြစ် ...။ တကယ်ဖြစ်မည့်ဖြစ်တော့ အမေက အဖေ့ကို ဓါးရှည်နှင့်ခုတ်ပိုင်းပစ်လိုက်သည်အထိပင်။ အမေက ဆိုးသည်ဟု အမေ့အမျိုးများထံမှ ကြားဖူးသည်။ အမေက



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းသည်ဟု အဖေ့ဆွေမျိုးများထံမှ ကြားဖူးသည်။ နှစ်ယောက်လုံး တစ်ယောက်တစ်မျိုးစီဖြစ်ကြပေမည်ဟု အဝေးယူဆရသော်လဲ ဘယ်လောက်ဆိုးဆိုး လင်ဆိုးကို ခါးနှင့်တော့ ခုတ်မသတ်ကောင်းပါဘူးဟု အဝေးထင်သည်။

ဒါကြောင့် အမေ့ကို အဝေးမကျေနပ် ...။ ပါးတစ်ကြိမ်ရိုက်ခံဖူးတာကို ညိုးထားပြီး နောက်တစ်နှစ် တစ်နှစ်ခွဲအကြာမှာ ခါးနှင့်ခုတ်သတ်တာ ဖြစ်မည်ဟုထင်သည်။ အမေနှင့်အဝေးသည် နေ့တရုဝ ထိတွေ့ရသဖြင့် တကျက်ကျက်ရှိရတာဖြစ်သော်လည်း အမေ့ကို အဝေးချစ်ပါသည်။ အမေကလဲ အဝေးကိုချစ်ခဲ့ပါသည်။ မစားရက် မသောက်ရက် အဝေးအတွက်ချန်ထားတတ်တာမျိုး၊ ကရိကထဆိုးမျိုးကို သည်းညည်းခံတတ်တာမျိုးကိုတော့ အမေ့ထံမှသာ ခံစားရပါသည်။ အဖေ့ထံမှ မခံစားရပါ။ တစ်ရက်တွင် အဖေ ခရီးဝေးမှပြန်လာသောအဖြစ်ကိုလဲ အဝေးမှတ်မိနေပါသည်။ အဖေက ပြန်ရောက်လာပြီး နားနေစားသောက်ပြီး အမေ့ကို ပိုက်ဆံတစ်ထပ်ပေးသည်။ အမေက ရေတွက်ကြည့်နေကာ မျက်နှာမကောင်း။ ဘာမှတော့မပြော ...။

"အမေ ... ရှူးဖိနပ်လေးဝယ်ပေးမယ်ဆို ..."

အဝေးက အမေ့ကို တိုးကပ်ပူဆာလိုက်သည်။

"နေအုံးကွယ် ..."

"ဟင့် ... အမေက ကတိမတည်ဘူး ..."





"ပိုက်ဆံသိပ်မရှိဘူး သမီးရဲ့ ..."

"ဒီမှာလေ အဖေပေးပြီးပဲ ..."

"ဒါက စားရသောက်ရဦးမှာ ... ညည်းအဖေ နောက်တစ်ခေါက်သွားပြီး ပြန်လာတဲ့အထိ သူ ဒီမှာနေတုန်း ပါနဲ့ဆို တစ်လလောက်စားရမှာ ဒါပဲရှိတာ သမီးရဲ့"

"ဖေ့ ..."

အဝေးက အဖေ့ဘက်လှည့်ကာ ချွဲနွဲ့ခေါ်လိုက်သည်။

"အမေက အဖေပြန်လာရင်ဝယ်ပေးမယ်ဆိုပြီးတော့ ခုတော့ ပိုက်ဆံရရက်သားနဲ့ ရှူးဖိနပ်လေး ဝယ်မပေးတော့ဘူးတဲ့ ... အဖေဝယ်ပေး ..."

အဖေက တဟဲဟဲရယ်မောနေသည်။

"နော် ... အဖေ့ ..."

"အေးပါ ... အေးပါ ... ညည်းရှူးဖိနပ် ဘယ်လောက်လဲ ..."

"တစ်ရာ့နှစ်ဆယ်ထဲရယ် ... ဇာခြေအိတ်နဲ့ပါဆိုရင် တစ်ရာ့ခြောက်ဆယ် ..."

"ဝယ်ပေါ့ ... ဝယ်ပေါ့ ...ရော့ ...ဒါက သမီး ရှူးဖိနပ်နဲ့ ဇာခြေအိတ်ဖိုး ... ရော့ သမီးယူထား"

အဖေ့ရှပ်အင်္ကျီအိတ်ထဲမှ ပိုက်ဆံလိပ် ကြီးကြီး ဆံလိပ်ဖောင်းဖောင်းကြီးထွက်လာကာ တစ်ရာ့ခြောက်ဆယ်

www.burmeseclassic.com



ရေတွက်နှုတ်ယူပေးလိုက်၏။ ထိုအခါ အဝေးက အဖေ့အပေါ် ခုန်တက်ပွေ့ဖက်မွှေးကြူရင်း ...

"ဟေး ... ဖေဖေကွ ... ဖေဖေ့ကို ပိုချစ်တယ်ကွ မေမေ့ကို မချစ်ဘူးကွ ..."

အမေ့ဘက်လှည့်ကာ ပိုက်ဆံထောင်ပြပြီး ပါးစပ်ကို ပကျစ်ပကျစ်အသံမြည်အောင် ဂုဏ်လုပ်စုပ်ကာ ပြုံးမဲ့မဲ့လုပ်နေသောအဝေးကို အမေက ငေးကြည့်နေရင်း ... သူ့ပေးရသောပိုက်ဆံခေါက်ကို ကျစ်ကျစ်ပါအောင်ကိုင်ကာ အိမ်ထဲထဝင်သွား၏။ ထိုနေ့တုန်းက အဝေး အမေ့ကို သနားတော့ သနားမိသားဆိုတာကို ခုပင်သတိရနေသည်။ သို့သော် ဒီနောက်ပိုင်း အမေက အဝေးဘာပူဆာပူဆာ ဝယ်မပေးဘဲ ...

"သမီးဖေဖေပြန်လာမှ သတ်သတ်ထပ်ပူဆာနော်သမီး"

ဤသို့သင်ပေးပြီး ဘာမှဝယ်မပေးတတ်တော့သဖြင့် အဝေးမကျေနပ်။ ကလေးပီပီ ရိုက်တတ်၍ အလိုမလိုက်သော အမေ့ကို အဝေးက ဒီလောက်မရှုံးမှုး။ အဖေပြန်လာရက်နောက်ကျနေလျှင်သာ လွမ်းတတ်လေသည်။ အမေ့ကို အမေ ခေါင်းနှင့်ခုတ်ပိုင်းလိုက်တာ သွေးတွေဖြန်းခနဲစင်ပြီး အဖေလဲပြိုကျသွားတာ၊ အမေအော်ဟစ်လိုက်တာ၊ အဝေးတဆတ်ဆတ်တုန်ပြီး မှုးမိုက်ခွေကျသွားတာတွေကို ပြန်လည်မြင်ယောင်တွေးမိလျှင် သူ အမေ့ကို နာကျည်းလှသည်။

အဝေး သွေးပျက်ကာ မရှုံးခဲ့တာကံကောင်း ...





တ်တရက် အဖေကသေ ... အမေကအဖမ်းခံရကာ တစ်ယောက်ထဲ မျက်စေ့သူငယ် အားငယ်နာကျင်ခဲ့ရသော ဒါဏ်ဒါဏ်ချက်သည် ကြီးအထိ အနာရွတ်ထင်ဆဲ ...။ လောကကြီးတစ်ခုလုံး ဘယ်သူမှမရှိသလို ကိုယ့်တစ်ယောက်ထဲလို စိတ်အငယ်ကြီးငယ်ကာ ချောက်ချားကျန်ရစ်ခဲ့ရသည်။ ငယ်သေးသဖြင့် အမေ့ကို ထောင်ဝင်စာသွားတွေ့ဖို့ အမျိုးတွေက ခေါ်ခေါ်မသွားသည်မှာ အကျင့်ပါပြီး နောင်လဲ ဘယ်တုန်းကမှရောက်ဖြစ်ဘူးခဲ့ချေ။

တရားရုံးမှာစစ်ဆေးစဉ်ကတော့ အမေ့ကိုတွေ့ရပါသည်။ အဝေးကိုလဲ စစ်ဆေးကြသဖြင့် ငိုကာရှိုက်ကာ အကြောက်ကြီးကြောက်ရသည့်ကြားမှ ...

"အမေက ဟောသလို ခေါင်းကိုမြှောက်ပြီး ခုတ်ချပစ်လိုက်တာ ..."

ရှိုက်သံစွက်စွက် ငိုသံပါသြသြကြီးနှင့် အစစ်ခံခဲ့ပါသည်။

"ဟင်း ..."

အဝေး သက်ပြင်းတစ်ချက်ချလိုက်မိ၏။

ကဲ ... အခု အမေလွတ်လာပြီ။ ဆယ့်ရှစ်နှစ်ခဲ့ပြီး ဒီကြားထဲ တစ်စက္ကန့်မျှ မဆုံမတွေ့ခဲ့ရသောအမေ။ ထောင်ထဲကလွတ်လာပြီတဲ့။ ဘယ်လိုတွေ့ ဘယ်လိုရင်ဆိုင်ဘယ်လိုဆက်ဆံပတ်သက်ရမည်ကို စဉ်းစားမတတ်အောင် အ



www.burmeseclassic.com

www.burmeseclassic.com



ဝေးကယောင်ချောက်ချားထုံနေသည်။ သတိရချည့်၊ လွမ်းလှ ချည့် လုံးဝမဖြစ်ခဲ့သော အဝေးအတွက် ကြုံရမည့်အဖြစ်သည် ရင်ဆိုင်ဖို့ သွေးလေးနေးကွေးနေစေသည်။

အမေဆိုတော့ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ပဲ အဝေ အနေနှင့်ချစ်ရမည်။ တမ်းတရမည်။ ဝမ်းလဲသာသင့်သည်။ သို့သော် အဝေးရင်ထဲ၌ခံစားချက်မှာ ဗလာသက်သက်။ အ စိမ်းတစ်ယောက်လိုဖြစ်နေသည်။ အမှန်အတိုင်း ... တွေ့တော မတွေ့ချင်လှပါဘူးဟု အဝေးဝန်ခံဖွင့်ပြောဖို့မရဲပါ။ ကိုယ် သမီး ... သူက အမေ ... မတွေ့ချင်လို့လဲမရပါဘူး တုန်ယင်လှိုက်လှဲ ဝမ်းသာရွှင်မြူးစွာ အပြေးပင်သွားတွေ့သင့်တ

သို့သော်လဲ ...

အဝေးသည် ကိုယ့်ယောကျ်ား ကိုယ့်သမီးရဲ့အ ကို ရက်ရက်စက်စက်သတ်ပစ်ရသည့်အမေ့ကို ဟက်ဟက်တ ပက်မခံစားနိုင်သည်မှာကား အမှန်တည်း။

"အဝေး ..."

"အော် ..."

တစ်ဖက် ကားတံခါးကိုဆွဲဖွင့်ကာ ပစ်ချဝင်ထ လိုက်မှပင် အဝေးအတွေးတွေ ရုတ်တရက်ပြတ်တောက်သည်

မောင် ...

ဆံပင်ရေစိုမခြောက်တခြောက်နှင့် ဆပ်ပြာ တသင်းသင်းလတ်ဆတ်နေသောမောင်ကို မြတ်နိုးချစ်ခင်စွာ





ကြည့်လိုက်မိ၏။ ဆယ့်ရှစ်နှစ်လုံးလုံးအတွင်း တစ်ဦးတည်း သော အဝေးချစ်မိသူတည်း။

"ဘာတွေတွေးနေလဲ ..."

"ဒီလိုပါပဲ ... မောင့်ကို ပြောစရာရှိတယ် ... ဒါနဲ့ ဖိတ်စာတွေရွေးပြီးပြီလား ..."

"ဒီနေ့ ဘယ်နှစ်ရက်လဲ ..."

"ဒီနေ့ ... အော် ... မောင်ကလဲပြန်မေးနေတာပဲ ဒီနေ့ ရွေးရမဲ့ရက်မဟုတ်သေးဘူးလား ... မဟုတ် သေးရင်လဲမဟုတ်သေးဘူးပေါ့ ..."

"ဒီနေ့က နှစ်ဆယ့်တစ်ရက် ..."

"အင်းပါ ... ရွေးရမှာက ဘယ်နေ့လဲ ..."

"မမှတ်မိဘူးလား ..."

"အော် ... မမှတ်မိလို့ပေါ့ကွယ် ... အဝေးခေါင်း ထဲမှာ အလုပ်တွေအမျိုးစုံ ရှုပ်ကျပ်ပြီနေတာပဲ ..."

"မောင်လဲ ကျောင်းစာတွေရယ် ... လူနာတွေရယ် ရှုပ်ကျပ်နေတာပါပဲ ..."

"အင်းပါ ... သူ့ကို ဘယ်သူက ခေါင်းအားနေပါ တယ်လို့ စွပ်စွဲနေလို့လဲ ..."

"နက်ဖြန်ရွေးရမှာ ဒေါ်ဝေးဝေးရဲ့ ..."

"ဒါဖြင့် နက်ဖြန်ပဲစပြီး ဝေကြမှနော် ... ဖိတ်စာ နှစ်ရာငါးဆယ်ကိုဝေတာ အနည်းဆုံး ဆယ်ရက်နှစ်



www.burmeseclassic.com

www.burmeseclassic.com


ပတ်ကြာမှာတဲ့ ... ဖိတ်စာရပြီးမှ လာမဲ့သူတွေက အစီအစဉ်လုပ်ရ ချုပ်ရလုပ်ရ ချိန်းရ တစ်ပတ်တော့ အချိန်ပေးမှ ... ဖိတ်စာဝေပြီးတဲ့နေ့ဟာ မင်္ဂလာဆောင်နေ့နဲ့ အနည်းဆုံးတစ်ပတ်ကွာရမယ် ...”

“ဟုတ်ကဲ့ ...”

“အဝေးကို တစ်ရာပဲပေးနော် ... အင်း ... တစ်ရာတောင် ကုန်ပါ့မလားပါပဲ ... ခုနှစ်ဆယ်လောက်ရရင်တောင် ပိုနိုင်သေးတယ် ...”

“ဒါဖြင့် ပိုတောင်ကောင်းသေး ... အိမ်မှာ ဖိတ်စာကို ဝေစုခွဲနေတာ ... ဖေဖေက သူ ငါးဆယ်တဲ့ မေမေက သူလဲ ငါးဆယ်တဲ့ ... ကိုဆွေက နှစ်ဆယ်တဲ့ မမကြီးက နှစ်ဆယ်တဲ့ ... သဲသဲကလဲ နှစ်ဆယ်တဲ့ မောင့်မှာတောင် ဖိတ်စရာမကျန်ဘူး ... ဒါကြောင့် လျှော့ယူကြဖို့ ပြောထားတယ် ...”

“အော် ... ပေးလိုက်ပါ ... သူတို့မှာ ဖိတ်စရာအပေါင်းအသင်းတွေရှိလို့ဖိတ်တာပဲ ... ဒါဖြင့် တစ်ရာ့ခြောက်ဆယ်ထား ... အစောင်ကိုးဆယ်ကျန်မယ် အဲဒီထဲက မောင် ကြိုက်သလောက်ယူ ...”

“ကောင်းပါ့မလား ...”

“ဘာမကောင်းစရာရှိလဲ မောင်ရယ် ... အဝေးမှာက မောင်နှမရင်းလဲမရှိ ... အဖေလဲမရှိ ... အမေလဲမရှိ ... တစ်ကောင်ကြွက် ... အော် ...”

အဝေးက ရုတ်တရက်စကားရပ်ကာ ... အမေ့ကို သွားသတိရသည်။ အမေ ... အမေရှိလာပြီပဲ ...။ အမေကရော ဖိတ်စာယူမှာလေလား ...။ အမေ့မှာလဲ ဆယ့်ရှစ်နှစ်လုံးလုံး ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ်နေတာမို့ ဖိတ်စရာရှိမည်မထင်ပါ။ အဝေးရဲ့ဆွေမျိုးများ၊ သူငယ်ချင်းနှင့် မိတ်ဆွေအချို့ကိုဖိတ်ရင် ပြီးပြီပေါ့။ အမေ့မှာ ဖိတ်ဖို့နေနေသာသာ အဝေး မင်္ဂလာဆောင်တော့မှာကိုပင် သိမှာမှမဟုတ်တာ။

အော် ... ခုချိန်လောက်ရှိလျှင်တော့ သိရင်သိပြီးရောပေါ့။ အန်တီစန်းနှင့် တွေ့သည်နှင့် အမေက သမီးကလေးရဲ့အကျိုးအကြောင်းကို မေးမှာမလွဲ။ ထိုအခါ အန်တီစန်းက အနီးကပ်ဆုံးက ... အထူးခြားဆုံးသတင်းဖြစ်သည့် နောက်လအဝေးမင်္ဂလာဆောင်မည့်သတင်းကို ပြောမှာမလွဲ ...။ ခုလောက်ရှိလျှင်ဖြင့် အမေသိပါပြီ။

အမေ ဘယ်လိုနေမလဲ ... စိတ်နှင့်မှန်းဆမိသည်။ အဝေးရဲ့အိမ်ထောင်ရေး၌ ဖိတ်စာပို့ခံရရုံနှင့် အမေဟာ ရောင့်ရဲနေမည့်သူမျိုးလား ...။

“အဝေး ... ဘာဖြစ်နေတာလဲ ... အကြောင်းကြောင်းနဲ့ ... ကဲ ... ဘယ်သွားမလဲ ... သွားစို့လေ”

အဝေးက ခေါင်းညိတ်ပြီး ကားကိုမောင်းထွက်ခဲ့သည်။ မောင့်ကို မေးမနေတော့ဘဲ ဘားလမ်းမှ လှည်းတန်း



www.burmeseclassic.com

www.burmeseclassic.com

ရှည်ဆိုင်တစ်ဆိုင်ဆီ မောင်းချလာခဲ့သည်။ မောင်ကတော့ ကလေးတစ်ယောက်လို ကက်ဆက်ကလိလိုက်၊ အဲကွန်းကလိလိုက် ဒက်ရှ်ဘုတ်ဖွင့် စပ်စုလိုက်နှင့် တစ်ချက်မှအငြိမ်မနေဘဲ အမူအပင်ကင်းစွာပါလာသည်။

လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်ကာ လက်ဖက်ရည်၊ မုန့်တို့မှာကြားပြီးလျှင် အဝေးကာပျံ့လွင့်နေသော အင်အားတို့ကိုစုစည်းကာ တည်ငြိမ်မှုရယူလိုက်ရင်း ...

"မောင့်ကို ပြောရဦးမယ် ..."

"အင်း ..."

"မေမေ အပြင်ထွက်လာပြီ ..."

အဝေးက တိုတိုနှင့်လိုရင်း ဒဲ့တိုးပြောချလိုက်ရာ မောင်က ခဏမျှကြောင်သွားရင်း ...

"အဝေးမေမေ ..."

"ဟုတ်တယ် ထောင်ကထွက်လာပြီ ... လွတ်လာပြီ"

"ဟင် ... ဘယ်တုန်းကလဲ ..."

"ဒီနေ့ပဲ ..."

"ဟင် ... အဝေးမသွားဘူးလား ..."

"ဘယ်ကိုလဲ ..."

"ဘယ်ကိုရမှာလဲ ... အဝေး အမေဆီပေါ့ ..."

မောင်က သူ့ကိုပြန်မေးခွန်းထုတ်ရင်ဖြင့် သိမ်မကြိုက်တတ်ပြန် ...။





"အင်း ... သွားရမှာပေါ့ ..."

"ဘာသွားရမှာပေါ့လဲ ... အားစက်လှချည့်လား အဝေးရဲ့ ... သွားမယ်လေ ... လာ"

"ဟြော် ... နေပါ မောင်ရယ် ... ပထမဆုံး မျက်နှာချင်းဆိုင်ရ ... သားအမိချင်း လွတ်လွတ်လပ်လပ်ပဲကောင်းပါ ... မောင်ပါ ပါမလာပါနဲ့ အုံး ... အဝေးလက်ထပ်တော့မယ်ဆိုတာတောင် အမေ့ကို မပြောရသေးတဲ့ဥစ္စာ ..."

"ဒါလဲဟုတ်တာပဲ ... နောက် ... နောက်တွေ့ ကျမှ မောင်လိုက်တွေ့ရမှာနော် ..."

မောင့်ကို ချစ်စနိုးပြုံးကြည့် ခေါင်းညိတ်လိုက်၏။ ကလေးငယ်တစ်ယောက်လို အမူအရာမျိုးလေးတွေ မောင်က လုပ်တတ်သည်။ တကယ်တန်းတွင်လဲ မောင်က အဝေးထက် သုံးနှစ်ခွဲကျော်ကျော်အသက်ငယ်ပါသည်။

"အဝေးအမေက အဝေးနဲ့မောင်နဲ့ သဘောတူပါ့မလား"

"ဒါက အရေးမကြီးပါဘူး ..."

"ဘယ့်နှယ်အရေးမကြီးရမှာလဲ ... သူ့ အမေပဲဟာ သူလဲအရေးပါတာပဲ ..."

"ဒါပေမယ့် အဝေးတို့က တခြားသားအမိတွေလိုမှ မဟုတ်ဘဲ ... သတ်သတ်စီပဲ ... အဝေးက အဝေး ဘာသာလူဖြစ်လာတာပါ ... အဝေးကြီးမှာနေခဲ့ကြ

www.burmeseclassic.com



တာ ဆယ့်ရှစ်နှစ်တောင်မှပဲ ...”

“ဒါပေမယ့် ... သူက အဝေးကိုမွေးထားတာလေ ... အဝေး အမေ ...”

“ဟုတ်တော့ဟုတ်ပါတယ် ... ဒါပေမယ့် တစ်မျိုးပဲ အဝေးမပြောတတ်ဘူး ... အဝေးစိတ်ထင် သူ ဘာမှပြောမှာမဟုတ်ပါဘူး ...”

“မကန့်ကွက်ရင်တော့ကောင်းတာပေါ့ ...”

“ကန့်ကွက်စရာမရှိဘူး ...ကန့်ကွက်စရာလဲမလိုဘူး”

မောင်က ပေါင်မုန့်နှင့်ကြက်ဥကြော်ကို ဖွန်းနှင့်ဖဲ့စားရင်း မျက်မှောင်ကုတ်ကြည့်သည်။

“ဖိတ်စာတောင်ဝေကြတော့မယ်ဟာ ...”

“ဒါကတော့ ... သူက အနားမှာမရှိတာ ... မတိုင်ပင်ရဘဲနဲ့ ဒီအထိဖြစ်လာတာပေါ့ အဝေးရဲ့ ... ဒါပေမယ့် ... သူ့သဘောထားကတော့ အရေးပါရမှာပဲ ... ခုလောက်မှာ အပြင်ထွက်လာမယ်မထင်လို့ ဘာမှမပြောရ ... မတိုင်ပင်ရတာလေ ... အခုထွက်လာရတော့ သူ့ကိုလဲ တိုင်ပင်ရမယ် ...”

“ပြောတော့ ပြောပြမှာပေါ့ ... ဖိတ်စာပေးပြီးတော့”

မောင်က ပခုံးတွန့်လိုက်ပြီး သဘောကျပုံရဲ့ဆိုပုံမျိုးပြုံးနေသည်။

“ဘယ်တော့သွားမလဲ ... ညမှလား ...”





“မဟုတ်ဘူး ...”

“ဒီကပြန်ရင်သွားမှာပေါ့ ... ဟုတ်လား ...ရင်ခုန်စရာပဲ ... မောင်တောင်လိုက်ချောင်းကြည့်ချင်တာ ရင်ခုန်စရာပဲကွ ... နော် ... ဆယ့်ရှစ်နှစ်အတွင်း ပထမဆုံးပြန်ဆုံရတာ ...”

အဝေးက မောင့်ကို ငေးကြည့်နေသည်။ မောင်က တကယ့်ကို စိတ်ပါလက်ပါရှိနေတာဖြစ်သည်။ အင်း ... သူက ခုထိအမေနှင့် နေနေရတဲ့သူမို့ အမေအပေါ်ချစ်စိတ်၊ ရင်ခုန်စိတ်၊ အရေးထားစိတ်ရှိနေမှာသဘာဝပဲ ...။ မောင်က ယောကျ်ားလေးထဲမှာ အငယ်မို့ သူ့အမေကလဲ အချစ်ပိုတာ အဝေးသိထားသည်။ ဒါကြောင့် မောင်တို့သားအမိက အတော်ချစ်ကြည်စည်းလုံး ရင်းနှီးမှုရှိသည်။

ခုလောက်ကွဲကွာနေရသည့် အမေတစ်ယောက်နှင့် ပြန်လည်တွေ့ဆုံဖို့မှာ ရင်ခုန်စရာလို့ မောင်က နားလည်သဘောပေါက်ထားလျက် အဝေးကတော့ ထိုသို့နားမလည် ရင်ခုန်ရမည်ရယ်လို့ နားကိုမလည်ပါ။ ခုန်လဲမခုန်ပါ။ ဒါဟာအပြစ်ရှိသလိုများ ဖြစ်နေမလားဟုလဲ စိတ်ထဲ ကသိကအောက်ဖြစ်လေသည်။

“ဒီနေ့ မသွားသေးပါဘူး ...”

အဝေးက ခပ်တိုးတိုးပြောလိုက်သည်။

“မသွားသေးပါဘူး ...!! ဟုတ်လား ... ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အလုပ်ရှုပ်ကြီး အလုပ်မအားလို့လား ... ဟုတ်
လား ... သိပ်အရေးပါတဲ့ရုံးအလုပ်တွေရှိနေလို့လား”

“လာပြီး ရှိသွဲ့သွဲ့လုပ်မနေစမ်းပါနဲ့ မောင်ရယ် ...”

“ဒါဖြင့် ဘယ်တော့မှသွားမှာလဲ ...”

“တနင်္ဂနွေမှ ...”

“ဟင် ... အကြာကြီးနေမှ ကြားမှာနှစ်ရက်တောင်”

“နှစ်ရက်က အကြာကြီးမှမဟုတ်တာ ...”

“ဒါပေမယ့် ... ဒီကိစ္စအတွက်ဆိုရင်တော့ကြာတယ်”

“အဝေး ... အင်အားမွေးရဦးမယ်မောင်ရယ် ...”

“ဘာအတွက် ...”

“အမေ့ကို ကောင်းကောင်းကြည့်နိုင်ဖို့ပေါ့ ... အဝေး
မျက်လုံးတွေ စိမ်းမနေဖို့ပေါ့ ...”

“ဒါများ ... တကူးတကအချိန်ယူကျင့်စရာလား ...
အမေနဲ့တွေ့ ... အမေ ... သမီး ... ဆိုပြီး
ပြေးဖက်ငိုလိုက်ကြပေါ့ ... ဒါပဲပေါ့ ...”

“ဒီလိုမဟုတ်ဘူး ...”

“ဘာကြောင့်မဟုတ်ရမှာလဲ ...”

“မတွေ့ဘဲကွဲကွာနေရတုန်းက ဆွေးပြီးမငိုချင်ခဲ့သလို
ပြန်တွေ့ရမှာကိုလဲဟက်ဟက်ပက်ပက်အဝေး မပျော်ဘူး”

“အဝေးကတစ်မျိုးကြီး၊ တော်တော့၊ ကြိုက်သလိုလုပ်”

မောင်က ပေါက်စီပန်းကန်ထဲမှ ပေါက်စီတစ်လုံး





ထပ်ယူစားနေပြန်သည်။ ဆံပင်တိုတို ဆံနွယ်နုနုခွေတချို့
နဖူးပေါ် ကပိုကရိုကျနေကာ လက်မောင်းအစည်းပါသော စပို့
ရှပ်လက်တိုလေးတွေသာ ရောင်စုံဝတ်တတ်သော မောင့်ဟန်ပန်
သည် အမြဲနုသစ်လတ်ဆတ်လို့နေသည်။ ဒါကြောင့်လဲ သူ့
အမေက သူ့သားလေးကိုနမြောတာ။ သဘောသာတူလိုက်ရပေ
မယ့် အကျဉ်းရုံးစေ့စပ်ကထဲက သူ့သားသူနမြောကာ မျက်ရည်
ဝဲတဲတဲနှင့်။ သားက ကလေးလိုပဲဆိုတာကိုပါးစပ်ဖျားမှမချ။

ချစ်ကြိုက်စက ... တားပင်တားချင်ချင် ...။
သားကို ကြိုတ်ဖျက်ပြီး ကန့်ကွက်သည်။ သူ့သားက ဖျက်မရ
မှ အင်တင်တင် အသိအမှတ်ပြုရကာ တစ်စတစ်စ တဖြည်း
ဖြည်းချင်းမှ ပြုံးဖော်ရလာတာဖြစ်သည်။ အဝေးကနားလည်
ခွင့်လွှတ်ပါသည်။ အဝေးက အသက်ကြီးသော တစ်ကောင်
ကြွက်မိန်းကလေးမဟုတ်လား ...။ ပြီးတော့ အမေကထောင်
ထဲမှာ ...။ အဝေးဘက်မှ အောက်ကျခံ ရှိကျိုးခဲ့ရတာတွေ
အများကြီးရှိသည်။ ကိုယ့်မှာအဖေ အမေမရှိတော့ ယောက္ခ
မှာ အဖေအမေပဲဟု သဘောထားသည်။ ဒါကြောင့်လဲ အ
ကြောတင်တင် မောင့်အမေကို ဗွေမယူတတ်ခဲ့ပါ။

ခုတော့ အဝေးမှာ အမေရှိလာပြီ။ မင်္ဂလာဆောင်
မှာ အမေ့ကို ပွဲထုတ်ရတော့မည်ဖြစ်သည်။

✧ ⌑ ✧



www.burmeseclassic.com

www.burmeseclassic.com

# ၂

တယ်လီဖုန်းမြည်သံကြောင့် အဝေးလူးလွန့်ကာ နိုးလာသည်။ ညက အတွေးစုံကာ အိပ်ရေးပျက်သဖြင့် ဒီမနက် အိပ်ရာထနောက်ကျသည်။ တနင်္ဂနွေနေ့တွေမှာ ရုံးအားရက်ဖြစ်သဖြင့် အိပ်ရာထနောက်ကျတတ်တာတော့ ထုံးစံဖြစ်ပါသည်။ ဒီနေ့အဖို့တော့ ခါတိုင်းနိုးနေကျ ရှစ်နာရီလောက်မှာပင် မနိုးသေးပါ။ မျက်စေ့ဖွင့်သည်နှင့် ခုတင်ဘေး စာရေးစားပွဲပေါ်မှ နာရီကို လှမ်းကြည့်သည်။

ရှစ်နာရီခွဲ ...။

အဝေး မျက်လုံးစပ်စပ်ကိုပွတ်ရင်း လူးလိမ့်ထလိုက်သည်။ ဘေးစားပွဲပေါ်မှ ဖုန်းကလေးက အော်မြည်နေဆဲ။

"ဟယ်လို ..."

အိပ်ချင်မူးတူးအသံ မပျောက်လှဘဲ အဝေး ခပ်လေးလေးထူးလိုက်သည်။ တစ်ဖက်မှ အသက်ရှူသံကို ပီပီသသ





ကြားနေရကာ ... ဘာမှဖြေသံထွက်မလာ ...။

"ဟဲလို ..."

အဝေး စိတ်မရှည်စွာ နောက်တစ်ခွန်းထပ်ထူးသည်။ ဘာသံမှမတုံ့ပြန်သေး ...။ အဝေးစိတ်၌ မသိုးမသန့်ဖြစ်လာကာ ထပ်မထူးဖြစ်ဘဲ ... ထူးဆန်းစွာ လက်ဖျားအေးစက်လာသည်။ ဒီနေ့ တနင်္ဂနွေနေ့ ...။

အဝေးသည် တစ်ဖက်က အသက်ရှူသံကို နားစွင့်ရင်း ... ဘာမှလဲ ထပ်မပြောဖြစ် ...။ ဖုန်းကိုလဲ ချမပစ်ဖြစ်ဘဲ တင်းတင်းကျပ်ကျပ်ကြီးသာ ဆုပ်ကိုင်ထားလေသည်။

"ဟယ်လို ... သမီး ဒီနေ့လာမလားလို့ပါ ..."

"ရှင် ..."

တုန်ယင် တိုးတိတ်စွာ မေးလိုက်သောမေးခွန်းသည် အဝေးနားထဲ၌ မိုးကြိုးထစ်ချုန်းလိုက်သလောက် အကျယ်ကြီးပင် ...။ အဝေးရုတ်တရက် မတ်တပ်ထရပ်လိုက်သည်။ ချက်ချင်း ခုတင်ပေါ်ပြန်ထိုင်ချလိုက်သည်။

"ဟယ်လို ... အဝေးဟုတ်ပါတယ်နော် ..."

အမေ ...။

အဝေး အသံမထွက်ဘဲ အရင်ခေါ်ကြည့်သည်။ အော်မထွက်ဖို့တော့ နှုတ်ခမ်းသားကို ကိုက်ကာ ခေတ္တငြိမ်နေခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဝေး ... အမေပါ ...၊ အမေဆက်တာပါ ..."

"အမေ ..."

ရင်မခုန်ခဲ့သောအဝေး ... ရုတ်တရက် ရင်တွေကပေါက်တိကပေါက်ချာခုန်လာသည်။ လက်ဖျားလဲအေးစက်ကာ ချွေးစေးထွက်လာသည်။ လည်ချောင်းခြောက်သွေ့စူးအောင့်ကာ တစ်ဆို့ဆို့ကြီး နင်နေလျက် ငိုချင်သလိုကြီးလဲ ဝမ်းနည်းတိမ်းပါးလာလေသည်။

"အဝေး ... သမီးနေကောင်းတယ်နော် ... ဒီနေ့လာမယ်လို့ အစန်းပြောလို့ ... မေမေစောင့်နေရင်းက ပူလာတာနဲ့ လာမှလာပါ့မလားလို့ ..."

အဝေးနှုတ်ခမ်းကိုက်ထားမိဆဲ ...။ စောင့်နေသတဲ့။ ခုမှရှစ်နာရီခွဲ ...။ ဘယ်အချိန်ကထဲကများ ဝိရိယပိုပိုနှင့် ထိစောင့်နေပါလိမ့်။

"ဟင် ... သမီး ... သမီး ခုမှအိပ်ယာထတာထင်တယ် ... အမေ စိတ်စောသွားလို့ပါ ... လာမှာမဟုတ်လားဟင် ... သမီး"

"ဟုတ်ကဲ့ ... ဒီနေ့ အဝေးလာမှာပါ ..."

"အင်း ... အင်း ... အင်း ... လာခဲ့နော်၊ လာခဲ့နော် သမီး ... အမေတွေ့ချင်လိုက်တာ ... အစန်းက သမီးက ရာထူးကြီးတယ် ... အလုပ်သိပ်များတယ်လို့ပြောပါတယ် ... ဒါကြောင့် ဟိုနေ့တွေက





အမေ ဖုန်းဆက်ချင်တာကိုအောင့်ထားတယ် ... ခုမှ ဒီနေ့တော့ ရုံးပိတ်တာပဲဆိုပြီးတော့ ... လာခဲ့နော် သမီး ... အမေစောင့်နေမယ်နော် ... အမေတွေ့ချင်လွန်းလို့ ..."

"အဝေးလာခဲ့ပါ့မယ် ..."

ဒီစကားကိုသာ အဝေးထပ်ပြောမိသည်။

"ဒါဖြင့် ... အမေစောင့်နေတော့မယ်နော် ... သမီး တစ်ယောက်ထဲလာမှာလား ... သမီးကို ဘယ်သူလိုက်ပို့ပေးမလဲ ..."

"အဝေးဘာသာလာမှာပါ ... ကားရှိပါတယ် ... အဝေးဘာသာမောင်းလာမယ် ..."

"ဟုတ်လား ... ဖြည်းဖြည်းမောင်းနော် သမီး ... အမေစောင့်နေမယ် ... ဒါပဲနော် သမီး"

"ဟုတ်ကဲ့ ..."

တစ်ဖက်မှဖုန်းမချခင် နောက်ဘက်ကို တစ်စုံ ခု ရှင်မြူးအော်ဟစ်လိုက်ကာ ဖုန်းတင်လိုက်သဖြင့် အသံ က်သွားသည်အထိ အဝေးက ဖုန်းကို နားမှာကပ်ထားဆဲ။ ကြာကြီး ငြိမ်နေသည်။ အကြာကြီးနေမှ အဝေးက ဖုန်းကို မှာပြန်တင်လိုက်၏။ ထို့နောက် ခုတင်ပေါ်မှာပဲ အရုပ် ရုပ်လို ငြိမ်သက်တောင့်တင်းစွာ ဆက်ထိုင်နေမိသည်။

ရင်ခုန်တာ ပြန်ပျောက်သွားကာ လှုလဲတည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



လာချိန်၌ အရင်အတိုင်း ထုံပေပေကြီးပြန်လည်ခံစားလာရ
သည်။ စိတ်မပါတပါ ...။ ခေါင်းတွေ ထုံထိုင်းနေ့နောက်
နေကာ လှုကမလန်းဆန်း။ သက်ပြင်းတစ်ချက်နှင့် လေးလေ
ကြီးထကာ ရေချိုးခန်းဝင်သည်။ သွားတိုက်ရေချိုး ...။
တင်ခုံရှေ့၌ အကြာကြီးထိုင်နေမိပြန်သည်။ မှန်ထဲမှာ ကို
ကိုကိုယ် စိုက်ကြည့်နေမိသည်။

အဝေးက အမေနှင့်တူသည်လို့ ဆွေမျိုးများ
ဆိုကြသည်။ အမေ့မျက်နှာကို အဝေးပုံဖော်မှန်းဆကာ
စားကြည့်နေမိသည်။ အဝေးမှာ အဖေနှင့်အမေ့ဓါတ်ပုံအ
ရှိပါသည်။

သို့သော်လဲ ဘယ်တုန်းကမှ ထုတ်မကြည့်ဖြစ်
ထင်းရှူးသေတ္တာထဲက အဟောင်းအမြင်းပစ္စည်းတို့ကြား၌
ဓါတ်ပုံစာအုပ်လဲ ခုလောက်ရှိ ဆေးကွက်နေမလား၊ ချကို
မလားမပြောတတ် ...။

အဝေးက မျက်နှာပေါ် TOUCH AND GL
ခပ်ပါးပါးလိမ်းကာ ပေါင်ဒါရိုက်လိုက်သည်။ နှုတ်ခမ်း
နှစ်သက်ရာ ရွေးဆိုးလိုက်လျှင် အဝေးအလှပြင်ကဏ္ဍက
ပြီပဲ။ အနက်ကြိုက်လှသောအဝေးသည် ကြံရာအနက်တစ်
ကို ဆွဲဝတ်မည်ပြုပြီးမှ အနက်ရောင်မကောင်းလှဘူးထင်
ကာ မီးခိုးဖျော့ဖျော့တစ်ထည် ကောက်လဲလိုက်သည်။ အ
အိမ်မှထွက်ကာ သော့ခတ်နေစဉ် မျက်နှာချင်းဆိုင်တိုက်





ညှိသည်တက်လာ၏။

"အော် ... အပြင်သွားမလို့လားအဝေး ..."

"ဟုတ်ကဲ့ ... မမရွှေ ..."

မမရွှေက တစ်ဖက်ခန်းက အန်တီကြီးသမီး ...။
ခွဲနေသော အိမ်ထောင်သည်ဖြစ်သည်။ လက်ထဲ ပန်းစည်း
စည်းကိုင်ထားကာ သူ့အမေဝမ်းသာအားရ တံခါးလာဖွင့်
တွင် ...

"မေမေ့ဖို့ ဘုရားပန်းယူလာတယ် ..."

"အမလေးတော် ... သာဓုပါတော် ..."

သားအမိနှစ်ယောက်သား ဖက်ရမ်းရယ်မောဝင်
းသံကို နားစွင့်ရင်း အဝေးက တိုက်ရှေ့မှာရပ်ထားသော
ဆီ ဆင်းလာသည်။ ကားပေါ်တက်ပြီးလျှင် အနီးဆုံးဈေး
ဈေးသို့ ဦးစွာမောင်းလိုက်မိလေသည်။ ဈေးရှေ့အဝနား၌
ပန်းသည်များ စီတန်းကာနေသည်။ အဝေးက သူနှစ်သက်
သော အဝါရောင်နှင်းဆီပုံများ အပွင့်နှစ်ဆယ်ဝယ်သည်။

"ဟင့်အင်း ... ဖက်နဲ့မပတ်နဲ့ ..."

"အစ်မကိုင်လို့လွယ်အောင်လေ ..."

"နေပစေ ... ဒီတိုင်းကိုင်မယ် ... ကျေးဇူးပဲ"

ဖက်ကြီးပတ်ကာ မလှမပမဖြစ်စေချင်။ ပန်းစည်း
ဆားခုံပေါ်တင်ကာ လှည့်တကြည့်ကြည့်နှင့်မောင်းလာ၏။
တီစန်းတို့ ရန်ကင်းတိုက်ခန်းရှိရာကိုရောက်သည် ပန်း



www.burmeseclassic.com

www.burmeseclassic.com



စည်းကြီးကိုင်ဆင်းသွားရမှာကို ရှက်သလိုလိုရှိနေပြန်သည်။ ထို
အချိန်တွင် ရင်က ပြန်လည်ခုန်လာနေပြန်သည်။ ဒူးတွေပ
ညွှတ်ချင်သလိုရှိနေကာ သုံးထပ်သို့ အနိုင်နိုင်တက်ခဲ့ရ၏
တံခါးဝမှ ဘဲလ်လေးကိုနှိပ်ကာ သက်ပြင်းကြီးတစ်ချက်နှ
စောင့်ကာနေသည်။

တံခါးပွင့်ဟသွားကာ တံခါးဝ၌ မိန်းမကြီးတစ်
ယောက်ရပ်နေ၏။ ဆံပင်များကို ဘီးစပတ်ပတ်ထားကာ နှ
ကပြောင်ရှင်းနေသည်။ ရင်စေ့လက်စက အဝါနရောင်နှင့် ည
တိုစကိုပါတိတ်လုံချည်ဝတ်ထား၏။ ထိုအဝတ်များမှာ အန်
စန်းအဝတ်များဖြစ်ကြောင်း အဝေးမှတ်မိနေသည်။

အသားအရေ အတော်ကြီး ညိုညစ်ကာ မျ
နှာပေါ် သနပ်ခါးစင်းများထင်အောင် လူးထားသောမိန်းမ
သည် တကယ်တော့ အန်တီစန်းထက် သုံးနှစ်သာကြီးတာ
ဟုတ်ဘူးလား။ နောက်မှာလာကပ်ရပ်လိုက်သော အန်တီစန်း
ဖြူဝင်းကျက်သရေရှိသောမျက်နှာရေတွင် သူသည် ကြမ်းတ
ခက်တရော်ရင့်ရော်မှုကို ဖုံးဖိမရ။ ယှဉ်ပြထားသလိုရှိသည်။

ဟင့်အင်း ... အဝေးရဲ့အမေဟာ အသား
ဆွတ်ညှုမဟုတ်တောင် ဝင်းဝါလတ်ဆတ်သောအသားအရည်
ပိုင်ဆိုင်သူတစ်ယောက်မဟုတ်လား။ ပြီးတော့ အမေကလှ
ပဲ ...။ အဝေးသည် ထိုမိန်းမကြီးကို မျက်တောင်မခတ်ငို
ကြည့်နေသည်။ မိန်းမကြီးမှာ နှုတ်ခမ်းတွေတုန်၊ ပါးတွေ





တာ မျက်ရည် ရွတ်ချည်း စို့ဝဲတက်လာလေသည်။

အဝေးရဲ့အမေကို ဒီထက်ပိုမို ဖြူဝင်းစိုပြေစေချင်
သည်။ သို့သော် အဝေးတတ်နိုင်သောအရာမဟုတ် ...။ အမေ
ဟာ ဒီလိုပုံမဟုတ်ဘူးဟု ရင်ထဲကကြိတ်ပြီး ခံပြင်းနေချင်သော်
လဲ အဝေး ဘာမှမတတ်နိုင်စွာပင် ခေါင်းကိုငုံ့ချလိုက်ရင်း

"အမေ့ဖို့ ... ပန်း ... ဟို ဘုရားပန်းယူလာတာ"

မမရွှေအသံလို ကြည်လင်လန်းဆန်းချစ်ကြည်
တွယ်တာမနေပါ။ ငိုချင်တာ ဝမ်းနည်းတာလဲမဟုတ်ဘဲ သြ
ကာသလောကကြီးတစ်ခုလုံးကို စိတ်ပျက်မိသလိုဖြစ်ကာ အဝေး
တောင့်တင်းငြိမ်သက်နေသည်။

"သမီး ... သမီးလေး ... အဝေး ... အမလေး
အဝေးရယ် ..."

ရုတ်တရက် ကြုံးဖက်လိုက်သဖြင့် ယောင်ယမ်း
ပြီး ပန်းစည်းကို မကျေအောင်လက်မြှောက်ထားလိုက်မိ၏။
အန်တီစန်းက ပန်းစည်းကို အလိုက်တသိလှမ်းယူလိုက်သည်။
အဝေးသည် တင်းတင်းကျပ်ကျပ်အဖက်ခံထားရသည့်အတွက်
အသက်ရှူကျပ်ကာ အသက်ရှူဝအောင် ရုန်းထွက်လိုက်ချင်
သည်။ သို့သော် ချက်ချင်းရုန်းဖယ်ထွက်ဖို့မကောင်းတတ်သ
ဖြင့် ခဏငြိမ်နေရလေသည်။ အဝေးထက် အရပ်သုံးလက်မ
ခန့်ပင် ပို၍ပုနိုင်သောအမေက အဝေးပခုံးစပ် ရင်သော်မှာ
မျက်နှာအပ်ကာ တစ်ကိုယ်လုံး တသိမ့်သိမ့်တုန်အောင်ပင် ငို

www.burmeseclassic.com



ရှိုက်နေသည်။

အဝေးသည် လက်နှစ်ဖက်တွဲလောင်းချထားကာ ငိုချင်စိတ်တစ်စက်မှမပေါက်ဘဲ စိတ်ကျဉ်းကျပ်နေလေသည်။ အန်တီစန်းက အဝေးပုံစံကို စိတ်ပျက်သလိုအကဲခတ်ကာ အိမ်ထဲလှည့်ဝင်သည်။

"ကဲ ... ကဲ ... လာ ... သားအမိနှစ်ယောက် *ဒီမှာလာထိုင် ... အလွမ်းသယ်ပါ*"

"အင်း ... အင်း ... လာ ... သမီး လာ ... အိမ်ထဲဝင် ..."

အမေက ရုတ်တရက်အငိုရပ်လိုက်သည်။ မျက်နှာပေါ်မှသနပ်ခါးများကွက်ကုန်လေပြီ။ မျက်လုံးများရဲကာ မျက်လုံးတစ်ဝိုက်ရှိ အရေးအစင်းများလဲ သနပ်ခါးပျက်အောက်မှ ထင်ရှားလာသည်။

"သမီးလေး ..."

အဝေးခေါင်းငုံ့ကာ ငြိမ်သက်မကာ ငြိမ်သက်နေသည်။

"သမီး ... အဝေး ... သမီး သိပ်စိတ်လှုပ်ရှားနေတယ်ထင်ပါရဲ့ ... ငြိမ်လိုက်တာ ... အစန်းရယ် ရေအေးအေးတစ်ခွက်အရင်တိုက်ပါဟယ် ..."

စိတ်မလှုပ်ရှားပါဘူးဟု ပြောမိမလိုဖြစ်သည်။ တမင်ဆန့်ကျင်ပြောရာရောက်မှာစိုးရ၍ မပြောဖြစ်တော့ပါ။ တ





ကယ်လဲ အဝေးရင်ထဲ ငြိမ်ဆိတ်အေးခဲနေသည်။ ခေါင်းနှံ့နှံ့ကိုက်လာတာကလွဲလျှင် လူတစ်ကိုယ်လုံးဘာမှအသိအမှတ်မရှိ။ အန်တီစန်း ရေယူလာသဖြင့် ဘာမှမပြောဘဲ လှမ်းယူကာသောက်လိုက်သည်။ ပူခြောက်နေသောလည်ချောင်းများမှာ အသံမြည်ကာ အငွေ့ပျံထွက်လာမတတ်ပင် ...။

"သမီးလေး ... ကြည့်ပါအုံးအစန်းရယ် ... သမီးလေးက လှလိုက် ... ကျက်သရေရှိလိုက်တာ ... အသားလေးကို ဖြူနုပြီး လှနေတာပဲ ... သိပ်ချစ်စရာကောင်းပါလား သမီးရယ် ... ငယ်ရုပ်လေးကတော့ ဘယ့်နှယ်လုပ်မှမပျောက်ပါဘူး ... အဝေး ... သမီး အမေ့ကို စကားပြောပါအုံး ... ပြန်တွေ့ရတာဝမ်းသာလိုက်တာသမီးရယ် ... အမေလေ ဟိုထဲမှာ သေသွားမှာများကြောက်လိုက်တာ ... သမီးနဲ့ပြန်မတွေ့ရတော့မှာစိုးလို့ တွေးပူလိုက်ရတာကွယ် ... ခုတော့ သေပျော်ပါပြီ ... ဘာပဲဖြစ်ဖြစ်ပျော်ပါပြီ ... ဒီနေ့လောက် ဝမ်းသာတဲ့နေ့မရှိတော့ပါဘူးသမီးရယ် ... တကယ်လွတ်တဲ့နေ့က သမီးနဲ့တွေ့ရတော့မယ်ဆိုပြီး ပျော်ခဲ့ပေမယ့် ... ဒီနေ့လောက် အခုလောက် မပျော်ပါဘူး ... သမီး အမေ့ကို မှတ်မိရဲ့လားဟင် ... သတိရရဲ့လားဟင် ..."

အဝေးက အမေ့ကို ဖြည်းဖြည်းမျက်လွှာလှန်ကာ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်မိသည်။

“အမေ့ကို မှတ်မိပါတယ် ...”

“သတိကောရရဲ့လားဟင် ... သမီးလေး”

အန်တီစိန်းက အဝေးကို စိုးရိမ်တကြီးအကဲခတ်နေသည်ကို အဝေးသိပါသည်။ သို့သော် အဝေးက ခပ်အေးအေး တည်တည်ငြိမ်ငြိမ်ပင် ...။ အမေ့ကိုကြည့်ရင်း ...

“အဝေး သတိမရဖြစ်အောင် မေ့ထားတယ်အမေ ...”

အမေက အံ့သြသွားသလို တစ်ခဏငြိမ်သွားသည်။ ထို့နောက် အဝေးပခုံးကိုဖက်၍ပြုံးကာ ... ပြုံးရာမှရယ်သံထွက် ... ရယ်သံခြားလျှင် တဖြည်းဖြည်း ရှိုက်သံဆက်လျက် ဝမ်းနည်းသလား၊ ဝမ်းသာသလား မခွဲခြားနိုင်အောင် ငိုရှိုက်နေလေသည်။

✧ ¤ ✧

ငယ်ငယ်ကမှတ်မိခဲ့သော မျက်ခုံးရှုံ့ မျက်နှာတင်းကာကြည့်တတ်သည့် အမေ့မျက်နှာထားကို အမေ့မျက်နှာမှာ ရှာမတွေ့တော့ပါ။ စိတ်ထားတွေ လျော့ကျသွားသလို အမေ့မျက်နှာက ညှို့သက်နေသည်။ အထုအထောင်း ဒဏ်ရာဒဏ်ချက်တို့ဖိဆီးထားသလို အမေ့ရုပ်ရည်က ကျနေသည်။ အဝေးတော်ကြီးကြာကြာ အမေအလွမ်းသယ်နေပြီး စကားပြတ်သ





လောက်ရှိမှ အဝေးက ပိုက်ဆံအိတ်ဖွင့်ကာ ဖိတ်စာနှစ်စောင် ထုတ်ယူလိုက်သည်။

အဆင်သင့်စာရေးခဲ့သဖြင့် အန်ကယ်ဦးလှမောင် အန်တီစိန်းကတစ်စောင်၊ အမေဟု အမည်တပ်ထားတာက တစ်စောင် ...။ အမေက ဖိတ်စာကို လက်တွေကတုန်ကယင် နှင့်ဖွင့်ကြည့်လေသည်။ ဖိတ်စာကိုဖတ်နေစဉ် မျက်နှာမှာ ဝမ်းသာဝမ်းနည်းဖြစ်နေသည်။

“အင်း ... အစန်းပြောပါတယ် ...”

အဝေးသည် ဘယ်လိုပင်ကြိုးစားသော်လည်း အမေ့အပေါ် စိမ်းသက်သက်ဖြစ်ကာ သွေးအေးနေလေသည်။ စကားလဲ များများပြောစရာမရှိ။ အမေနေကောင်းလား ... ထောင်ထဲတုန်းက ပင်ပန်းဆင်းရဲသလား ... ဘယ်လိုနေစားရသလဲစသဖြင့် စကားမျိုးတွေပင် တစ်ခွန်းမှမပြောမိပေ။

“ကောင်လေးက ... မောင်မောင်ကျော်ဟုတ်လား ...
သမီးထက် ငယ်တယ်ဆို ...”

“ဟုတ်ကဲ့ ... သုံးနှစ်ခွဲလောက်ငယ်ပါတယ် ...”

“သမီးတို့ချင်းတွေ့ပြီး မေတ္တာရှိကြတာပဲပေါ့ ...”

“ဟုတ်ကဲ့ ...”

“မေတ္တာရှိနေကြတာကော ... ဘယ်လောက်ကြာပြီလဲ”

အဝေးသည် စစ်ဆေးသလိုမေးမြန်းနေသဖြင့် စိတ်ကျဉ်းကျပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်နှစ် ..."

တိုးတိုးဖြေလိုက်ရ၏။ ဟိုအခေါ်အိမ် ဟိုဦးလေး အိမ်စသဖြင့် ကပ်ရပ်ရွှေ့ပြောင်းနေခဲ့ရသော်လဲ အဝေးသည် ဘယ်သူ့ကိုမှ အုပ်ထိန်းသူရယ်လို့ မယ်မယ်ရရသဘောမထား ခဲ့ချေ။ ရည်းစားထားခြင်းကိုလဲ အသိမပေးမတိုင်ပင်ခဲ့ပေ။ ငယ်ကထဲက လူကြီးဆိုးမတာထက် မိမိကိုယ်ကို အသိစိတ်နှင့် ထိန်းကျောင်းလိမ္မာခဲ့သူဆိုတာ ကိုယ့်ကိုကိုယ်ယုံကြည်ကာ ကိုယ့် တစ်ခေါင်းနှင့်ပင် စဉ်းစားဆုံးဖြတ်ခဲ့သည်။

အမှားအယွင်းအပြစ်အနာအဆာမရှိခဲ့သော မိမိ တစ်ကိုယ်ရေကိုသာ မိမိအားကိုးစိတ်က အဝေး၌ အမြစ်တွယ် နေပြီမဟုတ်လား ...။ အန်တီစန်းအပါအဝင် ရှိသမျှဆွေ မျိုးလူကြီးများကို လွန်ခဲ့သောလေးလခန့်ကမှ အဝေးအိမ်ထောင် ပြုတော့မယ်ဟု ထုတ်ဖော်ပြောခဲ့ပါသည်။ ထိုသို့ အဝေးဖွင့် ပြောချိန်တွင် အမျိုးများသည် အဝေးကို ကလေးတစ်ယောက် လို နေရာထားသတ်မှတ်ရသောအနေအထားမဟုတ်တော့။

နိုင်ငံခြားသားလက်အောက်မှာ ရာထူးမြင့်မြင့်တစ် ခုရထားကာ လခ ဝင်ငွေအင်မတန်ကောင်းနေသော အဝေးကို အားလုံးက နေရာတစ်ခုပေးကာ ဆက်ဆံနေရပြီဖြစ်လေသည်။ ဟုတ်လား ... အင်း ... ကောင်းပါတယ် ... ဝမ်းသာ ပါတယ် ဆိုသည့်စကားတွေကိုသာ လက်ခံခဲ့ရပါသည်။ ကောင် လေးက ဘယ်သူဘယ်ဝါဆိုတာလဲ သဘောလောက်သာ သိ





သင့်ရုံပြောကြားလျက် တကူးတကစစ်ဆေးသလို အမေးအမြန်း တော့မခံခဲ့ရပါ။

"နောက်ဆုံးနှစ်အပိုင်းကဆိုတော့ ကျောင်းမပြီးသေးဘူး ပေါ့ ..."

"အခုတစ်နှစ်နဲ့ နောက်တစ်နှစ်ကျန်ပါသေးတယ် ..."

"ဘာဖြစ်လို့ သူကျောင်းပြီးမှ လက်မထပ်တာလဲသမီး"

အဝေးက အမေ့ကို ဖျတ်ခနဲကြည့်လိုက်သည်။ အဝေးအကြည့်ကို အမေက ရုတ်ခြည်းသဘောပေါက်ကာ စိတ် မကောင်းဟန် မျက်နှာပျက်သွားပါသည်။

"အမေက သိချင်လို့မေးတာပါ ... ဘာဖြစ်လို့ပါလိမ့် လို့တွေးမိတာပါ ..."

"ဘာဖြစ်လို့မှတော့မဟုတ်ပါဘူး ... သူကလက်ထပ် ချင်ပြီဆိုတာနဲ့ပဲ ..."

အဝေးအကြောင်းပြချက်က ယိုင်နဲ့နဲ့ဆိုတာ အ ဝေးသိသည်။ သို့သော် ထိုအကြောင်းပြချက်မှာအမှန်ပင်ဖြစ် သည်။ မောင့်အမေက သူ့သားလေးကို နှမြောနေသော်လ သူ့သားလေးက လက်ထပ်ချင်လှပြီဖြစ်နေသည်။ အဝေးအသက် ကလဲ နှစ်ဆယ့်ရှစ်နှစ်မို့ အိမ်ထောင်ပြုဖို့သင့်တော်နေပါပြီ မောင်ကတော့ နှစ်ဆယ့်လေးနှစ်စွန်းစွန်းမို့ စောင့်မည်ဆိုစော နိုင်ပါသေးသည်။ သို့သော် မောင်ကျောင်းအပြီး အဝေးအသက် သုံးဆယ်တွင် အဝေးသည် မိမိကိုယ်ကို မင်္ဂလာပွဲ၌ ရုပ်ပြ



www.burmeseclassic.com

www.burmeseclassic.com



ပါတော့မလားလဲပူခဲ့သည်။

နောက်ကျလေ ကိုယ့်အရွယ်ရင့်လေ။ ပြီးတော့ ကိုယ့်ရဲ့သက်တမ်းတစ်ဝက်ကျိုးကျဖို့ ခြေလှမ်းအစ၌ မောင်က အသက်နှစ်ဆယ့်ခြောက်လောက်တွင် ဤမျှအရှုံးအမှူးလက်ထပ်လိုစိတ်ပြင်းပျပါတော့မလားဟု နှမြောတသတာလဲပါသည်။ ဒါကြောင့်လဲ လက်ထပ်ဖို့အဆေးက သဘောတူလိုက်ပါသည်။

"အမေ့သမီးက သိပ်လှတော့ သမီးရွေးထားတဲ့ကောင်လေးလဲ ချောမှာပါပဲ ..."

ချောပါတယ်အမေရယ် ...။ နုထွားထွားဂလန်ဂလားနှင့် ကလေးတစ်ယောက်နယ် ချစ်စဖွယ်ချောမောသူပါဟု အဝေးစိတ်ထဲကဖြေသည်။

"မမမြကော သဘောတူရဲ့လား ..."

အဝေးမထုတ်သောမေးခွန်းကို အန်တီစန်းက မနေနိုင်မထိုင်နိုင်ထုတ်လိုက်သည်။

"သမီးကရွေးထားပြီဆိုမှ ... သဘောမတူစရာမရှိပါဘူးကွယ်၊ ရှိလဲ ... မမမြက သမီးကို အုပ်ထိန်းခဲ့ရတာမဟုတ်ဘဲ ရင်အုပ်ကွာခဲ့ရတာမို့ ... သဘောမတူဘူးရယ် ဘာရယ်စွက်စွက်ဖက်ဖက်ဝင်လုပ်တာမျိုး မလုပ်သင့်တော့ပါဘူး ..."

"ဒီလိုဘယ်ဟုတ်မလဲ ... မမြကလဲ ... ကိုယ့်





အမေ ... ကိုယ့်သမီးပဲဟာ ..."

အန်တီစန်းစကားကို သဘောမတူသော်လဲ အမေ့စိတ်ထဲရှိတာကိုဖြင့် အဝေးကသိချင်သည်။ အမေဖြေပုံကြောင့်လဲ စိတ်ထဲမတင်မကျရှိရသဖြင့် ...

"ဘာပဲဖြစ်ဖြစ် ... အမေ့ သဘောထားကို အဝေးသိချင်ပါတယ် ..."

အမေက အံ့အားသင့်ဝမ်းသာသွားပုံရသည်။

"အစန်းပြောလို့ သမီးနေပုံထိုင်ပုံလိမ္မာတာတွေ ကိုယ့်ကိုကိုယ်ထိန်းကျောင်းစောင့်ရှောက်နိုင်တာတွေ အလုပ်ကအစ ကိုယ့်အစွမ်းအစနဲ့ပဲရှာယူပြီး အမြင့်ရောက်အောင်ကြိုးစားနိုင်တာတွေသိရလို့ သမီးကိုအမေအထင်ကြီးပြီးသားပါ ... သမီးရဲ့အိမ်ထောင်ဘက်ရွေးချယ်မှုမှာဦးနှောက်သုံးမှာပဲ ... မမှားတန်ကောင်းပါဘူးလို့ ... ယုံပြီးသားပါ ... တစ်ခုပါပဲ ... နှစ်နှစ်ဆိုတဲ့အချိန်ဟာ လူတစ်ယောက်ရဲ့ စရိုက်သဘာဝ အမူအကျင့်တွေကို အသေးစိတ်အတွင်းကျကျလေ့လာအကဲခတ်နိုင်ဖို့ လုံလောက်ခဲ့ပါ့မလားဆိုတာပါပဲ ... ဒါကလွဲလို့ အမေပြောစရာမရှိပါဘူး သမီးရယ် ... အမေ့တုန်းကလဲ နှစ်နှစ်လောက်တော့အချိန်ယူခဲ့ပြီးမှ ..."

အဝေးမျက်နှာကလေးမှာ ပျက်သွားရသည်။ ဆိုကားကြောင့် စိတ်အနှောက်အယှက်များစွာဖြစ်သွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဝေးရဲ့အိမ်ထောင်ရေးကို ပစ္စလက္ခတ်စုတ်ပြတ်သတ်အဖြစ်မခံနိုင်ပါဘူး ... အဝေး ဦးနှောက်အလိမ္မာသုံးပါတယ် ... အဝေး လူတစ်ယောက်ကို အကဲခတ်တတ်ပါတယ် ..."

"သမီးက လူတွေကို အကဲခတ်တတ်သလား ..."

အမေက ခပ်ငေးငေးဆိုသည်။

"ဟုတ်ကဲ့ ..."

အဝေးကလဲ ပိုင်ပိုင်နိုင်နိုင် တိုတိုဖြေလိုက်ပါသည်။

"အေး ... အေး ... အမေဝမ်းသာပါတယ် ... အမေဘာမှပြောစရာမရှိပါဘူး ... အမေမင်္ဂလာဆောင်ကို လာရမှာပေါ့နော် ..."

အဝေးက ခေါင်းလေးကိုညိတ်လိုက်ပါသည်။ သူမရဲ့စိတ်ထဲ စိမ်းနေပေမယ့် အမေဟာ အမေတစ်ယောက်ပဲဟာ ...

"ပွဲထုတ်ရင် ... သတို့သမီးမိဘအနေနဲ့ မင်္ဂလာပွဲနောက်က အမေလျှောက်ရမှာပေါ့ ... အစက အန်ကယ်နဲ့အန်တီစန်းကို လျှောက်ခိုင်းမလို့ပါဘဲ ... အမေရှိနေတော့ အမေပေါ့ ..."

အမေ့မျက်နှာက ရွှင်လန်းသွားကာ ...

"ဒါဖြင့် ... အမေဝတ်စုံချုပ်ဦးမှပေါ့ ..."

"အမေ့အတွက် အဝေးကြိုးကြိုးချိတ်ဝယ်ပေးမယ် ...





အဝေးက... ပန်းနုရောင်ဝတ်မှာ ...၊ အမေဘာရောင်ဝတ်မလဲ ..."

"သမီးနဲ့မတိမ်းမယိမ်းပေါ့ကွယ် ..."

"မောင့်အမေကလဲ ပန်းခရမ်းရောင်ဝတ်မယ်ပြောတာ ခပ်ဆင်ဆင်ဝယ်လိုက်မယ်နော် ..."

"ကြိုးကြိုးချိတ်က ဘယ်လောက်ကျလဲ ...

"ခြောက်ထောင်ကနေ ... တစ်သောင်းလေး အမေ ..."

"ဘုရား ... ဘုရား ... ဈေးကြီးလိုက်တာ နမြောစရာကြီးသမီးရယ် ... ပြီးတော့ ခေါက်သိမ်းထားရမှာ ... သမီးမှာ ပိုက်ဆံများများရှိရဲ့လား ..."

"ရှိပါတယ် ... အမေ့အိမ်ငှားခတွေ ဘဏ်မှာရှိတယ် အန်တီစန်းမပြောဘူးလား အမေ ..."

"ပြောပါတယ် ... အမေတို့ခြံနဲ့အိမ်က အရင်ကတော့ ငှားခသုံးလေးထောင်ပဲရတာတဲ့ ... တဖြည်းဖြည်း အိမ်ငှားခတွေဈေးတက်လာတော့ ... အခုဆိုရင် သောင်းချီပြီးရနေတာကြာပြီတဲ့ ..."

"အဝေး ... တက္ကသိုလ်ရောက်ခါစက နှစ်သောင်း၊ မနှစ်ကနဲ့ဒီနှစ် တစ်လကို ခြောက်သောင်းရတယ်အမေ အဲဒီအိမ်ငှားခနဲ့ပဲ အဝေးတစ်သက်လုံးထမင်းစားခဲ့တယ် ပညာသင်ခဲ့တယ် ... ပိုသမျှဘဏ်မှာစုထားတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီထဲက အဝေးသုံးတာ ... အခုစီးနေတဲ့ကားတ
ဝယ်တာရှိတယ် ... ဒီကားလဲ အခု အမေသုံးဖို့
ပေးမယ် ... ဘဏ်ကပိုက်ဆံလဲအမေ့ဟာပေါ့ ...
အဝေးအလုပ်စဝင်ကထဲက ... ကားဝယ်တာအ
ပိုက်ဆံထုတ်မသုံးတော့ဘူး ... လခနဲ့ပဲသုံးတယ်
မေ့ကို ကြိုးကြိုးချိုက်ဝယ်ပေးမှာက အဝေးလခထဲ
ဝယ်ပေးမှာပါ ..."

"သမီးရယ် ... မဟုတ်သေးပါဘူး ... ကားက
ဘာကြောင့်ပြန်ပေးရမှာလဲ ..."

"အမေ့ပိုက်ဆံပဲ ..."

"အမေ့မှာ ဒီသမီးပဲရှိတာပဲ အဝေးရယ် ..."

"ဒါပေမယ့် အခုကစပြီး အမေနေထိုင်စားသောက်
ဒါန်းရဦးမယ်မို့လား ..."

အမေက သက်ပြင်းတစ်ချက်ချရင်း ...

"သမီးက လခများသလားဟင် ..."

"မဆိုးပါဘူးအမေ ... ဒေါ်လာနှစ်ရာနှစ်ဆယ်
တယ် ... အိုဗာတိုင်ကြေး အပိုကြေးတွေဘိုး
တွေလဲ အများကြီးထပ်ရပါသေးတယ် ..."

"မမြသမီးက ခုခေတ်ဈေးနဲ့ဆို တစ်လတစ်
သောင်းကျော်တယ်ရှင့် ..."

"ဟုတ်လား ... များလှချည့်လား ..."





"အဝေးရဲ့တစ်လအသုံးစရိတ်က ကျဉ်းပါတယ် ...
အဝေးလခကိုတောင် အများကြီးစုထားနိုင်ပါတယ် ...
အမေ့အိမ်လခကို အမေပဲသုံးပါ ... ကားလဲ ..."

"ကားကတော့ အမေလဲမသုံးတတ်မမောင်းတတ်တဲ့ဟာ
သမီးဘာသာဆက်မောင်းပါ အဝေးရယ် ... အိမ်လ
ခကိုလဲ အမေသုံးပါ ... ဆိုတော့ ... အမေနဲ့သမီး
နဲ့က အခု ... ဟိုဒင်း ... အတူပေါင်းစည်းလိုက်
လို့မရသေးဘူးလားဟင် ... သမီး ..."

အဝေးက ဒါကိုညကကြိုစဉ်းစားပြီးဖြစ်သဖြင့်
သက်ပြင်းလေးရှိုက်ရင်း ...

"အဝေးနေတဲ့တိုက်ခန်းက အဝေးအလုပ်ရှင် စက်ာပူလူ
ကြီးက နေခွင့်ပေးထားတဲ့အခန်းပါ အမေ ... တခြား
မောင်တို့ဘက်မှာလဲနေစရာ အဆင်မပြေဘူး ... လက်
ထပ်ပြီးရင် အဝေးတို့ အဲဒီတိုက်ခန်းမှာပဲနေကြမယ်"

အမေ့မျက်နှာက ညှိုးသွားသည်။ သူ့ပါခေါ်
သွားလို့မရဘူးလားဟု ဖွင့်မမေးရုံတမယ်။

"အဝေးစဉ်းစားထားတာက ... အမေလဲ အန့်တီစန်း
တို့နဲ့နီးအောင် ဒီရန်ကင်းတိုက်ခန်းတစ်ခန်းလောက် ငှား
ပြီးနေလိုက်ပါ ... အမေ့အိမ်ငှားခကများတော့ တိုက်
ခန်းငှားနေပြီးရင် အမေ့စားသောက်စရိတ်ဖူလုံပါတယ်"

အမေ့ထံမှ ဘာစကားမှထွက်မလာ။ အန့်တီစန်း

www.burmeseclassic.com



ကတော့ အဝေးကို စိတ်ပျက်သလိုငေးကြည့်နေသည်။ အ
က စလင်းဘက်ထဲ ညကထဲကထုတ်ထားသော ကတ္တီပါဘူး
ထုတ်ယူလိုက်သည်။

"အဝေး ငယ်ငယ်ထဲက သိမ်းထားရတာ ... အ
လက်ဝတ်လက်စားတွေလေ ... ရော့ ... အ
ပြန်အပ်တာနော် ... အဝေးနားထဲကနားကပ်
ဆွဲကြိုးနဲ့လက်စွပ်က အဝေးဟိုတလောကမှ လ
စုပြီး လုပ်တဲ့ဟာတွေပါ ... ရော့ ... အ
စစ်ကြည့်ပါအုံး ..."

"သမီး ... အဝေး ဘယ်လိုများပြောနေပါလိမ့်

ပေါင်ပေါ်ရောက်လာသော ကတ္တီပါဘူးကိုကို
အမေ မျက်ရည်ပေါက်ပေါက်ကျလာလေသည်။ အဝေး
များမှားပါလိမ့်ဟု ခေါင်းပူနေသည်။ အဝေးအတွက်
စကားတွေထဲမှာ အမှားမပါပါ။ အမေ့ပစ္စည်းကို အ
ပြန်ပေးရမည်ဟုပဲ အဝေးနားလည်ထားသည်။ ဒါဟာ
မှုတော့မဟုတ်ပါဘူး။ စိမ်းကားတာလဲမဟုတ်ဘူးထင်ပါ
မငိုနေတော့ အနေခက်ကာ အဝေးမျက်နှာမထားတတ်
သည်။

✧ ⌑ ✧



# ၃

မင်္ဂလာဆောင်အပြီး နောက်တစ်ရက်၌ ငယ်
းစုနှင့်ပတ်သက်ပြီး စိတ်အနှောက်အယှက်တစ်ခု စ
ရသည်။ သို့သော် ဒါကို အဝေးက စိတ်အနှောက်အယှက်
ဟု ကြာကြာမထားဘဲ ပြီးပျောက်လိုက်ပါသည်။ အဘယ်
ကြောင့်ဆိုသော် အဝေး၌ ကြိုတင်ဆုံးဖြတ်ချက်ရှိပြီးသား။ အဝေး
ယောက္ခမ၊ ယောင်းမ၊ ခဲအိုတို့နှင့် တဲ့အောင်ပေါင်းမည်။
တို့အပေါ် တစ်စုံတစ်ရာမကျေနပ်ချက် ဘေးပယောဂဖြင့်
င်နှင့်အဝေးရဲ့အိမ်ထောင်ရေးကိုခိုက်ပျက်စီးမခံ ...။

အဝေးတည်ဆောက်ခဲ့သည့်အိမ်ထောင်ရေးသည်
ခိုင်တည်တံ့သာယာသော အိမ်ထောင်ရေးဖြစ်ရမည်။ ချိန့်
သော အိမ်ထောင်ရေးမဖြစ်ရ ...။

အဝေးသည် ကုမ္ပဏီမှ ခွင့်ရက်ဆယ်ရက်တိတိရ
သဖြင့် မင်္ဂလာဦး၏နောက်တစ်နေ့တွင် ပေါ့ပါးလန်းဆန်း



www.burmeseclassic.com

www.burmeseclassic.com

သည်။ မျက်လုံးဖွင့်ကြည့်လိုက်သော် အား
ကတော့ အဝေ အိပ်ပျော်ဆဲမောင့်ကိုမြင်ရလျှင် ရင်ထဲ၌
က စလင်းဘ ...။ အဝေးဘဝ၌ နှစ်ယောက်ဖြစ်ပြီး
ထုတ်ယူလိုက် အမျိုးအိမ်နေနေ ... လူ ဘယ်နှစ်ယောက်
"ယောက်ထဲ ...။ အဝေးသည် အလုပ်မှအိမ်
၌ တစ်ယောက်ထဲပြောင်းရွှေ့နေထိုင်ခဲ့သဖြင့် အိမ်
ခဖော်ကင်းမဲ့စွာ တစ်ဦးတည်းနေခဲ့ရသည်မှာ တစ်
က်ရှိခဲ့ပြီ။ ခုတော့ ... မျက်စေ့ဖွင့်ကြည့်လိုက်လျှင်
နီးဆုံးမှာ အဝေးရဲ့အဖော် ...။ စိတ်ချမ်းသာစွာ
နဲ့ထပြီး ကော်ဖီဖျော် ...၊ ဟိုတယ်က ဘယ်သူသိမ်းယူ
ပေးမှန်းမသိသော ပါလာသည့်ကိတ်မုန့်တို့ကို လှပစွာပြင်ဆင်
ထဲ့။ မျက်နှာသစ် ... သွားတိုက် ...။ ပြီးလျှင် ယောင်အအက
လေး မောင့်ကိုစောင့်နေသည်။

ခါတိုင်းရုံးပိတ်ရက်တို့တွင် လျှော်ဖွပ်စရာရှိတာ
လျှော်ဖွပ် ...။ မီးပူတိုက်စရာရှိတာ တိုက်ပြီးလျှင် ခုလို
ယောင်ချာချာမနေ။ ရေမိုးချိုးကာ အပြင်တစ်နေရာထွက်သည်
သာဖြစ်သည်။ မောင်နှင့်ချိန်းထားလျှင် မောင်နှင့် ...။ ချိန်း
မထားလျှင် အမျိုးအိမ်သူငယ်ချင်းအိမ် ... ဈေး စသဖြင့်
ရှာကြံသွားသည်။ ချိန်းထားတာကများပါသည်။

ခုတော့ တစ်နေကုန် ဆယ်ရက်လောက်အားနေ
မှာပါလား။ ဟန်းနီးမွန်းထွက်ဖို့ရာ ပင်ပန်းသဖြင့် နှစ်ဦးသ





သူမထွက်ပါ။ အိမ်မှာ ဇနီးမောင်နှံအသစ်စက်စက်နှစ်ဦးထဲ
နဲ့လွတ်လပ်ပျော်ရွှင်ရမှာမို့ အိမ်မှာပဲဟန်းနီးမွန်းဟု သတ်
မှတ်လိုက်သည်။

မောင်မနိုးသေးသဖြင့် အဝေးပျင်းကာ ဧည့်ခန်း
ထွက်လာသည်။ ဧည့်ခန်းထဲကလက်ဖွဲ့ပုံကြီးကိုဖွင့်ပြီး တစ်
ယောက်ထဲဖောက်နေသည်။ ညတုန်းကလဲ အနည်းအကျဉ်းတော့
မောင်နှင့်တူတူဖောက်ကြသည်။ ပိုက်ဆံတွေရယ် ... အထုပ်
ကြီးတွေရယ်လောက်သာ ရွေးပြီးဖောက်သည်။ အထုပ်ငယ်
တစ်ပုံတစ်ပင်ကျန်နေသေးတာမဖောက်ရသေး။

တစ်ယောက်ထဲဖောက်လိုက် ... ၊ လက်ဖွဲ့လက်
ဆောင် မမကြူတို့ရေးမှတ်ထားသည့်စာရင်းစာအုပ်ကို
ကာ ကိုယ်ခင်မင်သူတွေထဲက ဘယ်သူဘာပေးလဲသိချင်တာ
ကြည့်လိုက်လုပ်နေဆဲ ... အိမ်ရှေ့တံခါးမှဘဲလ်မြည်လာ
အံ့သြပြီးအပြေးဖွင့်လိုက်လျှင် ...

"ဟယ် ... မာမီတို့ ..."

မောင့်မေမေ၊ မမကြူနှင့် သဲသဲတို့ဖြစ်နေသည်။
မေမေကို မောင်က မေမေခေါ်လိုက် မာမီခေါ်လိုက်။
က မာမီဟုခေါ်သည်။ မမကြူနှင့် ကိုဆွေကတော့ မေမေ။
ကြောင့် အဝေးက အမေနှင့်ကွဲပြားအောင် မာမီဟုလိုက်ခေါ်

"နိုးကြပြီလား ...၊ ဟင်းဟင်းဟင်း ...၊ လက်ဖွဲ့တွေ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းပစ္စယတွေ ကူသိမ်းပေးရအောင်ထွက်လာကြတာ”

“မနက်စာစားမှာနော် ... ဘာချက်လဲ ...”

“ဘာမှတော့မချက်ရသေးဘူး မမကြူ ... ဆင်းဝယ်လိုက်မှာပေါ့ ...”

“ရေရှည်တော့ ချက်စားမှကိုက်မယ်ထင်တယ် ...”

“ဟုတ်မှာပဲမာမီ ...”

“မောင်ကျေးမနိုးသေးဘူးလား ...”

“အိပ်တုန်းမာမီ ... နှိုးလိုက်ရတော့မလား ...”

“နေပါစေ ... အိပ်ပါစေ ... ဒီမှာ ကြူကြူတို့ သဲသဲတို့ ပစ္စည်းတွေဖောက်ကြ သိမ်းကြ ကူပေးလိမ့်မယ် ... လုပ်ရင်း နိုးလာလိမ့်မပေါ့ ...”

ပစ္စည်းအပုံလိုက်ကြီးကို ဘယ်ကိုရွှေ့ဘယ်လိုရှင်းရမည် အကြံအိုက်တုန်း ... ကူလုပ်မည်ဟုရောက်လာသဖြင့် အဝေးသည် အံ့လဲသြဝမ်းလဲသာသွားပါသည်။ ရိုင်းရိုင်းပင်းပင်းညီညီညာညာရှိသားပဲရယ်လို့လဲ ... ကျေနပ်နေမိပါသည်။ ညီအစ်မနှစ်ယောက်က ကြမ်းပေါ်မှာပင်ထိုင်ချကာ ဖောက်ကြသဖြင့် အဝေးကလဲကူဖောက်သည်။

“အဝေး ... ဒီစာအုပ်မှာ ပစ္စည်းအမျိုးအမည်ရေးမှတ်အုံး ...”

“ဟုတ်လား မမကြူ ...”

“ဗူးတွေပေါ်မှာ အထုပ်တွေပေါ်မှာ အမှတ်စဉ်တွေ ရေး





ထားတယ်လေ ... စာအုပ်ထဲမှာလဲ နံပါတ်တစ် ဦးလုမ္ဗ ... ဆိုပြီး နံပါတ်နဲ့ရေးထားတာတွေလား၊ သေးမှာပစ္စည်းရေး၊ ပိုက်ဆံတွေကတော့ ဟိုမှာကထဲက တစ်ခါထဲဖောက်ပြီး အရေအတွက်ရေးမှတ်ပြီးသား ...”

“အော် ...”

အဝေးက မမကြူလုပ်တာကို ယောင်ငေးကြည့်ကာ ထိုအတိုင်းအတုခိုးလုပ်ရသည်။ သဲသဲကရေးမှတ်သည်။

“တစ်ရာ့တစ် ... ဒေါ်သက်ညွှန့်မိသားစုတဲ့ ... ဒီမှာခါတ်ဗူး ...”

“ရေး ... ရေး ...”

မမကြူကတော့ ကိုဆွေမိန်းမယူတုန်းက ဒါတွေကျွမ်းကျင်ခဲ့ပုံရသည်။

“အဝေးကော်ဖီယူလိုက်ဦးမယ် ...”

“မမဝေး ... ဒီမှာ ကော်ဖီပန်းကန်ဗူးယူသွားပါလားဖောက်သုံးပေါ့ ...”

“မဟုတ်ဘူး ... အပြင်မှာရှိပါတယ် ...”

“အေးလေ ... သဲသဲကလဲ ... အဝေးက သူ့ဟာသူ အစထဲကနေတာ ... မီးဖိုပစ္စည်းတွေရှိပြီးသားပေါ့ ...”

အဝေးက ကော်ဖီပန်းကန်တွေပြင်ယူလာကာ ဗန်းကို စားပွဲပေါ်ချပြီး မာမီကို တစ်ခွက်ကမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငွေသားက ဘယ်လောက်လဲအဝေး ..."

"သေချာတောင်မသိဘူးမာမီ ... တစ်သိန်းနီးပါးများရှိလားမသိဘူး ..."

"တစ်သိန်းနီးပါး ..."

"ဟုတ်ကဲ့ ..."

"ဟဲ့ ... များသားပဲ ... အဝေးတို့ဘက်ကနဲ့ မာမီတို့ဘက်က ဘယ်ဟာများလဲ ..."

"မသိဘူး မာမီ ..."

"ကြည့်စမ်း ကြည့်စမ်း ... စာအုပ်ထဲကြည့်စမ်း ... တို့ဘက်ကတော့ စာအိတ်တွေများသားကြူကြူရဲ့ ... တစ်သိန်းလောက်ဆို ဘယ်ဆိုးလို့လဲ ... ဒီကိစ္စတစ်ခုလုံး ငွေသုံးသိန်းလောက်ကုန်လို့ ... လူကိုပစ်ထိုင်ကျသွားတာပဲ ... ရှေ့လတွေ ခပ်ကျပ်ကျပ်သုံးကြလို့ ဒီဟာမတွေမှာထားရတယ် ... တစ်နှစ်လောက်တော့ ချွေတာစားရတော့မှာပေါ့ ... ရှေ့နှစ်လဲ ... မိကြူ မင်္ဂလာဆောင်ဦးမှာ ... ကောက်သင်းကောက်သလို ပြန်ကောက်စုရဦးမှာ ..."

အဝေးဘာပြောရမည်မသိဖြစ်နေရင်း ဒီတစ်သိန်းကို ပေးရမှာလားဟု စဉ်းစားနေသည်။ အဝေးက မျှော်ကိုးတတ်လှသူမဟုတ်၍ သေချာတောင်မရေတွက်ရသေးသောငွေကို မနှမြောပေ။ ပေးရရင်ကောင်းမှာလားစဉ်းစားရသည်။ မောင့်မိဘ





များ သုံးသိန်းခန့်ကုန်တာဟုတ်မှာပါ။ အင်းယားလိပ်ရဲ့အဖိုးအခ၊ တီးဝိုင်း၊ ဗီဒီယို၊ ဓါတ်ပုံ ...။ ပြီးတော့ သူတို့ မိန်းမသုံးယောက်စာ အဝတ်အစားစရိတ် ...။ ပရိဘောဂကတော့ ခုတင်မွေ့ယာ၊ အိပ်ယာခန်းနားနှင့် ဗီရိုတစ်လုံးပဲ သူတို့ဝယ်ရပါသည်။ မှန်တင်ခုံတို့၊ ဆက်တီစားပွဲတို့၊ ထမင်းစားပွဲတို့ အိမ်ထောင်ပရိဘောဂတွေက အဝေးအိမ်၌ရှိနှင့်ပြီးသားမို့ အသစ်မဝယ်ပါ။

"နှစ်သိန်းခွဲဆို မေမေ ..."

သဲသဲက ဝင်ထောက်လိုက်သဖြင့် မာမီက မျက်ခုံးကြီးပင့်ကာ ...

"ဟဲ့ ... နှစ်သိန်းခွဲဆိုတာ ဟိုဟာနဲနဲစွန်း ... ဒီဟာနဲနဲစွန်းနဲ့ သုံးသိန်းပဲပေါ့ ..."

အဝေးက တစ်မျိုးတော့ဖြစ်သွားသော်လဲ ချက်ချင်းမေ့ပျောက်လိုက်သည်။ အဝေးရဲ့အဝတ်အစား၊ အဝေးရဲ့မိတ်ကပ်ဖိုး၊ လက်ကိုင်ပန်းဖိုးအပြင် ပန်းပြင်ခ၊ ပန်းအိုးပြင်ခတွေ အဝေးအကုန်ခံပါသည်။ ကိုယ့်ဘက်ကိစ္စဘယ်လောက်ကုန်သည်ဟု စာရင်းပို့ကောင်းသောကိစ္စမဟုတ်ပါ။ ပြီးတော့ ရေခဲသေတ္တာလဲ အဝေးပဲဝယ်သည်။ အဝေးက တစ်ယောက်ထဲမို့ ဖြစ်သလိုနေခဲ့သော်လဲ မောင်က အိမ်မှာ ရေခဲရေပဲသောက်တတ်ကျင့်မို့ ဝယ်ရပါသည်။

"ဟိုလေ ... ဟို ... မာမီတို့ငွေလိုရင် ..."



www.burmeseclassic.com

www.burmeseclassic.com



"အော် ... ငွေလိုတယ်ဘယ်ဟုတ်မလဲ ... ဒီလိုလုပ်ပါ ... မေမေ့ဘက်က လက်ဖွဲ့ငွေကို မေမေ့ဟာတွေ ပြန်ဖြည့်ဖို့ယူရင်ယူပေါ့ ... အဝေးဘက်ကလက်ဖွဲ့ရငွေ အဝေးပဲယူပေါ့ ... အဝေးအမေကိုပေးရင်ပေး"

ကြူကြူက ဝင်စီစဉ်သည်။ စာရင်းရေးမှတ်ခဲ့သူမို့ ဘယ်သူဘယ်လောက်ဟု မမှတ်မိသော်ငြား စာအိတ်နှင့်ငွေဖွဲ့သောသူတွေမှာ ကိုယ့်မိတ်ဆွေ ကိုယ့်အမျိုးထဲကချည်းများတာ။ ကြူကြူက ကောင်းစွာမှတ်မိနေသည်။ ဒီတော့ များရာစုဟာ ကိုယ့်ဘက်ကဖြစ်ရမည်ဟုတွက်ပြီးသားဖြစ်သည်။ အဝေးကတော့ မျက်စေ့ကြောင်တောင်နှင့် မာမီ့ကြည့်လိုက်၊ မမကြူကြည့်လိုက် ...။

"အေး ... ဒါမှတရားပါတယ် ... ဟုတ်လားအဝေး"

"ဟုတ်ကဲ့ ..."

"အဝေးဘက်ကလက်ဖွဲ့ရငွေကို အဝေးအမေကို ထောက်ပံ့ရင်ပံ့ပေါ့ ... တို့ဘက်ကလက်ဖွဲ့ရငွေကိုတော့ မေမေ့ကိုပေးလိုက်ပေါ့ ... ကုန်တဲ့ထဲ နဲနဲပြန်ဖြည့်နိုင်လဲ မဆိုးဘူးပေါ့ ... အရင်းတော့မကျေဘူးပေါ့ ... ဒါပေမယ့်နေပါစေ ... ပစ္စည်းတွေကတော့ အဝေးတို့အိမ်ထောင်သုံးပေါ့ ..."

အဝေးသည် အရင်းကျေတာတွေဘာတွေပါလာသဖြင့် အနည်းငယ်မျက်နှာပူကာ ရှက်ချင်သလိုရှိသည်။ မောင့်





မိဘများဟာ အဆင့်အတန်းမြင့်မြင့်ထဲကဖြစ်ပါလျက် စက
ပြောပုံတွေက တစ်မျိုးကြီးပင်။ မောင့်မေမေက ဌာနဆိုင်
ရာတူးကြီးဝန်ထမ်း။ ဂျစ်ကားစိမ်းစီးရသူဖြစ်သည်။ မောင့်မေ
က အစကထဲက ပိုက်ဆံရှိသည်။ ခုလဲ အပေါင်ခံ၊ ငွေတိုး
ဟိုထဲဒီထဲ ရှယ်ယာထဲ့ပြီး အတိုးတွေနှင့် ပြေလည်သူဖြစ်
သည်။

"ဟုတ်လား ... အဝေး ..."

"ဟုတ်ကဲ့ ... ကောင်းပါတယ် ... အမေ့တော့
ပေးတော့ပါဘူး ... အမေက ယူမှာမဟုတ်ဘူး
သူ့မှာပိုက်ဆံလဲရှိပါတယ် ..."

"ပိုက်ဆံရှိတာတော့ရှိတာပေါ့ ... တို့လဲ တော်မနေပါ
ဟယ် ... ဟင်း ... ဟင်း ..."

"အဝေးပြောတာက ဒီလိုမဟုတ်ဘူး မမကြူ ... အ
နဲ့အဝေးက စိမ်းလို့ပါ ..."

"အော် ... ဒါပေါ့ ... ဟုတ်သားပဲ ...၊ ကဲ
ကဲ ... ကြူကြူရဲ့ စကားပဲများနေတာ ...၊
ဘက်ကဟာပေါင်းကြည့်ပါအုံး၊ တော်ကြာ မောင်
နီးလာရင် ငါတို့ကို ရှုပ်တယ်ယှက်တယ် ... ပူညံ
ပါဦးမယ် ... မောင်ကျေးက မသိတတ်ပါဘူးအ
ရယ် ... သူ့လုပ်စာမစားရခင် မိန်းမယူတာပဲ ...
အဝေးနဲ့မို့သာ သဘောတူလိုက်တာ ... ကိုဆွေဆို

www.burmeseclassic.com



တစ်နှစ်လခပြန်အပ်ပြီးမှ ...၊ မိကြူးဆိုလဲ အခုအလုပ်ရတာ ... ငါးလရှိပြီ ...”

“အမယ် ... မမကြူက အပ်ဖို့နေနေသာသာ သူ့လခတောင် သူမလောက်တာ ...”

သဲသဲက ဝင်နှောက်လိုက်ပြန်သည်။

“နှင်မပါနဲ့ ... လူကြီးစကား ... နှင်မပါနဲ့ ...”

ကြူကြူက သဲသဲခေါင်းကိုတစ်ချက်ခေါက်သည်။

“အဝေးအဲမေက ဘာလက်ဖွဲ့သလဲ ...”

မာမီ့မေးခွန်းကြောင့် အဝေးသည် အဝေးယူယူမယူယူ ဖွတ်အတင်းအကြပ် လက်ဖွဲ့လိုက်သော အမေ့လက်ဝတ်လက်စားဗူးလေးကို သွားမြင်ယောင်သည်။ ကြီးလာရင် သမီးလေးကိုပဲပေးဖို့ မိဘလက်ထက်ကထဲကဟာတွေကို လုံးဝမထုတ်ဘဲ ကုပ်ကတ်စုပြီး ကျစ်ကျစ်ပါအောင်ထုတ်ထားတာ။ သမီးဖို့မို့ သမီးလက်ခံပါနော် ... တဲ့။

“အမေ့လက်ဝတ်လက်စားတွေအားလုံးပဲ ... ဖွဲ့လိုက်ပါတယ် ...”

“ဘယ်လောက်ရှိလဲ ...”

“တော်တော်များပါတယ် ... ဝမ်းဆက်ငါးစုံစာလောက်နဲ့ ... ရွှေက နှစ်ဆယ်သားလောက်ရှိလိမ့်မယ် ... အမေက စိန်နားကပ်တစ်ခုပဲယူထားလိုက်ပါတယ် ...”

“ဟယ် ... တော်တော်များသားပဲ ...”





“မာမီတို့ကတော့ မင်္ဂလာဆောင်ပေးလိုက်ရတော့ ဘာမှထပ်မဖွဲ့နိုင်တော့ပါဘူးအဝေးရယ် ... စိတ်တော့မကောင်းဘူး ...”

“ရတယ် မွှာမီ ... မင်္ဂလာဆောင်ပေးတာဟာ လက်ဖွဲ့ပဲပေါ့ ...”

“ဘာပဲဖြစ်ဖြစ် ... မာမီတို့က နာမည်ကြီးသလောက်လဲမရှိပါဘူးကွယ် ... အဝေးနဲ့မို့သာ သဘောတူလို့မရှိရှိတာ ထုတ်ရောင်းပြီးလုပ်ပေးတာ ... နို့မို့ ဒီလိုပြန်မဖြည့်ပါဘူး၊ နောက်နှစ် မိကြူကိုစွရှိသေးလို့သာပါ”

အဝေးသည် စကားတွေအတွက် မျက်နှာပျက်ချင်နေကာ မပျက်အောင်ကြိုးစားကာနေပါသည်။ ဒီလိုလာတောင်းယူမည်လည်း မထင်ထားသဖြင့် မနမြောသော်လဲ စိတ်အနှောက်အယှက်ဖြစ်နေသည်။ ပေးဖို့ကို ဝန်မလေးပါဘဲ မောင့်အမေနှင့်အစ်မ လာယူသောအဖြစ်ကို စိတ်ပျက်နေလေသည်။

“ဟင် ... အဝေးကလဲ ... စာရင်းထဲမှာ ငွေစုစုပေါင်းမှ နှစ်သောင်းရယ် ...”

“ဟုတ်လား မိကြူ ...”

“ဒီမှာလေ မေမေရဲ့ ...”

အဝေးက အူကြောင်ကြောင်လေးဖြစ်နေပါသည်။

“ကြီးကြီးက သုံးထောင် ... ဘာဘကြီးက သုံးထောင်နောက် ... ဖေဖေ့ရုံးက တစ်ထောင်စီသုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



အဲဒါက ကိုးထောင် ... နောက် ... ဒီမှာ အဝေ
ရုံးက မြန်မာဘော့စ်မဟုတ်လား ... နှစ်ထောင်ဖ
ဒီတော့ တစ်သောင်းတစ်ထောင် ... ကျန်တာတွေက
ဖေဖေ့ရုံးကချည်းပဲ ... နှစ်ရာတွေ၊ လေးရာတွေ နှ
သောင်းနီးပါးလေးပဲရှိတာ ...”

“ဟုတ်ပါရဲ့ အဝေးရဲ့ ...”

“ဟုတ်တော့ဟုတ်တယ်မာမိ ... တစ်သိန်းဆိုတာက
ဒါကို အဝေးက နှစ်သောင်းလို့တွက်ထားတာပါ ..
ကျန်တာက ဒီစာရင်းထဲမပါဘူး ... အဝေးကို အ
လာပြီး အမျိုးတွေပေးကြတာပါ ... အမေ့ဆွေမျိ
တွေ ... အဖေ့ဆွေမျိုးတွေ ခပ်ရင်းရင်းထဲက တ
သောင်းစီဖွဲ့တာက ငါးယောက်ပါ ... ငါးထောင်
ဖွဲ့တာက လေးယောက် ... နှစ်ထောင်ကတစ်ယော
အဝေးရဲ့ ကြီးဒေါ်၊ ဘကြီးတွေ ဖွဲ့ကြတာတွေ ..
သူတို့က အိမ်မှာလာပေးသွားလို့ပါ ...”

အဝေးသည် ထိုသို့ပြောလိုက်ရတာကိုပင် အား
သွားရလောက်အောင် မာမီနှင့်မကြူမျက်နှာက ပျက်ကျသွ
တော့သည်။ ဘာမှပင် စကားမဆက်နိုင် ...။ အဝေးမိ
ညစ်မျက်နှာပူကာ ငုံ့နေမိသည်။ အဝေးဆွေမျိုးများသည် မော
ကြီးဒေါ်နှင့်ဘကြီးတို့လောက်မချမ်းသာလှပါ။ တင့်တော
တင့်တယ် ရာထူးရာခံရှိကြတာတော့များပါသည်။ တစ်သော





ကြသည်မှာ ပေါများလှ၍မဟုတ် ...။ တစ်သက်တစ်ကြိမ်
ထိုက်တန်စွာ တတ်အားသရွေ့ချီးမြှင့်ကြတာဖြစ်ပါသည်။

“ဟိုဟာတွေက ... အထုပ်တောင်မဖြည်ရသေးပါဘူး
အထုပ်ပေါ်မှာ ငွေသားဘယ်လောက်ဆိုပြီး ရေးထားလို့
အဝေးတွက်ကြည့်တာ ... ဒီစာရင်းထဲက ငွေကတော့
ဟို ငွေဖလားထဲမှာ ... မာမီ အားလုံးယူချင်ယူပါ
သုံးသိန်းလောက်တောင်ကုန်တာမဟုတ်လား ... အဝေး
ဘဏ်ထဲမှာ ပိုက်ဆံနည်းနည်းပါးပါး ရှိပါသေးတယ်
အဝေးတို့ ငွေသိပ်မလိုသေးပါဘူး ...”

သို့သော် မောင့်အမေက ခေါင်းယမ်းရင်း

“မယူပါဘူးကွယ် ... အဝေးအမျိုးတွေဖွဲ့တဲ့ဟာ ..”

သူ့စကားနှင့်သူ သူ့ဘက်ကဟာပဲယူမည်ဆိုထား
ဖြင့် စကားတည်လိုပုံရပါသည်။ သူတို့အရနည်းတာထက်
သူတို့ဘက်သူတို့ အထင်တကြီးရှိသလောက် မဟုတ်တာကို
တွေ့ပြီးရှက်နေကြပုံရကာ နှုတ်နည်းသွားကြသဖြင့် အဝေးကပင်
တစ်ပြန်စီး အားနာမျက်နှာပူသည်။

အဝေးသည် ဤအဖြစ်အပျက်ကို မကြိုက်ပါ။
တောင်းယူသော မောင့်အမေတို့ကို မကြိုက်ပါ။ အဝေးသာ
ဆိုလျှင် လုပ်ဖို့ရှက်မည့်အလုပ်မျိုးကို သူတို့ မရှက်ကြသဖြင့်
အဝေးက အံ့အားသင့်နေသည်။ မောင့်မိဘအသိုင်းအဝိုင်းကို
သိထိနေမြင့်မည်ဟု အဝေးက ယုံခဲ့သည်။ ပြဿနာတစ်စုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ရာဖြစ်ချင်စောင်မှ ကိုယ့်အဆင့်အတန်း ကိုယ့်သိက္ခာထောက်ကာ ဆက်ဆံရေးကို ပြေပြစ်စေမည့် အဆင့်အတန်းဟု အဝေးသတ်မှတ်ခဲ့သည်။

ဒီနေ့အဖြစ်အပျက်တစ်ခုထဲကြောင့် ထိုသတ်မှတ်မှု ထိုအထင်ကို အဝေးသံသယများစွာဝင်ကာ ဝမ်းနည်းသွားလေသည်။ စီးပွားရေးအဆင့်ပြေကြမှန်းကို သူတို့နေထိုင်စားသောက်ပုံအရသိနိုင်ပါသည်။ ပြေလည်ကြပါလျက် ကုန်သွားတဲ့အထဲက နဲနဲပြန်ရပြန်ရဟု ပြန်ချေလိုတာကို အံ့ဩလှသည်။ ဘယ်လိုမှသဘောမကျသော်လဲ ငွေနှစ်သောင်းခန့်သာယူပြန်မည့်သူတို့ကို အဝေးကအားနာနေပါသည်။

ယူမနေတော့ပါဘူးဟု လုပ်လိုက်မည်ဟုလဲ ထင်မိပေမယ့် မမကြူက သဲသဲရဲ့သောင်းဘီအိတ်ထဲကို ပိုက်ဆံကျွတ်ကျွတ်အိတ်ခေါက်လိပ်ကာထဲ့လိုက်သည်။ အဝေးသည် ဘယ်သူမှမရိပ်မိအောင် သက်ပြင်းရှိုက်မိလျက် ဖြစ်လိုက်မိသော စိတ်အနှောက်အယှက်ကို ကြာကြာမွေးမထားဘဲ ချက်ချင်းမေ့ဖျောက်ထုတ်ပစ်လိုက်ပါသည်။ မောင့်မိသားစုကို အထင်မသေးလိုပါ။ ထိုအထင်သေးမှု၏ ပယောဂက မောင်နှင့်အဝေးအကြား တိုးခွဲဝင်လာမှာကြောက်လှသည်။

"အိမ်ရှေ့က ဆူညံဆူညံနဲ့မှတ်ပါတယ် ... ဒီဟာမလေး မီးသဲပါနေတာကိုး ..."

မောင်နိုးလာကာ ကြမ်းပေါ်က သဲသဲပခုံးစွန်းကို ခြေဖျားနှင့်တို့သည်။

"အမယ် ... သဲသဲအသံကဘာထွက်လို့လဲ ... မမကြူအသံချည်းပဲဟာ ..."

"လာလည်ကြတာပေါ့လေ ... ညည်းသည်အသစ်ကျပ်ချွတ်တွေပေါ့ ..."

"အမလေးနော် ... နှင့်လက်ဖွဲ့ပစ္စည်းတွေ ကူရှင်းပေးမလို့လာတာသိရဲ့လား ... ကဲ ... သဲသဲ ဖောက်ဖောက် ... အဝေးလဲဖောက် ... ဒီမှာရေးရအောင် မောင်ကျေးနော် ... မျက်နှာသွားသစ်ပြီးရင် စက္ကူစတွေလာကျုံး ... အမှိုက်ပစ် ... ဒါပဲ ..."

"သူ့ဩဇာချည်းပဲ ..."

မောင်က ပြန်လှည့်ထွက်သွားသည်။ ဒီကိစ္စကို မောင့်ကို တကူးတကတော့ဖြင့် ပြောပြမနေတော့ပါဘူး ...။ သူတားကြုံရင်တော့လဲပဲ သိထားသင့်ပါသေးသည်။ အဝေးသည် မောင်နှင့် သူမအကြား ဘာကိုမှ လျှို့ဝှက်မှုသိပ်ကြိတ်မြုံထားချင်စိတ်ကူးမရှိ။ သို့ပါလျက် ခုကိစ္စကိုတော့ အခိုက်အတန့်အားဖြင့် မြုံထားဦးဟု စိတ်ကူးရပါသည်။

မောင် ကော်ဖီခွက်နှင့်ပြန်ထွက်လာသည်။

"ဒရိုင်ဘာနဲ့လာတာလား ..."

"အေး ... ဒီမှာချပြီး ကိုငွေက ပြန်ထွက်သွားပြီ"

"ပြန်ပို့ရမှာလား ..."





www.burmeseclassic.com

www.burmeseclassic.com



"အော ... နင် မပို့လို့ ကုန်းကြောင်းပြန်ရမှာလား"

မမကြီးကို မောင်က တခိခိရယ်နေသည်။

"မောင် ... မနက်ဆေးရုံမသွားပေမယ့် ... မ
လည်ကျ ကျောင်းတော့ပြန်လှည့်တက်မယ်ဆို ... မော
ကိုကျောင်းပို့ရင်း မာမီတို့ကို အဝေးပြန်ပို့မှာပေါ့ ...
တော်ကြာရင် ... မောင် စားစရာတစ်ခုခုဆင်းဝယ်
နော် ... မာမီတို့ မနက်စာ ဒီမှာစားမယ် ..."

"ဟင်းဝယ်လိုက်မယ်လေ ... ထမင်းချက်လိုက်ပါလား"

အဝေးက မောင့်ကို ပြုံးကြည့်မိပါသည်။ အိမ်
နတ်ကြီးလေသံနဲ့ ...။ လူကို ထမင်းချက်လိုက်ပါလားတဲ့
ရှေ့လျှောက်မှာ ထမင်းချက်ပြီး ဟင်းကိုချိုင့်ဆွဲစားဖို့အစီအစ
ရှိပြီးသောအဝေးက ဆန်ကိုဖြင့် ဝီရိယနဲနဲနှင့်မဝယ်ရသေး

"ဆန်မဝယ်ရသေးဘူး မောင်ရဲ့ ... တော်ကြာ အပြ
ထွက်မှဝယ်လိုက်မယ် ..."

"ဟင်း ...အဝေးက အရင်ကထဲကချက်မစားဘူးလား"

"အဝေးအပြင်မှာစားတာများပါတယ် ... ရုံးပိတ်ရ
ပျင်းတဲ့အခါ ချက်စားပေမယ့် တစ်ခါဝယ်ရင် ဆန်
တစ်ပြည်ရယ် ... ကြာပြီး ပိုးစော်နံမှာလေ ... အ
ဝေးက တစ်ပတ်တစ်ခါတောင် ချက်ချင်မှချက်တာ"

"ဒါဖြင့် နောက်ကိုကော ..."

"ထမင်းချက်မယ် ..ဟင်းဝယ်စားမယ် ...နော် မောင်





အဝေးက အဝေးရဲ့ဆုံးဖြတ်ချက်ကိုပြောသည်။
ောင်က ပခုံးတွန့်သည်။

"ရတာပဲ ..."

"အမလေး ... မောင်ကျေးတို့က ဟင်းကျိုးများပြပါ
လိမ့်မယ် ..."

အဝေးသည် ဘာမှမလုပ်ရသေးသောမောင့်ကို ကျိုး
းပြပါလိမ့်မယ်ဟု လမ်းကြောင်းပေးလိုက်သည့်မမကြီးစကား
မကြိုက်ပါ။

"မောင်က အဝေးနဲ့နေရင် ကျိုးမများပါဘူးလို့ပြောတာပဲ
တိုင်ပင်ထားကြသလောက်တော့ အဆင်ပြေနေတာပါပဲ
သူ ခံတွင်းမတွေ့ရင်တော့ နောက် ဘယ်လိုလဲမပြော
တတ်ဘူး ... အဆင်ပြေသလိုပေါ့ မမကြီးရယ် ...
အဝေးကလဲ ရုံးတစ်ဖက်နဲ့ ... မောင်ကလဲကျောင်း
တစ်ဖက်နဲ့ ..."

အဝေး မအားဘူးဆိုတာကိုလည်း တင်ပြထား
က်သလို မောင်လဲ မအားဘူးဟု ထဲ့ပြောထားလိုက်ခြင်းဖြင့်
တို့ရဲ့ ကိုကျိုးများကို အားလျှင်အားသလို ကူနိုင်ဦးမှာလို့
သိစေလိုက်ပါသည်။ မဟုတ်ဘူးလား ... ညားကာစ လင်
ယား ဒီနှစ်ယောက်မှာ တစ်ယောက်တစ်လက်ရှိရမှာပဲပေါ့။
စ်ယောက်နှင့်တစ်ယောက် အလုပ်ချိန်ကလွဲလို့ မခွဲစေ
ာပ်နေမှာ ...။ သူ ငရုပ်သီးထောင်းလျှင် ကိုယ် ဟင်း

www.burmeseclassic.com



ရှက်သင်ပေါ့။ မောင့်ကို ခိုင်းဖို့မဟုတ်။ ဒါပေမယ့် မယား
ကိုသိတတ်သော ယောကျ်ားတစ်ယောက် ဖြစ်စေလိုမှုကြောင့်
အဝေးက ချော့မော့ပြီး ကူညီစေမှာပင် ...။

"အမလေး ... မောင်ကျေးကိုများ ကူခိုင်းဦးမယ်
... ကူလဲခိုင်း ... ဟင်းလဲခံတွင်းမတွေ့ဆိုရင်တော့
ဒီအကောင် အိမ်ကိုကပ်မှာမဟုတ်ဘူး ... လစ်နေမှာ"

သူ့မောင်ကို မျက်စောင်းထိုးကာပြောလိုက်တာဖြစ်
သော်လဲ နောက်တစ်ကြိမ်လမ်းကြောင်းပြီး သညာပေးလိုက်ဖြ
တာလဲဖြစ်သည်။ အဝေးသည် ဒေါသထွက်မလိုဖြစ်လာကာ
စကားကိုရပ်လိုက်သည်။ ထပ်ပြီး ဆက်ဆွေးနွေးဖို့ စိတ်မပါ
တော့။

"ကဲ .. မောင် .. တစ်ခုခုဆင်းဝယ်တော့နော် ... နေအုံး
ပိုက်ဆံက အဝေးဆလင်းဘက်ဂ်ထဲကယူသွား"

အဝေးက ရိုးရိုးပြောလိုက်ကာ ... မောင်က
ဘယ်လိုမှမနေ ...။ ရည်းစားတုန်းကထဲက သူရတဲ့မုန့်ဖိုး
သူ့ဘာသာမလောက်သဖြင့် အတူသွားလာစားသောက်စရိတ်
အဝေးကသာ ကျခံမြဲဖြစ်ပေသည်။ တစ်ခါတစ်ရံ သူ့ခါးကြား
က ပိုက်ဆံအိတ်ခေါက်လေးထဲ ငါးကျပ်၊ တစ်ဆယ်ပဲရှိတော့
တာတွေ့လျှင်တောင် နှစ်ရာတန်တစ်ရွက်လောက် မုန့်ဖိုးညှပ်
ထဲ့ပေးလိုက်ရပါသေးသည်။

သို့သော် မောင် ဘယ်လိုမှမနေသောစကား





ဘွက် မောင့်အမေနှင့် မောင့်အစ်မက တစ်ယောက်မျက်နှာတစ်
ယောက်ကြည့်သည်။ ချက်ချင်းပင် ...

"မောင်ကျေး ... လာ ... လာ ... မာမီ့ဆီကယူ"

"မဟုတ်တာ ... မာမီကလဲ အဝေးတို့ကကျွေးရမှာ"

မောင်က ခြေလှမ်းတုံ့သွားသည်။

"လာ ... လာ ... လာယူ ... လာ ... ဒီနေ့
တော့ မမေပဲကျွေးတော့မယ် ..."

မောင်က ပြန်လှည့်လာကာ သူ့အမေလက်ထဲက
ငါးရာတန် ဆွဲယူထွက်သွားသည်။ အဝေးသည် သဘောမတွေ့
လှဘဲ ငြိမ်နေသည်။ ရိုးရိုးမဟုတ်ဘဲ သားအမိနှစ်ယောက်
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည့်အကြည့်ထူး
ကို ကောင်းကောင်းသဘောပေါက်လှသဖြင့် အဝေးစိတ်ကလေး
မကြည်သာဖြစ်သွားမှုကို မေ့ဖျောက်လိုက်ရပြန်သည်။

အဝေးလိုချင်သလိုနှင့် ခြားနားနေတာကို မင်္ဂ
လာဆောင်ပြီးနောက်တစ်ရက်၌ပင်တွေ့ရသဖြင့် အဝေးစိတ်မ
ကောင်း ...။ အဝေးပိုက်ဆံအိတ်ထဲက မောင်ပိုက်ဆံနှိုက်ရ
တာ ဘာဖြစ်သေးလဲ ...။ ရှေ့ရှောက် သူတို့သားကို အဝေးက
ပဲ ထမင်းကျွေး ... အဝေးကပဲ ပညာဆက်သင်ပေး ...
ကျောင်းထားပေးရမှာမဟုတ်ဘူးလား ...။ အိတ်ထဲက ပိုက်
ဆံနှိုက်ယူရတာက ဒါတွေနှင့်စာလျှင် ဘာမှပူပင်စရာမ
ဟုတ် ...။ ကဲပါ ... အဝေးက မိုခို ... သူတို့သားက



www.burmeseclassic.com

www.burmeseclassic.com

ရှာကျွေးနေစားပဲထားပါဦး။ မောင်က အဝေးကိုပဲ ပိုက်ဆံအပ်ရမှာပေါ့။ အဝေးဆီကပဲ ပြန်ယူသုံးရမှာပေါ့။ အဝေးက ဒီလိုနားလည်သည်။ အဝေးရဲ့ စိတ်ရှုပ်ရှုပ်သည် သူတို့ပြန်တော့ ပိုရှုပ်ရပြန်သည်။ မောင်က လွယ်အိတ်နှင့် လမ်းမတော်ကျောင်းမှာဆင်းမည်။ မောင့်မေမေသည် ကားပေါ်တက်ကြသည်နှင့် မောင့်ရှပ်အင်္ကျီအိတ်ထဲ ငါးရာတန်တစ်ရွက် ထပ်ထဲ့လိုက်ကာ

"သား ... မုန့်ဖိုး ..."

ထိုသို့ဆိုလိုက်သည် အဝေးက ဝင်ငြင်းဖို့မဟုတ်။ မောင်ကသာ နားလည်စွာနှင့် ကိုယ့်ဘာသာငြင်းရမှာ ...။ နေပါစေမေမေ ... ဘာညာပေါ့။ မရတော့တစ်မျိုးပေါ့။ ခုတော့ မောင်က အသာတကြည်ပင် ငါးရာရတာ အကြိုက်ကျနေသည်။ ထိုနေ့ညနေ မောင့်ကိုကျောင်းမှာသွားကြိုရင်းပင် အဝေးက ထိုအချက်ကို ထောက်ပြလိုက်ပါသည်။

"ဘာဖြစ်လဲအဝေးရဲ့ ... မေမေပေးတာပဲဟာ၊ အမြဲပေးနေကျပဲ ..."

"ဒီမှာ ... မောင်က အိမ်ထောင်ခွဲကွ ... ကိုယ့်ဟာကိုယ် ရပ်တည်ရမှာ ... အမေ့ဆီက လက်ဖြန့်မခံနဲ့တော့ ... မိန်းမယူပြီးမှတော့ လင်ရယ်မယားရယ်နှစ်ယောက်ခွန်အားနဲ့ပဲ ရပ်တည်ရမယ် ... ကိုယ့်ဝင်ငွေကိုယ်သုံးရမှာပေါ့ ... အမြဲယူနေရင်မကောင်းပါဘူး နောက်တော့ ... မယူနဲ့တော့နော် ... မောင် ..."





"မောင်မှ ဝင်ငွေမရှိတာ ..."

"လင်ကရှာလဲ ... ဒီလင် ဒီမယားသုံးဖို့ပဲ ... မယားကရှာလဲ ဒီလင်ဒီမယားသုံးဖို့ပဲ ... နောက်တော့ မောင့်ဝင်ငွေရှိလာမှာပေါ့ ... အခု အဝေးဝင်ငွေရှိတာပဲဟာ မာမီ့ဆီမှာလဲ မောင့်တစ်ယောက်စာစရိတ်လျော့ပါစေ ... သူ သက်သာတာပေါ့ ... အမြဲယူနေရင် ... သားက မိန်းမသာယူသွားတယ် ... ထောက်နေရတုံးဖြစ်လာမှာပေါ့ ..."

မောင်က စိတ်ရှုပ်သလို ခေါင်းကုတ်ရင်း ...

"အဝေးက အကျယ်ချဲ့ပြီး လျှောက်စဉ်းစားနေတာပဲ ဒီလိုပဲ ယူတဲ့အခါလဲယူ ... မယူတဲ့အခါလဲမယူဘူးပေါ့ ... ဒီလောက်အရေးတကြီးကိစ္စမဟုတ်ပါဘူး ..."

"မောင်က ... ကလေးကျနေတာပဲ ... အရွယ်နဲ့မမျှ ..."

"အဝေးကကျတော့ လူကြီးကျနေတာပဲ ... အရွယ်နဲ့မမျှ ..."

"အဝေးစကားနားထောင်နော် ... မောင် ..."

"ထောင်ပါ့မယ်ဗျာ ... မာမီ မုန့်ဖိုးဘယ်တော့မှလာမပေးနဲ့ ... အဝေးမကြိုက်ဘူးလို့ပြောလိုက်မယ်"

"ဒီလိုတော့မပြောပါနဲ့ ... မောင့်အမေက အဝေးကို အသက်ကြီးကြီးမိန်းမက နို့နံ့မစင်တဲ့သူ့သားကို ယူ

www.burmeseclassic.com



လို့ ဟိုတုန်းက သိပ်ကြည်လှတာမဟုတ်တာ မောင် သိသားနဲ့ ... တော်ကြာ ... အဝေးကို မကျေနပ်စရာတွေထပ်ထပ်ရှိလာရင် ... မုန်းနေဦးမယ် ...”

“မောင်က အဝေးကိုချစ်ရင်ပြီးရောပေါ့ ...”

“မပြီးသေးဘူး ... မောင့်အမေကလဲ အဝေးကိုချစ်မှ ဖြစ်မယ် ...”

“ဒါဖြင့် ... အဝေးအမေကလဲ မောင့်ကိုချစ်မှဖြစ်မယ်”

“ချစ်မှာပါ ... အမေက အခုသိပ်အေးပါတယ် ... မောင့်ကိုသိပ်ချစ်မှာ ...”

“ဒါဖြင့် အခုသွားလည်ကြရအောင် ... သူ့မှာ စိတ်ဝင်စားစရာအတွေ့အကြုံတွေအများကြီးရှိမှာပဲ ... စကားပြောရင် ပျင်းရမှာကိုမဟုတ်ဘူးနော် ...”

“အဝေးတော့ အဲဒီအတွေ့အကြုံတွေ နားမထောင်ချင်ပါဘူး ...”

✧ ⌑ ✧



၄

အိမ်ထောင်သက်လနှင့်ချီခဲ့လျှင် အဝေးသည် နှစ်နှစ်အတွင်း လုံးလုံးမသိခဲ့ရသော မောင့်အကြောင်းတချို့ကို သိလာရပါသည်။ မသိခဲ့တာကလဲ မောင်က လျှို့ဝှက်ထားတာမျိုးကြောင့်မဟုတ် ...။ လူတစ်ယောက်၏အပြုအမူအကျင့်စရိုက်စိတ်နေသဘောထားမည်သည်မှာ မိတ်ဆွေသူငယ်ချင်းပေါင်း ပေါင်းရုံနှင့်အားလုံးကို သိနိုင်လောက်သည်မဟုတ်ပေတကား ...။

ချစ်သူရည်းစားဆိုသည်မှာ မိတ်ဆွေသူငယ်ချင်းပေါင်း ပေါင်းသင်းဆက်ဆံရုံထက် ဘာမှမပိုပေ။ အချို့ အလုပ်ခွင်မိတ်ဆွေမျိုးကမှ တစ်နေကုန်နီးပါး နေ့တဝက်တွေ့ကြုံနေရ၍ ပိုမိုအကြောင်းသိနိုင်ပေသေးသည်။ ရည်းစားဆိုတာက နေ့တိုင်းပင်တွေ့ဖြစ်ရတာမဟုတ် ...။ တွေ့ကြရသော်လဲ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



က အလုပ်သမား ... သူက ကျောင်းသားမို့ တစ်နေ့တစ်နာရီ လောက်ထက်မပို ...။ အချိန်ကြာကြာကလေးတွေ့နိုင်သည်မှာ တနင်္ဂနွေရက်အားတစ်ရက်ထဲ ...။

တစ်ပတ်တွင်တစ်ရက်မျှ တစ်နေ့ကုန်နီးပါး ဆုံရသော်လဲ ... ထိုဆုံရသည့်အချိန်တွင် အတူတူမုန့်စားလည်ပတ် ဘုရားသွားစသဖြင့် သွားသွားလာလာဆုံတွေ့ရတာမျိုးဖြစ်သည်။ သမီးရည်းစားဘဝမှာ ဟန်ဆောင်မှုတွေများသည်ဆိုတာတော့ အဝေးနားလည်သည်။ တကူးတကဟန်ဆောင်မနေတောင်မှ တစ်ယောက်နှင့်တစ်ယောက် သူက ကိုယ့်ကိုပိုချစ်ဖို့ တိုးချစ်ဖို့အရေးပါနေခိုက်ဖြစ်ရာ ... တစ်ဖက်သားချစ်အောင်သာ အလိုလိုပြုမူနေထိုင်ဖြစ်ပေမည်။ သူက ကိုယ့်ကို အမြင်ကတ်အောင် မုန်းအောင် ဘယ်သူက ကန့်ကောစလုပ်နေပါ့မလဲ။ အဝေးသည် စိတ်ကူးယဉ်နန်းတော်ကြီးတည်ဆောက်တတ်သူဖြစ်သော်လဲ အဝေးရဲ့နန်းတော်ကြီးကိုဖြစ်နိုင်ချေရှိသောမြေပေါ်၌သာဆောက်ပေသည်။ လေထဲတော့ဆောက်သူမဟုတ်။ သူပြောသမျှ ခေါင်းညိတ်ခဲ့သော မောင့်ကိုလက်ထပ်ပြီးလျှင် ဒီတစ်ဝက်တော့ ကျန်ကောင်းပါရဲ့လောက်သာ စိတ်ကူးယဉ်ခဲ့သူဖြစ်ပါသည်။

တကယ်တော့ ဤမျှလပိုင်းအတွင်း မောင်ကဆိုးလာတာမဟုတ်ပါ။ အဝေးကသာ မောင့်စိတ်သဘောစရိုက်သဘာဝကို ကုန်အောင်မသိခဲ့တာဖြစ်သည်။





မောင့်ကို ခြုံငုံကာ တစ်ခွန်းထဲနှင့်ဝေဖန်ရလျှင် မောင်သည် အနစ်နာခံတတ်သူတစ်ယောက်မဟုတ်ချေတကား။ အနည်းငယ် တစ်ကိုယ်ကောင်းဆန်ချင်သည်။ အောက်သက်မကျေတာနှင့် အပျင်းကြီးတာပေါင်းလိုက်တော့ ဘာမှခရီးမရောက်တော့။ ကလေးဆန်သည်ဟု သတ်မှတ်ခဲ့တာများသည် တကယ်တန်းကျတော့ အလေးအနက်မရှိတာဖြစ်နေသည်။ ပေါ့ဆဆနိုင်တာဖြစ်နေသည်။ ကြီးကြီးမားမားပြဿနာကြီးများမဟုတ်ဘဲ အသေးအဖွဲကိစ္စကလေးတို့၌ အဝေးမကြိုက်နိုင်တာတွေများလှသည်။

မောင့်သူငယ်ချင်းတစ်ယောက်ယောက်လာလျှင်လဲ အဝေးကြောက်လှသည်။ မောင်သည် သူငယ်ချင်းနှင့်ပါသွားပြီးလျှင် တမေ့တမောပြန်မလာတတ်တော့။ သူတို့ယောကျ်ားတွေဆိုတာကလဲ အိမ်ဧည့်ခန်းမှာထိုင်ပြီး စကားစမြည်ပြောရတာကို မိန်းမလိုမိန်းမရဆန်သည်ဟုထင်ကြပုံရလေသည်။ အောက်ဆင်းရမှ ... လမ်းထွက်ရမှ ... လက်ဖက်ရည်ဆိုင်ထိုင်ရမှ တစ်ခါတစ်ရံ မိုးကြီးအတော်ချုပ်သည်ထိပြန်မရောက်ဘဲ ... အဝေးတစ်ယောက်ထဲ တထင့်ထင့်ထိုင်စောင့်နေရလျှင်မှ အဝေးဒေါသထွက်လှသည်။

“မောင် ... အဝေးတစ်ယောက်ထဲ ကျန်ရစ်ခဲ့တာကိုပဲ မောင်သတိရဦးမှပေါ့ကွယ် ...”

ထိုအခါ မောင်သည် နားခေါင်းကလေးကိုရှုံ့ရင်း



www.burmeseclassic.com

www.burmeseclassic.com



အဝေးကို ပွတ်သီးပွတ်သပ်လုပ်ကာ ကြောင်ကလေးတစ်ကောင် တောင်းပန်နေပုံမျိုး ပြုမူတတ်သည်။ ထိုအခါ အဝေးသည် ရန်လုပ်လို့မရပြန်။ အရေအတွက်အကြိမ်များလာသော် ရန်လုပ်ဖို့မလွယ်တာကို ပိုစိတ်တိုကာ ရန်စဖြစ်လိုက်ချင်ပြန်သည်။

"ဒီလိုပဲ ... ဟိုလိုလို ... ဒီလိုလိုပြီးလိုက်ရတာချည်းပဲ ... နောက်မလုပ်တော့ဘူးဆိုတာမျိုးများ တစ်ခွန်းလောက်လာရင် ... နောက်ကို လုပ်ကာမှလုပ်စေရော့ ...မလုပ်ခင်အထိယုံပြီးစိတ်ချမ်းသာရအုံးမှာ"

"နောက်လုပ်ဖြစ်မယ့်ဟာကို မလုပ်ဘူးပြောရင် မောင်ကလိမ်ရာကျမှာပေါ့ ... အဝေးက မောင့်ကို လိမ်စေချင်တာလားဟင် ..."

"ဘယ်လိမ်စေချင်ပါ့မလဲ ကတိတည်အောင်လဲထိန်းပေါ့"

"ကတိဆိုတာဘာလဲ ... မောင်ဘယ်တုံးကမှ ဘယ်သူ့ကိုမှ ဘာကတိမှမပေးဖူးပါဘူး ..."

"အဝေးကိုတော့ ကတိပေးသင့်ပါတယ် အဝေးက မောင့်မိန်းမမဟုတ်လား မိန်းမတစ်ယောက်ဟာ သူ့ယောကျ်ားဆီက ကတိတွေကိုရသလောက်များများလိုချင်တယ်"

"ဒါဖြင့် ကတိတွေဖောချင်းသောချင်းပေးမယ့်သူမျိုးကို အဝေးက အစကထဲကရွေးကြိုက်ခဲ့ပေါ့ ..."

မောင်က နောက်သလိုလို၊ ရန်စသလိုလိုဆိုသည်။

"အဝေးက မောင့်ကိုပဲ ချစ်တာပဲဟာ ... ကြိုရာ





ယောကျ်ားတွေဆီက ကတိတွေလဲ သူတို့ကပေးအုံး ... အဝေးမှမရလိုချင်ဘဲ ..."

"မောင်က ကတိမှမပေးတတ်ဘဲအဝေးရယ် ... ကဲ ကဲ ... နောက်ကို နောက်မကျအောင်တော့ကြိုးစားမယ် ဒါဟာကတိတော့မဟုတ်ဘူး ..."

"အသဲနှလုံးကိုတောင်ပေးနိုင်ရက်နဲ့ ကတိတစ်လုံးကို မောင် ဘာကြောင့်နှမြောနေလဲဟင် ..."

"ကတိကိုတန်ဖိုးထားလို့ ..."

"အသဲနှလုံးကိုတော့ တန်ဖိုးမထားလို့ရက်ရက်ရောရော ပေးခဲ့တာပေါ့ ..."

"ဟာ ... မောင်စိတ်ရှုပ်လာပြီအဝေးရာ ... အဝေး ကတကယ်ပဲ ... ပူညံပူညံနဲ့ ..."

"အဝေးမှာ တစ်ယောက်ထဲကျန်ကျန်ခဲ့ရလို့ပြောနေတာ မောင်မသနားဘူးလား ..."

"အဝေးအစကထဲက တစ်ယောက်ထဲနေတာပဲ ... ညရော မနက်ရော တစ်ယောက်ထဲပဲဟာ ..."

"တစ်ယောက်နေလို့ တစ်ယောက်ထဲဖြစ်တာဘာအရေးလဲ ... နှစ်ယောက်နေတဲ့အိမ်မှာတစ်ယောက်ထဲဖြစ်တာကအရေး ..."

"တော်ပြီကွာ ... ဒါကြောင့် မမကြိုပြောတာ ..."

ထိုစကားကြောင့် အဝေးထောင်းခနဲဖြစ်ကာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



တိုသွားသည်။ မျက်လုံးတွေပင်ပြာသွားသည်။ မမကြူက ဘာပြောသလဲ။ ဒါကြောင့်ပြောတာဆိုတော့ ဘယ်တုံးကထဲက ဘာတွေကို အဝေးနှင့်ပတ်သက်ပြီး ဝေဖန်ထားသလဲ ...။ အဝေးနှင့် ဘာပြဿနာမှမရှိဘဲ ... အဝေးဘာမှမလုပ်ရသေးဘဲ ဘာတွေဝေဖန်ထားသလဲ ...။

"ဘာတဲ့လဲ ..."

အဝေးမျက်နှာကတင်းသွားသည်။

"အဝေးမျက်နှာကြီးက ဘယ်လိုဖြစ်တာလဲ ..."

"သိချင်လို့ ..."

"မောင် နေပုံထိုင်ပုံမတတ်ရင် တစ်နေ့မှာ အဝေးဟာ မောင့်ကို ကောင်းကောင်းကြီးနိုင်စားပြီး ပြားနေအောင် လုပ် ထားလိမ့်မယ်တဲ့ ..."

"ဟင် ... ဒါ သူပြောစရာလား ... သူဒီလိုပြောတုန်းက အဝေးဘာလုပ်ရသေးလို့လဲ ..."

"အခု အဝေးက သိပ်ချုပ်ချယ်ချင်လာတာကြည့်ပါလား ဒါတွေ သူကြိုတွက်မိလို့နေမှာပေါ့ ... အဝေးက သိပ်နိုင်စားချင်တယ် ..."

မောင့်မျက်နှာက မှုန်သိုးသိုးဖြစ်လာသည်။

အဝေးရင်ထဲမှာ နှလုံးသားသည် တဇတ်ဇတ်နှင့် နတ်ပူးသလိုတုန်ခါနေလျက် ... ဒေါသတွေထွက်လာသည်။ မောင့်ကိုမောင့်အစ်မက အစောကြီးကထဲကကြိုတင်သွေးထိုးထား





တာကို အံ့ဩခါးသက်လှသည်။ တဲ့အောင်နေပါမည်ဟု ဖြတ်ကာ အကောင်းဆုံးနေပါလျက် သည်းခံအောက်ကျို့ လျက် ...။ သိပ်ယုတ်မာတာပဲ ...။ မဖြစ်သေးတာကို ကြိုတင်သွေးထိုးနှင့်သည်။

အဝေးကဖြင့် သူ့ဖို့လဲသိတတ်လှပါသည်။ နောက် ထဲ သူ့မင်္ဂလာဆောင်ရှိတာသိထားသဖြင့် နီးမှဆိုလျှင် ဘာမှ ခနဲ့လက်ဖွဲ့နိုင်မှာမဟုတ်သဖြင့် ကောင်းကောင်းကန်းကန်းက းဖွဲ့နိုင်အောင် လစဉ်ကြိုတင်ငွေစုလျက်ရှိသည်။ သူ့အတွက် သန့်စုဗူးကလေးတစ်လုံးထားကာ မကြာမကြာငွေစုထည့် က်ရှိသည်။ ကိုယ်ကသူ့ကွယ်ရာတွင် သူ့အတွက်စေတနာထား ပြီး သူက ကိုယ့်ကွယ်ရာတွင် ကိုယ့်ကိုသွေးထိုးနေသည်။

အဝေးသည် မမကြူကို စိတ်ပျက်သွားကာ တော် တ်အခဲမကြေ ...။ စိတ်မကောင်းလဲဖြစ်သွားရသည်။ သူ့ ကားပြောပုံဆိုပုံတွေကို ဟိုအရင်ကထဲက သိပ်တော့သဘော လှသည်မဟုတ်ပါ။ သို့ပေမယ့် ခုလို သူမောင့်ကို ကွယ်ရာ ပြောထားလိမ့်မည်မထင်ခဲ့ ...။ မယားနေစ ကြောင်သေ ... လင်နေစ ဆင်သေမှဆိုသည့်စကားတွေကို အဝေးမုန်း သည်။ လင်မယားချင်းကို သွေးခွဲသည့်စကားတွေ ...။ တွေ့ကို နားယောင်ပြီး ညားကာစမှာ ကိုယ်ကဦးဆောင်ဖိနှိပ် ာစီးရအောင်ယူမှာမျိုးကို အဝေးအထင်သေးလှသည်။

လင်မယားချင်းဟာ တစ်ဦးကိုတစ်ဦးလေးသည်မှ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်မှုနှင့်သာရေရှည်ခရီးသွားရမှာမဟုတ်လား။ အချင်း
သည်းခံခွင့်လွှတ်ညှာတာမှုမရှိဘဲနှင့် သက်တမ်းရဲ့တစ်ဝက်
နှစ်အကြာကြီးကို ဘယ်လိုလက်တွဲစခန်းသွားနိုင်ပါ့မည်

အဝေးစကားဖြတ်ကာ မောင့်အနားမှခွာခဲ့

"အဝေး ... ဘာဖြစ်သွားတာလဲ ..."

"အဝေးစိတ်မကောင်းဖြစ်သွားတာ ... မောင်တို့
ရက အဝေးကို အမြင်ကြည်လင်မယ်ထင်တာ
ဒီလိုကြိုတင်ပြီး သံသယဝင်အထင်လွဲနေမယ်ထင်
ဘူး ..."

"ဒါကတော့ ... သူတို့အယူအဆနဲ့သူတို့ပေါ့

"ဒီမှာမောင်ရယ် ... မှန်မှန်ဖြေစမ်းပါ ...
အဲသလိုပြောတုန်းက မောင့်စိတ်ထဲဘယ်လိုရှိသ
အဝေးကို ဒီလိုမထင်ပါနဲ့လို့များ ... ပြောဖြ
ဒါမှမဟုတ် ... ဟုတ်မှာပဲလို့မောင်ကပါ သံသ
ပြီး စောင့်ကြည့်ခဲ့လား ..."

မောင်က ပခုံးတွန့်ကာ ...

"ဘယ်လိုမှမဖြစ်ပါဘူး ... ဘယ်လိုမှလဲမနေ
ဘာမှရှည်ရှည်ဝေးဝေးဆက်တွေးမနေပါဘူး ...

ဟုတ်မှာပါ ... ဘာကိုမှအလေးအနက်
သည့် မောင်က ဘာမှဆက်တွေးနေမှာမဟုတ်ပါ ...
လိုဘာကိုပဲဖြစ်ဖြစ် မျက်စေ့တစ်ဆုံးမြော်ကာ အတွေးဖြ





မဆုံးတတ်သည့်သူမျိုးအတွက်သာ ဒီညအိပ်လို့ပင်ပျော်နိုင်တော့
မည်မဟုတ်လေတကား ... ။

✧ ⌑ ✧

အချိန်ကြာလာသောအခါ မောင်သည် ဆိုင်ဟင်း
ကိုမစားနိုင်တော့ပေ။ မမကြူပြောခဲ့သလို တကယ်ပဲရိုးများ
လာသည်။ ဟင်းယူသည့်အခါ အဝေးသည် အသားဟင်းတစ်
ခွက်၊ အသီးအရွက်ကြော် သို့မဟုတ် အသီးအရွက်သုပ်လေးက
တစ်ခွက်၊ ဟင်းရည်ကတစ်ခွက်ယူသည်။ ဆိုင်က ငပိရည်
တို့စရာတွေပါ အဆစ်ထည့်ပေးသဖြင့် ထမင်းဝိုင်းကလေးသည်
ပြင်လိုက်သည့်အခါ ပြည့်ပြည့်စုံစုံကလေးရှိပါသည်။ ဒါ့အပြင်
အဝေးအပြင်ကဝယ်လာသော ဘာလချောင်ကြော်ထုပ်တို့ဘာ
တို့ပါတတ်ပါသေးသည်။

အဝေးကစားလို့ဖြစ်နေသော်လဲ မောင်က ရိုးများ
ရာမှတစ်ဆင့် စားလို့ပင်မဖြစ်ဘဲ ဖြစ်လာသည်။ မနက်ထုပ်ယူ
သွားသော ထမင်းဗူးသည် အရာမယွင်းပဲပြန်ပါလာတတ်သလို
ညစာစားပွဲထိုင်လျှင် ရှုံ့မဲ့ပြီး တစ်လုတ်လောက်ဖြစ်ညှစ်မျိုချလိုက်
သွားတတ်ကာ ...

"အဝေး ... ပိုက်ဆံယူသွားတယ်နော် ... တစ်ခုခု
ဆင်းစားလိုက်ဦးမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အောက်ဆင်းသွားတတ်ကာ ... ထမင်း
ကြော်၊ ခေါက်ဆွဲကြော်၊ ကြေးအိုးစသည်တို့ တစ်ခုခုဆင်း
တတ်တော့သည်။ ထိုအပြုအမူသည် ရက်ခြားမှတဖြည်းဖြည်း
စိတ်လာကာ နေ့စဉ်ရက်ဆက်ကိစ္စဖြစ်လာလေသည်။

"မောင်ရယ် ... ကျန်နေတာတွေနှမြောစရာ ...
ကောင်းပါတယ် ..."

"ဟင့်အင်း ... စားမကောင်းပါဘူး ... အိမ်ချက်
ဟင်းနဲ့လဲမတူဘူး ..."

"အိမ်မှာချက်လဲ ... ဒီလိုပဲ အသားတစ်ခွက်၊ အသီး
တစ်ခွက်၊ အရည်တစ်ခွက် ဒါမျိုးပဲရမှာပဲဟာ ...
ပြည့်စုံသားပဲ ..."

"ပြည့်စုံပေမယ့် ... အနံ့မတူဘူး ..."

"အနံ့ကဘယ်လိုဖြစ်နေလို့လဲ ... မနက်တစ်ခေါက်
ညနေတစ်ခေါက်ယူတာပဲ ... အနံ့ကောင်းပါတယ်
ဟင်းလဲလတ်ဆတ်ပါတယ် ..."

"အနံ့ဆိုတာ ပုပ်တာသိုးတာကိုပြောနေတာမဟုတ်ဘူး
အမဲသားလဲဒီအနံ့၊ ဝက်သားလဲဒီအနံ့၊ ကြက်သား
ဒီအနံ့၊ ကာလီဇာလဲဒီအနံ့ဖြစ်နေတာကိုပြောတာ ...
ဟင်းတွေထဲထဲ့မဲ့ဆီပြန်တွေက တစ်မျိုးထဲလားထင်ရတာ
ကြည့်ရတာ ဝက်သားဟင်းထဲ့ပေမယ့် ဝက်သားဟင်း
အဆီနဲ့နေရင် ... အမဲသားဟင်းထဲကအဆီကိုခပ်





ပေးလိုက်တဲ့အတိုင်းပဲ ...၊ အနံ့တွေက ညှီတီတီနဲ့
ဒါကဒါပဲ ...၊ ဟင်းသာကွဲတယ် အရသာကတစ်မျိုး
ထဲ ..."

အဝေး ဘာမှမပြောတတ်တော့ပေ။ မောင်က
လေးလေးမဟုတ်သဖြင့် မရမကနှင့်အိမ်မှာပဲစား ... ဟု
ကြိမ်းမောင်းကျွေးဖို့လဲမဖြစ်နိုင်ပေ ..။ မနက်စာထမင်း
ပဲ နေ့စဉ်ပြန်ပါလာသည်။

"မောင့်ဟာက နေ့တိုင်းမစားတာဘဲ ... ဒါဖြင့် ထမင်း
ဗူးထဲ့ပေးနေရတာက အပိုအလုပ်ဖြစ်နေပြီ ... ထမင်း
ဗူးမယူတော့ဘူးလား ..."

"အင်း ... မယူတော့ဘူး၊ ယူလဲလေးရုံပဲ ...၊ ဝယ်
ပဲစားတာ ..."

မောင်က ပြောတော့အလွယ်လေးပင်။ တစ်လလုံး
စာရော ညနေစာပါ မောင်အပြင်မှာခံတွင်းတွေ့တာကြိုက်
ဝယ်စားသောလဲ ... အိမ်၏ဘတ်ဂျက်အခြေအနေမှာ
မှတ်ကိုပြလာခဲ့လေသည်။ မောင်လို ... ကိုအကောင်း
က ထမင်းကြော်စားလျှင်ပင် တစ်ပွဲထဲထီးထီးငုတ်တုတ်
ပန်းကန်လေးရှေ့ချကာစားတာမဟုတ်။ အရံအဖြစ် ငါး
ဟင်းချိုတစ်ပွဲလောက်တော့အမြဲပါသည်။ ကုန်တာလဲမ
...။ ထမင်းစားပြီးလျှင် အအေးသောက်တာကပါမြဲ
။ မောင့်ညစာ စားရိတ်မှာ တစ်ညသုံးရာ ...။ မနက်



www.burmeseclassic.com

www.burmeseclassic.com



စာမပါသေး။

နံနက်စာအတွက်ကတော့ ကုန်လျှင်ကုန်သလို ငါးရာစီလီယူတတ်သောမောင့်မုန့်ဖိုးက အယူစိတ်လာတာဖြစ်သည်။ ပေါ့ပေါ့ကလေးတွေးကာနေတတ်သော မောင်သည် အဝေးကို သူဌေးမကြီးတစ်ယောက်အလားအမှတ်မှားကာ သူ့တစ်ယောက်ထဲစရိတ်ကနှစ်သောင်းနားကပ်နေသည်။

အရင်လိုစုနိုင်ဖို့နေနေသာသာ လခထုတ်ရက်နီးလျှင် ငွေကိုပွတ်ချွာကာ ရင်တမမအသက်ရှူကျပ်ရသောဒုက္ခမျိုးအဝေးခံစားရပြီတည်း။ သို့သော် အဝေးသည် ဤကိစ္စမျိုးကို ပိတ်ပင်ဖို့နှုတ်လေးနေသည်။ တခြားကိစ္စမျိုး ဖဲရိုက်၊ အရက်သောက်သုံးဖြုန်းပစ်တာမဟုတ်ဘဲ ... အားလုံးမှာ စားသောက်ဖော မိုက်ထဲဝင်ကုန်တာချည်းမို့ လျှော့စားပါဟု အဝေးပြောမထွက်ဖြစ်အောင် ကြာရှည်နေလေသည်။

တစ်လကို အဝေးလခ နှစ်ရာ့နှစ်ဆယ်ဆိုတာ မောင်သိသော်လဲ ဒီလ အိုဗာတိုင်မ်တို့၊ ဘိုးနပ်စ်တို့ ဘယ်လောက်လဲမောင်မသိ။ စိတ်လဲမဝင်စား ...။ နဲနဲပဲရသောလတွင် ပိုပြီးအသက်ရှူကျပ်ကာ မျက်ကလဲဆန်ပြာဖြစ်ရသည်။ မောင်ဘာမှမသိ။ ရိုးရိုးကော်ဖီမသောက်ချင်ဘဲ မနက်တွက် ကော်ဖီမစ်နှစ်ထုပ်၊ ကျောင်းမှပြန်ရောက်ချိန်နှစ်ထုပ်သောက်တတ်သောမောင့်ကို ကလေးဆန်သော အကောင်းကြိုက်ကလေးရယ်လို့သာ အပြစ်မတင်ရက်သေးဘဲရှိနေခြင်းသည်။





အဝေးရဲ့ဝင်ငွေနှင့် မောင့်ကျောင်းစရိတ်ကအစ ...ည်နေရသောအချိန်တွင် သိမ်ငယ်စိတ်ဆိုတာ မောင့်မှာ ...နိုင်သည်။ ဤအခြေအနေ၌ အဝေးကမောင့်ကို စားသောက် ...ကိစ္စ၌ပင် မသထာဘူးဟု မောင်အထင်မှားမခံနိုင်ပါ။ ...သာတာမဟုတ်ဘဲ ဝင်ငွေရဲ့ဘောင်အတွင်းမှာတော့ တိုင်း ...ထွာထွာရှိသင့်တာကို မောင့်ဘာသာ အလိုအလျောက် သ ...ပေါက်သင့်သည်။

ဒါတောင် အဝေးဟာ ကံကောင်းထောက်မစွာ ...ကောင်းသူတစ်ယောက်ဖြစ်နေရသဖြင့် တခြားလခစားတွေ ...ကျပ်တည်းသေးပါ။ မောင့် ဗာဟီရအသုံးစရိတ်နှင့် မုန့် ...မင်းဖိုးက တစ်လထက်တစ်လ မထိန်းနိုင်အောင်မြင့် ...လာသောအခါ၌မူ အဝေးသည် ရေငုံ၍မနေနိုင်တော့ပြီ။ ...ကို ပိုက်ဆံသုံးသောင်းခွဲလောက်နှင့် လင်ကိုယ်မယား ...သောက် မလောက်ငတော့ဘူးဆိုလျှင် ကြားရသူအပေါင်းက ...ကျက်သတ်ချင်ပေလိမ့်မည်။

အဝေးစဉ်းစားရပြီ။

နှစ်ယောက်လုံးက အလုပ်သမား၊ ကျောင်းသမား ...ဝေးက အိမ်မှာ အိမ်ဖော်လူပို မထားချင်ခဲ့ပါ။ သို့သော် ...နိုင်ပြီ။ အလျှော်အဖွပ်ကိစ္စကအစ ခက်ခဲလာသည်။ ...မှ စနေအထိ အဝေးတစ်ရက်မှ အဝတ်မလျှော်နိုင်ပါ။ ...နွေနေ့ကျမှ ရှိသမျှအဝတ်ပုံကို ချလျှော်ရသည်။ ...



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းကတော့

"မောင်ရေ ... အဝတ်တွေ အများကြီးပဲ ... အ
ဝေး မနိုင်တော့ဘူးကွယ် ... အဝေးကို လာကူပါဦး
ကွယ်"

ချောမော့ကာပြောသည်။ မောင်ကလဲကူပါသည်။ အဝေးက ဆပ်ပြာတိုက်၊ ဂျီးတွန်း ...။ မောင်က ဆော
လျှော် ...။ အဝေးကရေဆေး ...။ မောင်ကရေညှစ် ... ဟန်ကိုကျနေသည်။ အစဦးပိုင်းကာလ၌တော့ ရေချိုးခန်းကျဉ်း ကျဉ်းထဲ နှစ်ယောက်ဝင်ကာ လျှော်ရဖွပ်ရ၊ တစ်ယောက် တစ်ယောက် ရေပက်ဆော့ရ ...။ ဆပ်ပြာမြှုပ်တွေ အလ မှာ ဦးသူက ခေါင်းပေါ်တင် ...။ ရယ်ကာမောကာနှ ပျော်စရာကောင်းလှချေ၏တကား ...။

ကြာသော် အဝတ်လျှော်ရသောတနင်္ဂနွေတို့ မောင် ရိုးအီကာ ပျင်းလာသည်။ ပျင်းလာလျှင် ပျင်းလို့ ပြီး အချောင်ခိုနိုင်သောအခွင့်အရေးသည် မောင်တို့ယောက် တွေမှာကျတော့ရှိပြီး ... အဝေးတို့မိန်းမသားများ၌ အဘ ကြောင့် ကင်းမဲ့နေပါသနည်း။

တနင်္ဂနွေနေ့ မနက်စောစောတွင်ပင် "ဆော ဝင်းနဲ့ချိန်းထားလို့ ..." "ကျော်ကြီးဆီခဏသွားလိုက်ဦးမယ် စသဖြင့် မောင်က လစ်ထွက်တော့သည်။ တစ်နေကုန်မ အဝေးတစ်ယောက်ထဲ မနိုင်၍မလျှော်နိုင်လျှင် ဘယ်လိုနေ





မောင် သတိမရပါ။ အဝေးကသာ မောင့်ကိုတွက်ကပ်ပြီး အဝေး မလျှော်လျှင် ဝတ်ချိန်တန်တော့ လျှော်ပြီးသားမရှိမှာပူရသည်။ ပစ်ထားလိုက်လျှင် နောက်တစ်ပတ် နှစ်ပုံစာဖြစ်နေမှာကိုပူရသည်။

အဝေးသည် စိတ်မကောင်းစွာ တစ်ယောက်ထဲ အဝတ်တစ်ပုံကြီးကိုလျှော်ရသည်။ မောင့်ဂျင်းဘောင်းဘီတို့သည် ရေနစ်လျှင်အလေးကြီး ...။ အဝေးမနိုင် ...။ လက်အံတွေ သေကာ ရေကိုလိမ်ညှစ်တော့ လက်ဖဝါးတွေပေါက်ပြဲပွန်းပဲ့ ကုန်သည်။ ထိုအခါ အဝေးသည် မောင့်ကိုအံ့သြကာ ဝမ်းနည်းမျက်ရည်ဝိုင်းမိသည်။

ငါလဲမလျှော်ဘူးဟု တင်းနေလိုက်မလားစိတ်ကူးသည်။ အဝေးပစ်ထားနိုင်သလောက်ထက် မောင်က နှစ်ဆပိုပြီး ပစ်ထားနိုင်မှာသိနေကာ ငါမိန်းမပဲလေ ဖြစ်အောင်လျှော်ရမှာပဲဟု အံခဲခဲ့ရသည်။

"မောင်ရယ် ... မောင်ကလဲမကူတော့ဘူးဆိုတော့
ဂျင်းဘောင်းဘီတွေ အဝေးမနိုင်ဘူးကွယ် ... ရေညှစ်
တာ ဒီမှာကြည့်စမ်း ... လက်တွေပွန်းကုန်တယ်"

ဂျင်းဘောင်းဘီရှိလျှင်တော့ မောင့်ကိုလျှော်ပေးပါဟု အသနားခံသလိုသဘောမျိုးနှင့်ပြောသော်လဲ ...

"ဒါဖြင့် ... ရေမညှစ်နဲ့ ... ရေစက်လက်နဲ့ပဲလှမ်း
လိုက်ပေါ့အဝေးရဲ့ ... နက်ဖြန်မခြောက် သန်ဘက်ခါ

www.burmeseclassic.com



ခြောက်မှာပေါ့ ...”

အဝေးသည် ဒေါသဖြစ်ရမှာမေ့ကာ သူ့ကို အံ့အားတသင့်ပဲ ငေးကြည့်နေမိတော့သည်။ တစ်ပတ်တစ်ကြိမ်မှာ နှစ်ယောက်စာ ဆယ့်လေးငါးစုံကို တစ်ထိုင်ထဲလျှော်ရသည်မှာ ပင်ပန်းလှသဖြင့် ညနေအပြန် စောလျှင်စောသလို တချို့ရက်တွေမှာ ကိုယ်ပါ ညနေစောင်းရေချိုးရင်း သုံးလေးငါးထည်စီ ခွဲယူလျှော်ရခြင်းဖြင့်သာ ဤပြဿနာကိုရှင်းလင်းလိုက်ရပါသည်။ အရင်ကထဲက မီးပူတိုက်တာဝန်ကိုတော့ အဝေးပဲယူသဖြင့် ခုမှတော့ မောင့်ထံ ပုံချလို့လဲမရတော့ပါ။

တစ်ခါတစ်ရံ အဝတ်တစ်ပုံကြီး လျှော်အပြီး အဝေးဟောဟဲဆိုက်ကာ ခုတင်ပေါ်ပစ်လှဲနားနေတာတွေ့လျှင်မူ

“အဝေးနေမကောင်းဘူးလား ...”

ဟု မောင်က မေးဖော်ရပေသည်။

“မောလို့ပါမောင်ရယ် ... အဝတ်တွေများလို့ပါ”

“အရင်ကလဲ တစ်ပတ်တစ်ခါအဝေးစုလျှော်တာပဲမဟုတ်လား ...”

ထိုအခါ ထောင်းခနဲဖြစ်ရသည်။

“အရင်ကစုလျှော်တာတစ်ယောက်စာ ... အခုက နှစ်ယောက်စာသိရဲ့လား ...”

“ဒါဖြင့် မောင့်အဝတ်တွေမလျှော်နဲ့ ... မောင့်အဝတ်တွေပါလို့အဝေးပင်ပန်းရင် အဝေးအဝတ်ပဲလျှော်”





“ဒါဖြင့် ... မောင့်အဝတ်ကိုရော ...”

“မာမီတို့အိမ်ပို့လျှော်မယ် ...”

“ဟင် ...”

အဝေးသည် ဤမျှတစ်ကိုယ်ကောင်းဆန်သူဟာ သူမရဲ့ချစ်သူမောင်မောင်ကျေးဟုတ်ရဲ့လားဟု ဇဝေဇဝါဖြစ်ရသည်။ တစ်ခါတစ်ရံ၌မူ ဒါတွေတွေးကာ မောင့်ကို နာလှုံးဆေါက်နေသည်။ တစ်ခါတစ်ရံ၌မူ ဒါမျိုးဟာ ငါတစ်ယောက်ထဲခံစားရတာမဟုတ်ပါဘူး ...။ တခြားအိမ်ရှင်မတွေလဲ ဒီလိုပဲနေမှာပါ ဟု တွေးရင်း မောင်တစ်ယောက်သာ ထူးပြီးဆိုးနေတာမဟုတ်ကြောင်း ဖြေတွေးစဉ်းစားကာ ထုသားပေသားကျဖို့ကြိုးစားရသည်။

အဝတ်လျှော်ကိစ္စရော၊ ထမင်းဟင်းကိစ္စပါပေါင်း၍တွေးလျှင် အိမ်မှာအိမ်ဖော်ရှိပါက လွယ်လဲသက်သာ၊ ငွေလဲသက်သာဖြစ်မည်ဟု အဝေးထင်သည်။ အိမ်ဖော်၏စားစရိတ်နှင့် ပေးရမည့်လခသည် မောင်အပြင်မှာစားသဖြင့် အပိုကုန်တာလောက်မရှိနိုင်ဘူးဆိုတာ အဝေးတွက်မိသည်။

အဝတ်လျှော်ကိစ္စ၌လဲ အဝေးသည် ဤအပင်ပန်းကို မဖြစ်ဖြစ်အောင်ခံရမည်ဆိုက ခံနိုင်ပါသည်။ သို့သော်ကြာတော့ အဝေးစိတ်ဓါတ်ကို ထိပါးလာလိမ့်မည်။ မောင့်အပေါ် မကျေလည်သောအညိုးတွေ မကျေနပ်မှုတွေ ထပ်ထပ်လာလို ...။ ငါတော့ မိန်းမဖြစ်လို့ မလုပ်မဖြစ်လုပ်နေရ



www.burmeseclassic.com

www.burmeseclassic.com



ပါလားဟု မျိုသိပ်အောင့်ခံနေရလျှင် ကြာလျှင် အဒေး၌ မောင့်အပေါ် အညိုးစိတ်ဖြစ်လာမည်မှာမလွဲတည်း။ လူပါ ဒီပရက်ရှင်ရလာနိုင်သည်။

ထို့ကြောင့် စရိတ်နဲနဲပိုတက်လျှင်ပင် ကိုယ့်စိတ်ခါတ် ကိုယ်မြှင့်တင်နိုင်အောင် အဒေးက လှုငှားတော့မည်။ ခုဟာက စရိတ်လဲသက်သာဖို့များသည်။ ဒါကြောင့် မောင့်ကိုပြောရသည်။

"မောင် ... အဒေး အိမ်မှာအိမ်ဖော်ခေါ်မလို့ ..."

မောင်က သူ့ထုံးစံဟန်အတိုင်း ပခုံးတွန့်ပြီး ...

"ရတာပဲ ... ခေါ်ပေါ့ ..."

"နားထောင်ပါအုံးမောင်ရဲ့ ... အမှန်က လူပိုမခေါ်ချင်ဘူး ... အိမ်အပ်ခဲ့ရမှာလဲ စိတ်မဖြောင့်ဘူး ... ဒါပေမယ့် မရတော့ဘူးမောင် ... ဒီလလေ ပိုက်ဆံပြတ်ထွက်သွားလို့ ဘဏ်ကထုတ်ရတယ်"

"အဲဒီတော့ ..."

"မောင်လဲ အပြင်မှာဝယ်စားရတော့ စရိတ်လဲတက်တယ် ကြာတော့မကောင်းပါဘူး ... မောင်ကလဲ အိမ်ထမင်းဟင်းစားချင်တယ်ဆို ... အိမ်ဖော်ထားရင် သူ့စားစရိတ်လဲရှိတယ် ... လခလဲအပိုကုန်မယ်ဆိုတော့ တခြားဘက်က ချွေတာရအောင်နော် မောင် ... မောင်လဲ မုန့်ဖိုးလျှော့ယူနော် ... အဒေး အိမ်စရိတ် စာရင်းလုပ်





မလို့စိတ်ကူးတယ် ... အဲဒီတော့ မောင်နဲ့အဒေး တစ်လကို မုန့်ဖိုးဘယ်လောက်ဆိုတာ သတ်သတ်မှတ်မှတ်ထားရအောင် ... ကုန်ရင်ယူတာမျိုးမဟုတ်ဘဲ ... ဒီအတွင်းမှာပဲသုံး ... ကုန်ရင်လဲအပြီးပဲ ..."

မောင်က ခေါင်းကုတ်ရင်း ...

"ဟုတ်ပါတယ် ... ကောင်းပါတယ် ... မောင်လဲအတိုင်းအဆမရှိ နှိုက်ယူနေတာ ... တစ်လတစ်လမနည်းဘူးထင်ပါတယ် ... အဒေးဘာသာသတ်မှတ်ပေး မောင် လောက်အောင်သုံးပါ့မယ် ..."

ထိုအခါ အဒေးသည် မျက်ရည်လည်သွားကာ မောင့်ကို တအားဖက်ပြီး နဖူးကလေးရှိုက်နမ်းမိပါသည်။

"မောင်လဲ အပြင်မှာစားနေလို့သာ ပိုက်ဆံဒီလောက်ကုန်တာပါ ..."

"အဒေးကလဲ ပိုက်ဆံ ပိုသလောက်စုနိုင်ချင်လို့ပါမောင်ရယ် ... အဒေးတို့ပိုက်ဆံစုကြမယ် ... နောင်ဆိုကလေးတွေဘာတွေရှိလာရင် စရိတ်စကလဲကြီးလာမယ်မဟုတ်လား ..."

"ဟင် ... အဒေးမှာရှိနေပြီလား ..."

"မရှိသေးပါဘူးမောင်ရယ် ... စကားအဖြစ်ပြောတာပါ ... ခုမရှိလဲ နောက်ရှိလာမှာပေါ့ ... နောက်နှစ်ဆိုရင် ယူမယ်လို့အဒေးစဉ်းစားတယ် ... အဒေးက



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်ကိုးနှစ်ပြည့်တော့မှာ မောင်ရဲ့ ...”

“အင်း ... အင်း ... အဝေးကြိုက်သလိုစီစဉ်ပါ ... အဝေးက ပိုက်ဆံရှာရတာဆိုတော့ မလောက်ငရ အဝေးစိတ်ဆင်းရဲရမှာဆိုတာ မောင်သိပါတယ် ... အဝေးကစီစဉ်တတ်ပါတယ် ... မောင်ကတော့ ကလေး ဖြစ်နေတော့ အဝေးစီစဉ်သလို နေရမှာပဲ ... မောင် ဒါတွေမတွက်ချက် မစီစဉ်တတ်ဘူး ...”

“မောင်နော် ... ကိုယ့်ကိုကိုယ် ကလေးအရာထား နေနဲ့ ... မောင်ကလေးမဟုတ်ဘူး ... မောင် မိန်း တောင်ယူတတ်ပြီ ... လူကြီးပဲ လူကြီးစိတ်မွေးရမယ်

“ဒါပေမယ့် ... မောင် ခေါင်းရှုပ်တယ် ...”

အဝေးသည် ဆက်မပြောတတ်တဲ့ရပ်လိုက်ရသည် အိမ်ထောင်မှုကိစ္စ၌ ခေါင်းရှုပ်သောယောကျာ်းကိုမှ အဝေး လင်တော်ထားမိပေပြီ။ မတတ်နိုင်တော့ ...။ ကျောင်းပြီးက ဆရာဝန်ဖြစ်လျှင်တော့ အလုပ်ခွင်၌ အလိုလိုလူကြီးဆန်လာ မည်ဟု အဝေးကတွက်သည်။ အခုကကျတော့ အိမ်ထောင် သည် ဘယ်လိုဖြစ်နေနေ ကျောင်းသားပဲမို့ ကလေးစိတ်က ဦးမည်မဟုတ် ...။ စာကျက်ဖို့ကိုပင် မအေတစ်ယောက် အဝေးက တတွတ်တွတ်ပြောနေရသောမောင့်ကို နတ်ရေကန် ပစ်ချဖို့ကလွဲလျှင် ချက်ချင်းလက်ငင်း လူကြီးဖြစ်လာဖွယ်အ ကြောင်းမရှိ။





မောင်သည် အသက်အစိတ်ထဲရောက်သော်လဲ ဆေး အသက်နှစ်ဆယ်ကလောက်ပင် မရင့်ကျက် ...။ ဒါက ကျောထောက်နောက်ခံစကားပြောပေသည်။ အဝေးသည် မိ ဘဝနှင့်ကြီးပြင်းခဲ့ရလျက် ... မောင်က မိစုံဖစုံအလိုလိုက ဘဝ၌ကြီးပြင်းခဲ့ရသည်။ သူတစ်ပါးမျက်နှာ အရိပ်အကဲကြ ကာနေတတ်ကျ အဝေး၌ အခြေခံရှိခဲ့သော်လဲ မောင့်၌မ မောင်သည် ဘယ်သူဘာဖြစ်နေသလဲ စိတ်ဝင်စားတတ်ခဲ့ ဟုတ် ...။ စားမည် ... အိပ်မည် ... ကျောင်းတ မည် ... သူငယ်ချင်းနှင့်လည်မည် ...။ အဝေးလိုမိန်းမ ရထားသဖြင့် မောင် နေရထိုင်ရသည်မှာ မိဘလက်ထက် မခြားဖြစ်နေသည်။

အပူသောက ဘာမှမရှိ။ သောကလဲမထားတ သူ့တစ်ကိုယ်စာအဆင်ပြေနေလျှင် အေးချမ်းသာယာနေမ သူမျိုးဖြစ်လေသည်။

✧ ⌑ ✧



www.burmeseclassic.com

www.burmeseclassic.com

## ၅

အိမ်ဖော်ခေါ်မည်ဆိုသော်လဲ ရုတ်တရက်လွယ်လွယ်ကူကူရှာမရခဲ့ပါ။ လူရှာဖွေသောအလုပ်မျိုးကိုတော့အဝေးတစ်ကြိမ်မှမလုပ်ဘူးသဖြင့် အဆက်အသွယ်အသိအကျွမ်းလဲမရှိ။ အဒေါ်တွေ၊ ဘကြီးတွေအိမ်မှာအိမ်ဖော်အလုပ်သမားတွေရှိကြသော်လဲများသောအားဖြင့်မှာ တောမှာအဆက်အသွယ်နှင့်ခေါ်ယူတာဖြစ်ပြီး ပွဲစားတွေဘာတွေနှင့်ပတ်သက်ရမှုမရှိပါ။

အဝေးမေးရင်းစမ်းရင်းနှင့် ရုံးက စာရေးမလေးတစ်ယောက်က သူ့အသိ အိမ်ဖော်ပွဲစားဆီခေါ်သွားပေးသည်။ ကောက်စိုက်ချိန်မို့ အိမ်ဖော်တွေရှားနေသည်ဟုသာသိရသည်။ သူ့ဆီမှာဖြင့် ဘယ်သူမှမလိုချင်၍ မထွက်ဘဲသောင်တင်နေသူ "ချွေးကျန်" နှစ်ယောက်တော့ရှိနေပါရဲ့။ ရုပ်ရည်မြင်ရရုံနှင့်





ညစ်တီးညစ်ပတ်နိုင်ကာ သူတို့ချက်ပြုတ်မည့်ဟင်းလျာကိုစားဖို့နေပင် စိတ်နှလုံးဝန်လေးရသောပုံစံမျိုးတွေမို့ အဝေးကလဲယ်သည်။

"ဒါဖြင့် အစ်မခဏစောင့် ... နောက်လထဲလာကြမယ်"

ပြန်သာလာခဲ့ရသည်။ နောက်လထိလဲမစောင့်ချင်။ ဘယ်ရှာရမလဲမသိ ...။ အမျိုးထဲမှ အရင်းဆုံးမှာ အန်တီနီးဖြစ်သဖြင့် အန်တီစန်းဆီဖုန်းဆက်သည်။

"ဟဲ့အဝေး ... ပေါ်တော်မူမ ... လူလဲမလာ ဖုန်းလဲမဆက် ငါတို့ဆက်ပြန်ရင်လဲ မရှိ ... ညဘက်လဲမဆက်နိုင်နဲ့ အဆက်ကိုပြတ်နေတာပဲအဝေးရယ် .."

"လာမလို့ပါအန်တီစန်းရယ် ... ရုံးအလုပ်နဲ့အိမ်မှုကိစ္စ ညပ်ပြီး ချာလပတ်ရိုက်နေလို့ပါ ... ခုလဲအလုပ်မနိုင်လို့ အိမ်ဖော်တစ်ယောက်လောက်လိုချင်တာနဲ့ အန်တီစန်းများ အဆက်အသွယ်ရှိသလား လှမ်းမေးတာပါ"

"အိမ်က ဒေါ်မေကလဲ ညည်းအန်ကယ်တပည့်ရဲ့မိန်းမမှဆိုးမလေ ... အိမ်ဖော်လိုရှာခေါ်တာမဟုတ်ဘဲ ... သူလဲခိုလှုံစရာနေရာမရှိလို့ ဝိုင်းလုပ်ဝိုင်းစား ခေါ်ထားလိုမျိုးလိုနေနေတာ ဆယ်နှစ်ပဲနီးနေပြီဆိုတော့ အန်တီစန်းလဲဒါမျိုး အဆက်အသွယ်မရှိတော့ဘူးသမီးရဲ့ ..."

အဝေး စိတ်များပင် ညစ်မိပါသည်။ တို့နှာတွေ ရှိမှာဖြစ်ပေမဲ့ အဆက်အစပ်မရှိ၍ ဘယ်မှာရှာမလဲ

www.burmeseclassic.com



မပြောတတ် မသွားတတ်ဘဲရှိသည်။

"အဝေး ... ညည်းအမေဆီရောရောက်ရဲ့လားဟယ်

အဝေးနှုတ်ပိတ်နေသည်။

"နေနိုင်လှချည်လားအဝေးရယ် ..."

အဝေးက မနေတတ်ဖြစ်ရင်း

"သီတင်းလဲကျွတ်တော့မှာမို့ သီတင်းကျွတ်မှပဲ ကန်တေ... ရင်းသွားတော့မယ်လို့ပါ ... မောင်ကလဲ စာမေ... ကြီးဖြေရတော့မယ် ... ဒါနဲ့ စာကျက်နေရလို့ ... မပါလာဘဲ အဝေးတစ်ယောက်ထဲလာရင်လဲ ဘ... ကောင်းပါ့မလဲ ... အမေတစ်မျိုးထင်မှာပေါ့ ...

"အို ... ညည်းဟာက ဆင်ခြေတွေပါအဝေးရယ် ... တင်းကျွတ်ရင်သွားမှာမို့ အခုမသွားရတော့ဘူးလား ...

အဝေးငြိမ်နေမိသည်။ တကယ်တော့ အဝေး... ထဲ၌စိမ်းကား ခင်တွယ်မှုနည်းလှတာအပြင် အမေ့ကိုမြင်... အမေ့ကို ခုတ်ပိုင်းသတ်လိုက်သောမြင်ကွင်း မျက်စေ့ထဲပေါ်... လာတတ်ကာ ရင်ထဲနာကျင်လာတတ်လွန်းလို့ပင်။

"မင်္ဂလာဆောင်ပြီးတာ ဘယ်နှစ်လရှိပြီလဲအဝေး ... မမြဆီ ဘယ်နှစ်ခါရောက်ပြီးပြီလဲ ..."

တစ်ကြိမ်ဆို တစ်ကြိမ်ထဲသာ ...။ အမေ... ကင်းတိုက်ခန်းတစ်ခန်းသို့ပြောင်းသည့်ရက်ကရောက်ပါသ... နောက်တစ်ခေါက်ဆိုတာ စိတ်ကူးထဲ၌ပင် မပေါ်သေးပါ။





"ပြောင်းတဲ့နေ့ကပြီးရင် မရောက်တော့ဘူးမဟုတ်လား"

"ဟုတ်ကဲ့ .. အမေလဲနေတတ်ပါတယ် အန်တီစန်းရယ်"

"နေတတ်တာက နေတတ်တာပဲ ... ညည်းဝတ္တရားက သွားရမှာပဲပေါ့ ... မအေရင်းပါ အဝေးရယ် ... ညည်း ဖုန်းတောင်ဆက်ရဲ့လား"

"မဆက်ဖြစ်ဘူး ..."

ဒီတစ်ခါတော့ အဝေးသည် စိတ်ကောက်ချင်လာ...ာ ခပ်ဆတ်ဆတ်ဖြေသည်။

"ဖုန်းတောင်မဆက်တာတော့ ညည်းဟာက လွန်လွန်းအားကြီးပါတယ်အေ ..."

"ဖုန်းပါမဆက်တာကတော့ ပြောစရာစကားမရှိလို့ ဘာပြောရမှန်းအဝေးမသိဘူး အန်တီစန်း ... တစ်သက်လုံးလုံး ဘာမှမပြောဆို မတိုင်ပင်ရတာ ဘာမှမပြောတတ်တော့ဘူး ..."

"အံ့ပါရဲ့ အမေနေကောင်းတယ်နော်တစ်ခွန်းမေးပြီး ဖုန်းချပစ်လိုက်ရင်တောင် နင့်အမေကထကနေမယ့် လူပါ။ မမြကငါနဲ့နီးတော့အမြဲရောက်တယ် တဖွဖွပြောတယ်။ ညည်းဆီလည်း သူ့မလာရဲဘူး။ ညည်းက ခပ်ပြတ်ပြတ်နေတာကိုး၊ သူကထောင်ထွက်မကြီးမို့ ညည်းက မပတ်သက်ချင်ဘူး မဆက်ဆံချင်ဘူး သူထင်နေတယ်"

"ဒါနဲ့မဆိုင်ပါဘူး အန်တီစန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်မှန်း သူသိအောင်ပြပါအုံးအေ ... သူ့မှာ အ
ကိုဝမ်းနည်းနေတော့ ညည်းယောက်ျားဆီမှာ ညည်းမျက်
နှာငယ်မှာစိုးလို့ဆိုပြီး ဖုန်းလဲမဆက်ရဲ၊ လာလဲမလာရဲ

အဝေးသက်ပြင်းချလိုက်သည်။

"ကဲ ... အန်တီစန်း အဝေးဖုန်းချလိုက်တော့မယ်နော်"

"နေဦးလေ ...ညည်းအမေဆီ ဖုန်းဆက်လိုက်စမ်းပါ
သူ့အိမ်မှာလဲ သူ အဖော်အမျိုးသမီးတစ်ယောက်ခေါ်
ထားတယ်။ သူနဲ့ညီအစ်မလိုပဲ ခင်လိုက်ကြတာ အဲ
ကနေအဆက်အသွယ်များရမလားလို့မေးစမ်းကြည့်ပါအုံး"

"ဟုတ်လားအန်တီစန်း ..."

"အေး ... ညည်းအမေမှာ အဆက်အသွယ်ရှိလိ
မယ်ထင်တာပဲ အန်တီစန်းတို့ကိုတောင် လူလိုချင်လာ
လို့တလောကမေးသေးတယ် အိမ်မှာလဲဒေါ်မေက အ
လုံးနိုင်တယ်ဆိုတော့မလိုသေးပါဘူး ပြောလိုက်တာ"

"ဒါဖြင့် အမေ့ကိုဆက်ကြည့်မယ်။ အမေ့အိမ် ဖုန်း
တယ်သာသိတယ်။ အဝေး နံပါတ်မသိဘူးအန်တီစ
ပြောပြပါအုံး"

အန်တီစန်းသည် တစ်စုံတစ်ရာကို စိတ်ပျက်လ
ပျက် မသဲမကွဲ တဖျစ်တောက်တောက် ရေရွတ်ပြီးမှ ဖုန်း
ပါတ်တစ်ခုကိုရွတ်ပြလိုက်သည်။ အဝေးက နံဘေးအနီးရှိ
ရွက်ထပ်ကလေးမှာ ရေးမှတ်လိုက်ရင်း ...





"ဒါဖြင့် ဒါပဲနော် အန်တီစန်း ... အဝေးမအားတာ
လဲပါပါတယ် ... အန်တီစန်းတို့ဆီကိုလဲ သီတင်းကျွတ်
မှပဲ လာခဲ့တော့မယ်နော် ..."

"အေးပါအေ ... အေးပါ ..."

ထို့နောက်တော့ အဝေးသည် အမေ့ဆီကို ဖုန်း
ဆက်ရပါသည်။ အဝေးအသံကိုကြားရသဖြင့် အမေဝမ်းသာ
ကြည်နူးသွားပုံမှာ ကိုယ့်မျက်နှာကိုယ်ပြန်ပိတ်ရိုက်ပစ်ဖို့ပင်
ကောင်းနေပါသည်။ အမေ့အသံမှာ တုန်တုန်ယင်ယင်ပင်ဖြစ်
နေသည်။ ဤသည်ကို ရိပ်မိနေရပါလျက်ပင် အဝေးရင်၌
ဘာမှသဲသဲမဲမဲမခံစားတတ်ဘဲရှိသည်။

အန်တီစန်းသင်သလို အမေနေကောင်းလားဟု
တစ်ခွန်းနှုတ်ခွန်းဆက်ပြီးလျှင် အဝေးက လိုရင်းကိုသာ တိုက်
ရိုက် တိုတိုပြောချလိုက်လေသည်။ အန်တီစန်းက အမေ့ထံမှာ
မေးကြည့်ဖို့အကြံပေးကြောင်းကိုလဲ ပြောသည်။

"ရရမှာပေါ့ သမီးရယ် ... ဟုတ်တာပေါ့ သမီးမှာ
ကျောင်းချိန်မှီထမင်းဟင်းရဖို့နဲ့ ရုံးကတစ်ဖက်နဲ့ ကသီနေ
မှာပေါ့ ... အမေရအောင်ရှာပေးပါမယ် အိမ်အပ်ခဲ့
ဖို့ဆိုတော့စိတ်ချရမှဖြစ်မယ် ... အမေ ဒီနေ့ပဲစရှာပေး
ပါ့မယ် ... ရတဲ့နေ့ သမီးဆီ အမေလာပို့ရမလား"

"အမေလာနေရတာ ပင်ပန်းပါမယ် ... အဝေးလာခေါ်
ပေးပါ့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အမေကတော့မပင်ပန်းပါဘူး၊ ကားငှားပြီးလာမှာပေါ့"

ထိုသို့ပြောသော အမေ့အသံမှာ အားပြတ်နေ
သည်။ ထိုအခါမှ အဝေးစဉ်းစားမိသည်။ အမေက အဝေးအိမ်
ကို မလာစေချင်ဘူးထင်နိုင်သည်။

"အမေလာပို့ရင်လာလေ ..."

ပြင်ပြောလိုက်မိတာ မှန်သွားပါသည်။

"အေး ... အေး ... အမေလာလို့ရတယ်ဆိုရင်
အမေလာပို့မှာပေါ့"

"အမေလာလို့ ဘာလို့မရရမှာလဲ အမေရယ် ..."

"ဒါဖြင့် ... ရရချင်း အမေလာပို့မယ်"

အဝေးသည် အလိုရှိတာပြောပြီးသော် ဘာစကား
ဆက်ရမည်မသိဖြစ်နေပါသည်။ ဤသို့ သူမ၌ အမေ့အတွက်
ပြောစရာမရှိဖြစ်နေတာကိုလဲ တကယ်တန်းတော့စိတ်မကောင်း
လှပါ။ စိတ်ပင်ပန်းလှပါသည်။

အမေ့ထံဖုန်းဆက်ပြီး လေးရက်မြောက်နေ့တွင်
အဝေးတို့အိမ်သို့ မနက်အစောကြီး အမေရောက်ချလာပါသည်။
တံခါးဝတွင် အမေနှင့် အမေ့နောက်ပါး၌ အထုပ်တစ်ထုပ်ကို
ကာ မရဲတရဲရပ်နေသော မိန်းမတစ်ယောက်ကိုမြင်လျှင် အဝေး
သည် အမေ့ကို အတော်ကျေးဇူးတင်မိပါသည်။

"အမေ ... လာလေ ..."

စောသေးသဖြင့် မောင်က အိပ်ရာမှမထသေးပါ





သော မနက်စောစောထပြီး ထမင်းအိုးကို ရိုက်စ်ကွတ်ကာ
ချည်နေသည်။ မောင်က ခုထိ ထမင်းဗူးမယူတော့သော်
အဝေးကတော့ ထမင်းဗူးယူရပါသည်။ အဝေးပါ အပြင်
တွင်နှင့်မစားနိုင်ပါ။

"မောင်မောင်ကျေးမနိုးသေးဘူးလား ..."

"မနိုးသေးဘူး အမေ ..."

"လာ ... မရီ ... လာ ... ထိုင်"

အမေကပြောရင်း ... ဧည့်ခန်းမှာဝင်ထိုင်သည်။
မိန်းမသည် အသက်လေးဆယ်လောက်မို့ အမေ့ထက်ငယ်
သော်လဲ အဝေးထက်တော့ကြီးလေသည်။ သူက အမေဝင်ထိုင်
ခုံနားကြမ်းပေါ် ဒူးတုပ်ထိုင်ချလိုက်၏။ အမေက ဘာမှ
ပြောသဖြင့် အဝေးလဲဒီအတိုင်းထားလိုက်သည်။

"မရီ ... တဲ့ ... အမေနဲ့မိတ်ဆွေပဲဆိုပါတော့သမီး
ရယ် ... ဟိုထဲမှာတုန်းက ခင်လာတာလေ ... အမေ့
ပေါ်လဲ အင်မတန် ခင်မင်အားကိုးပါတယ် ..."

အဝေးသည် အမေ့မိတ်ဆွေဆိုသဖြင့်တစ်မျိုးဖြစ်
သွားကာ ...

"အစ်မ ... အပေါ်မှာတက်ထိုင်လေ ..."

"ရပါတယ် ..."

"မရီက အင်မတန်ရိုကျိုးပါတယ် ... အကျင့်စာရိတ္တ
လဲကောင်းလို့ သမီးအိမ် အမေပို့ရတာပါ ... တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကြွက်နဲ့ ညီမအိမ်မှာကပ်နေပြီး ဈေးပဲရောင်း မလို ... ဘာပဲလုပ်ရမလိုနဲ့ဖြစ်နေတယ် ... တ နှစ်လောက်အထိတော့ သူနေနိုင်တယ် ... တစ်နှ လောက်ရှိရင်တော့ ပိုက်ဆံစုပြီး သူက ဈေးလေး၊ မု လေးရောင်းချင်တယ်တဲ့ ..."

အဝေးသည် တစ်စုံတစ်ရာကို အင်တင်တင်ဖော ဖြစ်မိသည်။ ရှင်းရှင်းသိချင်သဖြင့် တဲ့တိုးပင်မေးချလိုက်၏

"ဘာမှုနဲ့ကျခဲ့တာလဲဟင် ... "

"ကျွန်မ ရိုက်မှုနဲ့ပါ ..."

"ဟင် ..."

"ဒင်" ထဲကပါလား။ အဝေးသည် ကျောပ တွန့်မိမလိုဖြစ်ရသည်။

"ရန်ဖြစ်ရင်းက သည်းညည်းမခံနိုင်လို့ရိုက်တာ အဖ ကြီးပဲ အိမ်ထောင်လဲမရှိဘူး။ အနိုင်ကျင့်ခံရလွန်းရာက ဈေးထဲက သူ့ရဲ့နေ့ပြန်ပေးသမားကိုရိုက်တာပဲ။ အ လိုနှစ်အကြာကြီးတော့မဟုတ်ဘူး ဟိုမှာဒဏ်ရာပြင်းလို သူ့လဲ နောက်က လုပ်ကိုင်ပေးမဲ့သူမရှိတော့ ..."

"အခုတော့ မဟုတ်မခံစိတ်လဲကုန်ပါပြီအစ်မလေးရယ် ဟုတ်လဲခံ ... မဟုတ်လဲခံတော့မှာပါ"

မရီက တစ်ခွန်းဝင်ပြောသည်။

"အစ်မလေးလို့မခေါ်ပါနဲ့မရီရယ်။ အဝေးလို့ပဲခေါ်ပ





မရီက ကျွန်မထက်အသက်အများကြီးကြီးပါတယ်"

"ဟုတ်ကဲ့ ..."

"အမေ ... ခဏထိုင်နော် ... အဝေးကော်ဖီဖျော် အုံးမယ် ... မောင့်ကိုလဲ နှိုးလိုက်ဦးမယ် ..."

အဝေးအိပ်ခန်းထဲဝင်လာတော့ မောင်နိုးနေပြီ။ ဘယ်သူလဲဟု ဇဝေဇဝါမေးသည်။

"အမေလေ ... လူလာပို့တာ ..."

အဝေးက အကျိုးအကြောင်းကို အကျဉ်းချုံးပြီး မောင့်ကိုပြောပြသည်။ အဝေးတစ်ယောက်ထဲအနေနှင့်ဆိုလျှင် တော့ အမေပို့တာမို့ ယုံကြည်သဘောကျစွာ ခေါ်ထားလိုက် ပါမည်။ သို့သော် မောင့်ကိုတော့ တိုင်ပင်ရအုံးမှာမဟုတ်လား။

"အဲသလို ... တဲ့ မောင် ... အဲဒါ ဘယ့်နှယ့်လဲ"

မောင်သည် ရှုံ့မဲ့ကြီးနှင့် ...

"ထောင်ထွက်ကြီးဆိုတော့ ဖြစ်ပါ့မလား ..."

ပြောပြီးပြီးချင်း မောင်သည် သူ့စကားအမှားကို သတိပြုမိကာ အားနာမျက်နှာမျိုး ကွက်ခနဲပျက်သွားသည်။ အဝေးက ဇွဲမယူပါ။ ကိုယ်လဲ တခြားလူဆိုလျှင် ဒီလိုပဲ အ လွယ်ပြောဆိုသုံးနှုန်းမိပေမည်။ နိမ့်သောစိတ်နှင့်မဟုတ်ဘဲ ရိုး ရိုးအလွယ်ပြောလိုက်တာပဲဆိုတာ အဝေးသဘောပေါက်သည်။ အဝေးမှာလဲ အမေထောင်ကထွက်ထားတာမဟုတ်လျှင် ဘာမှ နာစရာမရှိ။ အမေက ဒီလိုဖြစ်ခဲ့တာသည်လဲ ရှက်စရာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်အမှုတကာတွင် လူသတ်မှုသည် ဂုဏ်အရှိဆုံးဟု အဝေးကထင်သေးသည်။ ရိုက်မှုကလဲ ခိုးမှုတို့ လိမ်မှုတို့ မူးရစ်မှုတို့ထက်စာလျှင် အတော်ဂုဏ်ရှိသေးသည်ထင်သည်။

"ဟိုဟာလေ ဟိုဟာပါ ... မောင်ကအိမ်လဲအပ်ခဲ့ရမှာမို့ပါ။ အဝေးသဘောပါလေ ... အဝေးဆုံးဖြတ်ပါ"

မောင်က အားနာနာနှင့် စကားတွေထစ်နေသည်။

"ရိုက်မှုဆိုတော့ အကျင့်စာရိတ္တပိုင်းနဲ့လဲဘာမှမဆိုင်ဘူး မောင်ရဲ့။ ပြီးတော့ အမေဟာအဝေးနဲ့ရင်းနှီးခွင့်ရပြီး အဝေးဆီက မျက်နှာလိုချင်နေတဲ့အခြေအနေမျိုးပါ။ အဝေးအိမ်အတွက် အမေခေါ်လာတာကို အဝေးတော့ယုံပြီးစိတ်ချတယ်။ အမေ့အသိထဲကမို့လို့ တစ်ခုခုဆိုရင် ဥပမာ ထွက်ပြေးတာမျိုးဘာမျိုးရှိရင်လဲ အမေလိုက်ပေးနိုင်မှာပဲ"

"လုပ်လေ ... အဝေးသဘောပါ ... လခကရော"

"လခမမေးရသေးဘူး။ အဝေးအမေ့ကိုမေးလိုက်မယ် အမေ ပြောသလောက်ပေးလိုက်မယ် ... ရှစ်ရာ တစ်ထောင်ထိမှန်းထားတယ်"

"အင်း ... အင်း "

"ကဲ ... မောင် ... အပြင်ထွက်အုံး"

"အင်း ... အင်း ... မျက်နှာသစ်ပြီးထွက်ခဲ့မယ်နော်"

အဝေးက ကော်ဖီနှစ်ခွက်နှင့်ပြန်ထွက်လာပေမယ့်





ဓရီကမသောက်ပါ။

"ကျွန်မ မသောက်ပါဘူးအစ်မ၊ မသောက်တတ်ပါဘူး"

"မရီကို အဝေး လခဘယ်လိုပေးရမလဲအမေ ..."

"အမေမေးခဲ့ပါတယ် ... မရီက ငါးရာလောက်ပေးနိုင်မလားတဲ့ ..."

"မအဝေးရယ် ... တစ်ယောက်ကို တင်ကျွေးထားရမယ့် စရိတ်ကတင် မနည်းဘူးဆိုတာသိပါတယ် မအဝေးပေးနိုင်သလောက်ပေါ့ ... တစ်လ ငါးရာလောက်များရရင် ... တစ်နှစ်ကို ခြောက်ထောင်ဆိုတော့ ဈေးလေးဘာလေးရောင်းနိုင်မယ် ..."

"ပေးပါ့မယ် မရီ ... ငါးရာပေးနိုင်ပါတယ် ... အဝတ်အစားပါဆင်ပါမယ် ... ကျွန်မတို့ကို ကူညီလုပ်ကိုင်ရင်း အိမ်လဲစောင့်ရှောက်ပါ ..."

"စိတ်ချပါ မအဝေး ..."

"ခဏနေရင် ... အဝေးရုံးသွားရတော့မယ်အမေ"

"ဒါဖြင့် အမေလဲပြန်မယ်လေ မရီကိုထားခဲ့တော့မယ်"

"ဟုတ်ကဲ့အမေ ..."

"မရီ ... ငါ့သမီးဆိုတော့ ငါ့လိုပဲ ခင်ခင်မင်မင်နေပေါ့ ... ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပေါ့ဟယ် ... ပြောစရာရှိလဲ ... ပွင့်ပွင့်လင်းလင်းပြော မြမသားနဲ့ ဆွေလိုမျိုးလိုစိတ်ထဲထားလိုက်ရင် မကျေလည်တာလဲ

www.burmeseclassic.com



မရှိတော့ဘူးပေါ့ဟယ် ... ငါ့မှာ ဒီသမီးကလေးတစ်ယောက်ထဲရှိတာ ... နင်က ဒီအိမ်မှာ လူကြီးလုပ်ပြီး တစ်ဖက်တစ်လမ်းစောင့်ရှောက်ပါ ... ဟုတ်လား"

"ဟုတ်ကဲ့ပါ မမမြ ... ကျွန်မကို စိတ်ချပါ"

အမေ့ကို ပြန်မပို့နိုင်ပါ။ ရုံးချိန်နီးနေသဖြင့် ကားငှားပြန်မည်ဆိုတာကို ကြည့်နေလိုက်ရပါသည်။ အမေသွားလျှင် မရီကို အခန်းတွေပြ ... ပစ္စည်းပစ္စယတွေပြ ... လုပ်စရာကိုင်စရာတွေပြောပြပြီးကိုယ်တိုင်လဲ တက်သုတ်ရိုက်ကာ ရေမိုးချိုး ... ပြင်ဆင်လျက် မောင်နှင့်အတူထွက်ခဲ့ကြပါသည်။ မရီတစ်ယောက်ထဲကို ရှောက်ရှောက်ချင်းအိမ်အပ်သော့အပ်ကာ ထားရစ်ရသည်။ မတတ်နိုင်ပါ။

မောင်က ဒါကိုစိတ်နောက်ဆံတင်းနေသေးသည်။

"ဘယ်တတ်နိုင်ပါ့မလဲမောင်ရယ်။ ဒါပေမယ့် အဝေး အားလုံး ခြေရာလက်ရာမှတ်ထားခဲ့ပါတယ်။ အကွာအဝေးအထားအသိမှတ်ခဲ့တယ် ... ဆံပင်ခြည်မှတ်ခဲ့တယ်။ အိမ်ပြန်ရောက်ရင် မရီဘယ်နေရာရောက်တယ် ဘာကိုင်တယ် အဝေး အားလုံးပြောနိုင်ပါလိမ့်မယ်"

"ဟုတ်လား ..."

မောင်က အံ့အားသင့်သလို အဝေးကိုကြည့်နေသည်။ အဝေးရဲ့သတိမယွင်းပုံ ... တတ်နိုင်သမျှ မှတ်သားထားခဲ့ပုံကို မောင်က မယုံသလိုပင်ရှိနေသည်။ သူက နောက်





ဆန့်တင်းဖို့ပဲသိပြီး ဘာမှ မစီစဉ်နိုင်ခဲ့ချိန်တွင် အဝေးက ဉာဏ်ရှိသလောက်တော့ လက်ရာဖမ်းနိုင်အောင် လုပ်ထားရစ်ခဲ့တာကို အံ့သြခြင်းဖြစ်သည်။

တကယ်လဲ ညနေကျတော့ အဝေးပြောနိုင်ခဲ့ပါသည်။

"မရီ ... အဝေးတို့ အခန်းထဲဝင်တယ် ... စားပွဲဝင်ရှင်းတယ် ... အိပ်ရာကိုလဲ ဖုန်ခါပြီးပြင်ခင်းတယ် ဒီမှာကြည့်စမ်း ... ဒီသားရေသေတ္တာဟာ သော့မခတ်ထားဘူး ... အဝတ်ဟောင်းပဲထည့်ထားတာ ... ဒါပေမယ့် သူ ကိုင်တောင်မကြည့်ဘူး ... ဗီရိုကတော့ သော့ခတ်ခဲ့တယ် ... ဗီရိုလဲ သူ မကိုင်ဘူး ... ကက်ဆက်ခွေတွေတော့ အရုပ်ကြည့်တယ်ထင်တယ် ... အဝေးထားခဲ့သလိုမဟုတ်ဘူး ... စာရေးစားပွဲအံဆွဲက သူဆွဲတောင်ဖွင့်မထားဘူး ... ဖွင့်ရင်လဲအထဲမှာ စာရွက်လွတ်နဲ့ ဘောလ်ပင်ပဲရှိတာပါ။ ရေခဲသေတ္တာကို ဆိုရင်လဲ လုံးဝမကိုင်ထားဘူး ... ကိုင်ရမှာ သူကြောက်လို့ထင်တယ် ... မနက်စာစားတာလဲ ဟင်းတစ်တုံးထဲနဲ့ စားတယ် ..."

မောင်က အဝေးကို မျက်လွှာပင့်ကာ စိုက်ကြည့်နေသည်။ အဝေးဟာ ဟိုးအရင်ကထဲက ဒီလိုမှတ်ချင်သားကျင့်ရှိတာလား ...။ သူ့အကြောင်းတွေ ဘာကိုဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်အကဲခတ်ထားသလဲ မကျေမချမ်းချင်သလိုလို အောင့်သက်သက်ချီးမွမ်းရမလို မျက်နှာပေးလုပ်နေသည်။

"အဝေး ... မောင့်ကိုရော ဒီလိုမှတ်ပြီး ပြန်ကြည့်ဖူးသေးလား ..."

"မောင့်ကို ...! မောင့်ကို အဝေးကဘာကြောင့် ဒီလိုမှတ်ရမှာလဲမောင်ရယ် ... ကလေးလိုတွေးလှချည်လားသူက တစိမ်းမို့အကြောင်းသိအောင်မှတ်ရတာ ... မောင်က ဒီအိမ်မှာ ဘာကိုင်ကိုင် ဘာဖွင့်ဖွင့် ဘာအရေးလဲ ... တစ်ခါမှဒီလိုမမှတ်ဖူးပါဘူး ..."

"အပျိုတုန်းကရော အခေါ်တွေဆီနေတုန်းက ..."

"တစ်ခါတစ်ခါမှတ်တယ် ..."

"မောင့်ကိုတော့ ဘယ်တော့မှမမှတ်နဲ့နော် ... မောင့်ကိုမှတ်တယ်ဆိုတာသိရရင် မောင်အရမ်းစိတ်ဆိုးလိမ့်မယ်ထင်တယ် ..."

"မောင်ကလဲ ..."

အဝေးသည် အရေးမကြီးလှပါဘဲ တကယ်ကျဉ်းကျပ်မနေတတ်နေသော မောင့်ကိုနားလည်လို့မရ။ မောင့်ကိုညကျမှမေးကြည့်တော့ မောင်က ဤအပြုအမူမျိုးဟာ ရိုင်းပျသည်ဟုဆိုသည်။ ဘာကြောင့်ရိုင်းသလဲ အဝေးနားမလည်။

"မောင်သေချာရှင်းမပြတတ်ဘူး အဝေး ... ကိုယ်တိုင်လဲ ဘာမှလုပ်တာတော့မဟုတ်ဘူး ... ဒါပေမယ့်





အခုလိုမှတ်သားပြီး ကိုယ့်အပြုအမူကိုစောင့်ကြည့်နေမယ့်သူတစ်ယောက်နဲ့ တစ်အိမ်ထဲနေရရင် မောင် ဘယ်တော့မှပျော်မှာမဟုတ်တော့ဘူး သိလား ..."

အဝေးသည် ထိုစကားကြောင့် အံ့ဩနေသည် ဘာမဟုတ်တာလေးတစ်ခုကို မောင်ဤမျှမကြိုက်တာကိုလဲ အံ့ဩသည်။ တကယ်တော့ မောင်သည် သူ့စိတ် သူ့သဘော။ သိပ်ပြီးလွတ်လပ်ချင်သူတစ်ယောက်ဖြစ်သည်။ တကူးတက လို့ဝက်တတ်မှာတော့မဟုတ်ဘဲ သူ့ရဲ့ကိုယ်ပိုင်အခွင့်အရေးကို နှံ့နှံ့မှ အစွက်ဖက်မခံလိုသူ ... အစူးစမ်းမခံလိုသူဖြစ်သည်။ လူတစ်ယောက် ရသင့်သည့်အခွင့်အရေးကို ရနိုင်သလောက်သူက အပြည့်အဝ တင်းပြည့်ကျပ်ပြည့်လိုချင်သူဖြစ်သည်။

ထိုစိတ်ကို အဝေးသည် အတော်ကြာမှပင်သိလေသည်။

✧ ¤ ✧

မရီကိုခေါ်ထားလိုက်သည့်ကိစ္စနှင့်ပတ်သက်၍ မောင့်အိမ်က မကြိုက်ကြပေ။ အတိအလင်းမဟုတ်သော အရိပ်အယောင်ပြ ...။ ကန့်ကွက်ချင်သောစကားတွေ ဆိုကြသည်။ အဝေးကလဲ ခေါင်းထဲမထဲ့။ ပထမဦးဆုံးနေ့ အိမ်ကိုအပ်ပစ်ခဲ့ရပြီး ထွက်သွားရကတည်းက မရီကို အဝေးသဘောကျခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သူ့ကို အိမ်သော့လုပ်ပေးခဲ့ရသည်။ သော့မပေးခဲ့ဘဲ သော့ခတ်ပိတ်ထားခဲ့လို့မဖြစ်။ မီးရေးထင်းရေးဆိုလျှင် ထွက်ဖို့ခက်ပြီး အလကားဒုက္ခဖြစ်နေမည်။ ပိတ်လှောင်ခဲ့ဖို့ရာသည် ရက်စက်ရာကျသည်ဟု အဝေးယူဆသဖြင့် သော့အပ်ခဲ့ရသည်ပဲ ...။ အိပ်ခန်းထဲအထိဝင်ကာ ရှင်းလင်းသိမ်းဆည်းပါလျက် မဆိုင်တာကို ကိုင်၍မျှကြည့်မသွားတာကို အဝေး သဘောကျလှသည်။

"သူက စိတ်ချရပါတယ် မာမီ ..."

"ခုမှတွေ့တာ ဘယ်လိုလုပ်ပြီးအကြောင်းသိမလဲ ..."

"အဝေး ... အားလုံးအမှတ်အသားနဲ့ ခြေရာလက်ရာ ဖမ်းထားခဲ့ပါတယ် ... ဒီနေ့ထိ ဘာမှ မဆိုင်ဘဲ ကိုင်ဘူး ..."

"အဝေးက ဒီလိုမှတ်နိုင်လှ ခဏပေါ့ ... အမြဲတော့ ဘယ်မှတ်နိုင်မလဲ ..."

"အမြဲမှတ်နိုင်ပါတယ် မာမီ ... အမြဲမှတ်ထားခဲ့ပါတယ် ... အဝေးက အိမ်တကာလှည့်ပြီးကြီးခဲ့ရတော့ သတိပိုတတ်တာ အကျင့်ပါနေပါပြီ"

မောင်က မဲ့ရွဲ့ကာ ...

"မပူနဲ့မာမီ ... ကျွန်တော့်ကိုတောင် မှတ်ရင်မှတ်ထားမှာ ..."





မောင်ကလဲ ဒါကိုပဲစိတ်စွဲနေသည်။ အဝေးသည် ...ရီကို အကြိုက်တွေ့နေသဖြင့် မောင့်မိသားစုစကားကို လက် ...ခံခဲ့ပါ။ ဒါလဲ မမှားဘူးဟု အဝေးထင်သည်။ အဝေးတို့မှာ ...နိုင်မနင်း အခက်အခဲရှိနေတော့ သူတို့ကူလိုက်နိုင်တာကျေလို့။ ...မ်ဖော်ပင် ကူရှာမပေးနိုင်ခဲ့ဘဲ ... အလိုလိုရလာသော ...မ်ဖော်ကို မကြိုက်ဘူး ... မထားနဲ့ဟု ဆီးကြိုအပြစ်တင် ...ကြသည်ကို ကသိကအောက်ဖြစ်လှသည်။

သူတို့ကလဲ သူတို့အိမ်ရောက်တိုင်း ... ဒါမှမ ...တ် ... သူတို့ အဝေးအိမ်ရောက်တိုင်း ဒါကိုပဲ ထပ်တလဲ ...ကျေနပ်နိုင်။ အိမ်လာလည်လျှင် မဆီမဆိုင် မရီကို ဟောက် ...း ... အပြစ်ရှာလားလုပ်ပြန်သည်။ တကယ်တော့ မရီ ...ကြိုက်တာထက် သူတို့ဩဇာတည်လိုတာဖြစ်သည်။ မထား ...ဆိုလျှင် အဝေးက အချိန်မဆိုင်းဘဲ အလုပ်ထုတ်ပစ်စေလို ...သည်။ အဝေးကတော့ အဝေးအိမ်တွင် အဝေးစည်းကမ်းနှင့် ...ကိုက်ညီပါက ထားမည်။ မကိုက်ညီလျှင်မထား ...။ ဒါပဲ ...သည်။

ဘာမှအပြစ်မရှိ ...။ အလုပ်အကိုင်တော်ကာ ...ကျင့်စာရိတ္တလဲကောင်းနေသူကို အကြောင်းမဲ့ အတူမနေသူ ...စုက မကြိုက်သဖြင့်တော့ အဝေးမထုတ်နိုင်။ အဝေးအိမ် ... အဝေးနှင့်အဆင်ပြေနေလျှင် သူတို့ ဘာကြောင့်မရှုစိမ့်နိုင် ...ည်နည်း။

www.burmeseclassic.com



သီတင်းကျွတ် အမေဆီသွားကန်တော့ရင်း ... မရီပါ ခေါ်သွားသည်။ မရီကလဲ ပျော်သည်ဆိုသဖြင့် အမေလဲ စိတ်ချမ်းသာနေသည်။ အဝေးလဲ အချိန်တန်စား၊ အချိန်တန် ဖြူစင်စွာဝတ်ရနှင့် စိတ်ချမ်းသာနေသည်။ မရီမှာလဲ မဆူမ ကြိမ်းဘဲ သူ့ခြေသူ့လက်လုပ်ကိုင်ရသဖြင့် စိတ်ချမ်းသာနေသည်။ မောင်ကတော့ မရီလက်ရာ ခံတွင်းတွေ့သဖြင့် တစ်ဝက်စိတ် ချမ်းသာပြီး သူ့အမေမကြိုက်သဖြင့် တစ်ဝက်စိတ်မချမ်းသာ။

တစ်နေ့တော့ မောင့်အမေနှင့်အစ်မက အတိအလင်းဖြစ်လာလေသည်။ ဖြစ်ပုံမှာ သူတို့ရပ်ကွက်၌ရေပြတ်ကာ အခက်အခဲဖြစ်ပြီး အဝေးတို့ထံလာရောက်ရေချိုး၊ အဝတ်လျှော်ကြသည်။ သူတို့က ရေချိုးရုံချိုးပြီး ပါလာသောအဝတ်ညစ် တစ်ထုပ်ကြီးကို မရီကို လျှော်စေတာဖြစ်သည်။ ဒါဟာ လုပ်ပေးရမည့်ကိစ္စ ...။ မရီလဲမငြင်း ... အဝေးလဲကျေနပ်သည်။ အဝတ်တွေက မနည်းသဖြင့် ပြီးလျှင် မရီကို အပိုသက်သက် ငါးဆယ်၊ တစ်ရာ မုန့်ဖိုးပေးဖို့ အဝေးကလဲ စိတ်ကူးထားသည်။

အဝတ်တွေမှာများလှသဖြင့် နိုင်လွန်ကြိုးပင် ဆင်းဝယ်ကာ ကြိုးတန်းတွေ မီးဖိုထဲအသွယ်သွယ် ခေါက်တုံ့ခေါက်ပြန်ချည်ကာ လှမ်းရသည်။ သူတို့တစ်နေကုန်နေထိုင်စားသောက်ကာ အဝတ်ခြောက်ပြီးသော ညနေစောင်းမှပြန်ကြသည်။ ပြန်ခါနီး အဝတ်ခြောက်တွေ မရီထိုင်ခေါက်နေရာအ





မမကြီးက ကပ်သွားကာကြည့်ရင်း ...

"ဟဲ့ ... ဟိုအင်္ကျီအဝါနုလေး လက်ရှည်အဖျားမှာ အညိုကွက်ထင်နေပါလား ..."

ရုတ်တရက် လန့်ဖျတ်အော်သည်။

"ပြစမ်း ... ပြစမ်း။ ဟယ် ... ကုန်ပါပြီ ...၊ ငါ့အင်္ကျီလေးစွန်းပါပြီ ...၊ ဒါကြောင့် သေချာလျှော်ပါဆိုတာ ... ဒီမှာကြည့်စမ်း ... အကွက်ကြီးမြင်လား ... ဘယ်လိုများလုပ်လိုက်သလဲ ဟင် ..."

မရီမှာ မျက်စေ့သူငယ်နှင့် ...

"အစထဲက စွန်းနေတာအစ်မ ... လျှော်ကထဲကမြင်ပါတယ် ..."

"ဘာအစကထဲက စွန်းနေရမှာလဲ ... အမလေး ... ကိုယ်လွတ်ရုန်းထွက်သေးတယ် ... ရှင် ဟိုပုဆိုးမဲတွေနဲ့ ရောစိမ်လို့ဖြစ်မှာပေါ့"

"မဟုတ်ပါဘူးအစ်မရယ် ... မအဝေးမှာထားလို့ ... အဖြူနဲ့အရောင်နုတွေကိုတစ်ပုံး ... အရောင်ရင့်တွေတစ်ပုံး ... ပုဆိုးမဲတွေဆိုရင်တစ်ပုံး ... အမြဲခွဲစိမ်ပါတယ် ... ပြီးတော့ ဒါက ... အရောင်စွန်းတာမဟုတ်ပါဘူး ... ငှက်ပျောစေးစွန်းသလို အညိုကွက်မျိုးပါ ... ရေနံချေးတို့ ဘာတို့ ပွတ်မိထားသလိုအစွန်းပါ ..."

www.burmeseclassic.com



"ဘာရေနံချေးလဲ ... ရေနံချေးကို ဘယ်နားသွားပွတ်မိရမှာလဲ ... ငှက်ပျောသီးလဲမစားဘူး ... စွန်းလဲမစွန်းဘူး ... ခုမှစွန်းတာ ... အရင်ကမရှိဘူး"

"အစ်မ သတိမထားမိလို့ဖြစ်ပါလိမ့်မယ် ... အစကထဲကရှိပါတယ် ... ကျွန်မ လျှော်ခါနီးကထဲက မြင်ပါတယ်အစ်မရယ် ..."

မရီအသံမှာ ပျော့ပျော့အေးအေးပင်ဖြစ်သည်။ မမကြူကသာ ပူနေသည်။ သို့သော် ...

"ဟိုတ် ... အဝေး ... တစ်ခွန်းတင်မခံ ပြန်ပြောနေတာကြားရဲ့လား ... ဘယ့်နှယ်လဲ ... ခေါင်းပေါ်ရွက်ထားလိုက်ရတော့မှာလား ..."

အဝေးသည် မပါဘဲရှောင်နေဖို့မဖြစ်သဖြင့် ထလာရကာ ယူကြည့်မိသည်။ မရီပြောသလိုပင် ငှက်ပျောရေနံချေး၊ သွေး စသည်တို့ဖြစ်မှာသေချာသည့် ညိုတိုတိုကွက်ကိုသာမြင်သည်။

"ကဲ ... မရီ ... အောက်ဆင်းပြီး ဟိုဘက်လမ်းထိပ်က လမ်းပေါ်ရောင်းတဲ့ ကုလားကြီးဆိုင်ကလေး သိတယ်မဟုတ်လား ... အစွန်းချွတ်ဆေးရှိတယ် ... သွားဝယ်လာခဲ့ ... ရလိုရငြား ပြန်လျှော်လိုက်ပေါ့ ဟုတ်လား ... ကဲ ... သွားလိုက်နော်"

"ဟုတ်ကဲ့ ... မအဝေး"





မရီက ဆယ်တန်တစ်ရွက်ယူပြီး ခပ်ရို့ရို့ထွက်သွားသည်။ မမကြူသည် တရှူးရှူးတရှားရှားဖြစ်ဆဲ။ ကိုဆွေနှင့်တော်ရသော ယောင်းမကြီးကိုမူ သူတို့ဗိုလ်မကျရဲပေ။ ဟိုက မိဘနှင့်အတူနေသော တစ်ဦးတည်းသောသမီးဖြစ်သဖြင့် မာမီကလဲ ခမည်းခမက်ရှေ့ ပေါ်တင်ကြီး အခွင့်အရေးမယူရဲ ... ရေသွားမချိုးရဲ ... အဝတ်သွားမလျှော်ရဲ ...။

အဝေးငြိမ်နေကာ သူ့ တရှူးရှူးတရှဲရှဲကို မထောက်ခံသဖြင့် မမကြူပိုဆိုးလာသည်။ အဝေးက ဟုတ်ပါရဲ့ ဘာညာ အလေးတယူဒေါက်ထွက်ကာ မရီကို တစ်ချက်လောက်ဖြစ်ဖြစ် နဘန်းဝင်ကျင်းပေးမှ ကျေနပ်မည့်ပုံဖြစ်နေသည်။

"သူက တစ်ခွန်းမခံတော် ... တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ ဒါမျိုးအစားတွေက ပြန်ပြောတာမခံရဘူးပါဘူး ... အိမ်ကဟာတွေများ ပါးချည်းရိုက်ပြီး အပိုးချိုးထားတာ ..."

အဝေးသည် သူတို့အဆင့်အတန်းနှင့် ဤသို့ ဒိတ်ဒါတ်စရိုက်ရှိတာကို အံ့သြနေသည်။

"ဒီဟာကျမှ ဟင်း ... နင်တို့က ခေါင်းပေါ်တင်ထားသလားဟင် ... မောင်ကျေး ..."

အဝေးကို နင်ပဲဆေ မပြောသင့်သဖြင့်သာ သူ့ ဆောင်အမည်တပ်လိုက်တာဖြစ်သည်။ အမှန်က အဝေးကိုပြောချင်တာမှ လျှာယားနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ဖော်မထားစဘူး ဘယ်လိုထားရမယ်မသိဖြစ်နေ... ကြတယ် ... ဟင်း ... နင်တို့ ထမင်းစားပွဲပေါ်... ဈေးတက်ပါသွားမယ်မှတ် ... ထောင်ထွက်မက ... ပါးဝလို့ ဟင်း ..."

အဝေးသည် ကျွဲမြီးတိုတိုလာရာမှ နောက်ဆုံး... ကားကြောင့် မျက်လုံးတွေ ဝင်းခနဲဖြစ်သွားသည်။ ထိုအ... မှမမကြူသည် သူ့စကားလွန်သွားတာကို သတိပြုမိကာ နှ... ခမ်းကြီးစေ့သွားလေသည်။

"ထောင်ထွက်မ ... ဘာဖြစ်သလဲ မမကြူရဲ့ ... မဟုတ်မခံ ပြန်ရိုက်လို့ ထောင်ကျတာ ... ဂုဏ်သိ... မမဲ့ပါဘူး ... ခိုးလို့မဟုတ်ဘူး ... ဖျက်လို့မဟု... ဘူး ... လိမ်လို့မဟုတ်ဘူး ... အပြစ်ရှိရင် ဒေါ်... မထိန်းနိုင်တဲ့အပြစ်ပဲရှိတယ် ... အဝေးအမေလဲ ထော... ထွက်မပဲ ... သူသတ်တယ် ... သတ်ရဲလို့အပြ... လခံရဲတယ် ... ထောင်ကျတယ် ... ဒါ ဘာ... လဲ ... လောကမှာ ထောင်ထွက်မမို့ လူပါးမဝ... ထောင်မကျဘူးတဲ့သူတွေပဲ လူပါးဝရမယ်လို့မှမဟု... ဘာ မမကြူရယ် ..."

အဝေးရေလဲ့က မမာပါ။ သို့သော် သာသာ... နာနာနက် ...။ မမကြူသည် မျက်နှာနီရဲကာနေရင်း ...

"အဝေးအမေကို ထိခိုက်ပြောတာတော့မဟုတ်ဘူး ...





သူ့ကိုပဲပြောတာ ... မမေရော ... တို့ရော ဒီလောက်မကြိုက်တာကို အဝေးမို့ ထားဖြစ်အောင်ဆက်ထားတယ် ..."

"အဝေးအတွက် အဆင်ပြေလွန်းလို့ပါ ... လုပ်မဲ့လူမရှိတော့ ... ဘယ်သူမှလဲ ကူမလုပ်နိုင်ပါဘူး ... မမကြူမောင်ကလဲ မကူနိုင်ပါဘူး ... အဝေးတစ်ယောက်ထဲ အလုပ်ကတစ်ဖက် ... အိမ်ကိစ္စတစ်ဖက်နဲ့ လက်ဖဝါးပေါက်အောင်လုပ်ရတာ ... ခုမှသက်သာတာ ... သူ့လိုတော်တဲ့သူ နောက်တစ်ယောက်ထပ်ရရင် ... သူ့ကို အဝေး အချိန်မရွေးထုတ်နိုင်တယ် ..."

မောင်သည် မျက်နှာပျက်ကာ ဝရန်တာမှာ မှုန်ကုပ်ကုပ်ထွက်ရပ်နေသည်။ ဘာမှတော့ ဝင်မပါ။

"အိုဗာတိုင်မ်ရှိရင် ရှစ်နာရီခွဲမှ အိမ်ပြန်ရောက်တယ် မမကြူ ... အဲဒီအချိန်မှာ နောက်နေ့အတွက် ဟင်းချက်၊ အဝတ်လျှော် အဝေးမလုပ်နိုင်တော့ဘူး ... ဆိုက်တွေထဲ လိုက်ရတဲ့နေ့ဆိုရင် ခေါင်းတစ်ခုလုံး ကိုက်နေတာ ... ဟင်းချိုင့်ယူစားပြန်တော့လဲ မမကြူမောင်ကမစားနိုင်တော့ အပိုသိပ်ကုန်တယ် ... နှစ်ယောက်စာကို ပိုက်ဆံ သုံးသောင်းခွဲ မလောက်ဘူးဆိုရင် ... ယုံလား မမကြူ ... မတတ်သာလွန်းလို့ ကြောင်း

www.burmeseclassic.com



ကြောင်းကြောင့် စွန့်ပြီးလှူခေါ်ရတာ ... စွန့်ရကျိုး
နပ်တဲ့လူရထားပြီးမှ အဝေးက ထောင်ထွက်မို့ထုတ်ပစ်
ရမလား ...ရှင်းရှင်းပြောရရင် ... အမေလဲ ထောင်
ထွက်မို့ ... ထောင်ထွက်ကို ရွံလဲမရွံဘူး ... ကြောက်
လဲမကြောက်ဘူး ... ဘယ်လိုမှမနေဘူး ... အမေ့
အသိ ... အမေခေါ်ပေးတဲ့လူမို့ ပိုပြီးစောင့်ရှောက်ရ
ဦးမယ် ..."

မောင့်မာမီသည် မျက်နှာမတင်းတတင်းနှင့်ပင်

"အေးလေ ... မောင်ကျေးအမေက မကြိုက်ပေမယ့်
အဝေးအမေက ကြိုက်တော့ ... ခေါ်ထားရတော့မှာ
ပေါ့ ... ထုတ်မရဘူးပေါ့ ..."

ဘယ်လိုပါလိမ့်ဟု အဝေးသက်ပြင်းချရသည်။
မယှဉ်သင့်တာယှဉ်လိုက်ပြီ။ ဒီလို စကားဦးတစ်ချက်သန်းလိုက်
လျှင် ပျော့ယိမ်းနွားယောင်တတ်သော ... ကိုယ့်ဘာသာ
စေ့စေ့စပ်စပ် အလေးအနက်မတွေးတတ်ဘဲ ဟိုဟာ ဟုတ်နိုး
နိုးရှိတတ်သောမောင်တော့ မကြာမီ ဒီအစွဲကြီးကို ရင်ထဲထဲ့
ကာ တနုံ့နုံ့စွဲမှတ်ပေတော့မည်။ ဒါကို အဝေးအသိဆုံး ...။

"အေးလေ ... အဝေးက အားလုံးစီမံတတ် ...
ခန့်ခွဲတတ် ... အုပ်ချုပ်တတ်ပဲဥစ္စာ ... မောင်ကျေး
သဘောလဲ ဒီအိမ်မှာမလိုဘူး ... မောင်ကျေးအမေ
သဘောလဲမလိုဘူး ... မောင်ကျေးအစ်မသဘော ပို





တောင်မလိုသေးတယ် ... ဒီအိမ်ဖော်ကိစ္စလောက် အ
ရေးမပါတဲ့ကိစ္စသေးသေးမှာတောင် ဒီလိုပါလားဆိုတာ
သိပါပြီ ... နောက်ကို မမကြူတို့ မပါတော့ပါဘူး
စိတ်ချပါ ... ကဲ ... လာ မေမေ ... ပြန်ကြ
မယ် ... မောင်ကျေး ... ကားလိုက်ငှားပေးစမ်း"

ညနေကျ အဝေးပြန်ပို့ရန်ဖြစ်ပါလျက်၊ ရုံးအား
ရက်ဖြစ်ပါလျက် ... ကားငှားပြန်မည်ဖြစ်ကြသည်။ မောင်
တစ်ယောက်ကလဲ ဘာမှ ဖျောင်းဖျနားချတာမျိုး "အဝေးက
ဒီသဘောမရှိပါဘူး မမကြူရယ်" လို့ ကိုယ့်ဟာကိုယ် မယုံ
တောင်မှ ဝတ္တရားအရ ပြောပေးသင့်တာမျိုးနားမလည်။ "လာ
ပါ အဝေးပဲပို့မှာပါ ... ဒါမှမဟုတ် ကျွန်တော်ပို့မှာပါ"
ဆိုပြီးလဲ ဇွတ်မတား။ အမေနှင့်အစ်မနောက် အထုပ်ကောက်
ပြီး ဈေးခနဲပါသွားသည်။

မောင့်ကို အဝေးသည် အံ့ဩပြီးရင်း အံ့ဩရင်း
ဝင် ...။ အဝေးသဘောကို မောင်သိရမည်။ အဝေးသည်
သူ့မိသားစုအပေါ် မလိုတမာစိတ်၊ ဖယ်ထုတ်ချင်စိတ်မရှိတာ
မောင်သိရမည်။ သိသည့်အလျှောက် ဝင်ပြီး နားချပြောပြတတ်
ရမည်။ မောင်သည် အတော်ညံ့သောယောကျ်ား ...။ ဤ
နေရာတွင် သူနှုတ်ပိတ်နေခြင်းအားဖြင့် "မောင်ကျေးက သူ့
မိန်းမအကြောင်း သူသိလို့ ဆိတ်ဆိတ်နေဝန်ခံပြီး ဘာမှအောင်
ဝင်မဖျန်ဖြေဘူး" ဟု တစ်ဖက်က သဘောထားမည်ဟု သူ



www.burmeseclassic.com

www.burmeseclassic.com



မသိတတ်ဘူးလား။

အဝေးသည် စိတ်ပျက်တောင့်တင်းစွာထိုင်နေ
သည်။ ဆယ့်ငါးမိနစ်လောက်မှာ မောင်ပြန်ဝင်လာသည်။ မင်
ကပြန်ရောက်နှင့်ကာ အစွန်းမချွတ်ပေးလိုက်ရတာအတွက် အ
ပြစ်မကင်း မျက်နှာငယ်နေသည်။ မောင်က မရီကိုကြည့်ကာ

"ခင်ဗျားကြပ်ကြပ်သတိထား မရီ ..."

မရီက ခေါင်းငုံ့နေရှာသည်။ မောင့်ရဲ့ အသား
လွှတ်ရမ်းလိုက်ပုံကား တစ်ချက်မှအဓိပ္ပါယ်မရှိ။ ဆရာဝန်ဖြ
မည့်ဦးနှောက်သည် လောကရေးရာ၌ ဤမျှဖျင်းနေတာကို အံ့
ဩစရာမို့ ခွဲစိတ်၍များပင် သူဦးနှောက်ကို သုတေသနလုပ်
ချင်လှသည်။ တစ်ကန့်စီ အတော်အညံ့ ကွဲပြားများနေသလား

"မောင် ... မေမေတို့က စိတ်ဆိုးသွားတာလား ...
အခုဟာက ... အဝေးတို့ ရန်ဖြစ်သလိုသဘောဖြ
သွားသလား ..."

"ခင်ဗျားသိမှာပေါ့ ... ခင်ဗျားက လူတတ်ကြီး
... ဒီအိမ်မှာ ကျုပ်သဘော ... ကျုပ်အယူအဆ
လို့လား ဒေါ်ဝေးဝေးရဲ့ ..."

မောင့်ကျောပြင်ကိုလိုက်ကြည့်ရင်း အဝေးသည်
အတော်မကျေမနပ် စိတ်ပျက်မိတော့သည်။

✧ ⌑ ✧



# ၆

မောင် စာမေးပွဲဖြေဖို့နီးကပ်လာသဖြင့် တနင်္ဂနွေ
နေ့တွေ သူ့သူငယ်ချင်းအိမ်များသို့ စာသွားကျက်တတ်သဖြင့်
တစ်ရက်တွင် အဝေးသည် မရီကိုပဲ ချန်ရစ်ကာ ... အန်တီစန်း
တို့အိမ်သို့ထွက်လာသည်။ အဝေးရဲ့ရင်ထဲ မောင်နှင့်ပတ်သက်
သည့် မကျေလည်မှုတွေ၊ ဝမ်းနည်းရမှုတွေများပြားလာသဖြင့်
တစ်ဦးတစ်ယောက်ကို ဖွင့်ဟပြောချင်လှသည်။ ထို့အတွက်
အန်တီစန်းကိုရွေးချယ်သည်။ အမေ့ကိုမူ အဝေးမရွေးချယ်။

အဝေးသည် ကိုယ့်ရင်ထဲက တိတ်တဆိတ်ကြိုး
ဝါးမျှော်လင့်ထားမှုအတွက် အမေ့ကို ဒီကိစ္စပြောပြဖို့ရှက်နေ
သည်။ အမေ့စိတ်ထဲ ဘယ်လိုမှလဲမရှိ ...။ အမေ ဘာမှလဲ
မသိ ...။ သို့သော် အဝေးကသာ ကိုယ့်ဘာသာခံစားဖက်သတ်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းကျိတ်ကြိုးဝါးထားတာ။ အဝေးရဲ့အိမ်ထောင်ရေးသည် အမေ့အိမ်ထောင်ရေးလိုမဖြစ်ရ။ အောင်မြင်သာယာရမည်။ အိမ်ထောင်ရေးမအောင်မြင်ဘဲ ယောကျ်ားကို ကိုယ့်လက်နှင့်ကိုယ်တိုင်သတ်ပစ်ခဲ့သည့်အမေ့ကို နာကြည်းတာနှင့်အမျှ အဝေးက အထင်သေးချင်သလိုပင် ရှိခဲ့ပါသေးသည်။

ကိုယ့်ယောကျ်ားကို အကြမ်းနည်းနှင့်လဲ မလွှမ်းမိုးနိုင်။ အနုနည်းနှင့်လဲကြိုးမကိုင်နိုင်။ စိတ်တိုင်းမကျအောင် မနိုင်မနင်း ဆိုးသွမ်းနိုင်စားလွန်းလာမှ ပေါက်ကွဲအုံကြွကာ သတ်ပစ်မိသည်အထိ ... အခြေအနေဆိုးရတာဟာ အိမ်ရှင်မလုပ်သူ ... ဇနီးမယားလုပ်သူ ညံ့တာအများကြီးပါသည် ဟု အဝေးကသတ်မှတ်သည်။ အိမ်ထောင်ရေးတစ်ခုဟာ တိုင်ပင်ဆွေးနွေး ညှိနှိုင်းနိုင်ခွင့်ရှိရမည်မဟုတ်လား။ ကဲ ... နောက်ဆုံး ဘယ်လိုမှညှိနှိုင်းလို့မရပါဘူးတဲ့ ... ကွာရှင်းလိုက်နိုင်ပါလျက် အဖေ့ကို အမေသတ်ရက်သည်။ ဤအခဲမကျေမှုသည် ငယ်ကထဲကစ၍ အဝေးအသဲနှလုံး၌ စွဲမြဲနေသည်။

ဤအဖြစ်ကို နာကျည်းစက်ဆုပ် မကြိုက်နိုင်လွန်း၍ အဝေးသည် ညှိနှိုင်းလို့ရမည်ထင်သည့်၊ ကြိုးကိုင်ဖို့လွယ်မည်ထင်သည့် လူအေးအေးပျော့ပျော့လေးကို ရွေးချစ်ခဲ့ပါသည်။ ချစ်မိသွားသည်၏နောက်၌ကျတော့လဲ မျက်စေ့သည် ကန်းနိုင်သလောက်ကန်းခဲ့သေးသည်သာတည်း။

"ကြားသားမိုးကြိုးတော် အဝေးလာလည်ပါလားဟေ့"





အန်တီစန်းက ပြုံး၍ ဆီးကြိုခနဲ့သည်။

"ဒီနေ့အားသလား ..."

"ဟုတ်ကဲ့ ..."

"ဟိုတစ်ယောက်ရော ... ဘယ်သူ ... မရီလား"

"မရီ အိမ်စောင့်ထားခဲ့တယ် အန်တီစန်း ..."

"ဒီမိန်းမ တော်သားပဲနော် ... စိတ်ချရတယ်ပေါ့"

"ဟုတ်ကဲ့ ... စိတ်ချရပါတယ် ..."

"ကိစ္စအထူးရှိသေးလား အဝေး ..."

"အထူးမရှိပါဘူး ..."

"အလည်သက်သက်ဖြင့်ရင် ညည်းအမေဆီသွား မလည်ဘူးလား ... ငါတို့ဆီမလာနိုင်ရင်နေပါအေ မမမြဆီတော့ရောက်ပါလို့ ငါကပြောချင်တယ်အပေါ့ရယ်"

"ခုကတော့ အမေ့ဆီမသွားချင်လို့ပါ ..."

"ညည်းဟာကမရောက်ဖြစ်တာနဲ့ ... မသွားနိုင်သေးတာနဲ့ ... မသွားချင်တာနဲ့ ... ဘယ်တော့မှရောက်ဖို့မရှိပါလားဟဲ့ ... ညည်းဘာဖြစ်နေသလဲပြောစမ်း မောင်မောင်ကျော်နဲ့ရန်ဖြစ်လာလို့လား ... ဟုတ်လား"

"ရန်မဖြစ်လာပါဘူးအန်တီစန်းရယ်။ အဝေး နင်ပဲငဆနဲ့ရန်လဲမဖြစ်တတ်ပါဘူး မကျေနပ်တာပဲရှိတယ်"

"မကျေနပ်ရအောင် ညည်းတို့ဟာကတစ်နှစ်တောင်မသေးဘူး ခုနစ်လလား၊ ရှစ်လလားရှိသေးတဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"အကြီးအကျယ်ကိစ္စလဲမရှိပါဘူး အန်တီစန်းရယ် ... သူဆိုးနေတာလဲမဟုတ်ပါဘူး ... ဒါပေမယ့် မျှော်လင့်ထားသမျှတော့ တစ်လွဲကြီးပဲ အန်တီစန်းရယ် ..."

အန်တီစန်းက ရေခဲသေတ္တာထဲမှ ရေပုလင်းထုတ်ကာ ကွင်းဖျော်ရည်နှင့်အအေးဖျော်နေရင်း ...

"အော် ... ဒါကြောင့် အမေဆီမသွားချင်တာကိုး အမေ့ဆီရင်မဖွင့်ချင်ဘူးပေါ့ ... ညည်းကမာနလဲကြီးသကိုး အဝေးရဲ့ ..."

"မာနကြီးတာတော့မဟုတ်ပါဘူး ..."

အန်တီစန်းက အဝေးထိုင်နေသော ထမင်းစားစားပွဲပေါ် အအေးဖန်ခွက်ချပေးရင်း ... သူပါ တစ်ခုံခွဲထိုင်လိုက်လျက် သက်ပြင်းချသည်။

"မမကြီးကတော့အပြောသား ... ညည်းမင်္ဂလာမဆောင်ခင်ကတည်းကပါ ... အဝေးဟာ သူနဲ့ယှဉ်ပြီး သူ့လို ရှုံးနိမ့်တဲ့အိမ်ထောင်ရေးမျိုး ဖြစ်မှာစိုးတဲ့စိတ်နဲ့ သိပ်ကိုမျှော်လင့်ချက်ကြီးနေတယ်တဲ့ ... ဒီအတွက် သူစိတ်မကောင်းဘူးတဲ့ ... အမြင့်မှန်းလွန်းတော့ ကျရင် အကျနာသလိုမျိုးပေါ့ အဝေးရယ် ... မျှော်လင့်ချက် သိပ်ကြီးကြီးမထားရင် ... မျှော်လင့်ချက်ဆုံးတဲ့အခါ ဒဏ်ရာသေးတာပေါ့ ... မျှော်လင့်ချက်ကြီးကြီးထားတော့ ဒဏ်ရာကြီးတာပေါ့အေ ..."





"မျှော်လင့်ချက်ဆိုတာကတော့ ကြီးကြီးထားနိုင်လေ မျှော်လင့်ချက်ပြည့်မြောက်အောင် ဝီရိယများများပိုလေဖြစ်မယ်လို့အဝေးထင်တယ်။ ဒါကြောင့် အိမ်ထောင်ရေးမှမဟုတ်ဘူး ဘာကိစ္စမှာမဆို မျှော်လင့်ချက်ကြီးကြီးထားတယ်အန်တီစန်း ... အလုပ်မှာလဲ ဒီမျှော်လင့်ချက်နဲ့ ဒီဝီရိယနဲ့ပဲ အမြင့်ကိုတက်ရတာ ..."

"အိမ်ထောင်ရေးကိစ္စကတော့ ... ကိုယ်လုပ်သလို ဖြစ်တာချည်းမှမဟုတ်ဘဲ အဝေးရဲ့ ... အလုပ်ခွင်မှာ အဝေးကြိုးစားတယ် ... ရာထူးမြင့်မြင့်မှန်းတယ် ... ကြိုးစားသလိုဖြစ်တယ် ... ဘယ်သူနဲ့မှ စိတ်ချင်းညှိဖို့မလိုဘူး ... တစ်ကိုယ်တော်လုပ်လို့ဖြစ်တဲ့ကိစ္စမျိုးကို အိမ်ထောင်ရေးဆိုကထဲက ယောကျ်ားနဲ့မိန်းမနှစ်ယောက်ပါတယ် ... သားသမီးတွေရှိလာရင် မိသားစုဆိုပြီး ဦးရေပိုလာဦးမယ် ... လူအများ တစ်ယောက်ကိုတစ်ယောက်ညှိပြီး ညီမှအောင်မြင်မဲ့ကိစ္စမျိုးက ကံသေကံမတွက်လို့ဘယ်ရမလဲ အဝေးရဲ့ ... ညည်းမျက်နှာကြီးက ဒီလိုကြီးဖြစ်ပြီး စိတ်ဓါတ်ကျမနေစမ်းပါနဲ့ ... ဘယ်လောက်တောင်များ အခြေအနေဆိုးနေလို့လဲ ... အရက်၊ ဖဲ၊ မိန်းမ ... ဒါတွေငြိသလား"

"ဟင့်အင်း ..."

"ဒါများ အများကြီးသက်သာပါသေးတယ်အေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရက်သောက်နေ ... ဖဲရွဲနေ ... မိန်းမပွေနေတာ ကမှတော်ပါသေးတယ် ... ပျော့ညံ့ပြီး လူကြီးလိုမ တွေးတတ် ... မနေတတ်တဲ့ ... အလေးအနက်နိုင်မှုနဲ့တဲ့လူ ဖြစ်နေတာက အသေးအဖွဲ့လေးတွေ ပဋိပက္ခများလွန်းလို့ ပိုဆိုးတယ် ..."

"ဒါက ... ဟိုအဖြစ်ကြီးတွေ ညည်းမကြုံရသေးလို့ ကိုယ်ခံနေရတဲ့ငရဲက အပူဆုံးထင်တာပါ အဝေးရယ်"

ဒါတော့ အဝေးမပြောတတ်ပါ။ ကိုယ့်အပူသာ အဆိုးဆုံးထင်နေတာလဲ ဖြစ်နိုင်ပါသေးသည်။ အဝေးက ဘာမဟုတ်သော အသေးအဖွဲ့ကိစ္စကလေးတို့၌ မောင်မသိတတ်ပုံတွေ၊ မောင်ရပ်တည်ပုံတွေ၊ မောင်တွေးပုံတွေကို ရင်ထဲပြည့်အောင် မကျေနပ်နိုင်သမျှ အန်တီစန်းကို အိပ်သွန်ဖာမှောက် အကုန်ဖွင့်ချကာ ပြောမိသည်။ အန်တီစန်းဟာ မောင့်ကို ဆုံးမနိုင်သူမျိုးလဲမဟုတ် ...။ သို့သော် ခံစားချက်ကို မျှလိုသောရည်ရွယ်ချက်နှင့်ဖြစ်သည်။ တစ်ယောက်ထဲမျိုသိပ်ကာ ခံနေရတာ ရင်ထဲအောင့်လှပြီ။

"မောင်က သူခံတွင်းတွေ့ခဲ့တဲ့ မရီလက်ရာကိုလဲ အခုကြိဖန် အပြစ်တင်တော့တာပဲ ... မရီကို သူ တစ်စက်မှကြည့်မရဘူး ... မရီခမျာ ဘာမှမမှားရှာပါဘူး ... သူရှာကြံပြီး အပြစ်တွေ့တယ် ... ဒါဟာ သူ့အမေ၊ သူ့အစ်မက တစ်ဖက်မှာ သူ မခံချင်အောင်





လုပ်နေလို့၊ ဖြစ်နိုင်ရင် ... သူ့အမေနဲ့သူ့အစ်မကို ကောင်းကင်မှာ နန်းတော်ကြီးဆောက်ပြီး စည်းစိမ်အပြည့်နဲ့ လူ့လောကမေ့အောင် တင်ထားလိုက်ချင်တယ် မကောင်းတော့ မဖြစ်စေချင်ပါဘူး ... မျက်စေ့မဖွင့်နိုင်အောင် စည်းစိမ်တွေပုံပေးပြီး ခံစားနေစေချင်တယ် ဒါမှ အားလုံးကိုမေ့ပြီး မောင့်ကိုပါ သူတို့မေ့နေမယ်"

အန်တီစန်းက သဘောတကျရယ်ပါလေသည်။

"ယောက္ခတို့ ယောင်းမတို့နဲ့မပြေလည်ရတဲ့ဒုက္ခဟာ တစ်ရာမှာ အနဲဆုံးကိုးဆယ်တော့ခံစားရပါတယ်အဝေးရယ် ..."

"အဝေးကတည့်ချင်တယ် ... တည့်အောင်လဲနေတယ် အဝေးက သူတို့မောင်ကိုကျောင်းထားပေးနေရလို့ ဂုဏ်မောက်တယ်၊ ဘဝင်မြင့်တယ် ထင်ခံရမှာသိပ်စိုးတယ် ဒါကြောင့် ရိုကျိုးတယ် ... ဝတ္တရားမပျက်စေရဘူး မောင် မအားရင်တောင် မာမီတို့၊ မမကြီးတို့ ကိစ္စဝိစ္စတွေ အဝေးအားသလို ကားမောင်းပို့တယ် ... တစ်ခုခု သူတို့လိုအပ်ရင် ခိုင်းတာပဲဖြစ်ဖြစ် ... အကူအညီတောင်းတာပဲဖြစ်ဖြစ်အဝေးလုပ်ပေးတယ် ... အဝေး ဘာမှမပျက်ကွက်ဘူး ... အပြင်ပန်း ဟန်ဆောင်ဝတ္တရားကျေတာမဟုတ်ဘူး ရင်ထဲကပါမေတ္တာထားတယ် ... အော် ... သူ့အမေပဲလေ ... သူ့အစ်မပဲလေ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီရင်ခွင်တွေထဲက သူ့ကို ငါကဆွဲထုတ်လာရတာပဲဆိုပြီး တတ်နိုင်တာ ပြန်ဖြည့်ဆီးပေးဖို့တာဝန်ကို ရှိတယ်လို့ လဲခံယူတယ် ... ဒါကို မောင်မမြင်ဘူးလားမသိဘူး အဲဒီလိုစိတ်ကောင်းထားပေးတာကို ကျေးဇူးမတင်ဘူး လားမသိဘူး ငါ့မိန်းမက မှန်မှန်ရပ်တည်ပါလားလို့ အသိအမှတ်မပြုဘူးလားမသိဘူး ...”

အဝေးက မောသွားသလို ခဏနားလိုက်သည်။

“ဒါလေးတွေဟာ ကိစ္စသေးသေးလေးတွေပါ အဝေး ရယ် ... တဖြည်းဖြည်း သူလဲနားလည်လာမှာပါ ... အဝေးနဲ့ အနီးဆုံးနေရတဲ့သူပဲ ...”

“အနီးဆုံးနေပေမယ့် အဝေးက ကိုယ့်ဂုဏ်ကိုယ်ဖော်ပြီး ငါက ဒီလိုကောင်းတယ်လို့ တတွတ်တွတ်မပြောမနေ တာ ... သူက နားယောင်တတ်တဲ့သူ ... ပြောတာကို ပဲကြားတယ် ... မပြောတာကို ဖြည့်မမြင်ဘူး ...”

“ဒါဖြင့် ညည်းလဲ ... ကိုယ့်အကောင်းတွေကိုယ်ဖော် ပြီး တတွတ်တွတ်ပြောပေါ့အေ ...”

“မောတယ် အန်တီစန်းရယ် ... ပြီးတော့ ရှက်တယ် ပြောချင်စိတ်မပေါက်ဘဲ ... မသိတာကို ညံ့လေခြင်း လို့ပဲ အထင်သေးလာတယ် ...”

“ညည်းကိုကလဲ သူများထက် ပိုအကွက်စေ့တော့ ပို အပြစ်မြင်တာပါ ... ကိုယ်နဲ့တော့ မနှိုင်းနဲ့အဝေး





ညည်းက ဆယ်နှစ်သမီးကထဲက အိမ်လခပိုက်ဆံကို ကိုင်ပြီး အဒေါ်တွေ၊ ဘကြီးတွေအိမ်နေပေမယ့် ထမင်း ဖိုးပေးမယ်ဆိုပြီး ဘယ်နေရာဘယ်လောက် တွက်ချက် သုံးလာတဲ့မိန်းကလေးမျိုး ... ကိုယ့်ခြေထောက်ပေါ် ကိုယ် စောစောစီးစီးရပ်ခဲ့တဲ့ မိန်းကလေးမျိုး ... မိဘ ရင်ခွင်ထဲကမထွက်ဘဲ ချွဲနွဲ့ပြီး ဘာမှမသိနားမလည်ဘဲ ကြီးခဲ့ရတာမဟုတ်ဘူး ... ကြုံခဲ့ရတဲ့အဖြစ်ကလဲ ဆိုး တော့ စိတ်မာတယ် ... အောက်သက်ကျေတယ် ... မောင်မောင်ကျေးက နို့ညှာသား ... မိဘကိုလဲ နွဲ့ လို့ရတယ် ... အထက်က အစ်ကိုအစ်မနှစ်ယောက် ကိုလဲ ဆိုးလို့ရတယ်။ အခုထိလဲ ကျောင်းသားဘဝဆို တော့ ညည်းလောက်တော့ ဘယ်နည်းနဲ့မှလူကြီးစိတ် မဝင်နိုင်ဘူးအဝေး ... ကိုယ်နဲ့နှိုင်းပြီး အားမလိုအား မရဖြစ်တာတွေကိုဖျောက်နိုင်မှ ညည်းအေးချမ်းမယ်”

“ဟုတ်တယ် ... အခု အဝေးမအေးချမ်းဘူး”

“မမမြကပြောပါရဲ့ ... အဝေးဟာ သူ့ကြိုးကိုင်နိုင် မယ်ယူဆတဲ့ ... သူထိန်းနိုင်မယ်ထင်တဲ့လူကို ရွေး ယူခဲ့တာပဲတဲ့ ... ကိုယ့်ထက်အသက်ငယ်တာကိုရွေး တာလဲ ဒါကြောင့်ပဲတဲ့ ... ဒီအတွက် သူရင်လေးတယ် တဲ့ ... အဝေးဟာ အေးချမ်းမှာမဟုတ်ဘူးတဲ့ ...”

“ဒါကို အမေက ဘာလို့ကြိုပြောနိုင်တာလဲ ...”



www.burmeseclassic.com

www.burmeseclassic.com



"သူလိုမိန်းမလောက် လူကဲခတ်နိုင်တာ ... လူအကြောင်းသိနိုင်တာရှိမလားအဝေးရယ် ... လမ်းကြမ်းကြီး ခရီးနှင်ခဲ့ရတာ ..."

"အဝေးကိုတော့ ဘာကြောင့် ဒီလိုမပြောသလဲ ..."

"ညည်းက ညည်းအမေဆီက သဘောထားကို လို ချင်ချင်တောင်းလို့လား ... ဖိတ်စာပေးရင်း အဒေ ဘယ်လိုသဘောရလဲပြောတာဟာ သူ့သဘောထား တောင်းတာမဟုတ်ဘူး အဝေးရဲ့ ... ကဲပါ ... အ ဒီတုန်းက သူကတားခဲ့ရင် ညည်းနောက်ဆုတ်မှာမို့လား အဝေး ..."

"ဟင့်အင်း ..."

"အဲဒီတော့ ... စိတ်ဆင်းရဲစရာတွေပြောနေလဲအ ပေါ့ ... သူ ဘယ်ပြောမလဲ ..."

"အမေ့ကို ဒါတွေပြောမပြပါနဲ့ အန်တီစန်းရယ် ..."

"တကူးတကတော့ အတင်းပြောသလို သွားမပြော ဘူးအေ ... ကြုံရင်တော့လဲ သိထားသင့်တာမို့ ကမြဲမထားနိုင်ဘူး ..."

အဝေး သက်ပြင်းတစ်ချက်ချလိုက်မိသည်။ မယ့်အတူတူ မရမက ပိတ်ဆို့မနေတော့ပါ။ ပြောလိုလဲ ပါစေ။ မပြောလိုလဲ နေပါစေတော့။

"အဝေး ဘယ်တုန်းကမှမသိခဲ့ဘဲ ... သိလဲမသိ





ခဲ့တာတစ်ခု အခုသိချင်တယ် ..."

"ဘာများလဲ ..."

"အဖေဟာ ... မိန်းမက လက်နဲ့သတ်ရလောက်အောင် ဘယ်လောက်တောင်များဆိုးခဲ့သလဲ ... အဖေ ဘာတွေဆိုးလဲ ... အဝေး ခုထိမသိဘူး ... တစ်ခါတစ်ခါ ရန်ဖြစ်တာမှတ်မိပေမယ့် ဘာတွေဖြစ်ကြမှန်း မသိဘူး ... အမေ့အမျိုးတွေကလဲ အဖေဆိုးတယ်ပဲပြောတာ ... ဘာဆိုးလဲ အဝေးက စိတ်မဝင်စားတော့ မမေးပါဘူး ... အဖေ့အမျိုးတွေက အမေက စိတ်မာတယ် ... အညိုးကြီးတယ် ... ရိုင်းတယ်ပြောကြတာလဲ အဝေး ဘာလို့ပြောမှန်းမသိဘူး ... အခု သိချင်လာတယ် ... အဖေဘယ်လိုဆိုးလဲ ... ဘယ်လောက်ထိ ဆိုးခဲ့သလဲ ... အမေက သတ်ပစ်ချင်လောက်အောင် ဘယ်လောက်များ ဆိုးခဲ့သလဲဟင်"

အန်တီစန်းက အသာပြုံးရင်း ...

"ဒါတွေပြောလို့ ဘာထူးမလဲ ... မမမြက အဝေးကို ဒီအကြောင်းတွေ လုံးဝမပြောစေချင်ဘူး ... ထောင်ထဲဝင်ခါနီးအထိ သူ့အဖေဆိုးပုံတွေ သမီးကို ဘာမှမပြောနဲ့လို့မှာခဲ့တယ် ... အဖေကို အပြစ်မြင်ပြီး ညည်းငရဲရနေမှာစိုးလို့တဲ့ ... ညည်းအဖေဟာ မယားအပေါ် မကောင်းပေမယ့် သမီးအပေါ်ကောင်းခဲ့တော့ ညည်း

www.burmeseclassic.com

ရဲ့ကျေးဇူးရှင် အနန္တေအနန္တငါးပါးဝင်ပဲ ... တို မှတ်ထားလိုက် ... ညည်းအမေ သည်းညည်းမခံနိုင် လောက်အောင်ဆိုးခဲ့လို့ပေါ့ အဝေးရယ် ... တော မိန်းမ လူမသတ်ရဲပါဘူး ... အထူးသဖြင့် ကို ယောကျ်ား ပြန်တောင်မသတ်ရဲသေးတယ် ... ဒါ မယ့် သတ်ပစ်ချင်အောင်၊ သည်းညည်းမခံနိုင်အော ဖြစ်ခဲ့တယ် ... ညည်းအဖေဘက်ကကြည့်ရင် သူလု တာတွေဟာ သူ့အတွက် အမှားတွေအပြစ်တွေ ဟုတ် ချင်မှဟုတ်မယ်ပေါ့ ... ဒါပေမယ့် ဆက်မပေါင်းနိုင် လောက်အောင်၊ ခွင့်မလွှတ်နိုင်လောက်အောင် ညည် အမေဘက်က ခံစားခဲ့ရလို့ပေါ့ ... တခြားမိန်း တစ်ယောက်ဆိုရင် ဒီနေရာမှာ ခွင့်လွှတ်ချင်လွှတ်နိုင် မယ် ... တချို့မိန်းမတွေဆိုရင်လဲ ညည်းအမေသည် ခံခဲ့သလောက်တောင်မဟုတ်ဘဲ စောစောပြသနာတ မယ် ... တချို့ အင်မတန် နူးညံ့ အတွက်ခံပါးပြီး ရားနဲ့နေနိုင်တဲ့ မိန်းမမျိုးဆိုရင်လဲ တစ်သက်လုံးပေါင် ရင်ပေါင်းသွားနိုင်မှာပဲ ... ဒီလူနဲ့ဒီလူကိုမှ ကံကြမ္မာ က စပ်ဟပ်ပေးလိုက်တာကိုး ... ဒီလိုဖြစ်လာရတာအ အဝေးရယ် ... အခုလဲ ညည်းနဲ့ မောင်မောင်ကျေ ကိုမှ ဖူးစာရေးနတ်က စပ်ဟပ်ပေးထားတယ် ... တည ခဲ့ပြီးတဲ့အိမ်ထောင် သာယာခိုင်မြဲအောင် အနစ်နာခံနိုင်





သူက ခံရစမြဲပဲ ... အနစ်နာမခံသူဟာ ဘယ်တော့ မှမခံဘူးပဲ ... ဒီအိမ်ထောင်ကို သာယာစေလိုစိတ် တန်ဖိုးထားစိတ် ညည်းမှာပိုရင် ညည်းအနစ်နာခံပေ တော့ ... သာယာစေလိုစိတ်၊ တန်ဖိုးထားလိုစိတ် မောင်မောင်ကျေးမှာပိုရင် သူ အနစ်နာခံပါလိမ့်မယ်"

အဝေးမျက်ရည်လည်လာသည်။

ဤအိမ်ထောင်အပေါ် တန်ဖိုးထားမှုအရာ၌ရော ာယာစေလိုသည့်ဆန္ဒ၌ပါ အဝေးဘက်ကသာ ပိုလိမ့်မည်ဆို ာ အဝေးအလိုလိုသိနေလေသည်။ မြင့်မြတ်၍ အကျင့် ာရှိသော မိန်းမမှန်လျှင် အိမ်ထောင်တစ်ခု၌ လင်ယောကျ်ား က်ပို၍ ဤအိမ်ထောင်ကို သာတောင့်သာယာဖြစ်အောင် တန် ကြီးမားစွာထားလိမ့်မည်ချည်းသာတည်း။

ဤသည်ကား လောကြီးက မွေးရာပါပေးအပ် းပြီးဖြစ်သော မိန်းမတို့အတွက် ဝန်လက်ဆောင်တည်း။

✧ ¤ ✧

ထိုနေ့ညနေ အဝေးအိမ်ပြန်ရောက်တော့ မောင် ရောက်သေး။ အဝေးက နောက်ဖေးထဲဝင်ကာ ကော်ဖီဖျော် ာက်ဖို့စဉ်းစားစဉ် ပန်းကန်ဆေးသော ဗေစင်၌ ပန်းကန် ်ယောက်တွေ မဆေးရသေးဘဲ တစ်ပုံတစ်ပင်တွေ့ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အံ့သြသွားသည်။ မရီက အဝတ်လျှော်နေသည်။

"မရီရေ ... ပန်းကန်ပေတွေကများလှပါလား"

"အော် ... ဟုတ်ကဲ့ ... ကျွန်မအဝတ်လျှော်ချင် လို့ပါ ... ဒါတွေဆေးမှာပါ ... အခု အဝတ် ညှစ်နေပါပြီ ... ပြီးတာနဲ့ဆေးလိုက်မယ် မအေး"

"အားတော့မှဆေးလေရတာပဲ ကျွန်မပြောတာက ဘယ် ကနေ ဒီလောက်ပန်းကန်အပေတွေထွက်လာတာလဲ"

"ကိုမောင်မောင်ကျေး ခဏပြန်လာလို့ပါ ... သူငယ် ချင်းတွေလဲပါလာလို့ ... ယောကျ်ားလေးနှစ်ယောက် မိန်းကလေးနှစ်ယောက်၊ လမ်းထိပ်က နန်းကြီးသုပ် ဆင်းဝယ်ခိုင်းလို့ ကျွန်မပြင်ကျွေးထားတာ ... အဲ့ တွေမဆေးရသေးတာ ..."

"အော် ..."

မောင် သူငယ်ချင်းတွေနှင့် ပြန်လာကာ စား သောက်ပြီး ပြန်ထွက်သွားတာကိုး။ အေးက ပန်းကန် ကိစ္စသိရပြီးသော် အရေးမကြီးသဖြင့်မေ့သွားပါသည်။ ည တော့ မောင်အပြန်မိုးချုပ်လှသဖြင့် အေး တမျှော်မျှော် ... နက်ဖြန် စာမေးပွဲရှိသဖြင့် စိတ်ပူနေသည်။ ညကိုးနာရီယော ကျမှ မောင်ပြန်ရောက်လာပါသည်။ တစ်နေကုန် စာကျက် ရသဖြင့် မောင့်ပုံစံက ခေါင်းကိုက်နေပုံရသည်။

ထမင်းစားခဲ့ပြီဆိုသဖြင့် ခဏအကြာမှာ အေး





အိပ်ရာဝင်ဖို့ပြင်သည်။ မောင်က စာရေးစားပွဲမှာထိုင်တုန်း ဒီ ည အတော်ညဥ့်နက်နက် စာကြည့်မည့်ပုံရသဖြင့် အေးအိပ် ယာထဲရောက်ပြီးမှထွက်ကာ ကော်ဖီကို ဓါတ်ဗူးနှင့် ဖျော်ယူ လာသည်။

"မောင် ကော်ဖီနော် ... အဝေးဘာလုပ်ပေးရဦးမလဲ"

"ရတယ်ရတယ် ... အိပ်တော့"

အဝေး မောင့်ဘက်ကိုကျောပေးကာအိပ်မည်ပြု ပြီးမှ သတိရကာ ...

"မောင် နေ့လည်ကပြန်လာသေးတယ်ဆို ..."

စာကျက်သံလဲမထွက်သေး။ တစ်နေကုန်လဲ စ ကားမပြောရသေးသဖြင့် စကားမရှိစကားရှာကာ အရေးမကြီး ပြောလိုက်မိခြင်းပါ။

"အင်း ..."

"ကောင်မလေးတွေလဲပါတယ်ဆို ဘယ်သူတွေလဲမောင်"

ဒါလဲ သိချင်လှလို့ ... မယုံသင်္ကာလို့မဟုတ်။ ယောကျ်ားလေးတွေကတော့ ကျော်ကြီးတို့၊ အောင်ဝင်းတို့၊ မိုး ကျော်လွင်တို့ဖြစ်မည်ဆိုတာ သိပြီးသားမို့ပင် မောင်တို့ဆေး ကျောင်းမှာ ကျားမ မရွေးမခွဲဘဲ တရင်းတနှီးခင်တတ်ကြတာကို အဝေး နားလည်ပေးသည်။ မောင့်မှာ မိန်းကလေးသူငယ်ချင်း တွေလဲ ရှိတာသိပြီးသား။ အမည်တွေပင် သေချာမှတ်မိ။ အိမ်လာလည်တာမျိုး မရှိဘူး၍ မမြင်ဘူးပါ။ ဒါကို အဝေး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ ဘာမှအရေးမထားပါ။

မယုံသင်္ကာခြင်းရှိလို့ မေးတာမဟုတ်သည်ကတော့ သေချာစကားပင်တည်း။ သို့သော် အဝေးတုန်ခန်နေအောင် လန့်ဖျတ်ပြီးထထိုင်လိုက်မိသည်အထိ မောင့် "ဘာ"သံကြီးက ပြင်းထန်လှပါပေသည်။ အဝေးသည် ရုတ်တရက် မောင်ဘာဖြစ်သွားမှန်းမသိ။ ဘာကို ထအော်လိုက်ပါလိမ့်ဆိုတာပင် ချက်ချင်းလက်ငင်း အဖြေမပေါ်ဘဲ ထူပူနေသည်။

"မောင် ဘာဖြစ်တာလဲ ..."

"ဘာဖြစ်ရမလဲ ... ဒါ ဟိုမိန်းမက ပြန်တိုင်တဲ့သတာပေါ့ ဟုတ်လား ... ကောင်မလေးပါတော့ ဘာဖြစ်သလဲ ... အိမ်ပြန်မရောက်ခင် အတို့အထောင်လုပ်ထားတာပေါ့လေ ... ခင်ဗျားကလဲ ဒီသဘောနဲ့ပဲ သူ့ကို လူယုံမွေးထားတာမဟုတ်လား"

"ဘာတွေလျှောက်ပြောနေတာလဲ မောင် ..."

"ဘာတွေလျှောက်ပြောနေတယ်ထင်လဲ ... ကြားတဲ့အတိုင်းပဲ ..."

"မောင် ဘာတွေဒေါသဖြစ်နေတာလဲ ..."

"ကောင်မလေးတွေပါတော့ဘာဖြစ်လဲ၊ ဘာလုပ်ချင်လဲ"

အဝေးသည် စိတ်တာအားညစ်သွားကာ မောင့်ကို စေ့စေ့ကြည့်နေမိသည်။ ရန်လိုလှချည့်လား။ စာတွေပိကာ ခေါင်းရှုပ်နေခိုက် ဘာမဟုတ်တာနှင့် ဒေါသထွက်လွယ်နေတာထင်





ပါရဲ့။ အဝေးသည် သည်းညည်းခံဖို့အားမွေးကာ ...

"ဘာမှမဖြစ်ပါဘူး မောင် ... ဘာမှမလုပ်ချင်ပါဘူး ဘာရယ်မဟုတ်ဘူး မေးကြည့်တာပါ ... ဒီကိစ္စနဲ့ ပတ်သက်ပြီး မယုံသင်္ကာမေးစရာလဲမလိုဘူး"

မောင်က မျက်လုံးကြီးပြူးကာ ဒေါသထိန်းမရအောင်ဖြစ်နေသည်။ ဘာတွေများ ဒီလောက်ဒေါသထွက်ရလောက်အောင်ဖြစ်သွားရပါလိမ့်။ အဝေးသည် မောင့်ကို ရှူးရှူးစိုက်စိုက်ကြည့်နေကာ အခြေအနေ အေးဆေးလျော့ပါးသွားအောင် ဘယ်လိုလုပ်ရမည်ဆိုတာကိုသာ စဉ်းစားနေသည်။

"ဘာလဲ ... မင်းအိမ်ကို မိန်းကလေးညှိသည် ငါ ခေါ်ခွင့်မရှိဘူးလား အဝေး"

အဝေးသည် မနက်မှာ မောင်စာမေးပွဲဖြေရမှာမို့ မောင့်ကို ခေါင်းမပူစေလိုပေ။

"ခေါင်းအေးအေးထားပါမောင်ရယ် ... ခေါ်တော့ ဘာဖြစ်သလဲ ... အဝေး စကားအဖြစ်သာမေးလိုက်တာ ပြီးတော့ အဝေးကို မင်းနဲ့ငါနဲ့ မပြောပါနဲ့ ... အဝေးက မောင့်ထက်ကြီးပါတယ်"

"အဲဒီလိုကြီးတဲ့မိန်းမယူထားရလို့ နေရာတကာ ခါးမနောက်ပိတ်ခွေးဖြစ်နေတာ ..."

"ဘာပြောတယ်မောင် ..."

အဝေးမျက်ရည်လည်လာသည်။ ကြီးတဲ့မိန်းမယူ



www.burmeseclassic.com

www.burmeseclassic.com



ထားရလို့တဲ့။ လေသံက နာလုံးပေါက်ကာ နောက်တသံပါနေပါ
ကလား။

"အိမ်ကို မိန်းကလေးတွေပါလာတယ်လို့ ဟိုဟာမကြီး
ကပြန်တိုင်တယ် ... ခင်ဗျားကလဲ စစ်လားဆေးလား
လူကိုဘယ်တော့မှလာမစစ်နဲ့ ... ကောင်းကောင်း
နေတာ။ မဟုတ်တာဘာမှလုပ်မနေဘူး ... ဒါကြော
လဲ ခင်ဗျားက ဟိုဟာမကြီးကို လက်မလွှတ်နိုင်တာ
ခင်ဗျားအမေပို့ထားတဲ့ ခင်ဗျားအတွက် လူယုံကြီး"

"ဘာလူယုံလဲ ... အိမ်ဖော်လိုလို့အမေပို့ပေးတာ
လူယုံထားရအောင် အိမ်တွင်းရေးက ဘာတွေရှုပ်
နေလို့လဲမောင် ... တော်ပါတော့ မေးမိတာအဆေး
ပါတယ် ... တောင်းလဲတောင်းပန်ပါတယ် ...
စိတ်မှမရှိဘဲ မောင်နဲ့တစ်နေကုန်စကားမပြောရသေး
စကားမရှိစကားရှာပြီး ရိုးရိုးသားသားမေးတာပါ ...
မောင် ခေါင်းထဲကထုတ်လိုက်ပါ ... နက်ဖြန်
စာမေးပွဲရှိတယ် မဟုတ်လား ..."

"ရှိတော့ဘာဖြစ်လဲ ... ဒီစာမေးပွဲ ကျလဲကျပေါ့ ...
ဘာလဲ တစ်နှစ်စာ ပိုကုန်မှာစိုးလို့လား ... ဆရာဝ
မြန်ဖြစ်မှ ဝင်ငွေမြန်မြန်ရမှာမို့ တစ်နှစ်အပုပ်မခံ
ဘူးမဟုတ်လား ... ကာယကံရှင်ထက်တောင်
အောင်ချင်နေတာမဟုတ်လား ..."





"မောင့် အတွေးအခေါ်တွေ အကုန်မှားနေပြီ ... မောင့်
ခေါင်းထဲကို ဒီလိုအတွေးတွေ ဘယ်လိုလုပ်ရောက်လာပါ
လိမ့် ... မဟုတ်ဘူးမောင် ... မောင်မှားနေတယ်"

"ဘာမှမမှားဘူး တော်က ... ဟိုဟာမကြီး၊ အတို့
အထောင်မကြီး ငါနဲ့တွေ့မယ် ... သူကများ ရာရာ
စစ ငါ့ကို အပြစ်ရှာတိုင်တယ် ..."

မောင်က စိတ်လိုက်မာန်ပါ ဝုန်းခနဲ ထထွက်
ပြင်တာကြောင့် အဆေး ခုတင်ပေါ်မှ ကမန်းကတန်းဆင်းကာ
မောင့်ကိုဆွဲရသည်။

"မလုပ်ပါနဲ့မောင်ရယ် သူလဲအိပ်နေပါပြီ။ သွားမဆူပါနဲ့
သူ အတို့အထောင်လုပ်တာလဲ မဟုတ်ပါဘူး ... စ
ကားစပ်လို့ပြောတာပါ ... ပန်းကန်တွေပေနေတာတွေ့
လို့ မဆေးရသေးတာနဲ့ အဆေးကမေးကြည့်လို့ သူ
ပြောရတာပါ။ အလကားတိုင်တာမဟုတ်ပါဘူးမောင်"

"ဘာအတို့အထောင်မဟုတ်ရမှာလဲ ... ညဏ်ကြီးပဲ
ပန်းကန်တွေမဆေးသေးဘဲထားတာကိုက အဆေးပြန်လာ
ရင်တွေ့အောင်ပေါ့ ..."

"ခက်လိုက်တာမောင်ရယ် ... အတွေးခေါင်လိုက်တာ
သူ့အလုပ်မအားသေးလို့ပါ ... တခြားအလုပ် အရင်
လုပ်နေလို့ ပန်းကန်တွေကျန်နေတာပါ ... သူ ဘာမှ
ကုန်းတိုက်တာမဟုတ်ဘူးဆိုတာ မောင်ယုံပါ ... မောင်

www.burmeseclassic.com



ရယ် လင်မယားကြားထဲ သူတိုက်တော့ရော သူ့မှာဘာအကျိုးရှိလို့လဲ ... မောင်စဉ်းစားစမ်းပါ ... သူလဲ ပိုက်ဆံတစ်ပြားပိုမရဘူး ...”

“ပိုမရပေမယ့် အဝေးအမေကသက်သက်လှူယုံထဲ့ထားတာ ...”

အဝေး သက်ပြင်းချကာ မျက်ရည်သုတ်သည်။

အဝေးရိပ်မိနေပြီ။ ဒီအတွေးအခေါ်၊ ဒီစကားတွေဟာ ဘယ်နည်းနှင့်မှ မောင့်ကိုယ်ပိုင်မဟုတ်။ အဝေးအမေရဲ့ လှူယုံဆိုတာဟာ မောင့်အမေ သို့မဟုတ် အစ်မရဲ့စကားဖြစ်မည်။ ဒါ သေချာလှသည်။ အဝေးသည် အလွန်ဒေါသထွက်လာသော်လဲ မောင့်အပေါ် ထိုဒေါသကိုမကျအောင် မပေါ်လွင်အောင်ထိန်းပါသည်။ မောင် နက်ဖြန်ဖြေမည့်စာမေးပွဲကို ခေါင်းရှင်းရှင်းဖြေနိုင်ပါစေ။

ထိုစေတနာဟာ စေတနာအစစ်သာဖြစ်ကြောင်းလဲ ယုံတတ်သောအစွမ်းရှိစမ်းပါမောင်ရယ်။ စာမေးပွဲကျရင် တစ်နှစ်ပိုကျောင်းထားရတာ ... ဝင်ငွေနောက်ကျမှာ ... ဆိုတာတွေဟာလဲ သူတို့ဘက်ကမိသားစုတွေရဲ့စကားပဲဖြစ်မည်။ သူတို့တတွေသည် အဝေးကို ကျောထောက်နောက်ခံ မိဘအရှိန်အဝါဘာမှမရှိဘဲ မောင်နှင့်သဘောတူယူနိုင်ခဲ့တာကိုက အဝေးရဲ့တစ်လ လခကြောင့်သာဖြစ်ပေမည်ဆိုတာ အဝေး တဖြည်းဖြည်းနားလည်နေပြီ။ ဆရာဝန်ဖြစ်တဲ့အခါ သူတို့မောင်ရဲ့





ဝင်ငွေဟာ ဘယ်လောက်များရှိမှာမို့လဲ။ အဝေးရဲ့ဝင်ငွေဟာ သူတို့ ဂရုစိုက်စရာဖြစ်သည်။ ဒါကို တစ်ဝက်ကသဘောကျနေပြီး တစ်ကတော့ သူတို့မောင်ကို မိန်းမလုပ်သူက တင်ကျွေးကျောင်းထားပေးနေရသည့်အဖြစ်၌ သိမ်ငယ်စိတ်၊ ရှက်စိတ်၊ အငဲ့စိတ်ဝင်နေပေမည်။ တစ်ချိန်မှာ အဝေးမောက်မလာမှာပဲ၊ စေတနာပျက်လာမှာပဲ၊ မောင့်ကို ဖိစီးနိုင်စားလာမှာပဲဆိုသည့် အထင်တွေဟာ ထိုအချက်မှပင်မြစ်ဖျားခံသည်။

ဘယ်နှယ်လုပ်ကြမည်နည်း။

မိသားစုရှိသည့်လူတစ်ယောက်ကို မိသားစုနှင့်ခွင်းကွာ အဆက်ပြတ်အောင်ထားလဲ မထားနိုင် ... ထားလဲ မထားစကောင်းပါ။ ,သို့သော် မောင်သည် အဝေးမပါဘဲ သူ့အိမ်သွားလည်ပတ်နေသ၍တော့ အဝေးကွယ်ရာ၌ သူ့အမေ အစ်မတို့က စကားသွင်းလို့ကောင်းလိုက်ကြမည်ဖြစ်ခြင်းပင်။

ဘယ်လိုဖြေရှင်းရပါ့မလဲ။

“ဒီမှာမောင် ... မောင့်ခေါင်းထဲ နိုင်နိုင်မာမာထဲ့ထားဖို့က မရီဟာ အဝေးအမေလှူယုံလဲမဟုတ်ဘူး၊ အဝေးလှူယုံလဲမဟုတ်ဘူး ...၊ လှူယုံထားရလောက်အောင်လဲ ဘာအရှုပ်အရှင်းမှမရှိဘူး ... ဒါအမှန်ပဲ ...”

“ဒါအမှန်ပဲဆိုရင် ခင်ဗျားဘာလို့ ဒင်းကိုဒီလောက်မက်နေသလဲ ... ခင်ဗျားသိပ်မက်တဲ့သူကို လှူယုံမဟုတ်ရင် ထုတ်ပစ်လိုက် ...”



www.burmeseclassic.com

www.burmeseclassic.com



မရှိမထွက်ထွက်ရအောင် မောင့်ကိုတစ်ဖက်လှည့် တိုက်ထားခြင်းပင်တကား။ စိတ်ထားတွေဟာ သေးသိမ်ကြလှ ပါကလား။ ဘာအပြစ်မှမရှိပဲ ရမ်းသမ်းမဲနေကြသည်။ အစက ထဲက သူတို့မကြိုက်သော အိမ်ဖော်ကို အဝေးကထုတ်ပစ်လိုက် မှ ဒါတွေနောက်ဆက်တွဲဖြစ်မလာမှာ။ ခုတော့ အဝေးက သူ တို့ဆန္ဒကို ဆန့်ကျင်မိသည်။ ထိုအခါ သိမ်ငယ်စိတ်ရှိသူတို့ သည် သူတို့ဟာ အရေးမပါ ချောင်ထဲကလူတွေဟု သူတို့ ဘာသာ အထင်လွဲမှတ်ကာ မခံမရပ်နိုင်နာကျည်းသည်။

သူတို့ဒုက္ခ သူတို့ရှာကာ ပူပြင်းလောင်မြိုက်နေကြ တာပါလား။

"မရှိမှာ ဘာအပြစ်ရှိလို့ ဒီလောက်ညှိုးနေရတာလဲ မောင် ရယ် ..."

"ဘာပဲဖြစ်ဖြစ်ပေါ့ ... အိမ်ဖော်များ ခေါ်ချင်တဲ့နေရာ က ပိုက်ဆံနဲ့ပေါက်ပြီးခေါ်လို့ရတယ် ... သူ့ကိုမှ မက်နေတယ်ဆိုရင် မရှိုးသားဘူး ..."

သေးသိမ်လှတဲ့စိတ်ဓါတ်၊ နိမ့်ပါးလှတဲ့အတွေး အခေါ်၊ ဒါတွေကို အရင်က အဝေး ဘာကြောင့်မမြင်ခဲ့ပါသ နည်း။ အဝေးသည် ကိုယ့်ခေါင်းကိုကိုယ် တုနှင့်ထုပစ်ချင် သည်။ ကန်းဦးလေဟု ကိုယ့်မျက်လုံး ကိုယ်ထိုးဖောက်ချင်သ သည်။ မောင့်ရဲ့ ယိုင်နဲ့သောစိတ်သဘောထား အတွေးအခေါ် တွေကို သူမ ဘာကြောင့် သတိလွတ်ခဲ့သနည်း။





"ဘာလဲ ... ဒီလောက်တောင် ဒီဟာမကြီးကို မထုတ် နိုင်ဘဲဖြစ်နေသလား ..."

အဝေးသည် သည်းမခံချင်ဘဲ ငုံပြီးခံနေရသော အဖြစ်၌ နာကျင်ကာ မျက်ရည်တွေတစ်ပေါက်ချင်းကျလာသည်။ ရင်ထဲ၌ကျုပ်နေသည်။ အရေးမပါတာကို ကုပ်ကပ် ကတ်ဖိုး ကတ်ဖဲ့လုပ်ပြီး သူ့ဆန္ဒအပေါ်၌ မတ်မတ်ရပ်ပြချင်နေသော မောင့်ကို စိတ်ပျက်သည်။ ယောကျ်ားတစ်ယောက်ရဲ့ နိုင်ခန့် ားမတ်စွာ ရပ်တည်နိုင်မှုကိုပြသချင်သော သနားစဖွယ်လူ တစ်ယောက်ထင်ပါရဲ့။ ထိုအိမ်ဖော်ကို သူ့ဆန္ဒနှင့်ထုတ်ပစ်နိုင် ည်ဆိုတာ မိဘအိမ်၌ ဝင့်ဝါဂုဏ်လုပ်ချင်သည်ထင်ပါရဲ့။ သနား ရော ...။ အဝေးသည် လှောင်ပြုံးလိုက်ချင်တာကို အောင့် ထားရခြင်းကြောင့်လဲ ရင်၌နာနေသည်။

ယောကျ်ားတစ်ယောက်ရဲ့အစွမ်းအစ ဂုဏ်သတ္တိ ခိုင်ရပ်တည်မှုတစ်ခုကို တခြားနည်းဖြင့် ထိုသူသည် ပြနိုင်စွမ်း ရှိတော့သည်တကား။ အရေးမပါသော အသေးအကွေး၌ ကတ် းကတ်ဖဲ့တိုက်ကာ ဆန့်ကျင်နေခြင်းမျှလောက်သည်သာ သူ့ အစွမ်းအစသာသကား။

"သူ့ကို ပြန်လွှတ်ရမှာ ဒီလောက်တောင်မျက်ရည်ပေါက် ပေါက်ကျနေရရင် ... သူ့ကိုပဲအိမ်မှာထား ... ကျုပ် ဒီမှာမနေတော့ဘူး ..."

အဝေးသည် မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်



www.burmeseclassic.com

www.burmeseclassic.com


ထားလိုက်သည်။

ရှက်လိုက်တာ ...။ သူ့အစားရှက်လိုက်တာ အိမ်ဖော်နှင့်မှ ကိုယ့်ကိုကိုယ်ဆင်းယှဉ်ကာ တစ်ယောက်ချင် အရွေးချယ်ခံသည်။ ဤအပြုအမူ ဤစကားတို့သည် သူ့ ဘယ်မျှလောက်အောက်တန်းနောက်တန်းသို့ ဒလိမ့်ကောက် ကျဆင်းစေသည်ဆိုတာကို သူ၌နားလည်နိုင်သောဦးနှောက်မျ

သူ့အမေသွေးတိုး ... သူ့အစ်မသွေးတိုးလျှ အဟုတ်ကြီးထင် ယိမ်းယိုင်ကာ ကိုယ်ပိုင်ပိုင်းဖြတ်ဆင်ခြင်ဉာဏ မထားတော့ဘဲ မဲမဲမြင်ရာရမ်းတော့သည်။ အဝေးသည် ဆ လက် ရင်မဆိုင်ချင်အောင်ရှက်လာကာ စကားဖြတ်လိုက်သည

"တော်ပြီမောင် ... ရှက်စရာကောင်းနေပြီ ... မော သဘောအတိုင်းဖြစ်ရပါစေမယ် ..."

စကားဖြတ်ကာ အံကြိတ်ပြီး ခုတင်ပေါ်တက် လိုက်သည်။

"အဝေးက ဘာကိုရှက်တာလဲ ..."

အဝေးကလား ...

အဝေး ယောကျ်ားဖျင်းလို့ရှက်တာ ...။

သို့သော် ထိုစကားကို ရင်ထဲ၌မျိုချလိုက်ရသ

"လင်မယား ဘာမဟုတ်တာနဲ့ကတောက်ကဆတ်မ ချင်ပါဘူးမောင်ရယ် ... ရန်ဖြစ်ရတာ အော်ကြီး ကျယ်နဲ့ရှက်စရာကြီး ...၊ မောင့်ကိုလဲ ဒေါသမ



စေချင်ဘူး၊ ခေါင်းအေးအေးနဲ့ စာမေးပွဲဖြေနိုင်စေချင် တယ် ... မောင်သာ ခေါင်းအေးအေးထားလိုက်ပါ မောင်ရယ် ... မောင်ဖြစ်စေချင်တာဖြစ်ရပါ့မယ် ... အဝေးကို အထင်လွဲနေတာတွေသာဖျောက်ပေးပါလို့ တောင်းပန်ပါတယ် ..."

ကျောပေးလျက်မှ လှည့်မကြည့်ဘဲဖြေသည်။ အ ဖြစ်မရှိဘဲ အထင်လွဲခံရကာ ဒါကိုချေဖျက်ဖို့ ကိုယ်ကပဲအ လျှော့ပေးရပြန်တာအတွက် ရင်၌ခံပြီးနာကျင်နေသည်။ အလျှော့ ပေးလိုက်သည့်အတွက် မောင်က ကျေနပ်သွားပုံရသည်။

"အဝေးပင်ပန်းမှာမပူနဲ့ ... မာမီတို့ ထုတ်စေချင်တာ ထုတ်လိုက်ရတဲ့အတွက် မာမီတို့ပဲပြန်ရှာပေးလို့ ... မောင်ကပြောမှာပေါ့ ..."

သူ့ဟာသူ ဝန်ခံမှန်းမသိဝန်ခံကာ ဒီကိစ္စဟာ သူ့အမေဖြစ်စေချင်လွန်းသဖြင့်ဖြစ်ရတာကိုဖော်ပြောတော့သည်။ ဘယ်စကားပြောရမှန်း၊ ဘယ်စကားမပြောရမှန်း နားမလည် သောမောင်တစ်ယောက်သည် သူ့အမေထံ၌လဲ ပြောသင့်တာ ရောမပြောသင့်တာရော ပြောနေမည်သာ။ ဒါကြောင့်လဲ သူ့အ မေတို့ အဝေးအပေါ်အမြင်မကြည်လင်လာကြတာ ...။ စိတ် ဒဏ်ခံကပါ ဖြောင့်ဖြောင့်မြင်လိုသောဆန္ဒမရှိသည့်အခါ ပိုဆိုး လာပေါ့။ နောက်တစ်နေ့မနက်၌ အဝေးနိုးလာလျှင် မရှိသည် အထုပ်အပိုးပြင်ပြီးပေပြီ။

www.burmeseclassic.com



"မအေး စိတ်မကောင်းမဖြစ်ပါနဲ့။ ကျွန်မ ညကကြား ပါတယ် ကျွန်မအလုပ်ထွက်ပါမယ် မအေးတို့ အိမ် ထောင်ရေးတော့ ဒီကိစ္စလောက်နဲ့သဘောမကွဲလွဲပါနဲ့"

အေး အလွန်စိတ်မကောင်းပါ။

"သုံးလဆိုတော့ ထောင့်ငါးရာအပြင် မရှိမှာ ဘာ အပြစ်မရှိဘဲထုတ်ရတာမို့ ကျွန်မ စေတနာသန့်သန့် နောက်ထပ်ထောင့်ငါးရာထပ်ပေးပါတယ်။ သုံးထော ဆိုရင် နဲနဲတော့ရင်းနှီးနိုင်ပါလိမ့်မယ်။ ခြောက်ထော လောက်မစုမိတဲ့အတွက် ကျွန်မလဲစိတ်မကောင်းပါဘူး"

မရှိသည် မျက်ရည်လည်တည်တည်နှင့် အထု ပိုက်ကာ ပြန်ရှာပါတော့သည်။ အေးသည် ဤကိစ္စ၌ အ လျှော့ပေးလိုက်ရသည့်အတွက် ရင်ထဲ၌ ဒဏ်ရာတစ်ချက် လေသည်။

✧ ⌑ ✧

မာမီပြောသော အိမ်ဖော်ပွဲစား၏ လိပ်စာ အေးလာခဲ့သည်။ ကားကို ထိပ်မှာရပ်ခဲ့ပြီး ခဲကျောက် ဈေးနှင့် ရွှံ့ဗွက်နှစ်မျိုးစပ်ကာ အတိပြီးသည့်လမ်းအတိုင်း စိန်တုတ်အမည်ကို မေးကာစမ်းကာ စမ်းတဝါးဝါးလာခဲ့ ဝက်နှစ်ကောင်အိမ်ဝမှာ အခန့်သားလှဲနေသည့် တဲပုတ်က





တစ်ခုသို့ရောက်ခဲ့လေသည်။

မာမီက သူမှာထားပြီးပြီ။ လာပို့မည်ဆိုပေမယ့် အေးက အမြန်လိုချင်သဖြင့် တစ်ခေါက်ထပ်ကာလာခြင်း ဖြစ်သည်။

"ဒေါ်စိန်တုတ်ရှိလားရှင့် ..."

အိမ်ထဲမှ မိန်းမရွယ်တစ်ယောက်ထွက်လာကာ

"ဒီနား ခဏသွားတယ် ... ပြန်လာမှာပါ"

အသံက လူထက်အရင်ရောက်ကာ ... လူ ကောင်ပါ ဘွားခနဲထွက်လာလျှင် ...

"ဟင် ... အစ်မ"

"ဟော့တော့ ... အသန်းမဟုတ်လား ..."

"ဟုတ်ကဲ့ ..."

"အသန်း ... မာမီတို့အိမ်က ထွက်လာတာလား ..."

"ဟုတ်ကဲ့ ... နှစ်ရက်ပဲရှိသေးတယ်အစ်မ ... လာ အစ်မ အိမ်ပေါ်တက် ... အစ်မကိုပြောပြရဦးမယ်"

"ဘာများလဲ အသန်းရယ် ..."

အေးက တဲကလေးပေါ် ခက်ခက်ခဲခဲနှင့် ဝက် များကို တထိတ်တလန့် ကျော်ခွတက်ရပါသည်။ ခနော်ခနဲ့ ကုလားထိုင်လေးပေါ် အေးကိုထိုင်စေပြီး အသန်းက ဖျာကြမ်း လေးမှာဝင်ထိုင်လိုက်သည်။

"အသန်းရယ် ... မာမီတို့ဆီမှာ သုံးလေးပဲရှိသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား ..."

"လေးလကျော်တယ်အစ်မ ... လေးလနေနိုင်တာ ကျွန်မနဲ့လို့ပါ ... အခု အစ်မ လူလိုလို့လား ... ကျွန်မ အခုအလုပ်ရှာနေတာ ... ဒီပွဲစားဆီကပဲ လာရှာရတာပေါ့ ... အစ်မအိမ် နေလို့ရမလား ..."

"အစ်မအတွက်ကတော့ရတယ် ... ဒါပေမယ့် မာ ဆီကထွက်လာပြီး အသန်း အစ်မဆီလာဝင်လို့ကောင်းပါ့မလား ... အသန်းက ဘယ်လိုထွက်လာတာလဲ"

"ဟုတ်တယ် ... ဘယ်ကောင်းပါ့မလဲနော် ... ကျွန်မကတော့ အတင်းအကြပ်ထွက်လာတာ ... ဘေးအိမ်တောင် အကူအညီတောင်းရတယ် ... အစ်မရယ် ပန်းကန်ကွဲရင် ပိုက်ဆံဖြတ်တယ် ... ဒါကထားပါတော့ ... ပိုက်ဆံလျှော့ပြီးရတာ ဘယ်လိုမှမနေပါဘူး ကျွန်မလွဲ မကွဲရှမပျက်စီးအောင် ဂရုစိုက်ပါတယ် ... ဟိုတစ်နေ့ကတော့ နောက်ဖေးမှာ ရေချိုးနေလို့ ကျွန်မ ချော်လဲတာ ခုထိတောင် ခါးထဲကနာတုန်းပါ ... ထတုန်းက ထတောင် မထနိုင်ဘူး ... လက်ထဲ ထမင်းစားပန်းကန်လေးချပ်နဲ့ တစ်ထပ်လုံးကွဲရော ... အဲဒါ ကျွန်မကို ကတုံးရိတ်ပစ်မယ်ဆိုပြီး မမကြီးက ကတ်ကြေးပြေးဆွဲတော့တာပဲ ... ကျွန်မတာအပြစ်ပေးပါ ပိုက်ဆံဖြတ်ချင်ဖြတ် ... ရိုက်ချင်လဲရိုက်ဦး ... ဒါ





ပေးရင်လဲပေး ... ကတုံးတုံးမှာတော့ ကျွန်မကြောက်တာပေါ့ ... ကျွန်မပဲဈေးသွားရတာ ... ကတုံးကြီးနဲ့ ဒီအရွယ်ကြီးနဲ့ ဘယ်လမ်းထွက်ရဲပါ့မလဲ ... ကျွန်မ ရှက်ပြီးသေလိမ့်မယ် ... ဒါနဲ့ ဖြစ်ချင်ရာဖြစ် အိမ်ပေါ်ကဆင်းပြေးတာ ... တစ်ဖက်အိမ်က ရပ်ကွက်ထဲက ဘာလူကြီးလဲမသိဘူး ... လူကြီးတော့ လူကြီးပဲ ... အဲဒီအိမ်ပေါ်တက်ပြေးရတာပေါ့ ..."

"ဖြစ်မှဖြစ်ရလေဟယ် ..."

"မမကြီးဆိုတာ ပြေးရကောင်းလားလို့ ဆွေ့ဆွေ့ကိုခုန်နေတာ ... လိုက်လာပြီး အတင်းခေါ်ထုတ်တာပဲ ... လက်ထဲ ကတ်ကြေးကြီးနဲ့ဆိုတော့ ဟို လူကြီးအိမ်ကလဲ ထိုးမိမှာ ... စိတ်လိုက်မာန်ပါဖြစ်မှာစိုးလို့ ဖျန်ဖြေကြနဲ့ ... ကျွန်မဖြင့် ငိုရတာပဲ ..."

အဝေး သက်ပြင်းချမိသည်။

"ကျွန်မလဲ ကြောက်ကြောက်နဲ့ တစ်ခုခုလုပ်ရင် တရားစွဲမှာပဲ ... ရဲတိုင်မှာပဲနဲ့အော်တာ ... အဲဒါ လူပါးဝဦးဆိုပြီး အဲဒီအိမ်ကပန်းအိုးနဲ့ ... လှမ်းပစ်သေးတယ် ဟိုလူကြီးအိမ်ကပန်းအိုးလဲ ကြားထဲကကွဲပေါ့ ... သူတို့ မျက်စေ့ရှေ့တင် ဒီလိုလုပ်နေတော့ သူတို့က ပြန်ချင်ရင်ပြန်ပါစေ ... ဘာညာ ဝင်ပြောတယ် ... ဘေးလူတွေဝင်ဖြေပြီး ကျွန်မပြန်ခွင့်ရတာ ... အနေတယ်

www.burmeseclassic.com



ကလဲရှက်ပြီး မမကြူကို လာစမ်းဆိုပြီး ဟောက်ပြီး ပြန်ခေါ်တယ် ... လူကြီးတွေနဲ့ အန်ကယ်နဲ့ကြောင့် ကျွန်မပစ္စည်းတွေ ပြန်တက်ယူရတာ ... လေးလနဲ့ ဆယ့်တစ်ရက်မှာ ဆယ့်တစ်ရက်စာ အလကားဖြစ်တဲ့အ ပြင် ရပြီးသားလေးလစာထဲက ပန်းကန်လေးချပ်စာ အလျော်ပေးခဲ့ရတယ် ... ကျွန်မတို့တော့ ဆင်းရဲသေ မယ့် ပိုက်ဆံအပြည့်ရတာ မရတာ အရေးမစိုက်ဘူး အဲဒီအိမ်က လွတ်ရင်ပြီးရောပဲ ... ချမ်းသာပြီးတော့ သိပ်သဘောပုပ်တာပဲ ..."

ဒုက္ခပါပဲဟု အဝေး တိုးတိုးညည်းမိသည်။

"တကယ်စိတ်ကောင်းမရှိတာ ကိုဆွေ့မိန်းမအတင်းရော အစ်မအတင်းရော ... မနေ့ရှိသရွေ့ပြောနေတာပဲ ... ကိုဆွေ့မိန်းမကိုတော့ရုပ်ဆိုးလို့ ကတ်စေးနဲ့လို့ ... လင့်အမျိုးတွေကို ဘာမှမကျလို့တဲ့ အစ်မတိုကျတော့ လူပါး၀တယ်တဲ့ ... ကိုကျေးကို နဖားကြိုးတပ်မှာတဲ့ ကိုကျေးကို ချောင်ထိုးထားမှာတဲ့ ..."

"တော်ပါတော့အသန်းရယ် ... ကြားရတာစိတ်ညစ် ပါတယ်"

"ပြောရမယ် အစ်မရဲ့ ... အခုလဲနော် အစ်မအိမ် လူရှာနေတာရရင် သူတို့ဆီ လာပို့ခိုင်းထားတာ ... သူတို့အိမ်မှာ သုံးရက်လောက်ထားမယ်တဲ့ ... ကောင်း





ကောင်းသင်ပြပြီး သူတို့ လူယုံလူရင်းလုပ်ပြီးမှ အစ်မ ဆီပို့မယ်တဲ့ ..."

အဝေးသည် ကြားရတာ စိတ်ပျက်လှသည်။ ဒီး သန်းစကားမို့ ယုံရနိုးမယုံရနိုးချင့်ချိန်သော်လဲ ရှေ့ကသာများ တို့အရ ဟုတ်မည်ဟုသာ စိတ်၌ထင်သည်။ ငံမှာ

"ကိုကျေး အိမ်လာရင် ပြောလိုက်ကြတာ နွားတဲ့။ကျွဲ ဆံရဟောင်တောင်းသုံးရတာတဲ့ ... ကိုင်ရတာမများ ဘူးတဲ့ ... ဒါတော့ သူတို့လဲမာမီပဲပိုက်ဆံကိုင်တာ အန်ကယ်က တောင်းသုံးရတာပဲဟာ၊ အစ်မအိမ်က မ ရီအကြောင်းလဲ တစ်ပြောထဲပြောတယ် မရီကလူယုံတဲ့ ကိုကျေးထက်တောင်လူရင်းထားတာတဲ့၊ ကိုကျေးကို အစ်မက စာရင်းထဲထဲ့တာမဟုတ်ဘူးတဲ့ အစ်မက ကိုယ့် ပိုက်ဆံ ကိုယ်ပဲကိုင်ထားတာ၊ ကိုယ်ကျေးအလုပ်ရလို့ လခရရင် အစ်မဆီအပ်ရင်တော့အသိပဲတဲ့၊ ငါတို့မောင် လို့နာမည်မခံနဲ့တော့တဲ့၊ နင့်ဟာနင် ကိုင်မသုံးရဲလို့က တော့ နင့်ကို မောင်တော်ရမှာရှက်ပြီးသေရမယ်တဲ့"

အဝေး ငိုင်နေသည်။

ဒီစကားတွေမျိုး အသန်းလုပ်ကြံပြောတာတ်မည် မထင်ပေ။ သူ တကယ်မကြားဘဲ အဝေး ပိုက်ဆံကိုင်သုံးတာ ဘာညာ မသိနိုင်ပေ။

"မိန်းမပြောသမျှ ခေါင်းညိတ်ရင် ချောင်ထိုးခံရက်ပြီး နင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆေါင်ချီးပါမယ်တဲ့၊ အတိုက်အခံလုပ်လုပ်ပေးမှ အဖိုးကျိုးမှာတဲ့ ကိုယ်ကယောကျ်ားပဲ ဘာလုပ်လုပ် အခွင့်အရေးရှိသတဲ့၊ အပြင်မှာဝယ်စားတာကို ပိုက်ဆံကုန်တယ်ဆိုပြီး မသထာတဲ့မိန်းမစားကို ဘာမှလဲ ညာတာစရာမဟုတ်ဘူးတဲ့၊ ကိုကျေးကို ကျောင်းထားရတာ၊ ရှာကျွေးရတာဟာ အစ်မဘာသာ ရှေးဘဝ ဝဋ်ခံဖို့ပါလာတာ ဘာမှကျေးဇူးတစ်ခုလုပ်မနေနဲ့တဲ့ ဒီထက်ဒီလူပါးဝလာရင် ကျောင်းမှန်းကန်မှန်းသိအောင် နောက်တစ်ယောက်ကောက်တွဲပြတဲ့၊ သူ့ကို ဘာမှသိပ်မမက်ဘူးဆိုတာ သူသိမှ နှင့်ကို တန်းတန်းစွဲမှာတဲ့"

"တော်တော့ ... တော်တော့ ... အသန်း ... အစ်မ သိပ်ဒေါသထွက်လာလိမ့်မယ်၊ အစ်မ သူတို့နဲ့ ပြဿနာမဖြစ်ချင်ဘူး"

"အစ်မတသာ မဖြစ်ချင်နေ၊ ဟိုက ပြဿနာပဲရှာနေတာ၊ အစ်မတို့ချင်းရန်ဖြစ်ပြီးကွဲတော့ သူတို့ ဘာအကျိုးရှိသလဲ၊ ကိုကျေးက တစ်ခါတစ်ခါလဲ နားညည်းပုံရတယ်၊ တစ်ခါတစ်ခါတော့ ငြိမ်ပြီးနေတယ်"

"ကဲ ... ကဲ၊ ဒေါ်စိန်တုတ်လဲမရှိဘူး၊ အစ်မပြန်မှပဲ ဒါတွေမကြားချင်ဘူးအသန်းရယ် ... အာဃာတမရှိချင်ဘူး"

"သူတို့ဖြင့် ဘာမှမဖြစ်ထားဘဲ အလကားနေ အာဃာတ





အပြည့်ပဲ ..."

အဝေးသည် ဒေါသစိတ်ကြောင့် မျက်ရည်ပင်ထွက်ချင်လာကာ လူက ဆတ်ဆတ်တုန်နေသည်။ ခြုံငုံနားထောင်လိုက်လျှင် သူတို့ပြောမှ အသန်းသိနိုင်သည့်ကိစ္စများအသန်းသိနေသဖြင့် သူတို့ပြောတာအမှန်ဖြစ်မည်။ အပြင်မှာဝယ်စားတာ၊ ပိုက်ဆံကုန်တာတို့ ကျောင်းထားရတာ၊ ရှာကျွေးရတာတို့ဟာ တစ်အိမ်စီနေသော အသန်းပါးစပ်ထဲအလကားမရောက်နိုင်။ နားထဲရောက်လို့သာ ပါးစပ်ထဲရောက်တာ။

ဤမျှ သူတို့ညိုးမှတ်နေရအောင် အဝေးက ဘာများမှားမိပါသလဲ။ အသန်းပြောသလိုပဲ နောက်ဆုံးတစ်နေ့ အဝေးနှင့်မောင်ကွဲတော့ သူတို့ ဘာများအမြတ်အစွန်းရှိလို့လဲ။ အလကားနေ မနာလိုမရှုစိမ့်နေတာသာဖြစ်သည်။ သူတို့ဘာသာ သူတို့ သိမ်ငယ်စိတ်ဖြင့် ကွန်ပလက်စ်ဝင်ပြီး အဝေးဘက်ကို ကြိုတင်အထင်အမြင်လွဲနှင့်တာ။ ဘာမှမလုပ်ရသေးပါဘဲ လုပ်လာလျှင်တော့ အသိပဲ၊ ဘာဖြစ်ညာပဲဖြစ်နေတာဟာ နည်းလမ်းကျပါသလား။

အဝေးသည် ရန်တိုက်တတ်သည့် မောင့်အမေမောင့်အစ်မကိုရော နားယောင်တတ်သည့်မောင့်ကိုရော စိတ်ပျက်သည်။ စိတ်ပျက်လျှင် အဝေးဘာလုပ်ရမည်နည်း။ မောင့်ကို ကွာရမှာလား။ မောင်သည် သူ့တစ်သဘောထဲအားဖြင့်တော့ အဝေးအပေါ်ကောင်းသည်။ ပြီးတော့ မောင်ကို အဝေး



www.burmeseclassic.com

www.burmeseclassic.com



ချစ်သည်။ ချစ်တုန်းပဲ ... သိပ်ကိုချစ်တုန်းပဲ။

စိတ်ပျက်တာတခြား၊ ချစ်တာတခြား ...။ မောင့်၌ အမှောင့်ပရောဂကင်းနေကာ စိတ်ကြည်သာသောအခါများ၌မူ အဝေးတို့နှစ်ယောက်ဘဝသည် ပျော်စရာကလေးပါ။

"ကဲ ... အသန်း ... အစ်မပြန်ဦးမယ် ... ဒီမှာ လူလဲမရှိသေးဘူးမဟုတ်လား ..."

"ဗုဒ္ဓဟူးနေ့ လူတစ်သုတ်လာမယ် ... ဒေါ်စိန်တုတ်ကတော့ မာမီမှာသလို မာမီ့အိမ်ပဲပို့မှာပေါ့ ... အစ်မဆီမပို့သေးဘဲ သုံးရက်လောက်ထားမှာ ... အစ်မမယုံသွားကြည့်ပေါ့"

"ကဲ ... ကဲ ... သွားပြီအသန်းရယ် ... အသန်းကိုခေါ်လို့မဖြစ်တာလဲ သဘောပေါက်ပါ ... အသန်းကိုခေါ်တင်လိုက်ရင် အစ်မတို့ဘယ်လောက်ပြဿနာတက်သွားမလဲ ... အသန်းပဲ အသိဆုံးဖြစ်မှာပါ"

"အသန်းသိပါတယ် အစ်မရယ် ..."

✧ ¤ ✧

လူမရခင်တွင် ပြဿနာတစ်ခုပေါ်လာသည်မှာ အဝေးတို့တစ်တိုက်လုံးရဲ့ ရေစုပ်မော်တာကြီးပျက်ခြင်းပင်တည်း။ မော်တာဆိုလား၊ ကွန်ပရက်ဆာဆိုလား အဝေးအတိအကျတော့





မသိ။ အဝေးသိသည်မှာ ရေလိုလျှင်၊ ရေကုန်လျှင် မီးခလုတ်လေးတစ်ချက်ဖွင့်ရုံနှင့် ရေမောင်းနိုင်ခြင်းကိုသာသိသည်။ ဘေးခန်းကပြောမှ ရေတင်လို့မရတာကိုသိရချိန်တွင် အဝေးတို့ အခန်း၌ ရေအနည်းငယ်သာကျန်ရစ်ချိန်ဖြစ်သည်။

"မောင် ... နှစ်ရက်သုံးရက်လောက် ရေမရဘူးတဲ့၊ ရေလဲကုန်နေတယ် ..."

မောင်က စာမေးပွဲအပြီး၌ အိမ်မကပ်ဘဲဖြစ်နေသဖြင့် ညဘက်တစ်ချိန်၌ အဝေးပြောရသည်။ မောင်က အပူအပင်မထား။

"ရေလာမှ ရေချိုးကြတာပေါ့ ..."

"ရေမချိုးလဲ သောက်ရေကျိုဖို့တို့၊ ဆေးကြောဖို့တို့ ရှိသေးတယ် မောင်ရဲ့ ..."

"ချွေတာသုံးပေါ့ ... နောက်ဆုံးမရရင် သယ်တင်ပေးမယ့်အထမ်းသမားရှာရမှာပဲ ..."

ရှာရမှာပဲသာဆိုသည် အဝေးက မိန်းမသားမို့ ဘယ်မှာသွားရှာရမည်နည်း။

"အဲ့ဒါ မောင် စုံစမ်းပြီးရှာပေးပါလား ..."

"ဟာ ... ဘယ်မှာသွား စုံစမ်းရမှာလဲ ..."

"အဝေးလဲ ဘေးခန်းတို့၊ အပေါ်ထပ်တို့က အစ်မကြီးတွေကိုတော့ သယ်ပေးဖို့ လူငှားရရင် ... အဝေးကိုလဲပြောပါလို့ မှာထားတယ် ... မောင် ဒီနေ့တစ်ခိုက်

www.burmeseclassic.com

အဲသလို အကြမ်းလုပ်နိုင်တဲ့သူများ မသိဘူးလားဟင်”

“အဝေးနေလာတာ နှစ်နှစ်ကျော်ပြီ ... အဝေးတောင် မသိရင် မောင်က နေတာတစ်နှစ်နီးပါးပဲရှိသေးတယ် ဘယ်သိပါ့မလဲအဝေးရာ ...”

“မသိပါဘူး ... မောင်က လက်ဖက်ရည်ဆိုင်ဆင်း ဘာဆင်းနဲ့ ... ယောကျ်ားချင်းများ သိမလားလို့ပါ”

“ရေမရှိဘူးဆိုမှ မောင်လဲအိုက်လာပြီ ... မနက်ကျ အစောကြီးထပြီး မာမီတို့အိမ်သွားချိုးရအောင်လေ ... အဝေးလဲ ရုံးတက်ရမှာ ... ရေမချိုးရရင် ညစ်ပတ်နေမှာပေါ့ ...”

“ဟုတ်တယ်နော် ... စောစောထသွားကြမယ် ...”

နောက်တစ်နေ့နံနက်စောစော၌ မောင့်အမေအိမ်ကိုသွားကြသည်။ တံခါးဖွင့်လိုက်သည်မှာ မောင့်အမေ။

“ဟဲ့ ... ထိုင်ကြ ... စောစောစီးစီး ...”

“ရေမလာလို့ပါ ဒက်ဒီ ...”

အဝေးကပြောလိုက်လျှင် မောင့်အမေက ခေါင်းတညိတ်ညိတ်နှင့် ...

“အေးပေါ့ ... သမီးတို့တိုက်တွေ ရေမလာရင်အခက်ပဲ ... ဒါတောင် သမီးတို့က နံပါတ်သုံး အလွှာနော် ... ခုနစ်လွှာအထိရှိတာမဟုတ်လား ... ရေသယ်ရရင်တောင် သုံးလွှာက သက်သာတာပေါ့ ... အပေါ်





ဆုံးထပ်တွေ ဒုက္ခ ...”

အဝေး အိမ်ရှေ့ဧည့်ခန်းမှာထိုင်နေဆဲ မောင်က နောက်ဘက်ဝင်သွားကာ အော်ကျယ်ဟစ်ကျယ်နှင့် ...

“မာမီရေ ... ကျွန်တော် ရေလာချိုးတာ ... ဟိုမှာ ရေမလာဘူး၊ ရေသယ်တင်ဖို့ရာလဲ လူရှာမရသေးဘူး”

ရုတ်တရက် မမကြီးအသံ ကျယ်ကျယ်လောင်လောင်ပြန်ထွက်လာသည်မှာ ...

“လူရှာမရလို့ကတော့ အဝေးက နင့်ပဲ ခေါက်တုံ့ခေါက်ပြန်သယ်ခိုင်းမှာပေါ့ ... တံပိုးတပ်လိုက်ဦးပေါ့ မောင်မောင်နွားရယ် ... သူ့ဆန်စား ရဲမှတဲ့ ...”

အဝေးသည် ဖြန်းခနဲ မျက်နှာနီမြန်းထူအမ်းကာ ထောင်းခနဲ ဒေါသထွက်သွားသကဲ့သို့ ဒက်ဒီမှာလဲ မျက်နှာကွက်ခနဲပျက်သွားကာ ...

“ဟဲ့ ... မိကြီး ဘယ်လိုစကားပြောတာလဲ ... နင့်ပါးစပ်ဟာ ...”

ဒက်ဒီအသံသည် မမကြီးလို အော်ကြီးဟစ်ကျယ်အသံမျိုးမဟုတ်သည့်အတွက် ဒေါသနှင့်ဟန့်တားလိုက်သံကပင် သိပ်မကျယ်ပါ။ မမကြီးသည် မီးဖိုဌရှိပုံရ၍ ဒက်ဒီအသံကိုလဲ ကြားပုံမရ။

“နင် မရှက်ရင်သယ်ကြည့်စမ်း ... မိဘအိမ် ဘာမှ မလုပ်ရတဲ့ကောင် ...”

www.burmeseclassic.com



"မိကြူ ..."

ဒီတစ်ကြိမ်တော့ ဒက်ဒီအသံက ဟိန်းခနဲ အလွန် ကျယ်သွားပါသည်။

"အစေးပါတယ် .... အိမ်ရှေ့မှာ ..."

မောင့်အသံကို ခပ်အုပ်အုပ်ကြားရသည်။ ဒက်ဒီ ကနေရာမှထပြီး အိမ်တွင်းဘက်ဝင်သောအခန်းကူးအဝ၌ရပ်၍

"နင်တို့ စကားကို ဘယ်လိုလုပ်လုပ်ပြောကြတာလဲ ... ငါပြောပြောနေတာများပြီ ... မိဘအိမ် ဘာမှမလုပ် ရတဲ့ကောင်လဲ မိန်းမယူတတ်ရင်တော့ အိမ်ထောင့်ကိစ္စ ပါ ယူရမှာပေါ့ ... ရေဆွဲတဲ့ကိစ္စက လင်မယားနှစ် ယောက်နေတဲ့အိမ်မှာ လင်ကမဆွဲရင် ဘယ်သူဆွဲရမှာ လဲဟင် ... နင့်မောင်ကို ဒီလိုမြှောက်မြှောက်ပေးနေ ရအောင် နင်ကော သွားဆွဲပေးနိုင်လို့လားမိကြူ ဟင်"

အစေးပြောလိုသောစကားများကို ဒက်ဒီက လုံး စေ့ပတ်စေ့ပြောလိုက်သဖြင့် အစေးသည် ရင်ချောင်သွား၏။ သို့သော် မမကြူကို အခဲမကျေ။ မောင့်ကိုလဲ အခဲမကျေ။ နင်မရှက်ရင်သယ်ကြည့်စမ်းလို့ ခြိမ်းခြောက်လိုက်သောသူ့အစ် မကို ဒါရှက်စရာမဟုတ်ပါဘူးဟု အေးဆေးစွာပြန်ပြောနိုင်သော အသိရှိရမည်။ ခုတော့ သူ့ကိုယ်၌ကလဲ ခပ်ပျင်းပျင်း၊ ခပ် ရှက်ရှက်ဖြစ်နေပုံရသည်။ အစေးပါတယ်ဟု တီးတိုးနှုတ်ပိတ် လိုက်တာကိုက မှုမမှန်။





ထိုအခိုက် မောင့်အမေ ဧည့်ခန်းဘက်ထွက်လာ ကာ ...

"အစ်ကိုကလဲ ဒါ အော်စရာလား ... သမီးကြီးက နောက်နေတာ ... သူကကော ဘာလို့သွားဆွဲပေးရ မှာတုံး ... ဘာဆိုင်လို့တုံး ... ကိုယ့်သမီး ဒီလို ပြောစရာလား ... သူတို့အိမ်ကိစ္စ သူတို့ကြည့်ရှင်းကြ မပေါ့ ... နောက်တဲ့ဟာကိုပဲ ..."

"သူတို့အိမ်ကိစ္စ သူတို့ကြည့်ရှင်းကြမယ်ဆိုရင် မင်းသား က တစ်ယောက်ထဲသောယောက်ျားပီပီ ရေမလာလို့ ရေ ဆင်းဆွဲရမယ့်ကိစ္စကို ဘာမှ မိကြူက ဝင်ရှက်နေစရာ မလိုဘူး ... ဟုတ်ကို မဟုတ်သေးဘူး ဒါ နောက်စ ရာလဲမဟုတ်ဘူး ... မင်းပါ မင်းသားကို ဖျက်ဆီး နေတာပဲ ... မောင်မောင်ကျေး လာစမ်း ... ဒီကို"

"အစ်ကိုနော် ... ပါသင့်တာဝင်ပါ ... မပါသင့်တာ မပါနဲ့ ...."

"မင်းတို့ သားအမိတွေသာ မပါသင့်တာ မပါနဲ့ ... ငါက ပါသင့်သလောက်ပဲပါမယ် ..."

နောက်ဘက်ခန်းမှ မောင်က ခပ်လေးလေးထွက် လာကာ မီးဖိုဘက်၌တော့ မမကြူ ဆောင့်အောင့်နေပုံရသော လုံ၊ ဂလွမ်သံများက ကြားမကောင်းအောင်ထွက်နေသည်။

"ဟော့ ... မောင်ကျေး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဒက်ဒီ ..."

"ရေဆွဲတဲ့သူရှာသလား ..."

"အဝေးက ဟိုဘက်ခန်းတွေ မေးထားတယ် ... ဟို ဘက်ခန်းတွေလဲမရဘူး ..."

"မင်းကပါ လိုက်မရှာဘူးလား ..."

"မရရင်တော့ မရှမကရှာရမှာပေါ့ ဒက်ဒီ ..."

"ကဲ ... မရပါဘူးတဲ့ ... ဒီအိမ်မှာ မင်းရယ်၊ အဝေး ရယ်နစ်ယောက်ပဲရှိတာ ... ရေသယ်ရမှာဘယ်သူလဲ"

"ကျွန်တော်သယ်ရမှာပေါ့ ..."

"ဒါ မင်းသဘောပေါက်သလိုပြောတာလား ... င ကြောက်လို့ အလိုက်သင့်ပြောတာလား ..."

"ကျွန်တော် သဘောပေါက်ပါတယ် ဒယ်ဒီ ..."

"ဟော ... ဒီမှာမိကြူ ဒီကောင် သူ့ဘာလုပ်ရမ လုပ်သင့်တယ်ဆိုတာ သဘောပေါက်ပြီးသား ... ။ တို့ ဘာမှ သညာပေးနေစရာမလိုဘူး ... သူ ကလေ မဟုတ်ဘူး ... ယောက်ျားပဲကွ ... ရေဆွဲတာရှာ စရာလား ..."

"ကျွန်တော်လဲ ရှက်တယ်လို့တစ်ခွန်းမှမပြောရသေး ဘူး ... မမကြူသာသာပြောနေတာ ဒက်ဒီကြားသား

"အေးပေါ့ ... ငါခေါင်းပဲ အားလုံးပုံချလိုက် ... ငါက နင့်အတွက် ဝင်ပြောရတာ ..."





"မိကြူ ... ဘယ်သူ့အတွက်မှ နင်မပြောနဲ့ ... နင့်အတွက် နင့်ကိစ္စပဲ နင်ပြော ... ဒါ ငါ နောက်ဆုံး သတိပေးတာပဲ ..."

"ဗွမ်း ..."

အိုးတစ်လုံးကို လွှင့်ပစ်လိုက်သံသာထွက်လာ သည်။ ဒက်ဒီသည် အဝေးရှေ့မို့ ဒီထက်ပိုမဆူသင့်ဟု စိတ် ထိန်းလိုက်ပုံနှင့် မျက်နှာသာနီမြန်းနေသည်။ အတွင်းဘက်မှ သဲသဲ အပြေးထွက်လာကာ မျက်လုံးပေကလပ်နှင့် မြသံနာ ဘက်မှာကြောက်ပုံနှင့် လူကြီးတွေကို တလှည့်စီကြည့်နေသည်။ အဝေးနားမှာလဲ ဝင်ထိုင်ချလိုက်၏။

"ဟိုကောင်မလေး ... အထဲဝင် ကိုယ်ကျောင်းသွား ဖို့ ကိုယ်လုပ် ..."

"မာမီကလဲ ..."

မာမီ ခပ်ဆတ်ဆတ်ပြောလိုက်ပုံသည် သူ့သမီး ယ်ကို ဆူချင်တာလုံးဝမဟုတ်။ အဝေးကို မရှမ်းသာသဖြင့် ထွက်ပေါက်ရှာလိုက်တာသာဖြစ်သည်။ အဝေးသည် ခေါင်းငုံ့ ကာ ငြိမ်နေရင်း ဘာမှလဲပြောချင်စိတ်မရှိ။ စိတ်မှာ ခြောက် ခန်းကုန်ခန်းနေသည်။ ခဏကြာငြိမ်နေကြပြီးသော် မာမီက ကျိတ်ခနဲထကာ ဝင်သွား၏။

လူကြီးစိတ်မွေးကာ "ရေချိုးမလို့ဆို ချိုးလေ အဝေး" ဆိုတာမျိုးပင် တစ်ခွန်းမှမဆိုနိုင်သောအခါ အဝေး



www.burmeseclassic.com

www.burmeseclassic.com



သည်လဲ မျက်နှာမြောင်တိုက်ပြီး အိမ်ထဲထိ ဝင်မချိုးချင်ေ
ပါ။ မမကြူရဲ့အဆောင့်အောင့်ကိုလဲ တိုက်ရိုက်ခံနိုင်လော
သော သည်းညည်းစိတ်မရှိပါ။ အစေးထရပ်လိုက်သည်။

"မောင် အစေးပြန်တော့မယ် ... မောင်နေရင်နေခဲ့

"အင်း ..."

မောင့်လေသံကစိတ်ရှုပ်ရှုပ် ...။ အစေးကို
ကွတ်ပင်မလှုပ်ရဲအောင် သူ့အမေ၊ သူ့အစ်မကို ဖြုံ့ရလေသ

"ဒက်ဒီ ... အစေးပြန်လိုက်ဦးမယ် ... ရုံးမမှီမှာစိုး

"အေး ... အေး ... ညနေဘက်ကျမှ လာချိုးရင်

"ဟုတ်ကဲ့ ဒက်ဒီ ..."

ညနေဘက်လဲ လာမချိုးတော့ပါ။ ဘယ်အော
လဲမချိုးချင်တော့ပါ။ တတ်နိုင်လျှင် ဤအိမ်ကိုလာပင်မလာ
တော့ပါ။ စိတ်ပျက်လှပါသည်။ ရေသုံးရက်လောက်မချိုးရ
လူတစ်ကိုယ်လုံး ပုပ်မသွားနိုင်ပါ။ မချိုးရတော့ဘာဖြစ်သေး
အစေး ထိုနေ့အဖို့ ရေမချိုးဘဲရုံးသွားဖြစ်ခဲ့ပါသည်။ ည
အစေးပြန်ရောက်တော့ မောင်လဲ အိမ်ပြန်ရောက်နေပြီ။

အစေးပြန်ရောက်သောညနေခြောက်နာရီလော
တွင် အပေါ်ထပ်နှင့် တစ်ဖက်ခန်းမှ လင်ယောကျ်ားများ၊
များ၊ သားမက်များ၊ တူများ ခေါက်တုံ့ခေါက်ပြန်ရေသယ်
ကြသည်။ လှေကား၌ ဗွက်ပေါက်၍ပင်နေသည်။ အိမ်
မိန်းကလေး ထွက်ဆွဲသောအခန်းလဲရှိပါသည်။ မောင် သိ





ည်ဖြစ်ပါလျက် စိတ်ဝင်စားပုံမရပါ။ မမြင်ချင်ယောင်ဆောင်
ရပါသည်။

အစေးသည်လဲ ဘာမှမပြောချင်တော့ပါ။ မောင့်
ခိုင်းလဲမခိုင်းလိုတော့ပါ။ တတ်နိုင်သမျှ မောင့်ကိုမခိုင်း
နေခဲ့တာသည် မောင့်မှာ တာဝန်မရှိဘူးပယ့်ဆလို့မဟုတ်။
ဆးက သူတို့ပြောသလို ငွေရှာရသဖြင့် ယောကျ်ားကို ခိုင်းချင်
သို့ခိုင်းသည်ဖြစ်မှာစိုး၍ ... အဓိကမှာ မောင် စိတ်ငယ်
မှိုး၍ဖြစ်သည်။ ခုတော့ မောင်က မခိုင်းခဲ့သမျှ သူ့၌
ဖို့တာဝန် မရှိသလိုနေသည်။

သူ့အဖေထံမှာ သူ့ပဲရေဆွဲပါမည်ပြောခဲ့ပြီးမှ တ
ဆွဲဘဲနေခဲ့သူကို သွားခိုင်းနေလို့ကော အကျိုးရှိပါ့မလား။
ဆးရှေ့၌ သူ့အဖေကို ကတိပေးခဲ့ရတာကိုပင် မာနထိပါးခံ
လို မျက်နှာတင်းနေသောမောင်သည် တစ်နေကုန် သူ့အမေ၊
စ်မနှင့်နေပြီး ပြန်လာသောအခါတွင် ဤသို့ဖြစ်နေတာဟာ
န်းပါ။ တာဝန်မဲ့ပြီး နေရဲလှသောမောင့်ကို ရွံသည်။

✧ ☐ ✧



www.burmeseclassic.com

www.burmeseclassic.com

## ၇

နောက်နှစ်ထဲကူးပြီး သင်္ကြန်အပြီးမှာ မမကြ
မင်္ဂလာဆောင်သည်။ ဘယ်လိုမှမေ့ဖွယ်မရှိသော်လဲ စိတ်ကူးတဲ့
သလို စုဗူးထဲထဲ့စုလာသည်မှာ တစ်နှစ်လောက်အတွင်း ငွေ
တစ်သောင်းခွဲကျော်ကျော်ရှိနေသည်။ စေတနာကို လိပ်ခေါင်း
လို ဝင်ချည်ထွက်ချည်လုပ်မနေတော့ပါ။ နားကပ်တစ်ရံလောက်
လုပ်ပြီး လက်ဖွဲ့ဖို့စဉ်းစားမိသဖြင့် ...

"မမကြီးမှာနားကပ်ဘယ်နှစ်ခုရှိလဲ ... ဘာတွေရှိလဲ"

မောင့်ကို မေးမိသည်။

ပတ္တမြားရှိလျှင် နီလာလုပ်ပေးမည်။ နီလာရှိပြီး
ဆိုလျှင် မြနှင့်လုပ်မည်။ စိန်တော့ မတတ်နိုင်ဘူးပေါ့။ သူ့မှာ
ရှိပြီးသားနှင့်မျိုးမတူဘဲ အသစ်တစ်မျိုးဖြစ်လျှင် ကောင်းမည်





ဟုထင်သည်။

"မောင်ဘယ်သိမှာလဲ ... စိန်နားကပ်တော့ မေမေ
လုပ်ပေးထားတာသိတယ် ... ကျန်တာမသိဘူး ..."

"စိန်ပဲရှိတာလား ..."

"မောင် အတိအကျမသိဘူး အဝေးရဲ့ ..."

ထို့ကြောင့် အဆေးမေးမနေတော့။ ရုံးက မိုးကုတ်
အဆက်ရှိသော မမသူဇာထံ၌ ကျောက်ထုပ်ကလေးများရှိတတ်
သဖြင့် ပတ္တမြားပွင့်ကလေးများ နားကပ်တစ်ရံစာရွေးဝယ်သည်။
တ်ကြိုက်ပုံပေးပြီး အပ်ထားလိုက်၏။ မောင့်ကို တစ်နွားနွား
ငှ်နိမ်တတ်သောအစ်မထံမှာ မောင် မျက်နှာကောင်းရပါစေ။
ခင့်မိန်းမက ကောင်းကောင်းကမ်းကမ်းလက်ဖွဲ့သည်ဆိုလျှင်
န်းမ၏ နေရာပေးမှု၌ မောင် မျက်နှာသာရပါစေ။

သို့သော် ထင်သလိုဖြစ်မလာခဲ့ပါ။

သူတို့ပို့ထားသော အိမ်ဖော်သိန်းရင်သည် အုံ
ညစရာကောင်းလောက်အောင်ပင် သူတို့လူပီသလှပါသည်။
သေးငါးရက် ဟိုအိမ်မှာနေခဲ့ရကြောင်း သိန်းရင်စကားထဲက
င် ပြန်သိထားရသဖြင့် အသန်းစကားနှင့်ညီနေသော်လဲ အဆေး
ရေးမထားခဲ့။ သူတို့ဘာသာ လှူယုံမကလို့ ဘာပဲလုပ်ထား
ား လှို့ဝှက်ချက်မရှိသောအဝေး၌ လှူယုံလုပ်ထောက်လှမ်းေ
ာ ဘာမှမရှိ။ မဟုတ်တာလဲ ဘာမှမလုပ်။ သူတို့အပေါ် က
မ်ကကျစ်လဲသဘောမထားသဖြင့် အဖော်ရလျှင်ပြီးရောဟု



www.burmeseclassic.com

www.burmeseclassic.com



သိန်းရင်ကို သဘောထားသည်။

သိန်းရင်သည် မရီလောက်မကောင်းပါ။ အဝတ်လျှော်လဲရေသာခိုသဖြင့် အဝတ်မဖြူ။ ပျင်းရိသဖြင့် ဟင်းထမင်း မကြာခဏတူးသည်။ ဟင်းလဲခိုးစားတတ်သည်။ အိမ်မှာရှိသမျှ ဘာမှအထားမခံ။ သူခိုးစားထားသဖြင့် ကိုယ်စားမည်ကြံလျှင် ပျောက်နေသည်။ သို့သော် ဤမျှကို အဝေးဖွေမယူ။ ရုံးကလူတွေထံမှ သူတို့အိမ်ဖော်တွေအကြောင်းကြားရသည်မှာ အချို့ အပုံကြီးပိုဆိုးသေးသည်။

အိမ်ရှင်ယောကျ်ားကို ပလူးပလဲ မျက်နှာလုပ်တာတို့၊ ဘောအိမ်နှင့်စကားရှုပ်တာတို့၊ အနီးအဝန်းကျင်ကကောင်တွေနှင့် ရည်းစားဖြစ်တာတို့၊ အနေအထိုင်မတတ်တာတို့၊ ကက်ကက်လန်ခံပက်တာတို့၊ ပစ္စည်းခိုးတာတို့ စုံနေသည်။ ဒါတွေနှင့်စာတော့ ပျင်းရိပြီး ဟင်းခိုးစားတာက အများကြီးသက်သာသည်။ ထို့အပြင် သူတို့ခေါ်ပေးသူကျမှ အပြစ်ရှာသည်ဖြစ်လာမည် သေချာသိပြီးဖြစ်သဖြင့် ဒီအတိုင်းသာကြည့်နေလိုက်ရသည်။ တစ်လတစ်ကြိမ် အိမ်ပြန်ခွင့်ပေးရတာကိုလဲဘယ်လိုမှမနေ။ မြောက်ဥက္ကလာမှာတင် သူ့အိမ်ရှိသဖြင့် တစ်လတစ်ကြိမ်ပြန်သည်။ ဈေးဝယ်နိုင်းလျှင် ဈေးဖိုးပိုတင်တတ်တာကိုလဲ သိရက်နှင့် အဝေးအရေးမယူပါ။

ဈေးဖိုးကို သုံးဆယ့်ငါးကျပ်ဈေးဆိုလျှင် လေးဆယ်ဈေးဟုတင်တာကတစ်မျိုး တင်ဖို့မလွယ်သော ပုံမှန်ဈေး





ရှိသည့် ဆီ၊ ကြက်သွန်၊ အချို့ ငါး၊ ပုဇွန်တို့ကိုကျတော့ အချိန်အတွယ်လျှော့ဝယ်တာမျိုး။ ကြက်သွန်တစ်ပိဿာ ဈေးမှာလျှင် ခုနစ်ဆယ့်ငါးကျပ်သားပဲပါပြီး အစိတ်သားဖိုးမှာ သူဖြတ်ယူသည်။ ပုဇွန်လေးဆယ်သားဆိုလျှင် သုံးဆယ်သားပါပြီး တစ်ဆယ်သားဖိုး သူဖြတ်ယူသည်။ ဈေးမှာ အဝေးဖောက်သည်အသိတွေ အများသားပင်။ သိန်းရင်မှန်မမှန် ဒက်ခနဲနှင့်သိနိုင်သည်။ သိလဲသိခဲ့သည်။ သို့ပေမယ့် ဒါကို အထင်သေးရုံသာသေးပြီး အဝေးအပြစ်မယူ။ တစ်ဆယ်၊ နှစ်ဆယ်၊ သုံးဆယ် စသဖြင့် ဖြတ်စားတာကို သိသိနှင့်ခံနေလိုက်သည်။

သိန်းရင်စိတ်ထဲမတော့ ငါနပ်ချသမျှခံရသည်ဆင်ကောင်းထင်မည်။ လူလိမ်မှန်းသိသူကတော့ လုံလုပြီထင်သူကို သနားရုံသာ။ ဒါတွေကိုအပြစ်မယူသည်မှာလဲ သိန်းရင်ကို မေတ္တာရှိလှ၍တော့မဟုတ်။ မောင့်အိမ်နှင့် ပြဿနာ ထပ်ခံမလိုလားတာသာ။

သို့သော် တစ်ပတ်တစ်ကြိမ်အိမ်ပြန်တိုင်း ခရစ်ယာန်မင်းက မာမီတို့အိမ်ဝင်၍ တစ်လအတွင်း အစီရင်ခံစာပို့ရကြောင်းတော့ အဝေးမသိခဲ့။ သိမည့်သိတော့ မင်္ဂလာဆောင်ပြီးမှ မတ်လကုန်မှာ သိန်းရင်အိမ်ပြန်သည်။ သူပြန်တာစနေနေ့ နံနက်နေ့နေ၌ မာမီနှင့်မမကြူ အိမ်ကိုရောက်လာသည်။ မောင်က အိမ်မှာမရှိ။ အိမ်ပေါ်ရောက်ရောက်ချင်း ...

"ဒီမှာအဝေး ... နင်နဲ့စာရင်းရှင်းစရာရှိလို့လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအိတ်ကို အိမ်ရှေ့စားပွဲပေါ် ပေါက်ချပြီး ဝုန်းခနဲဝင်ထိုင်လိုက်သည်။

"ဘာကိုလဲ မမကြူ ..."

"လာထိုင်စမ်းပါအုံး ..."

အဝေး အေးအေးဆက်ဆက်သာထိုင်ချရင်း ...

"ထိုင်မှာပါ ... အဝေးက အိမ်ရှင်ပါ ... မမကြူ တို့ကိုသာ ထိုင်ပါပြောရမှာ ..."

အဝေးသည် ဖောင်းပဲနရှုံတက်လာကာ ကြမ်းတမ်းစွာပြုမူနေတာကို လုံးဝအလျှော့မပေးဖို့ဆုံးဖြတ်ပြီးသား။

"ကြည့်စမ်း ... လူပါးကိုဝတာ ... အမေ့ရှေ့မ မြင်တယ်မဟုတ်လား ..."

"ဒီမှာအဝေး ... အောက်တန်းစားချင်းစကားပြောမှာ မဟုတ်ဘူး ... ကောင်းကောင်းပြောပါ ... ငါ မောင် ကျေးအမေပါ ... ယောကျ်ားမျက်နှာလဲထော်က်ဦး"

"မာမီ့ကို အဝေး ဘာမှမပြောရသေးပါဘူး ... ယောကျ်ားမျက်နှာမထော်က်ဘဲ ဘာကိုမှလဲ မဟုတ်တ ရုတ်လုပ်မနေဘူး ... အဝေးတစ်ချိန်လုံးကောင်းကောင်း နေခဲ့တာချည်းပါပဲ ... မာမီတို့ကသာ အကောင်းမမြင် နိုင်တာပါ။ အခု အဝေးဘာမှားထားမိလို့လဲ မမကြူ"

"ညည်းက နှိုင်းလားယှဉ်လားနဲ့ ညည်းအမေဆီက လက်စတ်လက်စားတွေရထားလို့ ငါ့ကိုနှိမ်တာလားဟင်





နားကပ်တစ်ရံပဲရှိတဲ့ဟာမလို့ ငါ့ကိုပြောတယ်ဆို ..."

ဟင် ...။

အဝေး အူကြောင်ကြောင်ဖြစ်ကာ ...

"ဘယ်သူပြောလဲ ..."

"ဘယ်သူပြောရမလဲ ... နားနဲ့ဆတ်ဆတ်ကြားတဲ့ သိန်းရင်ပြောတာ ..."

အဝေး ထောင်းခနဲဖြစ်သွားရသည်။ အပြင်ထွက်ရင်း တကူးတကကိုသွားပြောထားတာဆိုတာကိုလဲ ကျော့ချမှ ခါးပြမှန်းသိတော့သည်။ လူသည် တဆတ်ဆတ်တုန်လာကာ

"သိန်းရင် ..."

အသံအကျယ်ကြီးနှင့်လှမ်းခေါ်လိုက်သည်။

"သိန်းရင်ကို ဘာမှရန်လုပ်မနေနဲ့အဝေး ... သူကြား လို့သူပြောတာ ..."

"မမကြူပြောတာ နည်းလမ်းမကျသေးဘူးနော် ... သူကအိမ်ဖော် ... အဝေးက ဒီအိမ်ရှင် ... ပြီးတော့ မမကြူယောင်းမ ... ဟိုကတစ်မိး ... အဝေးကို ဆောင့်ကြီးအောင့်ကြီးလုပ်ပြီး သိန်းရင်ကို ဘာမှဝင်ကာ ကွယ်ဖို့မလိုဘူး ..."

"နှင့်တုန်းကလဲ မရှိကိုကာကွယ်ပြီး ငါတို့ကိုချောင်ထိုး ခဲ့တာပဲ ..."

ကြည့်စမ်း ...။



www.burmeseclassic.com

www.burmeseclassic.com



အညိုးအညိုး တကယ့်အညိုးပါတကား။ မရှိတုန်းက သူ့ဘက်မှ ဘာမှအပြစ်မရှိသဖြင့် အဝေးကညာတာရတာဖြစ်သည်။ ခုဟာက အိမ်ပေါ်တက်ပြီး အိမ်ရှင်ရဲ့အတင်းကို မဟုတ်တာတွေ အိမ်လည်ပြောတဲ့အိမ်ဖော်။ လုံးဝမတူပါ။ သို့သော် ဒါကို အဝေးမပြောတော့။

"သိန်းရင် ပြန်ပြောစမ်း ... အဝေးအကြောင်းတွေ"

မောင့်မာမီကလမ်းကြောင်းပေးလိုက်လျှင် လှူပါးဝလှသောအိမ်ဖော်မသည် ကရားရေလွှတ်သကဲ့သို့ ...

"မကြီးမှာ ဘာနားကပ်ရှိလဲလို့ အစ်ကို့ကိုမေးတယ် စိန်တစ်ခုပဲရှိတာကိုးလို့လဲလျှောက်တယ် ... အစ်ကို မကြီးတို့အိမ်သွားပြီး အိမ်ပြန်နောက်ကျရင်လဲ နောက်ကျရကောင်းလား တတွတ်တွတ်လုပ်တယ် ... အစ်ကို့ကို့ကိုလဲ ဒီလသုံးတာများတယ် အမြဲတမ်းပြောတယ် ကျွန်မက အစ်ကို့ကို ဟင်းပိုထုပ်ပေးလိုက်ရင်လဲ ... ညစာရှိသေးတယ်လို့ တားတဲ့အခါတားတယ် ... မကြီးမင်္ဂလာဆောင်မှာ ဘာရောင်ဝတ်မှာလဲလို့ အစ်ကို့ကိုမေးပြီး ခြေရာတိုင်းပြီးလိုက်ချုပ်တာပဲ ... မကြီးမင်္ဂလာဆောင်ဖိတ်စာကိုလဲ မမွေးဘူးလို့ပြောတယ် ... တစ်ခါတစ်ခါကျရင် ဖုန်းပြောနေတာ တွတ်တွတ်တွတ်တွတ်နဲ့ တိုးတိုးလေးခိုးပြောတယ် ..."

အဝေးသည် အသားတဆတ်ဆတ်တုန်လာသည်။





သိန်းရင်ကို မီးရာလှမ်းပြီး ကန်ပစ်လိုက်ချင်သည်။ သူတို့က မြှောက်ပင့်ပေးပြီး အားလုံးမှတ်သားထားဖို့၊ ပြန်ပြောဖို့သင်ပေးထားတော့ နလပိန်းတုံးမက သူ့ကိုယ်သူ စုံထောက်ကြီးတစ်ယောက်လောက် သွေးနားထင်ရောက်ကာ ဟုတ်တာရော မဟုတ်တာရော အရေးပါပါ ပြန်ပြီးသယ်တော့သည်။

"ကဲ ... အဲ့ဒါတွေ နင့်ရှေ့မှာ သူပြောရဲတာမဟုတ်လား အဝေးရဲ့ ..."

"ဒီပေါက်ကရတွေ ... အရှူးပြောရင် အရူးပဲယုံမှာပဲ မမကြီးရဲ့ ..."

အဝေး ခါးကိုမတ်ကာ မေးစေ့ကိုပင့်ပြီး မဲ့ရွဲ့လိုက်သည်။ ငုံ့ကိုမခံတော့ဘူး။

"ဘာ ... ဘာပြောတယ် ..."

"ရှင်တို့အိမ်က ပြန်တာနောက်ကျမှမဟုတ်ဘူး ... ဘယ်ကပြန်ပြန် ယောကျ်ားအိမ်ပြန်နောက်ကျရင် မိန်းမကပြောမှာပဲ ... ဒီလအသုံးများတယ်ဆိုတာလဲ အမြဲပြောမှာပဲ ... ရှင်တို့မောင်က အမြဲအသုံးများနေတာကိုး ... ရှင်တို့လက်ထဲမှာတုန်းက တစ်လမုန့်ဖိုးဘယ်လောက်ပေးနိုင်ခဲ့လို့လဲ ..."

"အောင်မာ ... လေးငါးထောင်ပေးနေတာ တစ်ခွန်းမှ မညည်းဘူး ..."

"မညည်းနဲ့လေ ... ကိုယ်မွေးထားလို့ ကိုယ်လေးငါး



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပေးရတာ ဘယ်ညည်းသင့်မလဲ ... ဒီမှာ ကျွန်မ
ကမိန်းမသားရှာစာပါ၏ ရှင့်မောင် ရှင့်သားက တစ်လ
သုံးတာတစ်သောင်းရှိတယ် ယုံရဲ့လား။ အမြဲတစ်သောင်း
ဖြစ်ဖြစ်သွားတယ် ... ဒါကို မညည်းရဘူးလား ...
ညည်းမှာပဲ ... ကျွန်မ သူဌေးမကြီးမဟုတ်ဘူး"

"ဒါတော့ သူ့ဘာကြောင့်ယူထားလဲ ငယ်တာကိုမုန့်
ပေးကြိုက်ထားရင် ရှာကျွေးရမှာပဲဆိုတာမသိဘူးလား"

"ရှာလဲကျွေးတယ်၊ ကျောင်းလဲထားတယ် ... ရှင်တို့
လက်ထဲထားပုံထက် နှစ်ဆသာအောင် တောက်တောက်
ပြောင်ပြောင်ထားတယ် ... ဒါကြောင့် ပြောစရာရှိရင်
ရှင်တို့ထက်နှစ်ဆတောင်ပိုပြောဦးမယ် ... ညစာမကျွေး
ဘူးပြောတာဘာဖြစ်လဲ ... ဒီဟာမကိုက သိသိနဲ့တ
မင်ပိုထဲ့တာကိုက ကျွန်မက တော်တော့လို့တားရအောင်
လုပ်တာ အခုမှသိတယ် ..."

"ငါ့ခြေရာလိုက်တိုင်းစရာလား ..."

"ရှင်နဲ့ဘာမှတိုင်းစရာမလိုဘူး ... ရှင်က လခတ
ထောင်စား ... ကျွန်မက လခသုံးသောင်းခွဲရတ
ဘာမှမတိုင်းဘူး ... ရှင်ဘာရောင်ဝတ်မလဲမေးတာ
ကိုယ့်အမျိုးဘက်နဲ့ အရောင်နီးနီးစပ်စပ်ချုပ်ဖို့ ... ရှ
ဟာရှင်ဘာဝတ်ဝတ် ကျွန်မ မဝတ်ရင်မဝတ်ချင်လို့
ဝတ်နိုင်တယ် ... ဒါလား ခြေရာတိုင်းတာ ... ရှ





ဖိတ်စာမရွေးဘူးပြောတာတော့အမှန်ပဲ ... ဒါဟာလဲ
ရှင့်ကို ကဲ့ရဲ့တာမဟုတ်ဘူး ... ထုတ်ကြည့်လိုက်တော့
ရေရွေးကတ်မျိုးနဲ့ အရောင်တူနေပြီး ရှုကြည့်လိုက်တော့
မရွေးလို့ မရွေးဘူးပြောတာ ... ရှင်ကကော ရှင့်ဖိတ်
စာ ရွေးတယ်ထင်လို့လား ..."

"ဟင် ... နင် ... နင် ... နင်"

"သိန်းရင် ... သွား ... နင့်အထုပ်သွားယူ ...
နင့်လိုမိန်းမစားမျိုး ငါတစ်ရက်မှပိုမထားနိုင်တော့ဘူး
ခုချက်ချင်း နင့်ပစ္စည်းယူပြီးပြန်တော့ ..."

သိန်းရင်က သူ့ကို မမကြူတို့များခေါ်မလား
မျှော်လင့်ပုံနှင့် ပေကလပ်ကြည့်နေသည်။ ဟိုက လောကွတ်
မျှမလုပ်လျှင် သူ့အထုပ်သွားထုပ်လေသည်။

"နားကပ်ကိစ္စလဲ ကျွန်မပြောဦးမယ် ... ရှင့်ကို လက်
ဖွဲ့ဖို့ နားကပ်တစ်ရံလုပ်မလို့ ... ရှင့်မှာ လုပ်ပြီးသား
ဘာရှိသလဲလို့ ဆင်တူမဖြစ်အောင်မေးတာ ... ရှင့်
မောင်က စိန်နားကပ်ရှိတယ်ဆိုလို့ စိန်နားကပ်ပဲရှိတာ
လားလို့ သေချာအောင်မေးတာ ... ဘာမှမလှောင်ဘူး
ရှင့်မှာ တစ်ရံပဲရှိရှိ ... ဆယ်ရံပဲရှိရှိ ဂရုလဲမစိုက်ဘူး
ဖုန်းပြောတာတော့ ကိုယ့်အိမ်ကကိုယ့်ဖုန်း ကိုယ့်ဘာသာ
တိုးတိုးပြောပြော ကျယ်ကျယ်ပြောပြော ... ဒါကို
ပြန်တိုင်တဲ့သူ ကတိုင်ပြီး တိုးတိုးတွတ်တွတ်ပြောတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာနဲ့ မသက်ာတဲ့သူကမသက်ာ ... ရှင်တို့မှာ သူများတီးတိုးလုပ်တာမခံနိုင်အောင် ဘာအပုပ်အပွတွေ ရှိနေလို့လဲ ... ဒါတော့ ကျွန်မ မသိဘူး ..."

"နင် ဘာမှရမ်းပြီး သိန်းရင်ကိုအလုပ်ထုတ်စရာမလို ဘူး ... ငါ့မောင့်အိမ် ငါထဲ့ထားတာ ... နင်ဘာမှ ထုတ်စရာမလိုဘူး ..."

အော် ... အော် ...

အဒေးသည် ဟက်ဟက်ပက်ပက်အော်ရယ်ပစ် မလိုရုပ်ဖြစ်သွားသည်။ အရှုးချီးပန်းပြောနေလိုက်တာ ...

"သိထားဖို့က မမကြျူရဲ့ ... ရှင်အလုပ်ပေးချင်ရင် ရှင့်အိမ်မှာရှင်ပေးထား ... ဒါ ကျွန်မအိမ် ... ထားချင်တဲ့သူ ဘယ်သူ့ကိုမဆို ကန်ထုတ်ခွင့်ရှိတယ်"

မာမီရော၊ မမကြျူပါ တရှုးရှုးဖြစ်နေဆဲ မော ပြန်ရောက်လာသည်။ မောင်ရောက်သည်နှင့် မမကြျူက ခနဲငိုချလိုက်သည်။

"ဘာဖြစ်နေကြတာလဲ ..."

မောင့်အသံက ခပ်ဆတ်ဆတ် ...။ အဒေး လှမ်းကြည့်သည်။ အဒေးမဖြေပါ။ မောင့်ကိုလဲမကြည့်။ သိ ရင်က အထုပ်ဆွဲပြီးထွက်လာသည်။

"သိန်းရင်ကဘာဖြစ်တာလဲ အဒေးနင်ထုတ်တာလား"

"ဟုတ်တယ် ... နင်ထုတ်တာ ..."





အဒေး ခပ်ဆတ်ဆတ်ဖြေသည်။

"ဘာလို့နင်ထုတ်တာလဲ ... မာမီတို့ခေါ်ပေးထားတာ"

"ဘယ်သူခေါ်ပေးပေး ... အဒေးနင်ထုတ်တယ် ဘာ လုပ်ချင်သလဲ ... ဒီဟာမက ပလီစိချောက်ချက်စကား ရှုပ်ပြီး ဟိုအိမ်သွားသွားကုန်းတိုက်တာ မောင်သိရဲ့လား"

"သွားပြောတာသိသားပဲ ... မပြောစေချင်ရင် ပြော စရာမဖြစ်အောင်နေလိုက်ရုံပဲ ... မင်းအမေတုန်းကလဲ လူယုံထဲ့ထားတာပဲမဟုတ်လား ..."

အဒေး ဆတ်ဆတ်ခါသွားကာ မျက်ရည်တွေ ...ါက်လိုက်ကျလာသည်။ မောင့်ကို မကြည့်ချင်လောက် ...င် စိတ်ကုန်ခန်းသွားကာ သူ့ပါးကို ရိုက်ချလိုက်ချင်သည်။ ...ကြျူက တတွတ်တွတ်နှင့် ဘာတွေမှန်းမသိ မောင့်ကိုပြော ...သည်။ အဒေးဘာမှဝင်မပြော။ သူမောလောက်ရှုရပ်သွားမှ

"မမကြျူမှာ ဘာနားကပ်ရှိလဲလို့ အဒေးမောင့်ကိုမေး တဲ့ကိစ္စမောင်အသိဆုံးပါ ... အဲ့ဒါကို စိန်နားကပ်တစ် ရံပဲရှိသလားလို့ အဒေးကလှောင်တာတဲ့ ... ကဲ"

"မမကြျူပြောသလိုပဲ ရိုးရိုးမေးသလိုလိုနဲ့ စိတ်ထဲက လှောင်ရင်လှောင်နေမှာပေါ့ ..."

"ဟင် ..."

"မင်းက ဂုဏ်မောက်တဲ့သူပဲ။ ငွေဂုဏ်မောက်နေတာလေ လခလဲအများကြီးရတယ် ... အမေကလဲ လက်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လက်စားတွေပေးထားတယ်ဆိုတော့ ကျုပ်ကိုတော
ခင်ဗျားက ချောင်ထဲထဲထားသေးတာပဲ ... ကျုပ်မျာ
နာတောင်မထောက်တာ ကျုပ်အစ်မမျက်နှာပိုမထော
ဦးမယ် ... အစစအရာရာခင်ဗျားမျက်နှာကြည့်မ
တာအမှန်ပဲဟာ ... ခင်ဗျားသဘော၊ ခင်ဗျားအ
ခင်ဗျားစိတ်ကြီးပဲ။ လှုပ်တောင်မလှုပ်ရဲအောင်ဖြစ်
ရတာ ... ကျုပ်ခံစားနေရတာ ကျုပ်အသိဆုံးပဲ

အဝေးသည် မောင့်ကို အတော်စက်ဆုပ်ကာ မျ
လုံးကျဉ်းပြီး ကြည့်လိုက်သည်။

"ကိုယ့်ဟာကိုယ်အားငယ်ပြီး အရာရာမှာ လိုက်
ငယ်နေတာကို ငါဘာမှမတတ်နိုင်ဘူး ... ငါ
နိုးနိုးနဲ့ ငါလုပ်သမျှ ဒေါက်ထောက်ကြည့်ပြီးအပြစ်
တာတစ်ဝက်၊ သိမ်ငယ်တာတစ်ဝက်နဲ့ နာလုံးပေါက်
လို့တော့မဖြစ်ဘူး ... နင့်ကို ငါ သိပ်ရွံမလာ
နင့်ပါးစပ်ပိတ် ..."

အဝေးထံမှ ဤမျှမာကျောရိုင်းပြပုံ တစ်ခါမှမ
ရဘူး၍ မောင်သည် တစ်ချက်ထဲပါးစပ်ပိတ်သွားသည်။ မော
အမေနှင့်မမကြူမှာသာ တစ်ယောက်တစ်ပေါက် ရန်တွေ
ငိုကြ ...။ ပြောထွက်ကြခြင်းရယ်လို့ ဆတ်ဆတ်ခါကြ
လုံး ငါလုံးနှင့် ရိုင်းပြအောက်တန်းကျလှသည်လို့ စွပ်စွဲ
ဝက်ဝက်ကွဲဆူညံနေသည်။





စကားများထဲ၌ ထောင်ထွက်သမီးမို့လူပါးဝတာ၊
မအေတူလို့လူပါးဝတာ စသဖြင့် နစ်ကြိမ်ပါလာသည်။ မဆီ
ဆိုင် ကိုယ်တို့ချင်းဖြစ်သောကိစ္စ၌ အမေ့ကို ပုတ်ခတ်စော်
ကားထိပါးတာကို ခံပြင်းနာကျင်စွာနှင့် လက်ပါမိတော့မလို
ဖြစ်ကာ အဝေးမျက်လုံးများလဲ မီးတောက်ထွက်မတတ် ဝင်း
င်းတောက်နေသည်။

သူ့အမေရော၊ သူ့အစ်မပါ အမေ့ကို လူပါးဝစော်
ကားမော်ကားပြောကြသဖြင့် သူတို့အပေါ်လဲ အဝေးထောက်
ကားသိမ်မွေ့နေဖို့မလို။ အဝေးရင်ထဲ၌ သပ်တစ်ချောင်းလျှို
က်လိုက်သလို တင်းတောင့် စူးအောင့်နာကျင်လှသည်။ ချစ်
လဲဟုတ်၊ ခင်ပွန်းလင်လဲဟုတ်သူကပါ သူ့ကို မယုံသင်္ကာ
ဆင်လွှဲ အမြင်လွှဲနေသောအခါ ဘယ်သူ့ကိုမှ ဘာမှလေကုန်
ရှင်းမနေချင်တော့။ တစ်လောကလုံးကို စိတ်ပျက်သည်။ အစစ
ဖက်ဖက်က သည်းခံအလိုလိုက်ပါလျက် မောင် အထင်လွဲ
က်လေခြင်း။ မိသားစုဘက်ကမပါရ ... မယားဘက်ကသာ
ရမည်ဟု အဝေးတစ်ယူသန်မဆိုလို။ မှန်သည့်ဘက်ကတော့
သင့်သည်။ အဝေးသည် စိတ်ကို အပြီးတိုင်ဖြတ်ချလိုက်ကာ
ယ်သူဘယ်လောက်နာနာ ... မောင် မုန်းပဲသွားသွား ဘာ
ဖြစ်ဖြစ်ဟု ပိုင်းဖြတ်လျက် ပါးစပ်ကို အားရပါးရဖြင့်ပြီး
ချလိုက်သည်။

"မင်္ဂလာဆောင်ပြီးနောက်တစ်နေ့ လက်ဖွဲ့ပေး ကော်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သောင်းလာနိုက်သွားကထဲက နင့်အမေနဲ့ နင့်အစ်
ကို ငါလုံးလုံးအထင်မကြီးဘူးဆိုတာမှတ်ထားလိုက်
မောင်မောင်ကျော ... ဒီငွေနှစ်သောင်းလေးကို လာမ
နေတာ ... နင့်ကို ငါ ဒီနေ့အထိပြောသလား ...
ငါအထင်မကြီးတဲ့လူတစ်ယောက်ကို မကောင်းကြောင်း
ပြောဖို့တောင် ငါစိတ်မပါဘူး ... အေး ... ခုတော့
ခြေနင်းဖတ်လောက်ကိုအထင်သေးတယ် ... နင့်အ
နင့်အစ်မမျက်နှာကို ငါ့အိမ်ပေါ်မှာ ဒီတစ်သက်၊ ငါ
တစ်သက်မကြည့်ချင်ဘူးဆိုတာ စဉ်းစားပြီးမှ နစ်
ဆက်ဖို့ဆုံးဖြတ်တော့ ...”

အဝေးမျက်နှာသည် ဘီလူးမကြီးလို ခက်ထ
ကြမ်းကြုတ်နေမည်ဟု ကိုယ့်ကိုကိုယ်ထင်သည်။ ဘုရင့်နော
ဖောင်ဖျက်ပဲ။ မောင်နဲ့ကွဲချင်လဲကွဲ သူတို့အပေါ် ဒီလိုသား
သောထားကြောင်း အတိအလင်းကြေငြာသည်။ ဖြစ်လာတာ
လက်ခံရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးမှပြောတာဖြစ်သည်။ ပြောဖြ
ပြီး၍အားရသော် အဝေးအိပ်ခန်းထဲဝင်လာကာ တံခါးဆွဲပိ
ထားလိုက်သည်။

အိမ်ရှေ့မှ အော်ဟစ်ရန်တွေ့ဆဲဆိုသံတွေကို
မှာခေါင်းအုံးပိတ်ကာ နားထဲအဝင်မခံ။ အတန်ကြာမှ နား
လိုက်သော် အသံပလံအားလုံးသည် တိတ်ဆိတ်နေပြီ။ အ
သို့ခန်းထဲပြန်ထွက်လာချိန်တွင် ဘယ်သူမှမရှိတော့ တံခါး





ပြန်စေ့မသွား ဟင်းလင်းဖွင့်ထားခဲ့သည်။

မောင်နှင့်ကွဲကြပြီထင်သည်ဟုတွေးမိခိုက် ရုတ်တ
က်ဒူးသည် ဆတ်ခနဲ ညွတ်ခွေကျသဖြင့် နီးရာလှမ်းကိုင်ကာ
ဆိမ်းမတ်လိုက်ရလေသည်။ ရင်ထဲက ခုနကနှင့်မတူသော နာ
ကျင်ပူလောင်ခါးသီးခြင်းနှင့် သတိလစ်မတတ် မူးမိုက်မိန်းမော
သွားလေသည်။

✧ ⌑ ✧

အမေ့အိမ်သည် ပစ္စည်းပစ္စယအိမ်ထောင်ပရိဘော
ရှင်းရှင်းလင်းလင်းနှင့် အေးချမ်းသပ်ရပ်ကာ တိတ်ဆိတ်ငြိမ်း
ချမ်းသောအခန်းကလေးဖြစ်သည်။ အမေအိမ်ပြောင်းစဉ်ကတစ်
ခါ၊ သီတင်းကျွတ်ကန်တော့တုန်းကတစ်ခါ။ ပြီးလျှင် နောက်
တစ်ကြိမ်မရောက်တော့ဘဲ ခုအကြိမ်မှာ တတိယအကြိမ်ဖြစ်လေ
သည်။ အရင်တစ်ကြိမ်တွေတုန်းက ငြိမ်းအေးမှုကိုသတိမပြုမိဘဲ
မှ ခံစားသတိပြုမိတာဟာ မထူးဆန်းပါ။ ခုတော့ အဝေးဟာ
ပြင်းလောင်မြိုက်နေသော “သောကတုံးကြီး” ဖြစ်နေရတာ
ကိုး။ အပူကြောင့် အအေးကို ပိုပြီးသတိပြုမိတာ မဆန်း
သောသဘောပင်။

တံခါးဝတွင်ရပ်ကာ တံခါးခေါက်လိုက်ပြီးစေ
အဝေးရပ်နေသည်။ ဤတစ်ကြိမ်မှာတော့ အဝေးသည် ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှက်နှင့်ပင် အမေ့ကို အသိပေးတိုင်ပင်လိုပါသည်။ တံခါးဖွင့် လိုက်သူမှာ မရီဖြစ်နေသည်။

"ဟင် မအေး ... မမြရေ ယောဒီမှာမအေးရယ်"

မရီသည် အဆေးလာတာကို ဝမ်းသာအားရဖြစ်နေ သည်။ အမေဖြင့် ဘယ်လောက်တောင်များ ဝမ်းသာသွားရှာ လိမ့်မလဲ။ အဆေးအိမ်ထဲဝင်ကာ ကြိမ်ကုလားထိုင်အသစ်ကလေး များမှာ ဝင်ထိုင်သည်။ လှမ်းမြင်နေရသော မီးဖိုခန်းမှ သုတ် သီးသုတ်ပျာနှင့်အမေထွက်လာသည်။

"အဆေး ... သမီးလေး တစ်ယောက်ထဲလား ... မောင်မောင်ကျေးမပါဘူးလား ..."

ရှေ့နှစ်ခေါက်စလုံး၌ မောင်ပါလာသဖြင့် အမေက သားမက်တော်ကိုမေးရှာသည်။ အဆေးသည် မျက်ရည်ရစ်ဝဲ လာတာကို ခေါင်းငုံ့သိမ်းကာ မျက်တောင်ပုတ်ခတ်ရင်း ...

"အဆေးတို့ ... ကွဲနေတယ်အမေ ..."

ပြောပြီး ... စလင်းဘတ်အိတ်၏ကြိုးကို ခေါက် ချေဖြန့်ချေအလုပ်ရှာနေသည်။ ဘယ်သူ့ကိုမှမကြည့်။ မရီက မလှမ်းမကမ်း၌ရပ်နေသည်။ အမေကတော့ အဆေးနံဘေးသို့ အပြေးလာထိုင်လိုက်လေသည်။

"ဘယ်လိုဖြစ်ကြတာလဲသမီးရယ် ..."

"ဒီလိုပဲအမေ ... ပြောရရင်အရှည်ကြီး ... အသေး ကလေးတွေနဲ့ စီကာပတ်ကုံးပြောရမှာမို့ အဆေးတောင်



ဓာတ်ရည်လည်အောင်မမှ း ကာမမုန်းပါ။ အရှုံးရှုသရ
"အင်း ... မရီပြောပြလို့ နေရာတကာအနိုင်ရရမှခ
တော့သိပါတယ် ... သူတို့ ား လည်နိုင်ပါစေ။
ပါချင်ပြီး မောင်မောင်ကျေးတ း တစ်ယောက်အတွက်
ခက်တော့ခက်တာပေါ့၊ ဒါပေမယ့် လောက် နာကျင်ဆင
ရယ်၊ ခဏကြာ သူရော၊ သမီး သေးသည်။ သူသွ
ပထမဆုံးတစ်ကြိမ်နဲ့ ဘယ်သူမှစိတ် င်အလွယ်လေးသ
အခု သမီးကိုပဲကြည့် သမီး သူ့ကိုစိတ် မောင့်လောက်ပေါ့
"ပြတ်တယ်လို့ အဆေးမညာပါဘူးအမေ ... နေဖို့ အငေ
သူ့ကိုစိတ်ပျက်တယ် ..." ည် တ
"စိတ်ပျက်စရာကတော့ သူသူကိုယ်ကိုယ်ရှိကြမှာပါ

သမီးရယ် ... ညှိရမှာပေါ့ ..."

"ညှိမရတဲ့ဟာတွေလဲလောကမှာရှိတယ်အမေ ..."

"တန်တူကြေးညှိလို့မရရင် ကိုယ့်ဘက်ကပဲလျှော့ပြီး ညှိ ရတော့မှာပေါ့သမီးရယ် ...၊ အမေ လောကမှာမလို လားဆုံးအဖြစ်ကလေ ... သမီးလေးအလှည့်မှာ အမေ့ တုံးကလို လင်ယောကျ်ားကို အညှိုးကြီးကြီးနဲ့ မုန်းတီး စက်ဆုပ်မိမှာကိုပဲ ..."

အဆေးသည် အမေ့ကိုစိုက်ကြည့်ကာ တစ်ကြိမ် ဖြင့် ကိုယ်ချင်းစာမိသလိုလို ...။

"အဖေက ခုလိုပဲ သူ့အိမ်ဘက်ကပါပြီး ညံ့နေတာပေါ့သား

www.burmeseclassic.com

လိုက်သူမှာ မရှိဖြစ်နေသည်။ ...က တခြားတစ်မျိုးပေါ့ ... တ

"ဟင် မအေး ...သည်းမခံနိုင်လောက်အောင် ကိုယ့်

မရှိသည် အ...ခဆိုပေမယ့်လဲ သဏ္ဌာန်ကွဲဦးမှာပေါ့ သည်။ အမေဖြင့် ဘယ်...သည် ဤရက်များအတွင်း၌ အစား လိမ့်မလဲ။ အေးအိမ်ထဲ...င် ရင်ထဲဆို့ကာ နင်နေတာကို ကိုယ် များမှာ ဝင်ထိုင်သည်...ထဲလဲတလူးလူးတလိမ့်လိမ့်နှင့် မောင့်ခေါ် သီးသုတ်ပျာနှင့်အ...မျက်ရေတွေတွေကျရသောအဖြစ်ကို ကိုယ့်

"အေး ...။ ဘယ်တစ်ခု၌မှ စိတ်ဖြောင့်လက်ဖြောင့်မ

မောင့်...တွေတွေနှင့် ကိုယ့်စိတ်ရဲ့ဝမ်းနည်းဆုတ်နစ်နေ ...လဲ ကိုယ်ပဲ့အသိဆုံး။ နေလို့မရဘူးဆိုသည်မှာ တင်စား ကားမဟုတ်ချေတကား။

ဤမျှသူ့ဘက်ကမပါဘဲ ဟိုဘက်နောက်ကော ကောက်ပါအောင်ထလိုက်သွားသော မောင့်ရဲ့ဝေးနိုင်မှု၊ ... မှု၊ စိမ်းကားမှုတို့ကို ခါးနေအောင်ခံပြင်းလှသော်လဲ မောင့် ချစ်ခဲ့သောအချစ်မှာ တုံးမသွားနိုင်သေးပဲ ရင်ထဲ၌ရှင်သန် ပင်နေဆဲတည်း။ ဤအဖြစ်ကို မကျေမချမ်းစိတ်ပျက်နေတာ တစ်ဝေဒနာ။ အေးရဲ့လွမ်းဆွတ်အိပ်ပျက်ရသောညများ မောင်တစ်ယောက်က နေမြဲ၊ စားမြဲ၊ သွားမြဲ၊ အိပ်မြဲ အ မပျက်ရှိ နေနိုင်ပါသေးသည်။ မောင့်ဘက်မှာဝေဒနာမကြ အေးသာလျှင် တစ်ဖက်သတ်ရှူးနေရတာမျိုးလဲဖြစ်နေနိုင်သ





သို့သော်လဲ အရှုံးကို အေးကမမုန်းပါ။ အရှုံးရှိသလိုအနိုင် လဲရှိပေမည်။ တလှည့်စီပေါ့။ နေရာတကာအနိုင်ရရမှဆိုသည စိတ် အေး၌မရှိပေ။ မောင်နားလည်နိုင်ပါစေ။

မောင့်လိုယောကျ်ားတစ်ယောက်အတွက်ကတော အိမ်ထောင်ကွဲရသောအဖြစ်၌အေးလောက် နာကျင်ဆင်းရဲမ မဟုတ်ပေ။ မောင့်အသက်ကလဲငယ်သေးသည်။ သူသွားတော နောက်တစ်ယောက်လာမှာပေါ့ဟု မောင်အလွယ်လေးသဘော ထားဘူးရယ်လို့ ဘယ်သူပြောနိုင်သလဲ။ မောင်လောက်ပေါ့တီးပေ ဆနိုင်သူတစ်ယောက် ကိုယ့်ကိုမှ အစွဲကြီးစွဲနေဖို့ အေးမမျှေ လင့်ပေ။ အပျက်အပျက်နှင့် ...။ အေးသည် တစ်ခုလ ဆိုသောစကားလုံးကြီးကိုတော့ မုန်းတီးလှပေသည်တကား။

"ဘာပဲဖြစ်ဖြစ် ... သွေးအေးသွားကြတဲ့အချိန်ကိုစော ပြီး ပြန်ပြီးရင်ဆိုင်ညှိနှိုင်းကြပါအုံးကွယ် ..."

"အမေ့အလှည့်တုန်းကတော့ အမေ သွေးမအေးနိုင် ဘူးမဟုတ်လား ..."

"ဟုတ်ပါတယ်သမီးရယ် ... ဒါပေမယ့် သွေးပူတုန် မှာ အမှားများတတ်ပါတယ် ... သူတစ်ပါးကိုစွမ တော့ သွေးထိုးပေးလို့ ဘယ်ဖြစ်ပါ့မလဲ ... ဘယ်နည် နဲ့မဆို ကိုယ်က တရားဝိုင်းပြဖို့ပဲရှိပါတယ် ... ဒါ လဲ ငြိမ်းချမ်းရာရမှာပေါ့ ..."

"အေးတော့ သူ အေးကို ဝန်ချမအောင်းပန်သ

www.burmeseclassic.com



ခွင့်မလွှတ်ဘူး ... သူ့အပေါ် ကောင်းခဲ့တဲ့မိန်းမတစ်ယောက်ကို အထင်မှားရက်တယ် ... ဒါတွေမှားပါပြီဆိုမှပဲ ... ပြီးတော့ သူ့အမေနဲ့သူ့အစ်မကိုတော့ ဒီတစ်သက် လုံးဝမပတ်သက်ဘူးဆိုတာလဲ ... သူ့ကိုပြောပြရမယ် ... ဆက်ပတ်သက်နေသရွေ့ သူများလင်မယားကြားထဲ သွေးခွဲနေမှာ ..."

တောင်းပန်ဖို့ကိုမျှော်လင့်စောင့်စားနေပြီး ခွင့်လွှတ်ဖို့အဆင်သင့်ရှိသောမိန်းမတစ်ယောက်၏နှလုံးသားကို အမေက ကရုဏာကြီးစွာမြင်နေရလေတော့သည်။

"ဒီကိစ္စမှာ သမီးကလဲ စိတ်ထက်လို့ပါ ... အေးအေးကုပ်ကုပ်နဲ့ ယောက္ခမကဒါလုပ်ဆိုရင် ... ဟုတ်ကဲ့လို့လုပ်လိုက်မယ့်မိန်းမမျိုးဆိုရင် ဒီပြဿနာတွေ ဘယ်ပေါ်ပေါက်တော့မလဲ ... သမီး ဒီလောက်ခံစားနေရတာဟာ သမီးစိတ်က ထက်နေလို့လဲပါပါတယ် ..."

"စိတ်ထက်တာချည်းတော့မဟုတ်ဘူးအမေ ... အဝေးက အထင်သေးတတ်တယ် ... အဝေး သူတို့ကိုအထင်သေးတယ် ..."

✧ ⌑ ✧

မောင်ထွက်သွားပြီး နှစ်ပတ်အကြာတွင် အဝေး





ရုံးမှာရှိခိုက် ရုံးကိုဖုန်းလာသည်။ ဖုန်းကိုကိုင်ကာ "ဟယ်လို" လိုက်ချိန်တွင် တစ်ဖက်မှ ...

"ဟဲလို ... အဝေးလား ..."

ထိုအသံကို ရုတ်တရက်၌ မောင်ဟုထင်မှတ်မှားက မိုက်ခနဲဖြစ်သွားလေသည်။ ထို့နောက်တွင် အသံချင်းဆင်သယောင်ရှိသော်လဲ အနည်းငယ်ကလေးတော့ကွဲသည့် ကိုဆွေဆိုတာကို သတိပြုမိတော့သည်။

"ဟုတ်ကဲ့ ..."

"အဝေး ... ကျွန်တော်ပါ ... ကိုကိုဆွေပါ"

"ဟုတ်ကဲ့ ..."

မောင့်အစ်ကိုကို စကားပြောဆိုဖူးရုံအပြင် မရင်းနှီးလှ၍ သူ့စရိုက်ကို အဝေးမသိ။

"အဝေးရုံးဆင်းရင် စကားပြောဖို့ အချိန်နဲနဲပေးနိုင်မလား ... ကျွန်တော် အဝေးတို့ကိစ္စနဲ့ပတ်သက်ပြီး စကားနဲနဲပြောချင်ပါတယ် ..."

သူက ကြားထဲက ဘာကြောင့်ပါလာရသနည်း။

"အဝေးတို့ကိစ္စနဲ့ပတ်သက်ပြီး ကိုဆွေနဲ့အဝေး စကားပြောလို့ ဘာမှအကြောင်းမထူးဘူးထင်ပါတယ် ကိုဆွေ"

"ဒီလိုလဲမဟုတ်သေးဘူးအဝေး ... သွေးပူနေကြတုန်းမှာ ကြားလူလိုပါတယ် ... ဥပမာ အဝေးမှာ အစ်ကိုအစ်မ စသဖြင့်ရှိရင် သူတို့ဆီ ကျွန်တော်လာသွယ်

www.burmeseclassic.com



ဖြစ်မှာပါ ... အခုက အဝေးအမေနဲ့လဲ မရင်းနှီးလို့ပါ ... စကားတော့ ပြောခွင့်ပေးပါအုံး ... ပြီးတော့မှ စဉ်းစားတာ ဆုံးဖြတ်တာတော့ အဝေးသဘောပါ"

"ကျွန်မ မပြောချင်လှဘူး ..."

"စဉ်းစားပါအုံးအဝေး ... အချင်းချင်းမေတ္တာရှိပြီး တည်ဆောက်ခဲ့တဲ့အိမ်ထောင်ရေးဟာ ဘာမဟုတ်တာနဲ့ မပြိုလဲသင့်ပါဘူး ... ဒီကိစ္စမှာ မိကြူတို့အမှားတွေ မကင်းဘူး ... ဆိုတာလဲ ကျွန်တော်ဝန်ခံပါတယ် ကျွန်တော်နဲ့စကားပြောဖို့ အချိန်လေးပေးပါ"

"ရှင်ခုလို ကျွန်မဆီဖုန်းဆက်တာကို ရှင့်ညီသိသလား သဘောတူသလားကိုဆွေ ..."

"မောင်ကျေးသဘောတူပါတယ် ... မောင်ကျေး ခင်ဗျားနဲ့ခွဲပြီး ဒီလောက်အကြာကြီးမနေနိုင်ပါဘူးအဝေး"

အဝေးရင်၌ တစ်ချက်နွေးသွားသည်။ ကိုဆွေဟာ အပြောအဆိုတတ်မည့်ပုံရသည်။ ဘယ်စကားလုံးနှင့်အဝေးကို ကျုံးသွင်းနိုင်မလဲ သဘောပေါက်ပုံရသည်။ အဝေးလက်ခံလိုက်ပါသည်။

"ဟုတ်ကဲ့ ... ငါးနာရီခွဲလောက် ကျွန်မရုံးရှေ့ကိုလာပါကိုဆွေ ..."

"ဟုတ်ကဲ့ ... ကျွန်တော်ဆက်ဆက်လာမယ် ... ဒါပဲနော် အဝေး ..."





ဤတွင် ကိုဆွေသည် သူကြိုးပမ်းမှုတစ်ဝက် အရာရောက်ပြီဟု နားလည်နိုင်ပြီးဖြစ်ပေမည်။ မောင်ကျေး ခင်ဗျားနဲ့ခွဲပြီး ဒီလောက်အကြာကြီးမနေနိုင်ပါဘူးဆိုသည့် စကားတစ်ခွန်းကြောင့် တွေ့ဖို့လက်ခံသဘောတူလိုက်သော ခယ်မကို ကိုဆွေ ပြုံးရင်လဲပြုံးနေပါစေတော့။

ညနေတွင် အဝေးသည် ကိုဆွေနှင့်တွေ့ရမှာကို ရည်းစားနှင့်ချိန်းတွေ့ခါနီးထက်ပင် ရင်ခုန်ကာနေသည်။ ဘာတွေများကြားရမလဲဟု စိတ်စောစောနှင့် ထင့်နေသည်။ ရုံးဆင်းချိန်တွင် ရုံးရှေ့နား၌ အဝေးကားနောက်မှ ပစ်ကပ်တစ်စီးရပ်ထားကာ ထိုကားပေါ်၌ စီးကရက်သောက်ရင်း ကိုဆွေစောင့်နေသည်။ အဝေးထွက်လာတာမြင်လျှင် ကားထဲမှထွက်ရင်း

"အဝေး ဘယ်မှာစကားပြောကြမလဲ ..."

"မုန့်ဆိုင်တစ်ဆိုင်ဆိုင်ပေါ့ ... ဘယ်နား လူရှင်းမလဲ"

"လူရှင်းတာမရှင်းတာ မလိုပါဘူးကိုဆွေ ... လူရှုပ်လဲပဲ ကျွန်မ အာရုံမပျံ့ပါဘူး"

"ဒါဖြင့်နီးတဲ့လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်ဆိုရင်ကော"

"ဖြစ်ပါတယ် ... အဝေးရှေ့ကသွားနှင့်မယ် ..."

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

လက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်တစ်ခွက်စီသောက်ရင်း စကားပြောကြသည်။ ကိုဆွေကသာပြောသူဖြစ်လေ၏ အဝေးက နားထောင်သူ စကားထောက်သူ ...။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ခဲ့တာတွေက အပျက်ပျက်နဲ့နာခေါင်းသွေးထွက် ဆိုသလိုပဲ ... ဘာမဟုတ်တဲ့အသေးအဖွဲလေးတွေပါ အစေးရယ် ... ကြားရတော့ ကျွန်တော်လဲစိတ်မကောင်း ဘူး ... ဘယ်တော့ဝင်ရမလဲလို့ကြည့်နေတယ် မောင် ကျေးက အခု အရက်တမြမြဖြစ်စပြုပြီ ..."

အစေးနှုတ်ခမ်းတွန့်လိုက်သည်။

"ဒီလိုပဲ ... သူ သိပ်ပျော့ညံ့တယ်ကိုဆွေ ..."

"ဒါလဲမှန်ပါတယ် ... မေမေက သူ့ကိုအချစ်ဆုံး .. အငယ်ဆုံးသဲသဲတောင် ဒီလောက်မဟုတ်ဘူး ... ငယ် ငယ်ကထဲက အလိုလိုက်ခံထားရတာ ... ဒီကြားထဲ အန္တတာခံမယ့်အစ်မလိုမိန်းမမျိုးရထားတော့ အလေးအ နက်ကိုမရှိဘူး ... လင်ရယ်၊ မယားရယ်ဖြစ်ကြပြီဆို ရင် လင့်ဝတ္တရား၊ မယားဝတ္တရားရှိပါတယ် ... သူက ခုထိကျောင်းသား ... အကြီးဆုံးလင့်ဝတ္တရားဖြစ်တဲ့ ရှာကျွေးဖို့တောင် သူ့မှာအစွမ်းမရှိသေးဘူး ဆိုကထဲက ကျန်တာတွေမှာ သူ အနစ်နာခံဖို့ရှိတယ် ... မေမေရော ကျွန်တော်ပါ ဒီလို သူ့ကိုဆုံးမပါတယ် ..."

"ကျေးဇူးတင်ပါတယ် ကိုဆွေ ... သူ ရှာမကျွေးနိုင် သေးတာကို အစေး ဘယ်လိုမှသဘောမထားဘူး ... မြန်မာတွေမှာ ခေလေ့ထုံးတမ်းအရ ယောကျ်ားကရှာကျွေး ရတယ်ဖြစ်နေပေမယ့် ... နှစ်ဦးသဘောတူကျေနပ်ရေ





ရင် ... ဘယ်သူက ပိုက်ဆံရှာရှာ အိမ်ထောင်သာယာ ဖို့အဓိကပါ ... ဒါပေမယ့် အစေးက ငွေကိုင်တဲ့အတွက် မောင်အလုပ်ရရင် အစေးဆီမှာ ပိုက်ဆံအပ်ရဲ့အပ်ကြည့် လို့ မမကြူခြိမ်းခြောက်တာမျိုးကိုတော့ အစေးသိပ်ရှုံ တယ် ... ကိုဆွေ့မိန်းမဆီ ကိုဆွေ ပိုက်ဆံမအပ်ရ ဘူးလား ... မမကြူရော အခု သူ့ယောကျ်ားဆီက ပိုက်ဆံအအပ်မခံဘူးလား ... သူ့ယောကျ်ားပိုက်ဆံ သူပဲယူကိုင်မှာပါ ... သူ့အလှည့်မှာ ဒီလိုလုပ်ပြီး ယောင်းမကိုပိုက်ဆံအပ်မှာကျတော့ ပိုက်ဆံကဖြင့်မရှိသေး ဘူး ကြိုမနာလိုနေတာ တရားမျှတသလား ..."

"မတရားပါဘူးအစေး ... ကျွန်တော်သိပါတယ်"

"သူတို့မောင်ကို အိမ်မှာမကူနဲ့ ဘာမှမလုပ်နဲ့ ... ရေသယ်ရမှာမရှက်ဘူးလား ... အစေးကို နေရာမပေး နဲ့ ရောင့်တက်မယ်ဆိုတာမျိုးတွေ အမြဲသွေးထိုးခဲ့တယ်"

"ဒါ လုံးလုံးမကောင်းပါဘူး ... မေမေက မိကြူကို ဆူပြီးပါပြီ ..."

"အဆိုးဆုံးက အစေးကို ချစ်ပုံမပြနဲ့ ... အစေးက လူပါးဝမယ်ကြရင် နောက်တစ်ယောက်ကောက်ယူတဲ့ အစေးကို မမက်လှဘူးဆိုတာသိအောင်ပြထားတဲ့ ဟာ မမိုက်ရိုင်းလွန်းဘူးလားကိုဆွေရယ် ... သူများ အိမ်ထောင်ရေးကို သက်သက်ဖျက်ဆီးနေတာ ... ကို



www.burmeseclassic.com

www.burmeseclassic.com



ဆွေညီက သိပ်နားယောင်တဲ့သူ ...”

“မောင်ကျေးက တစ်သက်လုံး ဒီအမေနဲ့ဒီအစ်မစကားနဲ့ကြီးခဲ့ရတာ ... သူတို့စကားဆို မြေဝယ်မကျအကျင့်ပါနေတာ ... ဒါတွေ ကျွန်တော်တို့သိပါတယ် ... ခုကိစ္စမှာ အဝေးမလွန်ဘူးလို့ ဖေဖေရော ကျွန်တော်ပါ နားလည်ပါတယ် ... မောင်ကျေးကိုလဲ ဆုံးမတယ် ဒီကောင် စိတ်လိုက်မာန်ပါသာရှိတာ ... အဝေးနဲ့မခွဲနိုင်ပါဘူး ... အရက်တွေသောက်သောက်ပြီး လူကိုချုံးကျသွားတာပဲ ... သူ အဝေးကိုမပြတ်ဘူး ... အဝေးဘက်ကခွင့်လွှတ်နိုင်ရင် သူကပြန်လာချင်ပါတယ်”

“ဒါ သူ့စကားလားကိုဆွေ ...”

“သူ့စကားလဲ သူ့စကား ... ဘေးလူလဲ ဒီတိုင်းမြင်နေရတယ် ...”

“အားတော့နာပါတယ်ကိုဆွေ ... ကိုဆွေ့အမေနဲ့ မမကြူကိုတော့ ကျွန်မအင်မတန်ကြောက်သွားပါပြီ ... မောင့်ကို ပြန်လက်ခံရင် မောင့်မိသားစုနဲ့က မလွဲမသွေဆက်ဆံနေရမှာပါ ... ဒါကို အင်မတန်ဝန်လေးပါတယ် ...”

ကိုဆွေ ငိုင်တွေသွားသည်။

“မောင်ကျေးကိုပါ မိသားစုကိုစွန့်ခဲ့စေချင်တာလား အဝေး ...”





“သူ ဒီလောက် မြတ်နိုးကိုးကွယ်တဲ့အမေနဲ့ အစ်မကို သူ မပြတ်နိုင်တာသိပါတယ် ... ကျွန်မက ခုကထဲက ရှင်းအောင်ပြောတာ ... သူ့ဟာသူ ဘယ်လိုနေနေ ကျွန်မကတော့ သူတို့အိမ်ကို ဘယ်တော့မှ အလည်လိုက်နိုင်တော့မှာမဟုတ်ဘူး ... ကံမကောင်းအကြောင်းမလှလို့ ထောင်ကျရတဲ့ကျွန်မအမေကိုပါ ထောင်ထွက်လို့ခေါ်ပြီးစော်ကားခဲ့တယ် ...”

“အင်း ... သူတို့လွန်ခဲ့တာတွေများပါတယ် ... ကျွန်တော်ကပဲ ကြားကမျက်နှာပူပူနဲ့တောင်းပန်ပါတယ် အဝေး ...”

“ပြန်ပေါင်းဖို့ကို မောင့်အမေနဲ့အစ်မကပါ သဘောတူသတဲ့လား ...”

“အင်း ... တူကြပါတယ် ...”

အဝေးဖြင့် အံ့အားပင်သင့်မိပါသေးသည်။ သူက စော်ကားလိုက်ကြ တောင်းပန်လိုက်ကြနှင့် ထမင်းစားသောက်သလိုများသဘောထားသလား။

“မောင်က ကျွန်မနဲ့မခွဲနိုင်ဘူးဆိုတာ ပြန်ပေါင်းချင်ရဲ့သက်သက်လား ... သူမှားတယ်လို့များ နောင်တရမိသေးသလား ...”

“သူမှားတယ်လို့ ဖေဖေရော ကျွန်တော်ပါပြောပြီးသားပါ ...”



www.burmeseclassic.com

www.burmeseclassic.com



အဝေး အစဉ်းစားရကျပ်လှသည်။ အဝေးအဝေ
သူတို့ မကောင်းတာတွေများလှသကဲ့သို့ ပြဿနာဖြစ်သော
က အဝေးက သူ့အမေနှင့်အစ်မကို အလွန့်အလွန် နှိမ်ချိုး
ပျစွာပြောလွှတ်လိုက်တာကို သူ့အမေနှင့်အစ်မရော မောင်
နာကျည်းရမှာပင်။ ဒါကို သူတို့က စိတ်ကျေကြသတဲ့လား
ဘာကြောင့် ဤမျှလွယ်လွယ် စိတ်ပြေကြသလဲစဉ်းစားမရ

မောင့်အမေနှင့်အစ်မကို အဝေးအိမ်ပေါ် နေ
ဘယ်တော့မှမမြင်ချင်ဘူးရယ်လို့ အတိအလင်းပြောလိုက်ပါလျ
သူတို့သားကို အဝေးနှင့်ဆက်လက်သဘောတူနေသေးတာ
အံ့ဩစရာပင်။ မောင်ကပဲ ထွန့်ထွန့်လူးလွမ်းဆွတ်တမ်းတ
လဲနေလို့လား။ မောင့်ကိုလဲ အဝေးက ဤမျှအယုံအကြည်
ပေ။ သူလား ဒီလိုဖြစ်နေမှာ။ အဝေးထက်တော့ ပိုမလွမ်းနိုင်
တော့ပါ။ အဝေးသည် စဉ်းစားရကျပ်ကာတွေဝေနေသည်။

"အဝေး ... စဉ်းစားပါအုံး ... မောင်ကျေး
တဖြည်းဖြည်း ပျက်တောင်ပျက်စီးသွားနိုင်ပါတယ် ...
ဘယ်သူ့ကို ဘယ်လိုအခဲမကျေဘူးပဲဖြစ်ဖြစ် ... အဝေ
ဆက်ဆံချင်တဲ့သူကိုပဲ ရွေးဆက်ဆံလို့ရပါတယ် ...
မောင်ကျေးနဲ့တော့ ပြန်ပေါင်းဖို့တိုက်တွန်းပါရစေ ...

အဝေးသက်ပြင်းချလိုက်သည်။

"အဝေးစဉ်းစားပါမယ် ..."

"အဝေး ဘယ်လောက်ကြာကြာစဉ်းစားမလဲ ..."





"ပြန်လက်ခံနိုင်ပြီဆိုရင် တစ်ယောက်ယောက်ကို အကြောင်းကြားပါမယ် ..."

"ပြန်လက်ခံပါအဝေးရယ် ... အိမ်ထောင်တစ်ခုဟာ လွယ်လွယ်မပြိုကွဲကောင်းပါဘူး ..."

"စဉ်းစားလိုက်ပါဦးမယ်ကိုဆွေ ..."

ကိုဆွေနှင့်လမ်းခွဲခဲ့ကြပြီးနောက် အဝေး ကြာကြာ
ဉ်းစားလိုက်ရပါပေ။ ဆုံးဖြတ်ချက်နိုင်ခိုင်မာမာမချနိုင်ခင်
က်မိုက်ဆုံးဖြတ်ရတော့မည့်အဖြစ်ကြောင့် အဝေးစိတ်ပျက်နေ
ည်။ လစဉ် တားဆီးကာကွယ်ဆေးကို အဝေး ဒီနှစ်ဦးက
က စဖြတ်ခဲ့သည်။ ခုလို ပြဿနာတွင်းထဲကျကာမှ ဝန်ထုပ်
ပိုးက လာရောက်စွဲကပ်ခဲ့ပြီတည်း။

ဆေးခန်းထဲမှ အတည်ပြုချက်ရလာကာ ယောင်
ဝါးဝမ်းနည်းနည်းလမ်းလျှောက်လာသောအဝေးသည် သဲသဲ
တည့်တည့်တိုးနေသည်။ သဲသဲက မရဲတရဲနှင့် ...

"မမအဝေး ..."

"အော် ... သဲသဲ ဘယ်လဲ ..."

"သဲသဲ ... ဒီနားကကျူရှင်လာတာ ..."

"အော် ..."

"မမ ဘယ်လာလဲ ..."

"ဆေးခန်း ..."

"မမ နေမကောင်းလို့လား ..."



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်ဆိုပါတော့ကွယ် ..."

"မမရယ် ... ကိုကိုနဲ့ပြန်မခေါ်သေးဘူးလား ... ကိုကိုကလေ သိပ်စိတ်ပျက်ဖို့ကောင်းအောင် အရက်သေ သောက်နေတာ ... ညညကျပြန်လာရင် ချဉ်တူး စော်နေတာပဲ ... ဒက်ဒီက ခါးပတ်ကြီးနဲ့လိုမ့်လို ရိုက်တာပဲ ..."

အဝေးက သဲသဲလက်ကိုဆွဲကာ အနီးရှိအအေး ဆိုင်ကိုလာခဲ့သည်။ သဲသဲထံမှစကားသည် ကိုဆွေ့ထံမကြား သောစကားထက်ပိုပြီး ဖြူစင်လိမ့်မည်ဟု မျှော်လင့်မိ၏။ ကလေး သာသာမို့ အထိန်းအကွပ်မရှိပြောမှာကို အဝေးကကြားချင်သည်

"သဲသဲ မာမီကော မဆူဘူးလား ..."

"အမလေး ... မာမီနဲ့ရော မမကြျူနဲ့ရော ရန်ပွဲ တခြိမ်းခြိမ်း ... မမကြျူက တစ်ခါတစ်ခါမှလာတော့ မာမီနဲ့ပဲအမြဲထိပ်တိုက် ... မမကြျူလာရင် မာမီ မမကြျူကို စကားနာထိုးတာပဲ ... ဒီစနက်က အင် ညည်းစနက်တဲ့ ... ညည်းက လင်ယူပြီးကိုယ်လွ ရှန်းသွားတော့ ဒီကောင့်ဝင့်တွေ ငါပဲ အနီးကပ်လို ခံနေရပြီတဲ့ ... ကိုကိုကလေ ပိုက်ဆံလဲသုံးလိုက်တာ ဆိုတာ နှစ်ပတ်အတွင်း တစ်သောင်းနီးပါးကုန်ချေ တဲ့ ... မာမီနဲ့ တစ်ချိန်လုံးပြဿနာ ... အိမ် ဆိုတာ ဆူညံဝုန်းဒိုင်းကြီးနေတာပါပဲ မမရယ် ..."





"ကျောင်းရောတက်ရဲ့လား ..."

"ဘယ်တက်မလဲ ... မာမီတို့လုပ်တာဆိုပြီး မာမီ့ကို လဲ ရန်ပဲလုပ်နေတယ် ... ပိုက်ဆံတောင်းလို့မရရင် လဲရန်လုပ်တာပဲ ... အဝေးဆိုရင် ဒီလောက်မတောင်း ရဘူးတဲ့ ... မာမီကလဲ နင့်အဝေးဆီကပဲ ပြန်တောင်း တဲ့ ... ငါတို့ကို ဒုက္ခဆက်မပေးနဲ့တဲ့ ... ဆင်းသွား လို့ နှင်နှင်ချတယ် ..."

သူ့အမေနှင်ချနေကာ အသုံးရကျပ်နေတာကြောင့် မောင် အဝေးဆီပြန်လာချင်သောစိတ်ပေါ်ပေါက်နေတာ ကောင်းဖြစ်မည်။ နောင်တရတာကနဲ့ အနေအစားမချောင် များများဖြစ်ပေမည်။ အဝေးသည် မောဟိုက်ကာ ဝမ်း နေသည်။

"ကိုကိုက လျှောက်ပြောနေတာပဲ ... အဝေးလက်မခံ ရင် နောက်ထပ်သူဌေးမရှာယူမယ်တဲ့ ... အဲဒီအခါ လာမရှုပ်ကြနဲ့တဲ့ ... တကယ်ယူရင် ဒုက္ခပဲမမရဲ့ ... မာမီကလဲ နင့်ဟာနင် သူဌေးမ မကလို့ သူဌေး ထီးပဲယူယူ ယူချင်တဲ့ဟာယူတဲ့ ... တကယ်ယူသွား ရင်ဒုက္ခ ... မမ ပြန်ခေါ်ပါနော် ... သဲသဲလေ မမအဝေးလိုယောင်းမမျိုးရတာ တော်ပါရဲ့ ... မမကြျူ လိုဟာမျိုးယောင်းမတော်ရရင် သိပ်စိတ်ညစ်မှာပဲ ... ကိုကိုကတော့ အိမ်မှာပွကြီးပဲ ... ဒက်ဒီကော မာမီ

www.burmeseclassic.com



ရော နေ့ရှိသရွေ့နှင်ချနေတာ ... ကုပ်ကတ်နေနေ
သနားလဲသနားပါရဲ့မမရယ် ...”

အဝေးသည် ဆုံးဖြတ်ချက်တစ်ခုကို ချ
ရသည်။

“ကဲ ... သဲသဲ ... သဲသဲအိမ်ပြန်ရောက်ရင် သဲ
အစ်ကိုကိုပြောလိုက် ... အရက်မသောက်တော့ဘူး
ကတိပေးရင် ပြန်ခဲ့တော့လို့ ...”

“ဟင် ... တကယ်လား မမအဝေး ...”

“တကယ်ပါ ... ကြာလေဆိုးလေ ထိန်းမရလေ
တော့မှာ ... မြန်မြန်သာပြန်ခဲ့လို့ပြောလိုက် ...

“တကယ်နော် ... သဲသဲ ကျုံရှုံးမတက်တော့
အိမ်ပြန်ပြောမယ် ... မမလဲ လိုက်ခဲ့ပါလား ...

“ဟင့်အင်း ... အဲဒီအိမ်ကိုလာဖို့ မမကြောက်
သဲသဲရယ် ... မလာပါရစေနဲ့ ... သဲသဲတစ်ယော
တော့ မမဆီလာရင်လာလည်ပါ ...”

“သဲသဲသွားတော့မယ်နော် ...”

“အေး ... အေး ...”

အဝေးသည် အိမ်ပြန်ရောက်လျှင် အိမ်ကို
လင်းရင်း မျက်ရည်ကျရသည်။ ထိုမျက်ရည်ဟာ ဘာမျက်
လဲဆိုတာ အဝေး သရုပ်မခွဲတတ်ပါ။ ရင်ထဲမှာနာနေသ
ရခဲ့သော ဒါဏ်ရာဒါဏ်ချက်တွေ အနာရွတ်မပျောက်သေ





အဝေးသည် ကမ်းမမြင်သောပင်လယ်ပြင်၌ လက်ပစ်ကူးရန်
အွန်စားရပေဦးမည်တကား ...။

ညနေမှောင်စ ရှစ်နာရီထိုးလောက်တွင် တံခါး
ခေါက်သံထွက်လာသည်။ အော် ... လာပြီကိုး ...။ နေစ
ရာမရှိ၍ ပြန်တက်ချင်သူလာပြီကိုး ...။ နှင်ချခံရသဖြင့်
ဆင်း လာပြီကိုး ...။ အဝေးရဲ့ ပြန်ခဲ့ပါဆိုသောစကားကို
သူ အင်မတန်ဝမ်းမြောက်သွားမှာအဝေးသိသည်။ နေမြဲတိုင်း
စားမြဲတိုင်း တာဝန်မဲ့ကာ လွတ်လပ်ချောင်ချိလှသောဘဝသို့
သူ ပြန်ဝင်ရတော့မည်ကို သူ မပျော်ဘဲနေပါလိမ့်မလား ...။

ဖြစ်ခဲ့ပြီးသမျှ၌ သူ မယ်မယ်ရရ ဘာမှ နောင်
တမရမှာကို အဝေးသိပါသည်။ သူ့အမေ၊ အစ်မတို့ကို အပြစ်
တွေတင်နေတာဟာ အဝေးမှန်သည်ထင်လို့မှမဟုတ်ဘဲ ...။
ထမင်းရည်ပူ လာလျှာလွှဲကာ မြင်ရာရမ်းသမ်း တရားခံတပ်
ဆွဲတာဖြစ်သည်။ သူ့ကို ပြန်လက်ခံခေါ်ယူတာကိုက သူတော့
ဖြင့် အသိတရားရပြီ ...၊ အချိုးအချိတ်ပြင်ပေတော့မည်ဟု
မျှော်လင့်ချက် တစိုးတစိမျှမပါ။ ပြုပြင်ပါစေဟု မရဲတရဲဆု
တောင်းနိုင်ခြင်းမျှလောက်သာရှိသည်။

အဝေးပြန်လည်ခေါ်ယူလိုက်တာကိုက သူ့ကို မ
ခွဲနိုင်လွန်းလို့ လွမ်းလှလို့တစ်ခုကြောင့်မဟုတ်။ အဝေးသည်
လဲ ကိုယ့်အကြောင်းနှင့်ကိုယ်ပင်တည်း ...။ မျှော်မြင်သောက်
ထားစရာတွေ တစ်ပုံတစ်ပင်နှင့် ဤဝင်္ကဆင်းရဲမှ ခုန်းမထွက်



www.burmeseclassic.com

www.burmeseclassic.com



သာသေးသောဘဝ၌ သုံးမရအောင်ပျက်စီးယိုယွင်းပြီးမှ ပြ
ရောက်လာမှာနှင့်စာလျှင် လက်မလွှန်ခင် ပြန်ခေါ်ယူလိုက်တာ
က သက်သာမည်။

ပြီးတော့ အဝေးရဲ့ ဝမ်းကြာတိုက်မှာ အင်္ဂါခြေ
လက်မထွက်သေးသော ရင်သွေးခဲကလေးမျာ အပြစ်မဲ့စွာ
နေရာယူနေခဲ့ပြီမဟုတ်လား။ သူကလေး၌ အမေရှိပါစေ။ သူ
ကလေးဘဝ၌ မိဘစုံပါစေ။ ပုံသဏ္ဍာန်ဘယ်လိုရှိသည်ဆိုတာယ
မမြင်တွေ့ရသေးသော်လဲ သူကလေးထံသို့ စီးစိမ့်ယိုဆင်းပျော်
ဝင်ခဲ့ပြီဖြစ်သော မိခင်တစ်ယောက်၏ မေတ္တာရေစင်အားဖြ
သူကလေးရဲ့ဖခင်ကိုပါ ခွင့်လွှတ်ရပါမည်။

တံခါးဖွင့်လိုက်လျှင် တံခါးဝ၌ညှင်းသိုးသိုးရပ
ဖွားဖွားနိုင်လှသော လူတစ်ယောက်မှာ အငိုမျက်လုံးနှင့်ရပ်ကာ
နေသည်။ ရုတ်တရက် အဝေးထံပြေးဝင်ကာ အဝေးရင်ခွင်၌
ကလေးငယ်လို မျက်နှာအပ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်၏
အဝေးသည် မောင့်ခေါင်းကို ဖက်ပွေ့ကာ နာနာကျည်းကျည်
ရောနှောရှိုက်ငိုချလိုက်လေသည်။

နှံ့တကာ့နှံ့တို့အနက် ဤနှံ့သည်အနက်ဆုံးပေ
တကား ...။

✧ ⌑ ✧



# ၈

ပြတ်သော ကြိုးတစ်ချောင်းကိုဆက်သကဲ့သို့
အဝေးနှင့်မောင်တို့အကြား၌ ဆက်ထုံးသည်ရှိခဲ့လေပြီတကား။
ထိုဆက်ထုံး၏အဖုအထစ်သည် ဘယ်သောအခါမျှ အကောင်း
ပကတိပြန်မဖြစ်နိုင်တော့သည်ကို နမြောဝမ်းနည်းစွာလက်ခံရ
ချိန်၌ အဝေးဘာမှပြန်လည်ပြင်ဆင်နိုင်စွမ်းမရှိတော့ပြီ။ ဤ
အကြိမ် တစ်အိမ်ထဲနှစ်ယောက်အတူပြန်နေရခြင်းသည် လက်
ထပ်စတစ်အိမ်ထဲနှစ်ယောက်အတူစတင်နေရခြင်းနှင့် ဘယ်လို
မှမဆိုင်။

ရန်ဖြစ်ပြီးပြန်တဲ့တဲ့အခါ ပိုချစ်ကြရသည်ဆိုတာကို
အဝေးလက်သင့်မခံနိုင်တော့ပေ။ နှစ်ဦးစလုံးရင်တွင်း၌မျက်
ခရသောအမှတ်အသားရှိခဲ့ပြီ။ မောင်ကလဲ အဝေးသည် ကလေး



www.burmeseclassic.com

www.burmeseclassic.com



ရှိလာခြင်းကြောင်း သူ့ကို ပြန်လက်ခံသည်ဟု လုံးဝဉဿုံယုံကြည်သတ်မှတ်ခဲ့သလို အဝေးကလဲ မောင်ဟာ မိဘအိမ်ထက်လွတ်လပ်ပြီး မိဘလောက်မကြောက်ရသော မိန်းမအိမ်သို့ သူ့တစ်ကိုယ်စာသက်သာချောင်ချိရေးအတွက် ပြန်လည်နို ဝင်ခဲ့သည်ဟု လုံးဝဉဿုံယုံကြည်သတ်မှတ်သည်။

ရယ်မောရသောအခါ ပျော်ရွှင်ရသောအခါတို့ ရှိသေးသော်လဲ အရင်လိုပေါ့ပါးဖြူစင်မှု မပျော်ဝင်ချေ။ မောင့်၌အဝေးအပေါ်စိတ်နာခြင်းရှိသလို အဝေး၌လဲမောင့်အပေါ် အထင်သေးခြင်းအမြစ်တွယ်ခဲ့ပြီတည်း။ မောင့်ရဲ့စိတ်နာခြင်းအတွက် သိသာသောသက်သေမှာ သူ့အမေအိမ်ကိုအဝေးမလိုက်နိုင်သလို အဝေးအမေအိမ်သို့လဲ သူကမလိုက်နိုင်တော့ခြင်းပင် မောင်ပြန်ရောက်လာကြောင်း အမေ့ထံ အသိပေးသွားလည်ကြဖို့ကို မောင်ကရှက်သည်ဟုငြင်းလိုက်သဖြင့် ဖုန်းနှင့်ပဲအသိပေးလိုက်ရသည်။ အမေနေမကောင်းကြောင်း အန်တီစန်းထံမှကြား၍ လိုက်သွားကြရအောင်ဟု အဖော်စပ်သောအခါ ရုတ်တရက်ကောက်ကာငင်ကာဆေးရုံသွားစရာကိစ္စပေါ်လာပြီး မောင်ကထွက်သွားနှင့်သည်။ သုံးကြိမ်မျှလွန်ကာ မောင်ရှောင်လာသောအခါ အမေ့အိမ်ကိုလဲ မောင်ဘယ်တော့မှ မလိုက်မတော့အဆိုတာကို အဝေးရိပ်စားမိတော့သည်။

မောင်က သူ့အနာနှင့်သူ ဤသို့ပြုမူပုံအပေါ် အဝေးက ထိပ်ဆင့်နာကျည်းသည်။ သူ့အမေသူ့အစ်မတို့ အ





ဝေးအပေါ်နှောက်ယှက်စော်ကားခဲ့သလို အဝေးအမေက မောင့်အပေါ်စော်ကားဖူးပါသလား။ စော်ကားသူကို နှောင်အစော်ကာ မခံလိုသဖြင့် အဝေးက မပတ်သက်ချင်တာကို မောင်က ထပ်တူလက်စားချေသဖြင့် အဝေးမုန်းသည်။ မောင့်မှာ အဝေးအမေအပေါ်ဘာမှအာဃာတထားစရာမရှိ။ အဝေးအမေက သူ့ကို အရေးပေးလှသည်။

ဒါနှင့်များပင် သူက ဤသို့ပြောင်ပြောင်တင်တင်းဆန့်ပြရတာကို အဝေးခံပြင်းလှသည်။ သို့သော် မလိုက်ချင်သူကို ဖွတ်ဆွဲခေါ်ဖို့ပဲဖြစ်ဖြစ် ချော့မော့အောက်ကျခံတောင်းပန်ခေါ်ဖို့ပဲဖြစ်ဖြစ် အဝေးကစိတ်မဝင်စား။ တစ်ယောက်အညှိုးပေါ်တစ်ယောက်အညှိုးက ထပ်နေသောအခါ အိမ်ထောင်ရေးသည် စိတ်ပျက်ဖို့ကောင်းလှ၏။

ထို့အပြင် မောင်၌စွဲမြဲနေပြီဖြစ်သော အစွဲကြီးမှာ အဝေးကငွေရှင်၊ ငွေရှာသူ၊ ငွေအားကိုးနှင့်တင်းနိုင်သူ သူက ငွေမရှာနိုင်သော လင်ယောကျ်ားမို့ အဝေးဟာ သူ့အပေါ်ထာဝရအထင်သေးနေမည်။ ငွေမရှာနိုင်သောလူပီပီ အိမ်ဗာဟီရတို့၌ လက်ကြောတင်းတင်းလုပ်စေလိုသောစိတ် အဝေးမှာရှိနေသည်။ ဆုံးဖြတ်ပိုင်ခွင့်၊ ခြယ်လှယ်ပိုင်ခွင့်ကို အဝေးက လက်ဝါးကြီးအုပ်ထားပြီး သူ့ကို အမြဲချောင်ထိုးထားမည်။ သူ့ကို အားမကိုး။ သူ့ကို ဂရုမစိုက်။ ယောကျ်ားတစ်ယောက်လို့ပင် မထင်။ အိမ်မှာမွေးသော ခွေးလောက်သာသဘောထားသည်။ ဒါ

www.burmeseclassic.com



တွေသည် မောင့်စိတ်၌စွဲမြဲနေသောအယူအဆတို့ပင်တည်း။

ဤကြားထဲ၌ တစ်ယောက်ကနှစ်လ တစ်ယောက်ကတစ်လခွဲနှင့် အိမ်ဖော်နှစ်ယောက်ပြောင်းသည်။ အိမ်ဖော်များသည်မမြဲကြ။ မောင့်ရဲ့အပြစ်ရှာမှုကို အောင့်အည်းမခံနိုင်သဖြင့် ပြေးကြသည်။ ဘာမဟုတ်တာနှင့်အပြစ်ရှာနေခြင်းသည် သူ့အမေရဲ့အိမ်ဖော်ကို အဝေးနှင်ထုတ်ပစ်ခြင်းအတွက် လက်စားချေမှုဖြစ်သည်။ မောင်သဘောထားသေးလှတာကို စက်ဆုပ်ဆုပ်နှင့်အောင့်ကြည့်နေရသည်။

တစ်ခါတစ်ရံ မောင်ဂျီးထူအပြစ်ရှာလွန်းသဖြင့်

"ဒီလောက်မပြောပါနဲ့မောင်ရယ် ... ဒီလောက်လဲမဆိုးပါဘူးမောင်ရယ် ..."

ဟု လေချိုနှင့်ကာဆီးကာဆီးလုပ်မိသည်။ ထိုအခါ ...

"မကြိုက်လို့မကြိုက်ဘူးပြောတာ ... မကောင်းလို့မကောင်းဘူးပြောတာ ... မပြောရဘူးလား ... ဒါလေးတောင်ပြောခွင့်မရှိဘူးလား ... ပါးစပ်ပိတ်ပြီးအရုပ်လိုနေရမှာလား ..."

စသဖြင့် စကားနာထိုးလေသည်။

တကျက်ကျက်ဖြစ်တဲ့အခါဖြစ် ... လျစ်လျူရှုတဲ့အခါရှုရ ...။ ဆားပေါ့ရုံနှင့် ဟင်းပန်းကန်ပေါက်ခွဲတာမျိုးကို ဘယ်သူမှအကြိမ်ကြိမ်သည်းမခံနိုင်။ အိမ်ဖော်တွေ





မပျော်ကြသည်မှာမဆန်း။ အိမ်ဖော်တွေတစ်ခါထွက်လျှင် အဝေးတစ်ခါကြိတ်ငိုရသည်။ အိမ်ဖော်ကိုနှစ်သက်ကာမခွဲနိုင်တာကြောင့်တော့ ဘယ်ဟုတ်ပါ့မလဲ။ ရင်ထဲအလုံးဆောင့်၍ စိတ်ဆင်းရဲသောကြောင့်ဖြစ်သည်။

"မောင်ရယ် တော်ရုံဟာကို သည်းခံခွင့်လွှတ်ပါလားအဝေးကိုယ်ဝန်တဖြည်းဖြည်းရင့်လာပြီ။ လူမရှိတုန်းမှာ အဝေးလုပ်ရကိုင်ရပင်ပန်းလှပါတယ်။ အဝေးရဲ့ဗိုက်ကိုညှာတာသောအားဖြင့် တော်ရုံအပြစ်ကိုလျစ်လျူရှုပေးပါ လူမရှိတော့အဝေးပင်ပန်းဆင်းရဲရတာ၊ လူကချက်ချင်းလဲပြန်မရပါဘူး။ အခုပဲထွက်တာနှစ်ယောက်ရှိပြီ အဝေးဗိုက်ကခြောက်လဖြစ်နေပြီ။ ထိုင်ရထရတောင်မသက်သာဘူး၊ အဝေးမှာကူဖော်လောင်ဖက်ရှိပါရစေ"

မျက်ရည်ပေါက်ပေါက်ကျကာ သနားခံမိသည်။ လူပြန်ရှာတုန်း နှစ်ပတ်ရက်နှစ်ဆယ်စသဖြင့် ကြားရက်တွေမှာ ဘာတစ်ခုမှဝင်မကူသောမောင့်ကို အံ့သြခြင်းအထွတ်အထိပ်နှင့် ငါ့ကိုသက်သက်အတိုးချနှိပ်စက်မဟုတ်ဲ့ဟု ပြန်ပေါင်းတာများလားဟုပင် သံသယဝင်လာသည်။

"ဘာလဲ ... အပြစ်ရှိရင်ပြောမှာပဲ ... ဆတ်ဆတ်ထိမခံနိုင်လို့ထွက်ကြတာထွက်ပေါ့ ... ခြေထောက်ဖက်ပြီးဆွဲထားစေချင်တာလား ... လူမရှိတုန်း တစ်ပတ်တော့ ဘာမှမတတ်နိုင်ဘူးအဝေး ... သူများတွေ

www.burmeseclassic.com



ကိုယ်ဝန်တစ်ဖက်နဲ့ အကြော်ရောင်း ... မုန့်ရောင်းရင်း ဘတ်စ်ကားတိုးရင်း ဒီလိုပဲမွေးသွားကြတာပဲ ...”

အဝေးသည် ပါးကိုလှမ်းရိုက်ဖို့ပင် လက်ကိုနှမြောသွားကာ မောင့်ကို စိမ်းစိမ်းကြီးကြည့်နေမိသည်။ သတ်ပစ်မိတော့မလို ရှုတ်တရက်မျက်လုံးပြာကာ အနာကြီးနာသွားလေသည်။ အဝေးဟာ အကြော်ရောင်းရင်းမွေးရမည့်မိန်းမစားလား၊ ဘတ်စ်ကားတိုးရင်း မွေးရမယ့်မိန်းမစားလား။ ကံမကောင်းအကြောင်းမလှသဖြင့် ဤအာဝေဏိကဒုက္ခထုပ်ကြီးကို တနင့်တပိုးလွယ်ကာ ရုန်းကန်နေကြရသူတွေကို မြင်တိုင်းလဲစိတ်မကောင်းဖြစ်ခဲ့သည်။ ကိုယ်တိုင်က မောင့်အစွမ်းအစမပါဘဲ ကိုယ့်အစွမ်းအစနှင့် ကားတစ်စီးပိုင်ကာ ဝင်ငွေဖြောင့်နေပါလျက် ဤသို့များ ကားတိုးစီးနေစေချင်သေးသလား။

မောင့်ရဲ့ရက်ရက်စက်စက်နိုင်မှုသည် မယူခင်က မောင်ဟာ ဒီလိုပါဟု ပြောမည့်သူရှိခဲ့လျှင်တောင် ထိုသူကို အဝေးစက်ဆုပ်မုန်းတီးမိမတတ်ခါးခါးသီးသီးမယုံနိုင်လောက်အောင်ပင်။ သူက ဤမျှ ဖြောင်ကျမှတော့ ကိုယ်လဲပဲဖြောင်ကျကျပေါ့။ အဝေးသည် ဒုတိယမိန်းကလေးထွက်သွားပြီး နှစ်ရက်ခန့်အရှိ ... ရုံးပိတ်ရက်၌ အမေ့အိမ်တစ်ယောက်ထဲသွားလျှက် မရီကို ခွတ်ခေါ်လာခဲ့သည်။

“မလိုက်ပါရစေနဲ့အစ်မရယ် ... ကိုမောင်မောင်ကျော်ကိုကြောက်တယ် ...”





“ဘာလို့ကြောက်ရမှာလဲ ... အဝေးကိုမသနားတော့ဘူးလားမရီရယ် ဒီဗိုက်ကြီးနဲ့ အဝေးဘာမှမလုပ်နိုင်ဘူး သိပ်လေးတာပဲ ... အဝေးယုံကြည်စိတ်ချပြီးအားကိုးနိုင်မှာမရီပဲရှိတယ် ... လိုက်ခဲ့ပါ ... မွေးပြီးမှပဲပြန်ပါ ... လခလဲ မရီလိုချင်သလိုပေးပါ့မယ်”

“လခကို စကားထဲထဲ့မပြောပါနဲ့ မအဝေးရယ် ... ကျွန်မညီမအိမ်က လက်မခံတော့လို့ နေစရာတောင်မရှိတာ ... မမမြကခေါ်တင်ကျွေးထားတာပါ ... မမမြမှာလဲ ဒေါ်စိုးက အဖော်ရှိပြီးသား ... ဘာမှလဲကူလုပ်စရာမရှိလှဘဲ တင်ကျွေးရှာသက်သက်ခေါ်ထားတာ ... မမမြကျေးဇူးရှိပါတယ် ... တစ်ခါမှလဲဒီအလုပ်လုပ်ခဲ့တာမဟုတ်ဘူး ... မအဝေးအိမ်ပဲနေဖူးတာပါ ... မအဝေးကိုလဲခင်ပါတယ် ... ဗိုက်ကြီးတစ်ဖက်နဲ့ လုပ်ကိုင်နေရမှာလဲ မမြင်ချင်ပါဘူး။ ကျွန်မသိပ်လာကူချင်ပါတယ် ကိုမောင်မောင်ကျော်နှင်ချမှာကြောက်တယ်”

“နှင်ချရင် ကျွန်မနဲ့သူအပြတ်ပဲ ... မရီကို ပြဿနာလုပ်ရင် ကျွန်မနဲ့သူအတွေ့ပဲ ... အခု သူ့အမေနဲ့သူ့အစ်မလဲ ကျွန်မအိမ်လာခွင့်မရှိဘူး ... လိုက်သာလိုက်ခဲ့ပါနော် မရီ ... သူ စော်ရုံတန်ရုံဂျီတိုက်ရင်တော့သည်းညည်းခံပေးပါ ... နှင်တော့ မထုတ်စေရဘူး”

မရီသည် ရင်လေးလှုပုံနှင့်အမေ့ကိုကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မရီရယ် ဖြစ်နိုင်ရင် ငါ့သမီးကို ငါသွားစောင့်ရှောက်ချင်ပါတယ် ... ဒါပေမယ့် ငါပါလာလို့မကောင်းတတ်ဘူးဖြစ်နေတယ် ..."

"မမပြလိုက်စေချင်ရင်တော့ အဝေးကိုလဲသနားလို့ လိုက်သွားပါတော့မယ် ..."

"ငါ့သမီးကို စောင့်ရှောက်ပါဟယ် ... သူ့ယောက်ျားကိုလဲ သည်းညည်းသာခံပြီးပေါင်းပါ။ သူ့ဟာသူ မောတော့လဲ ကပ်ဖိုးကပ်ဖွဲ့တွေရပ်သွားပါလိမ့်မယ် ..."

ဤသို့နှင့်မရီပါလာသည်။ အိမ်မှာမောင်ရှိနေသည်။ ဝင်လာသောအဝေးနောက်မှ အထုပ်ပိုက်ထားသောမရီကိုမြင်လျှင် မျက်လုံးတွေတင်းကာ ဝင်းဝင်းတောက်လာသည်။

"မောင် အဝေး မရီကိုခေါ်လာတယ် ... မရီကိုဘယ်တော့မှအလုပ်မထုတ်ဘူး။ မောင်လဲပြဿနာမရှာပါနဲ့"

အဝေးက ခပ်တင်းတင်းပိတ်ပြောလိုက်သည်။

မောင်သည် ဝုန်းခနဲလှည့်ကာ နံရံမှပန်းချီကားတစ်ချပ်ကို လက်သီးနှင့်ဆောင့်ထိုးလိုက်ပြီး တစ်ကိုယ်လုံးတုန်အောင်ဒေါသကြီးကာ ...

"ငါဘာလုပ်သေးလို့လဲ ... ငါဘာလုပ်ရသေးလို့လဲ ဘာမှမလုပ်ရသေးခင် ဘာဖြစ်လို့ကြိုတင်ပြီးကာကွယ်ထားနှင့်ရတာလဲ ဟင် ... ပြောစမ်း ... တောက်"

မျက်ထောင့်တွေနီ၊ မျက်နှာတွေနီ တံထွေးတွေ





စင်ထွက်မတတ် တရားလွန်ကြီးဒေါသထွက်ကာနေသည်။

"ဘာမှအပြစ်မလုပ်ရသေးဘဲ ကြိုတင်ကာကွယ်တာကို အဝေး မောင်နဲ့ညားကထဲက ခံစားလာရတာပါ ... ရှင့်ကို နှိမ်မှာဖိမှာစိုးလို့ ရှင်တို့တစ်သိုက်လုံး ဝိုင်းကာကွယ်နေကြတာကို ခံခဲ့ရတဲ့မိန်းမပါ။ အဲဒီအရသာကို မောင်သိပြီပေါ့ ..."

"တောက် ... ငါ"

မရီသည် ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းသလို ပွဲဦးထွက်ရန်ပွဲကို ရင်ဆိုင်တွေ့ရကာ မျက်နှာကလေး ဖြီးရှက်ခန့်ငယ်နေရှာသည်။ အဝေးသည် မောင့်လိုဒေါသတကြီးမဟုတ်ဘဲ လေအေးနှင့် ထိမထင်သလိုတုံ့ပြန်သဖြင့် မောင်မချိမဆန့်ပိုပြီးဖြစ်နေသည်။ အဝေးစိတ်ထဲ၌ သူဘာဖြစ်ဖြစ်သိပ်ဂရုတစိုက်မရှိလှတော့။ သူ့ရင်သွေးသူ့ဗိုက်ကိုပင် ထိန်းသိမ်းစောင့်ရှောက်ဖို့ ဂရုတစိုက်မရှိသောမောင့်ကို အဝေးက ဂရုစိုက်လိုစိတ် တစိုးတစိမျှမရှိပါ။

မောင်နဲ့အဝေးရဲ့အိမ်ထောင်ရေးသည် ဒီလိုချည်းသာ စိတ်ပျက်စဖွယ်ချည်းပဲလား။ ဒီလိုတော့လဲ လုံးဝဥဿုံမဟုတ်သေးပါ။ စိတ်လိုလက်ရ သူကြည်လင်သောညဦးတို့၌ အဝေးလက်ကိုတွဲကာ အနီးတစ်ဝိုက်ပတ်ကာ လမ်းလျှောက်စေတတ်တာမျိုးရှိပါသည်။ သူ့အိမ်ကို လေးငါးရက် တစ်ပတ်စသဖြင့် မရောက်ဖြစ်သောကြားနေ့တွေမှာ မောင်ဟာ ကြည်

www.burmeseclassic.com



လင်ရှင်ပျတတ်မှု ကျန်ရစ်ပါသေးသည်။ ထိုနေ့တွေမျိုးမှာ မေ ကို မောင့်မြင်ကွင်းများမှာ ရှောင်ရှောင်ရှားရှားနေခိုင်းထားလျှ တော့ အရာရာသည် ချောချောမွေ့မွေ့ကလေးရှိတတ်ပြန်သည်။

ဤရက်များကို မက်မောလှသဖြင့် ဤသို့သော ရက်များ၌ မောင့်ကို ယောင်၍မျှတစ်ခုခုမခိုင်းမိစေရန်၊ ပိုက်ဆ တောင်းက အသာတကြည်ရှိရန်၊ ဘာမှပိတ်ပင်ချုပ်ချယ် ဆ မလုပ်မိရန် လိုအပ်ပါသည်။

ကိုယ်ဝန်ခြောက်လကျော်အချိန်တွင် ဖြစ်ပေါ်လ သောပြဿနာတစ်ခုကား မှုကွဲပြဿနာတစ်မျိုးဖြစ်လေသည် မန္တလေးမှာ အဆောက်အဦးတွဲများ ဆောက်ရန်ကိစ္စတစ်ခုပေ ပေါက်လာလေရာ အဝေးရဲ့ဘော့စ် စက်ဘ်ပူကြီးက မန္တလေးသွ ရဖို့ဖြစ်လာသည်။ အကြာကြီးမဟုတ်ပါ။ ငါးရက် တစ်ပ စသဖြင့်ဖြစ်သည်။ သူ့ သိသမျှအချက်အလက်အားလုံးကို ကိုယ်ပွားလိုသိနေကာ စကားပြောတော့ အဝေးက ပိုပြီး ရေလည်လည်ရှိသဖြင့် သူက အဝေးကို မပါပါအောင်ခေါ ဖို့ဖြစ်လာလေသည်။ သူ့အတွက် အချီအချစကားပြောစရာ အပ်သောဤအရေးကိစ္စ၌ သူအားကိုးသောအဝေးမပါလျှင် အောင်မြင်နိုင်တော့သလောက် သူက အဝေးကိုအားကိုးနေသ အဝေးရဲ့ဗိုက်ပူပူကိုလဲကြည့်ကာ အားနာနေပြန်လေသည်။ နေရာ၌ အဝေးယတိပြတ်ငြင်းလျှင် သူက မခေါ်ဘဲထားရစ် ဖြစ်တာသေချာသည်။ အဝေးရဲ့ကျန်းမာရေးအခြေအနေကို





သောက်ထားမှာဖြစ်သည်။

သို့သော် အဝေးအတွက်က မလိုက်ဘူးဟု ငြင်း ဆန်လိုသောဆန္ဒမရှိ။ အဝေးမလိုက်လျှင် သူသည် ရုံးက အ ခြားသင့်တော်ရာအမှုထမ်းတစ်ယောက်ကိုခေါ်သွားမှာဖြစ်သည်။ ဒီစက်ဘ်ပူကြီးရဲ့ တော်လျှင်တော်သလို၊ အရာရောက်လျှင်ရောက် သလိုချီးမြှင့်မြှောက်စားမှုကြောင့် ရုံးမှနီးကြားသောလူရွယ်များ သည် အခွင့်ကြုံလျှင် အစွမ်းအစပြဖို့အရေး အခါကောင်းစောင့် နေတတ်ကြပါသည်။

နိုင်ငံခြားသားပီပီ အားနာခြင်းသိပ်မရှိတတ်ဘဲ အတွက်အကောင်းဆုံးလူကို သူ့ရဲ့လက်ထောက်၊ သူ့အပါး တော်မြဲအဖြစ် အချိန်မရွေး လူလဲလိုက်နိုင်လေရာ အဝေးသည် စက်ဘ်ပူကြီး တခြားဝန်ထမ်းတစ်ယောက်အပေါ် ပိုမိုနှစ်သက် သွားနိုင်ခွင့်မပေးလိုပါ။ ဒါဟာ သူတစ်ပါးကို အခွင့်အလမ်း တ်ချင်တာမျိုးလဲမဟုတ်။ ကိုယ့်နေရာကို ကိုယ်မြဲမြဲဆုပ်ထား ရေးပင်ဖြစ်သည်။ သူ့လက်ထောက် အပါးတော်မြဲနေရာကို ဆေးမရတော့လျှင် လခကတော့ လျော့သွားဖို့မရှိပါ။ သို့သော် ဆေးနေခွင့်ရထားသောတိုက်ခန်းကိုတော့ အဝေးလက်လွှတ်ရ သည်။ ထို့ကြောင့်လဲ သူနှစ်သက်သဘောကျမည့်အလုပ် တို၌ စွမ်းစွမ်းတမံလုပ်ပြနေလိုခြင်းသည် အဝေးဆန္ဒ။ လဲ မွေးဖွားဖို့နီးသေးတာမဟုတ်ဘဲ ကျန်းမာရေးလဲကောင်း ခိုက်မို့ အဝေးကိုယ်တိုင်က စက်ဘ်ပူကြီးကို ...



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုယ်ဝန်ဟာ အဒေးရဲ့တာဝန်ဝတ္တရားတို့အ
တွက် ဘာမှအနှောင့်အယှက်မရှိကြောင်း၊ ကျန်းမာရေးကော
နေကြောင်း၊ လုပ်နိုင်ကြောင်း မန္တလေးကိစ္စကိုလဲ စိတ်ဝင်စ
တက်ကြွကြောင်း အဒေးပဲလိုက်မည်ဆိုတာ အသိပေးရပါသည်
ထိုအခါ စက်ပိုင်ကြီးက အလွန်သဘောကျချီးမွမ်းရင်း ဒီခ
အတွက် ခရီးစရိတ်သတ်သတ်အဒေးအပိုရပါမည်ဆိုတာပြ
လည်ကတိပေးသဘောတူလိုက်လေသည်။ အိမ်ပြန်ရောက်ပြ
ရှေ့အပတ်မန္တလေးသွားရမည်ဆိုတာ မောင့်ကိုအသိပေးသော
ခါ မောင်က မမျှော်လင့်ဘဲကန့်ကွက်လေတော့သည်။

"ဟာ... သူကလဲ အဒေးကိုမှခေါ်ရသလား။ ကိုယ်
ဝန်ကြီးနဲ့ဟာကို ..."

"သူကတော့ မလိုက်နိုင်ဘူးငြင်းရင် ထားခဲ့ပေးမှာ
အဒေးကိုယ်တိုင်က လိုက်မယ်လို့ပဲပြောလိုက်တယ်မော
ရယ် ..."

"အဲသလို မလိုက်လို့ရနေရင် အဒေးကဘာလို့ သူ
ကောင်းဆန်ဆန် လိုက်မယ်လို့သွားပြောရတာလဲ ..
မလိုက်နဲ့ပေါ့ ..."

"မဟုတ်သေးဘူးမောင် ... မလိုက်ရင် တခြားအ
ယောက် သူခေါ်သွားရမှာပေါ့ ... ရုံးမှာက သူ့ဆီ
အစွမ်းအစပြချင်တဲ့သူချည်းပဲ ... သူက တော်သ
ရွေးပြီးမြှောက်စားတာ ... ဒီပြင်တစ်ယောက်ယောက်





သူ အဒေးထက်ကြိုက်သွားဖို့ အခွင့်အလမ်းရရင် သူ့
ရဲ့အနီးကပ်လက်ထောက်တွဲဖက်အခြေအနေကနေ အဒေး
ပြုတ်သွားလိမ့်မယ် ..."

"ဘာလဲ ... သူက မလိုက်ရင်ဖြုတ်မယ် ... လိုက်
ချင်မှလိုက် ဒါမျိုးလား ..."

"မဟုတ်ပါဘူး ... မလိုက်ရင်ဖြုတ်မယ်ရယ်လို့မဟုတ်
ဘူး ... ဒါပေမယ့် တစ်ယောက်ယောက်ကို အဒေး
ထက် ပိုကြိုက်ရင်တော့ အဒေးကိုဖြုတ်မှာပဲ ... ပို
ကြိုက်သွားနိုင်တဲ့အစွမ်းပြခွင့်ကိုမပေးချင်တာ ... သူ့
လက်ထောက်၊ သူ့တွဲဖက်မဟုတ်တော့ဘဲ သာမန်ဝန်ထမ်း
ဖြစ်သွားရင် ဒီတိုက်ခန်းကို အဒေးပြန်အပ်ရဖို့ဖြစ်လာ
လိမ့်မယ်မောင် ..."

တိုက်ခန်းကိစ္စက မဖြစ်မနေလိုက်သွားဖို့အကျပ်
ကိုင်စရာဖြစ်လာသောအခါ ဤတိုက်ခန်းမှာပင်နေနေရသော
မောင့်အတွက် ခံပြင်းစရာဖြစ်သွားလေသည်။

"ဒီတိုက်ခန်းကိုမက်မနေနဲ့ ... အဒေးမှာလဲ ကိုယ်
ဝန်ကြီးနဲ့ ..."

ကိုယ်ဝန်ကြီးနဲ့မို့ မောင်က စိုးရိမ်ပူပန်တဲ့သ
ဘောလား။ အနီးကပ်နေနေစဉ်၌ ထိုကိုယ်ဝန်ကို သူက ဘယ်
အကြောင်းများ တယုတယစောင့်ရှောက်ခဲ့လို့လဲ။ လူမှု
ရေးပြဿနာကြား ထိုကိုယ်ဝန်ကြီးနှင့်ပင် ရေပုံးကြီးတွေမကာ ရွေ့



www.burmeseclassic.com

www.burmeseclassic.com



ကာအဝတ်လျှော်နေရသေးတာပဲဟာ။ ဒီတုန်းက ဒီကိုယ်ဝန်
စိုးရိမ်စောင့်ရှောက်လိုစိတ်နှင့် သူ ကူခဲ့လို့လား။ သူ့လုပ်အား
ပါရမည့်အကူအညီမျိုးတော့ မပေးခဲ့ဘဲ ပါးစပ်တစ်ပေါက် စို
ရုံကလေးစိုက်ပြီး ကိုယ်ဝန်ကို လာစိုးရိမ်နေလို့ရမလား။
သို့တွေးမိသော်လဲ အဝေးက အေးဆေးစွာပင်ပြောပါသည်။

"ကိုယ်ဝန်ကြီးကရပါသေးတယ် ဒီလောက်ကြီးလဲ
အားပူမနေဘူး အဝေးကျန်းမာရေးလဲကောင်းတာပဲ"

"ကောင်းကောင်းကွာ မလိုက်နဲ့ ..."

"မောင်ရယ် အကြောင်းမဲ့ပြဿနာမရှာစမ်းပါနဲ့ ...
အဝေးက ကိုယ့်အတွက်အချက်နဲ့ကိုယ် လုပ်သင့်တာ
ထင်လို့လုပ်မှာပါ ... ဘယ်သူက တပင်တပန်းခံ
သွားချင်မလဲ ... ဒီလိုလုပ်မှပိုကောင်းမှာမို့လုပ်တာပါ"

"ဘာပိုကောင်းတာလဲ ... တိုက်ခန်းကိုမက်ပြီး ကိုယ်
ဝန်တစ်ဖက်နဲ့ ခင်ဗျားသွားရမှာကို ငြိမ်ကြည့်နေပြန်ရ
လဲ ကျုပ်ပဲ ဒီတိုက်ခန်းမက်ရာကျနေဦးမယ် ..."

"မက်ရမယ်မောင် ဒါကိုမက်တာ ဘာမှရှက်စရာ
ဟုတ်ဘူး။ ကိုယ်မရနိုင်တာကို လောဘထွက်ပြီး
နေတာမဟုတ်ဘူး။ ကိုယ်ရထားတဲ့အခွင့်ထူးတစ်ခု
တန်ဖိုးထားပြီးမက်တာပဲဥစ္စာ ... မက်ရမှာပဲ ...

"ကျုပ် လုံးဝသဘောမတူဘူး ... ဒီကိစ္စလုံးဝ
သဘောမတူဘူး ... သွားမှာလဲ ယောကျ်ားချည်း





မဟုတ်လား ..."

မောင်က တစ်မျိုးလှည့်ပြောပြန်လေသည်။

"မြန်မာဘော့စ်နဲ့ သူ့လက်ထောက် သူ့လူယုံလဲပါမှာ
ဟိုဘက်က တပည့်လဲယောကျ်ား၊ ဆရာလဲယောကျ်ား
အဝေးကတော့ မိန်းမဖြစ်နေတာ ဘာတတ်နိုင်မလဲ
မောင်ရယ် ..."

"ထွီ ... ယောကျ်ားကသုံးယောက် မိန်းမတစ်ယောက်
ထဲ ဒီခရီးကို သူမို့လိုက်ချင်တယ် ... မရှက်ဘူးလား"

"ဘာကိုရှက်ရမှာလဲ ..."

အဝေးအသံက ဆတ်လာပြီး စိတ်မရှည်နိုင်တော့။
ဖြစ်သင့်တာက စိတ်တော့ပူတယ်အဝေးရယ် ...။ ဒါပေမယ့်
မတတ်နိုင်တော့ဘူး။ ဂရုတစိုက်နေထိုင်စားသောက်နော် ဆို
တာမျိုးသာဖြစ်ရမည်ဟု အဝေးထင်သည်။ အဝေးရဲ့မငြင်းချင်
သောအကြောင်းရင်းဟာလဲ နိုင်လုံနေတာပဲ။ မောင် ဘာမှ
တုတ်ပိတ်ပင်ဖို့မရှိဘူးဟုသာတွက်မိသည်။

"ဘာကိုရှက်ရမှာလဲ ဟုတ်လား ... ယောကျ်ားအရွယ်
စုံ၊ လူမျိုးစုံသုံးယောက်နဲ့ ခင်ဗျား ညအိပ်ညနေ တစ်
ခရီးထဲထွက်ဖို့ကြံနေတာကိုရှက်တာ ..."

အဝေးမျက်နှာပေါ် ပိုးကောင်တွေတက်လာသလို
တရွရွတဖျင်းဖျင်းပူစပ်ကာ အသက်ကို ထိန်းရှူနေရလောက်
အောင်ပင်။ အသက်ရှူသံကြီးမြန်ဆန်လာသည်။ ဒေါသကကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောချလိုက်ချင်ပေမယ့် ဒေါသနှင့်တန်ကြေးညီသောစကားလုံး ရှာမရ၍ ပါးစပ်သည် တရွရွလှုပ်ကာ ဘာမှမထွက်နိုင်ဘဲရှိ သည်။

"ယောကျ်ားသုံးယောက်၊ မိန်းမတစ်ယောက်။ တည်း တော့အတူတည်းရဦးမှာ မင်းမရှက်ပေမယ့်ငါရှက်တယ် နိုင်ငံခြားသားလဲပါသေးတယ် ... ဒင်းတို့စည်းကမ်းရှိ မယ်ဆိုရင် ချီးစားပြောတောင် ငါ မယုံဘူး ..."

အဝေးသည် ဘာမှမပြောတတ်သဖြင့် ပြန်မပြော နိုင်။ ရင်ထဲ၌ အသည်းအသန်နာကျည်းခါးသီးနေသည်။ ကိုယ့် မိန်းမကိုယ် ရစရာမရှိအောင် သူမို့ပြောထွက်သည်။ ဘယ်သူ ကတစ်ခန်းတည်း အတူတည်းမှာမို့လဲ။ တစ်ချိန်လုံး အနီးကပ် တွဲအလုပ်လုပ်နေရသော နိုင်ငံခြားသားဟာ အဝေးအပေါ်စည်း ကမ်းမဲ့လိုလျှင် အခုမှလား ... အခုလို ဗိုက်ကြီးကို့ရို့ကားရား ထွက်နေမှလား။ ပြောလိုက်လျှင် အောက်တန်းကျရိုင်းပျကာ အယုတ္တအနတ္တထွက်ပေတော့မည်။

အဝေးက ဘာမှရင်ဆိုင်မပြော။ မောင့်ကို ကြား ရက်များ၌လဲ စကားမပြော။ သွားဖြစ်အောင်သွားပြလိုက်ခြင်း ဖြင့် သူ့ရဲ့အခိပ္ပါယ်မဲ့ သိမ်ဖျင်းသောစွပ်စွဲသမုတ်စကားတို့ကို ဘာတစ်ခုမှဂရုမစိုက်ကြောင်းပြလိုက်သည်။ လေဆိပ်သွားဖို့ပင် သူတို့ကိုသာ လာကြိုခိုင်းသည်။ မောင့်ကို လိုက်အပို့မခိုင်း။ အိမ်ရှေ့ကားရပ်လျှင် သူ့ကို တစ်ခွန်းမှနှုတ်မဆက်ဘဲ သေတ္တာ





အလေးကြီး ဒယီးဒယိုင်ဆွဲဆင်းကာ ကားပေါ်တက်လိုက်ပါသွား ခဲ့သည်။ မရီသည် အဝေးသွားမည့်မနက်ကထဲက အမေ့အိမ် ပြန်လေသည်။ အဝေးပြန်ရောက်မှပြန်လာမည်။ အဝေးမရှိ တုန်းမောင်နှင့်မနေရဲ။ မောင့်ကို သွေးခဲအောင်ကြောက်ရှာသည်။

အဝေးသည် မန္တလေးမှာနေနေစဉ် အလုပ်ကိစ္စ အတွက် ခေါင်းမအားသည့်ကြားမှ မောင့်ကို သတိရနေပြန် လေသည်။ မိုက်မဲပျော့ညံ့သောကိုယ့်နှလုံးသားကို ကိုယ်ဆွဲဖွဲ့ လိုက်ချင်သည်။ ပြန်ရောက်လျှင် အိမ်ပေါ်မှာ မောင့်ကိုတွေ့ တွေ့ရပါ့မလား။ မောင့်ကို သတိရသည်။ ရက်စက်သူကို လွမ်းနေသည်မှာ တကယ့်ဝဋ်အစစ်ဖြစ်လေသည်။ ပြန်ရောက် လျှင် မကြာခင်မောင့်စာမေးပွဲလာတော့မည်။ မောင် အိမ်မှာ ဘာမှကျက်ပါ့မလား။

မောင် ဝယ်စားနေရမှာမို့ ဗီရိုအံဆွဲထဲ ပိုက်ဆံ ထပ်ထုံ့ခဲ့သော်လဲ မောင့်ကိုအသိပေးပြီး ဒီမှာပိုက်ဆံဟုမပြော ခဲ့သဖြင့် မောင်တွေ့ပါ့မလား။ မောင်တကယ်အထင်လွဲတာမျိုး မဖြစ်ပါစေနဲ့။ အနိုင်ရရုံ ဒေါသအလျှောက်ပြောခြင်းသာဖြစ် ပါစေ။ ဤလုပ်ဖော်ကိုင်ဖက်တစ်စုနှင့် သံသယဝင်စိတ် မောင့် ရင်ထဲ အစစ်အမှန်မရှိပါစေနဲ့။ ဆုတောင်းရတာတွေများကာ ရင်ထဲမှာမောနေလေသည်။

ပြန်တွေ့ကြလျှင် ဟိုတစ်ကြိမ် မောင် အိမ်ပေါ် ပြန်တက်လာစဉ်ကလို တစ်ယောက်ရင်ခွင်တစ်ယောက်ဝင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ငိုကြွေးခွင့်ရနိုင်လျှင်ကောင်းမှာပဲ။ စိတ်တထင့်ထင့်နှင့်ပြန်လာသောအဝေးသည် သော့ခလောက်ကိုဆီးကြိုမြင်ရကာ အမော ဆို့သွားသည်။ ကိုယ့်ဘာသာဖွင့်ဝင်ကာ အိမ်ထဲရောက်ရောက်ချင်း ဗီရိုဆီပြေးပြီး ပိုက်ဆံကြည့်မိသည်။

မောင်တွေ့ရဲ့လား … သုံးရဲ့လား။

ဗီရိုထဲမှာပိုက်ဆံထပ်သည် အရေအတွက်မလျော့ မောင်မသိဘူးထင်ပါရဲ့။ ဤသို့ဆိုလျှင် မောင်၌ နာကျည်းမှုတိုးပြီပင်။ ပိုက်ဆံတစ်ပြားမှစားစရိတ်မချန်ရစ်ဘဲ စိတ်လုပ်ကာ ထွက်သွားရက်သည်ဟု အဝေးကိုထင်ပေတော့မည်။ အိမ်မှာ ပိုက်ဆံမထားရစ်ပဲ သူ့ကို ပစ္စလက္ခတ်အညှိုးတကြီးငတ်သေသေဟု … ထားသွားသည်ဟု မောင်ယူဆပေတော့မည်။ ဤရက်တွေအတွင်းမှာရော အိမ်မှာမောင်နေမှနေပါ့မလား။

အဝေးသည် ရင်ထဲနင့်ကာပူနေသည်။ မိုးချုပ်လျှင် မောင်ပြန်မှပြန်လာပါတော့မလား။ အမေ့အိမ်ဖုန်းဆက်ကာ မရီကို ကိုယ့်ဘာသာလာခဲ့ဖို့ အဝေးမောလှသဖြင့် လာမခေါ်နိုင်ကြောင်းလှမ်းပြောသည်။ တစ်နာရီခန့်အကြာတွင် မရီ ရောက်လာသည်။

"ကို … ကိုမောင်မောင်ကျေးရော မအဝေး …"

"သူ ဒီကြားထဲ ဒီမှာမှနေရဲ့လားမသိပါဘူးမရီရယ်"

"ဒီကြားထဲမနေတောင် အစ်မပြန်ရောက်တာသိရင်တော့ ပြန်လာမှာပေါ့ မအဝေးရယ် … စိတ်မပူပါနဲ့"





ကူကယ်မည့်သူမရှိခိုက် မရီစကားနှင့်သာ အားတက်ဖို့ကြံရသည်။ ပိုက်ဆံထားရစ်ခဲ့ကြောင်းပြောမသွားမိသည့်အတွက် ကြီးစွာနောင်တရပြီး စိတ်မကောင်းဖြစ်နေသည်။ မောင့်လို ကိုယ်ပိုင်ပိုက်ဆံမရှိသောယောကျ်ားတစ်ယောက်အတွက် အဲကြီးအကျယ်နာစရာဖြစ်တော့မှာကိုနားလည်သည်။

ညဆယ်နာရီ၌ တံခါးခေါက်သံကြားသောအခါ ဧည့်ခန်း၌ထိုင်စောင့်နေရာမှ အပြေးထပြီး အဝေးတံခါးဖွင့်လေသည်။ သော့ခလောက်မမြင်ကထဲက အဝေးပြန်ရောက်တာသိနှင့်ပြီးသောမောင်က ဘာမှထူးခြားဟန်မပြဘဲ အိမ်ထဲလှမ်းဝင်လိုက်သည်။

"မောင် …"

လွမ်းဆွတ်လာပြီး နောင်တနှင့်စိတ်မကောင်းဖြစ်နေသောအဝေးက မောင့်ရင်ခွင်သို့ဝင်၍ ငိုရန်အားထုတ်လိုက်သည်။ နီးကပ်လာသောအဝေးပခုံးကို မောင်က မကြမ်းတမ်းလှဘဲတွန်းဖယ်လိုက်သည်။ ကြမ်းတမ်းမှုမပါသော်လဲ စိတ်ပျက်စိတ်ကုန်ဟန်သည် အမူအရာထဲအထင်းသားမို့ အဝေးရင်ထဲဟာသွားသည်။

"မောင် …"

"တော်စမ်းပါကွာ … ပါးစပ်ပိတ်ထားစမ်းပါ … တောင်းပန်ပါတယ် …"

"အဝေး ပိုက်ဆံထားခဲ့တာ မောင်မတွေ့ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အဝေးက လိုရင်းကိုပြောလိုက်သည်။

မောင်က သရော်မဲ့ပြုံးနှင့် အဝေးကို နာကျည်းစွာတစ်ချက်လှည့်ကြည့်သည်။ မောင့်မျက်ဝန်းများ၌ မျက်ရည်ရစ်ဝိုင်းနေသည်။ မောင် အင်မတန်နာကျည်းနေသည်ဆိုတာကို အဝေးခံစားနိုင်ပါသည်။ ဘာစကားမှမဆိုဘဲ မောင်ရေသွားချိုးခိုက် အဝေးသည် ပင်ပန်းမောဟိုက်စွာ ခုတင်ပေါ်လှဲချလိုက်မိသည်။ အဝေး ဘာမှားပါသလဲ။

ပိုက်ဆံထားခဲ့ကြောင်းမပြောခဲ့မိသည့်လိုအပ်မှုကလွဲလျှင် အဝေး၌ အပြစ်မကြီးလှဟု အဝေးထင်သည်။ ခေါင်းအုံးပေါ်လှိမ့်ကာ မျက်ရည်သုတ်လိုက်သော အဝေးလက်တစ်ဖက်သည် ခေါင်းအုံးအောက်ထဲမှ တစ်စုံတစ်ရာကိုစမ်းမိကာ လန့်သွားပြီးမှ ဆွဲထုတ်ယူလိုက်လေသည်။ အဝေး တစ်ကြိမ်တစ်ခါမှအသုံးမပြုဘူးသော ဆံပင်ဆေးထိုးဘီးကုပ်အသေးတစ်ချောင်း။ အဝေးခုတင်ပေါ်လူးလဲထထိုင်လိုက်ကာ တစ်ကိုယ်လုံးသည် ဓါတ်လိုက်ခံရသကဲ့သို့ ပြာနှမ်းပြီး တဆတ်ဆတ်တုန်လာသည်။ သွားချင်းပင်ရိုက်မိတတ် တဆတ်ဆတ်တုန်နေသည်။ မောင် ... မောင် ...။ မယုံဘူး ... မယုံနိုင်အောင်ဘဲ။ အဝေးသည် ဘီးကုပ်ကို လိမ်ဖဲ့ချိုးချေရင်း ...

"အား ..."

အသံကုန်အကျယ်ကြီးဟစ်အော်လိုက်မိလေသည်။ ကြောက်စရာ အန္တရယ်ကြီးသည့် သတ္တဝါကြီးတစ်ကောင်နှယ်။





ဤဘီးကုပ်ကို ကြောက်ရွံ့ စက်ဆုပ်နေသည်။ လိမ်ကာဖဲ့ကာ ချိုးကာချေကာ လက်တွေပင် ပေါက်ပြဲစုတ်ပြတ်ပြီး လက်သည်းတွေကျိုးကုန်သည်။ မောင်က အလန့်တကြားပြေးဝင်လာကာ အဝေးကိုမြင်လျှင် ရပ်တန့်လိုက်၏။

"အား ... အား ... အမေရေ ... အမေရေ"

တမ်းတရှိုက်ညည်းကာ အမောလုံးအနာလုံးဆို့လျက် ခုတင်ပေါ်အဝေးလဲ့ကျသွားသည်။ လက်ထဲမှ ဘီးကုပ်အကျိုးအပဲ့ကို ကြမ်းရာသို့ပစ်ပေါက်လိုက်သည်။ မောင်က ဘာမှမဖြစ်သလို အကျီလဲနေလေသည့်။

ရွံသည် ...။

မောင့်ကိုရွံသည်။ အားလုံးကိုရွံသည်။ ဤခုတင်မွေ့ရာ၊ ခေါင်းအုံး၊ ဤအခန်းအားလုံးကို အဝေးရွံသည်။ အားလုံးကို တံတွေးနှင့်ထွေးပစ်ချင်သည်။

ထိုညဦးအဝေးသည် အိမ်ရှေ့ခန်းမှာ မရိုနှင့်သွားကပ်ပြီးအိပ်သည်။ တစ်ညလုံးငိုရင်းရှိုက်ရင်း ပျို့အန်ရင်း အလူးလူးအလဲလဲ ရှင်လျက်နှင့်သေပွဲဝင်ရလေသည်။

✧ ⌑ ✧

မောင်နှင့်အဝေးသည် မေးထူးခေါ်ပြောနှင့် မပြောမဖြစ်သည်မျှသာပြောကြပြီး တစ်အိမ်ထဲနေရင်း ကွဲနေ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အဝေးရဲ့ကိုယ်ဝန်မှာ တစ်နေ့တခြားကြီးထွားအက်ကယ်လာကာ နေ့စေ့လစေ့ဖြစ်လာပြီ။ အဝေးခွင့်မယူပါ။ မွေးဖွားအပြီးတစ်လလောက်တော့ခွင့်ယူမည်။ ဤအတွင်း ရုံးနှင့်အဆက်ဖြတ်ရမှာကိုပင် ဝန်လေးသည်။ ဒီကြားထဲ ကိုယ့်နေရာသူများရသွားမှာစိုးနေပြန်ကာ အလုပ်အတွက် ရာထူးအတွက် လောဘသောကဝင်နေလေသည်။

ထိုရက်များအတွင်း မကြာမကြာမောင့်ပိုက်ဆံအိတ်၌ ပိုက်ဆံတွေဖောင်းနေတာတွေ့ရသည်။ အိမ်မှာထမင်းစားသည့်အခါစားသော်လဲအဝေးထံမှ သုံးစရာပိုက်ဆံမယူ။ မယူသော်လဲ သူ့အိတ်သည် ပိုက်ဆံတွေပြည့်နေတတ်သည်။ စာမေးပွဲအတွက်လဲမှန်မှန်စာကျက်နေသည်။ ပိုက်ဆံတွေကိစ္စကို အဝေးသိချင်လှသော်လဲ မောင့်ကိုမမေးချင်။ ပိုက်ဆံတွေမြင်သဖြင့် စကားမရှိစကားရှာ ပြန်လည်အဖွဲ့ကျချင်ရာရောက်မှာစိုးသည်။

တစ်နေ့မှာတော့သိခွင့်ရသည်။

ဆေးခန်းပြရမည့်ရက်မို့ တစ်ယောက်ထဲ ညနေဘက် ဆေးခန်းသွားရင်း ထိုနားက ကျူရှင်တက်သည့်သဲသဲနှင့် အမှတ်မထင်ဆုံသည်။

"ကိုကို လိုက်မပို့ဘူးလား ..."

နှာကျင်စွာပြုံးရုံပြုံးပြီးစကားမပြန်ဖြစ် ...။





"သဲသဲတို့ဆီတောင် ခုတလောသိပ်မရောက်ပါဘူး ... မာမီ့ကို ပိုက်ဆံလာဆပ်တဲ့ရက်ပဲရောက်တယ် ..."

"ပိုက်ဆံလာဆပ်တဲ့ရက် ..."

"မာမီ့ဆီက ပိုက်ဆံချေးပြီး ကိုကိုအလုပ်လုပ်နေတာ မမအဝေးမသိဘူးလား ..."

"သူကမှမပြောတာသဲသဲရယ် ..."

"ကိုကိုကလဲလေ ... ပိုက်ဆံရရင် မမအဝေးကို အံ့သြသွားအောင်မျက်နှာလုပ်မလို့နေမှာပေါ့ ... ကိုကိုက ကားပွဲစား၊ ကားဝယ်ရောင်းလုပ်နေတယ်လေ ..."

"ဟုတ်လား ..."

"အင်း ... အလုပ်ဖြစ်တာ သုံးစီးရှိပြီပြောတယ် ... ဝယ်ရောင်းဖြစ်တာနော် ... ပွဲစားလုပ်တာကတော့ ဘယ်နှစ်စီးရှိပြီလဲမသိပါဘူး ... သုံးစီးလုံးအခြေအနေကောင်းတယ်တဲ့ ... မြတ်တယ် ... သုံးလေးသောင်းအနဲဆုံးမြတ်တယ် ... ကားဈေးကလဲ တက်ပဲတက်နေတာတဲ့ ... ပထမဆုံးကားဝယ်ဖို့ ငွေရင်းလိုလို့ မာမီ့ဆီက ပိုက်ဆံငါးသိန်းတောင်းတယ် ... မာမီကတော့ အင်တင်တင်ပေါ့ ... ဒက်ဒီက အလုပ်လုပ်ဖို့မို့လို့ ပေးလိုက်ပါဆိုလို့ နောက်ဆုံးတော့ပေးလိုက်တယ် အဲဒီကားက မြတ်တဲ့ထဲကဖဲ့ဆပ်၊ ပွဲခရတာထဲကဖဲ့ဆပ်နဲ့ အခုကိုပဲ နှစ်သိန်းနီးပါးဆပ်ပြီးပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"အော် ..."

ဒီကဝင်ငွေနှင့် သူသုံးစွဲနေတာကိုး ...။ အဝေးကို အသိလဲမပေး။ တစ်ပြားမှလဲမပေး။ ငွေကိုတစ်စက်လေးမှ မက်သော်လဲ မောင့်မှာဝင်ငွေရှိနေလျှင်ဖြင့် တစ်ကျပ်ဖြစ်ဖြစ် ငါးကျပ်ဖြစ်ဖြစ် အဝေးလဲရပိုင်ခွင့်လိုချင်မိလေသည်။

"အခု ကိုကိုစီးနေတဲ့ကားက ဘယ်သူ့ဘဒ်လေ ... နေ ပါအုံး ... ကားတွေ မမအဝေးမတွေ့ဘူးလား ..."

"သူ ဘယ်သွားအပ်ထားသလဲမှမသိတာသဲသဲရယ် ... အိမ်ရှေ့တော့ ယူမလာပါဘူး ..."

"ကိုကိုကလဲတစ်မျိုး ... ပြောပြတာမဟုတ်ဘူး ... သတင်းကောင်းပဲဟာ ..."

သတင်းကောင်းကိုပြောပြအသိပေးလိုသောစေတနာမျိုး မင်းအစ်ကိုမှာ မမအတွက်မရှိတော့ဘူးသဲသဲရယ်။

"ကိုကို့ကိုကြည့်ထိန်းနော် မမအဝေး ... ကိုကို့က စိတ်က ဟိုယိမ်းဒီယိမ်းရယ် ... စိတ်ခိုင်တာမဟုတ် ဘူး ပျော့စိစိနဲ့ ..."

အဝေးရင်ခုန်လာကာ ...

"ဘာကိုထိန်းရမှာလဲသဲသဲ ..."

"ဟိုနေ့က မြို့ထဲမှာ ကိုကို့ကားဖြတ်သွားတာမြင်လို့ လက်လှမ်းပြလိုက်သေးတယ် ... ကိုကို့ဘေးမှာ သဲသဲ လောက်ကောင်မလေးတစ်ယောက်နဲ့ ... ဟာမက ပြုံး





ထားလိုက်တာ အရွယ်နဲ့တောင်မလိုက်ဘူး ... ဘလူး ဘဒ်ပေါ်ထိုင်နေတဲ့ရုပ်ကိုက ဟွန့် ..."

အဝေးသည် နားထင်မှာသွေးတွေတိုးလာသည်။

"ဒါပေမယ့် တစ်ခါပဲတွေ့သေးတာ ... မရိုးမသားလဲ ဟုတ်ချင်မှဟုတ်မှာပါ ... အသိဖြစ်ချင်ဖြစ်မှာပေါ့ တစ်ခုခုဆိုရင်တော့ သဲသဲသိရင် မမအဝေးကိုပြန်ပြော ပြမှာမပူနဲ့ ... သဲသဲက အဲလိုဖောက်ပြန်ရေးမျိုးသိပ် မုန်းတယ် ... ခဲအိုက အခုဖောက်ပြန်နေတယ်လေ"

"ခဲအို ..."

"မမကြူ ယောကျ်ားကြီးပေါ့ ... ယူထားတာတစ်နှစ် မပြည့်သေးဘူး ... အလကားလူကြီး ကြံ့ရာတွဲဖောက် ပြန် ... စားသောက်ဆိုင်တွေမှာ တဖအာရှုးထပြီး မှုး မှုးရှူးရှူးနဲ့ ပန်းကုန်းစွပ်လိုက် ဖိုလိုက်ဆွဲလိုက်လုပ် တတ်တာများ ဟော့ဒီမျက်စေ့နဲ့ကိုမြင်ခဲ့တာ သူငယ်ချင်း မွေးနေ့လိုက်ကျွေးလို့ လိုက်စားရင်းဆုံတာလေ ... ငမ်း ကြောကြီးထူပြီး ဖြစ်ချင်တိုင်းဖြစ်နေတာ ... သဲသဲက မာမီကိုပြန်တိုင်တာပေါ့ ..."

အဝေး ငိုင်နေသည်။

"မမကြူလဲ ငယ်ထိပ်သွေးရောက်ပြီး ငိုဟယ်ရီဟယ်နဲ့ သနားပါတယ် ..."

အဝေး ကိုယ်ချင်းစာလိုက်မိပါသည်။ သူ့မောင်



www.burmeseclassic.com

www.burmeseclassic.com



ကို နောက်တစ်ယောက်ကောက်တွဲဖို့မြှောက်ပေးတတ်ခဲ့သော
သူ့အလှည့်ကျတော့ ငိုတတ်ပြန်ပါလား။

"ဟိုဘက်ကယောင်းမတွေကလဲ သူဌေးသမီးတွေမို့
ကို ဂရုတောင်မစိုက်ဘူး ... အဝေးက အများကြီး
တဲ့ယောင်းမပါလို့ မမကြီးကြ အခုပြောပါတယ် ...
သဲသဲဖြင့် အိမ်ထောင်ရေးတွေသိပ်စိတ်ပျက်တာပဲ ...
မမအဝေး ဗိုက်ကြီးကော့ပြီး တစ်ယောက်ထဲဆေး
လာရတာလဲ အိမ်ကျ ဒက်ဒီကိုတိုင်မယ် ... သဲ
တော့ အပျိုကြီးပဲလုပ်မယ် ..."

သဲသဲနှင့်လမ်းခွဲခဲ့ပြီးသော် အဝေးသည် မော
အရိပ်အကဲကို တစ်ရက်ပြီးတစ်ရက်အကဲခတ်လာသည်။
ဟာ ပိရိသူလို့ပဲပြောရမလား။ မျက်နှာထား၌ ဘာမှမသ
စရာမတွေ့။ အချိန်ပြည့် မှုန်ကုပ်ကုပ်ပုံစံသာ။ အဝေးရဲ့န
သားသည် နာကျင်ထုံအောင့်နေကာ ဖေတစ်ခုဖိစီးလျက်
မြဲမောနေသည်။ မျက်စပ်ပိုးဝင်ဆိုသည့် အခံရခက်သော
နာကို အဝေးခံစားနေရပါပြီကော။

တစ်ညနေခင်းတွင် အဝေးသည် အိမ်နှင့်မလှ
မကာမ်းမှဈေးကလေးတွင် မရီနှင့်အတူဈေးဝယ်နေစဉ် ကား
စီးရိပ်ခနဲဖြတ်မောင်းသွားတာကို လောင်မြိုက်ပူကျွမ်းကာ
ခွေ့ခုန်လိုက်ကြည့်မိရင်း ...

"မရီ ... မရီ ဟိုကားထဲပါသွားတာ မြင်လိုက်





ကိုမောင်မောင်ကျေးလား ..."

"ဟင် ... ဘယ်ကားလဲ ... မမြင်လိုက်ဘူး"

"မောင်းသွားတာလေ ... ဟုတ်ပါတယ် ... ဒီနေ့
သူဝတ်သွားတာ စပို့ရှပ်အနီရဲလေးမဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ် မအဝေး ..."

"မောင်ပါ ... မောင်မှမောင်ပါ ..."

အဝေးသည် လမ်းမလယ်ခေါင်မငိုမိအောင် မနဲ
သိန်းထားရသည်။ မောင့်ဘေးမှာ ကောင်မလေးငယ်ငယ်တစ်
ယောက်။ ဟုတ်ပါပြီ ... သဲသဲပြောတာဟုတ်မှာပါ။ အိမ်
ပြန်လာခဲ့ရသောခြေလှမ်းတို့ မြေမထိတော့ပါ။ လူမှာ အသိ
တ်လဲမရှိ။ ဟာတာတာကြီးဖြစ်နေသည်။

အိမ်ပြန်ရောက်လျှင် အဝေးသည် တစ်ကြိမ်မှ
မပြုဘူးသောအမှုကိုပြုသည်။ သော့ခတ်ထားသောမောင့်ဗီရိုကို
ရှာခြင်းပင် ...။ သော့က အဝေးဆီရှိသော သော့တွဲတစ်
ပါနေသည်။ ဗီရိုထဲမှာ ပိုက်စိတ်တိုက်ရှာသည်။ အကျီပုံ
နောက်ဘက် ဗီရိုနံရံနှင့်ကြားထဲ ညှပ်ထားသောအထုပ်တစ်
ယ်ထဲမှ ပါတိတ်တစ်ဖူးနှင့် ကပ်နားကပ်ကျောက်စီခြယ်ကလေး
ကျလာသည်။ ကိုင်ထားသောအဝေးလက်တွေမှာ တုန်ယင်
ာသည်။ သူ ... သူ ဟိုကိုလက်ဆောင်ပေးဖို့ဝယ်ထားတာ။
ကျည်းမှုသည် ရင်၌ ခါးသီးပြည့်နှက်နေသည်။ သူ့လုပ်ဘ
အဝေးကိုတော့ တစ်ပြားမှသုံးခွင့်မပေးဘဲ နောက်အသစ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြည့်ဆည်းနေ၊ ဖို့နေ၊ မျက်နှာလုပ်နေခြင်းဟာဘယ်လောက် စက်ဆုပ်ဖို့ကောင်းသလဲ ...။

သူ့ကိုတစ်သက်လုံး ကျွေးမွေးအဝတ်ဆင် ပညာ သင်နေသူကို တစ်စက်မှမသောက်ထားမညှာတာ ကျေးဇူးမသိ ဒင်း ... ဒင်းမို့လုပ်ရက်သည်။ အဝေးသည် နားကပ်ကို ရုပ်ဆုံထဲထည့်ထောင်းကာ ကွဲအက်ကြေမွနေသည့်အတိုင်း အိ လေးထဲပြန်ထဲ့သည်။ ပါတိတ်ကို ဗူးထဲကထုတ် ကတ်ကြေးနှ တစ်လွှာချင်း လက်တစ်ဝါးစာစီလောက်ညှပ်ကာ ဗူးထဲပြန်ထ ထားလိုက်သည်။ ကဲ ... အဲဒီအစုတ်အပြတ်အကြေအမွှ နဲ့မျက်နှာသွားလုပ်လိုက်စမ်း။

သူ့မျက်နှာကို တစ်စက်မှမကြည့်ချင် ...။ မျက် နှာမြင်တိုင်း တံတွေးနှင့်ထွေးချင်သည်။ သို့သော် သူ့ကို လက် လွှတ်ရမှာကို ဆတ်ဆတ်တုန် သဝန်တိုလောင်မြိုက်နေပြန်သည်။

ပါတိတ်ပြဿနာသည် နောက်နှစ်ရက်၌တ သည်။ ညနေဘက် တရှုံးရှုံးတရှားရှားပြန်ရောက်လာသော မောင်သည် အဝေးကိုစေ့စေ့ကြည့်ကာ ...

"ကျုပ်ဗီရိုဖွင့်လား ..."

အဝေးက ခပ်တင်းတင်းပြန်ကြည့်သည်။

"ဖွင့်တယ် ..."

"သူခိုးကျင့်သူခိုးကြံပေါ့ ..."

"နင်သာ သူခိုးကျင့်သူခိုးကြံနဲ့ဖွက်ထားတာ ...





ယောက်ျားဗီရိုငါဖွင့်တာဘာဖြစ်လဲ ..."

"သိတယ် ... ခင်ဗျားမှာအဲသလိုသူခိုးဖမ်းချင်တဲ့ ဉာဉ် ရှိမှန်းသိတယ်၊ ဒါပေမယ့် ကျုပ်ပစ္စည်းတွေ နောက်ကို ရှာလားဖွေလားဘယ်တော့မှမလုပ်ပါနဲ့၊ လူတစ်ယောက် ရဲ့လွတ်လပ်ခွင့်အခွင့်အရေးကို လာမချိုးဖောက်နဲ့"

"ကြီးကျယ်လှချည့်လား မောင်မောင်ကျေး ... နင်က လွတ်လပ်ခွင့်ပေးသင့်တဲ့လူလား ... နင့်လို သစ္စာမရှိ တဲ့ဖောက်ပြန်တဲ့အကောင်ကို အသိနောက်ကျလို့ ခုမှ ရှာတာ ... စောစောသိရင် စောစောရှာတယ် ..."

"ဘာတွေလာပြောနေတာလဲ ... ဘာလုပ်လို့လဲ ..."

"ဒါဖြင့် အဲဒီပါတိတ်ထမီက နင်ဝတ်ဖို့လား ..."

"တောက် ..."

မောင့်လက်တစ်ဖက်သည် မြှောက်တက်လာကာ ရိုက်တော့မလိုပြင်ပြီးသော် တောက်တစ်ချက်ခတ်ပြီး ဒေါသ အကြီးအကျယ်ထွက်နေသည်။

"ငါ့အသားကို ထိရဲထိကြည့် ... နင့်ကို ငါလက်နဲ့ သေအောင်ပြန်သတ်မယ် ... မှားတာက ဘယ်သူလဲ ဖောက်ပြန်တာကဘယ်သူလဲ ..."

"ဘယ်မှာဖောက်ပြန်လို့လဲ ..."

"ဒါဖြင့် အဲဒီပါတိတ်က ဘာလုပ်ဖို့လဲ ... ဟိုကျောက်ဘော် စုတ်ကျောက်ပြတ် ကပ်နားကပ်ကဘာလုပ်ဖို့လဲ ..."

www.burmeseclassic.com



"အဲဒါ အလုပ်ကိစ္စ လက်ဆောင်ပေးရမယ့်မိန်းမတစ်ယောက်အတွက်ဝယ်ရတာ ..."

"အော် ... ဝယ်ပြီးအကျီထုပ်နောက်ဖွက်ထားရတာပေါ့"

"ဒီတိုင်းထဲ့ထားတာ ... ဘာမှမဖွက်ဘူး ..."

"နင့်ရဲ့ကားပွဲစားအလုပ်က ဘာရုံးပြင်ကန္တားပတ်သက်မှုရှိလို့ လာဘ်ထိုးစရာရှိသလဲ ..."

သူ့အလုပ်ကိုသိနေသဖြင့် ရုတ်တရက် မောင်မျက်နှာပျက်သွားသည်။

"သူ့ဟာနဲ့သူ ပတ်သက်ရာပတ်သက်ကြောင်းရှိတယ် ... လူကို ဘာမှစစ်ဆေးမေးမြန်းနေစရာမလိုဘူး ... ခင်ဗျားထားရာနေရမယ့်လူလဲမဟုတ်ဘူး ... ခင်ဗျားကိုကြောက်ရမယ့်လူလဲမဟုတ်ဘူး ... ဘာမှလာမစွက်ဖက်နဲ့ ... မလုပ်ချင်လို့ကြည့်နေတာ ... လုပ်ချင်ရင်လက်တစ်ဆုပ်စာပဲရှိတယ်ဆိုတာမှတ်ထား ... ကျုပ်ဟာကျုပ် ဘာလုပ်လုပ် ခင်ဗျားနဲ့လဲမဆိုင်ဘူး ..."

"အော ... နင်ပိုက်ဆံရတော့ နင်နဲ့ငါ ဘာမှမဆိုင်ဘူး ... ငါ့ပိုက်ဆံထိုင်သုံးနေတုန်းကတော့ နင့်နဲ့ငါနဲ့ဆိုင်တယ်ဟုတ်လား ... နင်လိုယောကျ်ား လောကမှာရှိတယ်ဆိုတာ ယောကျ်ားအားလုံး ရှက်ပြီးလဲသေလို့ကောင်းတယ်။ ဒီမှာမောင်မောင်ကျေး ငါစကားကုန်ပြောမယ် နင့်ပိုက်ဆံကို ငါဂရုမစိုက်ဘူး။ ဒါပေမယ့် နင့်ရဲ့ဖောက်ပြန်ရေးကိစ္စကိုရပ်တန်းကရပ်ပါ ... ငါ့ကိုငါလိုမိန်းမကို သစ္စာဖောက်မယ်မကြံနဲ့ ... နင့်ရှေ့ရေးနင်မတွေးနိုင်အောင်ဖြစ်သွားမယ်ဆိုတာ ခေါင်းထဲထဲ့သွား ငါ့အမေဟာ ငါ့အဖေကိုသတ်ခဲ့တဲ့မိန်းမဆိုတာနင်မမေ့နဲ့ ငါ့အမေ သွေးဟာ ငါ့ကိုယ်ထဲမှာအပြည့်ပါတယ် ... နင့်ကိုရော ကြာကူရီမကိုပါငါသတ်ရဲတယ်ဆိုတာ နင်ယုံထား ... နင်ရပ်တန်းကမရပ်ရင် နင့်ကိုငါသတ်မယ်လို့သစ္စာဆိုလိုက်တယ် ..."

အဝေး အသားများတုန်၊ နှုတ်ခမ်းများတုန်ကာတစ်ကိုယ်လုံး နီရဲခက်ထန်မှုလောင်နေသဖြင့် ချွေးသီးချွေးပေါက်များပင်ကျလာသည်။ မောင့်မျက်နှာကိုစိုက်ကြည့်ကာ ပြောလိုလုပ်မည့်ရုပ်နှင့် ပြတ်သားစွာပြောလိုက်သည်။ မောင်က အဝေးကို ခံပြင်းစွာစိုက်ကြည့်နေသည်။ သူ့မျက်လုံးထဲမှာ ထိတ်လန့်မှုနှင့်မုန်းတီးမှုအပြွမ်းသား။

"နင့်ကို ဖောက်ပြန်ဖို့သင်ပေးခဲ့တဲ့မကြူ အခုဝင့်လည်နေတာ နင်သိတယ်မဟုတ်လား မောင်မောင်ကျေး ... အေး ... နင်လဲ တစ်နေ့ဝင့်လည်မယ်ဆိုတာ မြဲမြဲမှတ်ထားလိုက်ပါ မောင်မောင်ကျေး ..."

မောင်က အဝေးကို စိမ်းတောက်ခါးသီးစွာကြည့်နေသည်။

✧ ✧ ✧







www.burmeseclassic.com

www.burmeseclassic.com

၉

ဆရာဝန်ပေးသော ဂျူးဒိတ်ကိုရောက်ဖို့ ငါးရက်
အလိုတွင် အဝေးစတင်ခွင့်ယူသည်။ ထိုအချိန်အထိ ကိုယ်ဝ
ကြီးတကားကားနှင့် ကားငှားကာ ရုံးတက်တုန်း။ စက်ဘုကြ
က ခွင့်စောစောယူဖို့ခွင့်ပေးသော်လဲ အဝေးကမယူ။ အိမ်မှာ
နေလျှင်အလကားပဲ။ စာမေးပွဲအနီးမို့ အလုပ်ကိစ္စမသွားလျှ
အိမ်မှာ စာကျက်နေသောမောင်နှင့် ကြာရှည်မျက်နှာချင်းမဆိုင်
နေလို ...။

ခွင့်ယူလိုက်မိ၍ တော်တော့သည်။ မယူမိလျှ
အဝေးရုံးမှ ဗိုက်နာရတော့မည်။ ခွင့်ယူသောနေ့အပြီး နောက်
တစ်နေ့တွင် အဝေးဗိုက်နာတော့သည်။ အဝေးရုံးမတက်တာ
ကိုမြင်ပြီး ခွင့်ယူပြီဟုသိသောမောင်က အိမ်မှာမနေဘဲထွက်သွား
သဖြင့် အဝေးဗိုက်နာချိန်၌ မောင်မရှိ။ မရီသည် မျက်ကာ





ဆန်ပြာဖြစ်ကာ ဟိုဘက်ပြေးဒီဘက်ပြေး အနားမကပ်ရဲဖြစ်
နေသည်။

"မရီ ... အဝေးအသင့်ကြိုပြီးပြင်ထားတဲ့ခြင်းတောင်း
ရှိတယ်လေ ... အဲဒါယူမယ်သိလား ... ပြီးတော့
ဓါတ်ဗူး၊ ရေပုလင်း၊ အင်း ... ကျွတ်ကျွတ်ကျွတ်"

"ဟိုခြင်းထဲမှာ ကလေးဝေယျာဝစ္စအတော်ပြည့်စုံနေပါ
ပြီ ကျန်တာတွေ ကျွန်မထင်ရာစိတ်မှန်းနဲ့သယ်မယ်
စကားမပြောပါနဲ့မအဝေးရယ် ... ကျွတ် ကျွတ် ..."

မရီကပါ ယောင်ယမ်းစုတ်သတ်နေကာ သူလို
မည်ထင်တာ သူ့စိတ်ကူးနှင့်သူသယ်သည်။

"ပြီးရင် ပိုက်ဆံအိတ်ယူ ... ကားဆင်းငှား ...
ဟိုဘက်ခန်းက အားတဲ့တစ်ယောက်ယောက် အဝေးကို
လာကူတွဲပေးပါလို့ ..."

မရီသည် အားလုံးသွက်လက်စွာပြေးလွှားလုပ်နေ
သည်။ ဟိုဘက်ခန်းမှ အန်တီကြီးထွက်လာကာ ဝင်စီစဉ်သ
ဖြင့် ပိုအဆင်ပြေသည်။

"မောင်မောင်ကျေးရော ..."

"သူ ... အပြင်ခဏသွားတာ ... အန်တီ"

"သူ့မစောင့်နဲ့ ... လာ ... အန်တီပါလိုက်ခဲ့မယ်
အိမ်မှာမှာခဲ့တာပေါ့ ..."

အဝေးသည် ဗိုက်နာမည်ကြိုမသိသဖြင့် မောင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတာဖြစ်သော်လဲ သူသိနေလျှင်လဲ ကြင်ကြင်နာနာစောင့်ပေးလိမ့်မည်ရယ်လို့တော့တယ်မထင်ပေ။ သူပြန်မလာသဖြင့် အဝေး မွေးဖွားခိုက် သူမရှိမှာကို နာကျင်စိတ်နှင့်ပို၍ပင် သဘောကျသေးသည်။ ဒါမှ သူ့ကို ဒီထက် ဒီအဝေး ပိုမိုနာကျည်းနိုင်မှာ။ ကလေးမွေးတုန်းတောင် အနားမှာမရှိတဲ့ယောကျ်ားဆိုပြီး တစ်သက်လုံးတေးကာမှတ်ကာ နာသွားမည်။ ဒါမှ နာလေ ပိုမိုစိတ်ပြတ်နိုင်လေဖြစ်သည်။

မောင့်ကိုအပြတ်ကြီးပြတ်လိုသည်။

အဆဲအပ်ထားသောဆရာဝန်မကြီးက အဝေးကို ကန်တော်ကြီးမှာမွေးမည်ဆိုသဖြင့် ကန်တော်ကြီးဆေးရုံတွင် ကြိုတင်အမည်ပေးထားပြီးသား။ ကန်တော်ကြီးသာတန်းသွားကြသည်။ လောလောဆယ်၌ အခန်းလွတ်ဟူ၍ မွေးခန်းအနီးမှာသာရှိတော့သဖြင့် ထိုအခန်းမှာပဲနေရာယူရသည်။ သန့်ရှင်းရေးတွေဘာတွေလုပ်ထားနှင့်ပြီး ဆရာဝန်ကြီးကိုဆက်သွယ်ပေးသည်။ တစ်နာရီနှစ်နာရီလောက်လိုဦးမည်ဆိုသဖြင့် အဝေးစိတ်ပျက်နေသည်။

နာတာကလဲနာလှသဖြင့် အချိန်ကြာကြာမခံစားလို။ မောင်မရောက်ခင်မွေးနှင့်ချင်သော စိတ္တဇကလဲဖြစ်နေသည်။ ဗိုက်နာမည်ကိုကြိုမသိသော်လဲ မွေးရက်နားနီးနေတာကိုသိပါလျက် မျက်နှာချင်းမဆိုင်ချင်၍ရှောင်ထွက်သွားသောမောင့်ကို နာကျည်းကာ ကလေးကို သူ အဦးဆုံးမမြင်ရစေလို။ သူ





မရှိဘဲမွေးလိုက်ရသည့်အဖြစ်၌ သူ့စိတ်တွင် သူအပြစ်မကင်းခံစားစေလိုသည်။ သို့သော် အဝေးအားငယ်လှသည်။

"မရီ ... အမေ့ဆီ ဖုန်းဆက်ပြီးပြီလား ..."

"ဟုတ်ကဲ့ ... မမမြဆီရော ... မမစန်းဆီရော ဆက်ထားပြီးပါပြီမအဝေး ..."

"မလာသေးဘူးလား ..."

"လာတော့မှာပါ ... နာရီဝက်ရှိပြီမအဝေးရဲ့ ..."

"အမလေး ... နာလိုက်တာမရီရယ် ..."

မရီလက်ကို ဆုပ်ကိုင်ညှစ်ထားမိလျက် နာလိုက်တာမောင်ရယ်ဟု မောင့်ထံ မတိုင်တည်နိုင်တာကို ဝမ်းနည်းလှသည်။ မောင့်ကိုစိတ်နာသည်မှာ ဒီကလေးဟာ မောင့်ကလေးမဟုတ်ရင်သိပ်ကောင်းမှာပဲ မှုပင် တောင့်တမိသည်အထိ။ မောင်နဲ့လဲ လုံးဝမတူပါစေနဲ့။ အဝေးနဲ့သာတူရင်တူ။ မတူချင်သပဆိုရင်လဲ တခြား ဘယ်သူနဲ့တူတူ တူချင်သူနဲ့တူပါစေ။ မောင်နဲ့တော့ လုံးဝမတူပါစေနဲ့။

တဖြည်းဖြည်းဗိုက်နာစိတ်လာကာ တအားကို မချိမဆန့်နာလာသည်။ ရေလဲဆင်းလာပြီ ...။ မွေးခါနီးပြီးဟု စမ်းသပ်သိရှိကာ ဆေးရုံမှ ဆရာဝန်မကြီးကို ဖုန်းဆက်ခေါ်ပေးလေသည်။ မြန်မြန်လာပါတော့။ ဟောဒီမှာနာလှပါပြီ။

ခဏအနေတွင် အမေနှင့်အန်တီစန်းအတူရောက်လာကြသည်။ လိုက်ပါလာသောဆေးခန်းကအန်တီကြီးကို ကျေး



www.burmeseclassic.com

www.burmeseclassic.com



ရုံးတင်စကားဆိုကာ အမေတို့လာသောအငှားကားနှင့်ပင် ပြန်ပို့ပေးလိုက်ပါသည်။ မကြာခင် ဆရာဝန်မကြီးလဲရောက်လာသည်။ အားလုံးလာပြီ။ သူသာမလာသေးဘူး။ မိုးချုပ်မှပြန်လာမည့်ပုံရသည့်မောင့်ကို စိတ်တစ်ပိုင်းနှင့်ရောက်မလာစေချင်ဘဲ၊ စိတ်တစ်ပိုင်းနှင့်ရောက်လာစေချင်လှလေသည်။

အဝေးကို မွေးခန်းထဲလှည်းနှင့်တွန်းခေါ်သွားချိန်၌ အံကြိတ်ညည်းနေရကာ ချွေးသီးချွေးပေါက်ကျနေသည်။ ဤမျှပင်ပန်းနာကျင်သည့်တာဝန်သည် မိန်းမတို့အတွက်ဘာကြောင့်ဖြစ်ရပါလိမ့်ဟု အင်မတန်မှပင် နာကျည်းမိလေသည်။ မွေးခန်းအဝ၌ အမေနှင့်အန်တီစန်းရပ်ကာစောင့်နေသည်။

အဝေးသည် နာကျင်လှတာရော၊ ဝမ်းနည်းအားငယ်တာရော၊ နာကျည်းဒေါသတွေရော လှိုက်ဆူကာ အသံထွက်အောင်ပင် ရှိုက်ကြီးတငင်ငိုနေမိလေသည်။

"မငိုနဲ့လေသမီး မငိုရဘူးလေ ... ဒါ ဘာငိုစရာရှိလဲ
လွယ်လွယ်လေးရယ် ... ထွက်လာတော့မယ် ...
ဆံပင်ကလေးမြင်နေရပြီသိလား။ ကဲ ... ညှစ်မယ်"

ဆရာဝန်မကြီးက စိတ်ရှည်လက်ရှည်ချော့မော့သည်။ အဝေးလဲကြိုးစားသည်။ သို့သော် အားမရှိ။ ငိုချင်ဆုတ်နစ်နေသဖြင့် ညှစ်မရ။

"အော် ... ဒီကောင်မလေးနှယ် အလွှမ်းမင်းသမီးကိုး
တိတ်တိတ် ... ညှစ်ရမယ် ... သတ္တိရှိရမယ် သမီး





ကဲ ... ကြိုးစားပါ ..."

ချော့မော့လိုက် ... အဝေးကကြိုးစားလိုက် ... မအောင်မြင်လိုက် ... ငိုလိုက် ... ချော့မော့လိုက် ... သံသရာလည်ကာနေလေသည်။

"ကဲ ... သမီး။ ဒီလိုဆိုရင် ဒုက္ခရောက်လိမ့်မယ်
... ကလေးကထွက်ချင်လှပြီ ... ညည်းက ပေး
မထွက်ဘူးဖြစ်နေမှာပေါ့ ... ကြိုးစားစမ်းပါ ...
ကိုယ်က ကလေးအမေပဲ ... ကလေးက တာရှူနေ
တာကြာပြီ ... ညှစ်လိုက် မဖြစ်လို့ရှိရင် တော်ကြာ
ခွဲနေပြုနေရမယ် ... ဒုက္ခများလာမယ် ... ကဲကဲ"

ဆရာဝန်မကြီးပင် စိတ်မရှည်လှတော့။

အဝေးသည် ပန်းဟိုက်နေသည်။

"သမီးလေး ... အဝေး"

အမေ့ခေါ်သံကြောင့် "အမေ" ဟု ငိုသံပါကြီးနှင့် လှမ်းထူးလိုက်သည်။

"ဟောဒီမှာ မောင်မောင်ကျေးရောက်လာတယ် ...
သမီးဆီလိုက်လာတယ် ... ကြည့်ချင်ရှာရောပေါ့ကွယ်
ကြိုးစားညှစ်လိုက်ပါ ..."

ဗုဂ္ဂလိကဆေးရုံမို့ မောင် မွေးခန်းဝအနီးထိပင် ရောက်လာရလေသည်။ အဝေးသည် အခန်းဝက အဝေးဦးခေါင်းနောက်ဘက်မှာမို့ ပက်လက်မှ ခေါင်းကိုမော့လှန်ကာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝဆီလှမ်းကြည့်သည်။ မောင့်သင်္ချာန်ဟာ ခေါက်ထိုး၍ သို့သော် မောင် ကြောက်ရွံ့ထိတ်လန့်ပြီး မျက်ရည်တွေဝိုင်းနေတာကို အတိုင်းသားမြင်သည်။ မောင်သည် ရှေ့တိုးမလို အနေ့ ကိုဖယ်ကာတိုးကာလုပ်နေသည်။

မောင် ... မောင်ရယ် ...။

မောင်ရောက်ဖြစ်အောင်ရောက်လာသေးတယ်။ မောင်အဝေးပေါ် အဆုံးစွန် ပယ်ပျာလကန်မပစ်ထားနိုင်သေးပါဘူး။ သိသိချင်းလိုက်လာပါသေးတယ်။ မောင် အဝေးကိုချစ်ပါသေးတယ်။ အဝေးသိတယ်။ ချစ်သူတွေဘဝတုန်းက အဝေးတို့နှစ်ယောက်လောက်ချစ်ကြတဲ့ချစ်သူမျိုး နှိုင်းယှဉ်စရာ ယော ဒိမြေကြီးပေါ်မှာရှိရဲ့လား။ သိပ်ချစ်ခဲ့သူတွေပဲ။

"ကဲ ... ကဲ ... ယောကျ်ားလာပြီ မငိုနဲ့တော့ ... ကောင်းကောင်းမွေးမယ်နော် ... ဟုတ်လား သမီး အသက်ကို ပြင်းပြင်းမှန်မှန်ရှူပြီး ရှည်ရှည်ဆွဲညှစ်ပါ ဟုတ်ပြီ ... ဟုတ်နေပြီ ... နောက်တစ်ချက် နောက်တစ်ချက် ... သမီးရေ ... ဟုတ်ပြီ ... နောက်ဆုံး သမီးရေနောက်ဆုံးတစ်ခေါက် ... အိုး ... အိုကေ"

အဝေးသည် နာကျင်နေမှုများရုတ်တရက်လျော့ကျပျောက်ကင်းသွားကာ ခွေခေါက်ပျော့ဖတ်မောဟိုက်သွားလေသည်။

ခွန်အား ...။





ထိုခွန်အားသည် ဘယ်ကလာခဲ့ပါသနည်း။

"သမီးလေး ... သမီးလေး။ အမလေး ဆံပင်တွေက မဲနက်လို့ နှာခေါင်းကချွန်နေတာပါလား ... မျက်လုံး ကလဲမဲလို့ ဟိုကအဖေနဲ့တစ်ပုံထဲ အဖေနဲ့တစ်ပုံထဲ"

သူနာပြုက အော်ဟစ်ဟစ်ကြွေးနေသည်။ အဝေး မျက်စေ့မှိတ်ထားလိုက်၏။ အဖေနဲ့တစ်ပုံထဲ။ သမီးလေး အဖေနှင့်မတူစေချင်သောဆန္ဒမပြည့်ပါကလား။ ဒုက္ခဆင်းရဲပင်ပန်းခံရတဲ့ အမေနှင့်မတူဘဲ အဖေနှင့်ကျတော့တူသည်တဲ့။ ကြည်ဖြူပါတယ်မောင်ရယ်။

✧ ⌑ ✧

မောင့်မျက်နှာသည် ရုက်သလိုကြည်နူးသလို ကလေးအဖေလက်သစ်မျက်နှာနှင့်နီမြန်းကာနေသည်။ လပေါင်းများစွာမှုန်ကုပ်ကုပ်နေခဲ့သောမျက်နှာသည် ပြုံးတုံ့ကြီးလိုလိုဖြစ်နေသည်။ အဝေးခြေရင်းပုခက်ခြင်းထဲမှကလေးအနား သံမံတလင်းပေါ်ဒူးထောက်ကာ စိုက်နေအောင်ကြည့်နေလေသည်။ သူ့သမီးလေးကိုချစ်နေတဲ့မျက်နှာ၊ မြတ်နိုးနေတဲ့မျက်နှာ၊ တန်ဖိုးတကြီး တယုတယ တရှိုက်မက်မက်ဖြစ်နေတဲ့မျက်နှာ။

ဤမျက်နှာလေးတစ်ခုနှင့်တင် လနှင့် နှစ်နှင့် ချီ၍ နာကျည်းခဲ့သည်များ ရုတ်တရက်လွင့်ထွက်သွားသည်ထင်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပင်ပန်းခြင်းဒါဏ်ကြောင့် ဖွေးဖျော့သွားသောအဝေး အသားအရေ၊ ချွေးလူးကာရှုပ်ပွနေသည့်ဆံပင်၊ အားဆုတ်သော နှုတ်ခမ်း ...။ ဒါတွေကို တစ်ချက်စီ မောင်လှမ်းကာခိုးကြည့် နေသည်။ ထို့နောက် အမေ့ထံသွားကာ တီးတိုးစကားပြောနေ သည်။ နောက်မှ အမေပြန်ပြောပြသဖြင့်သိရပါသည်။

"အဝေးက ဖျော့ပြီးပျော့ဖတ်သွားပါလား ... အခြေအနေကောင်းရဲ့လားအမေ တစ်ခုခုဖြစ်နေတာလား" တဲ့၊

အမေက "ဒါ ဒီလိုပါပဲ ... ကလေးမွေးပြီး စန်းပြီးပျော့သွားတာမျိုးပါ ... နေမကောင်းနေတာမဟုတ်ပါ ဘူးကွယ်" ဟု နှစ်သိမ့်လိုက်ရသည်ဟုဆိုပါသည်။ သူ နာပြုက အိုဗာတင်းဖြစ်ဖြစ် တစ်ခုခုနွေးနွေးကလေးတစ်ခွက်လောက် တိုက်ဖို့လာပြောသောအခါ မောင်သည် မရိုက်မခိုင်းဘဲ သူ့ဟာသူ ထဖျော်နေကာ ရှက်ရှက်နှင့်လာပေးလေသည်။ အဝေးက မောင့် ကို အကူအညီမတောင်းဘဲ ကိုယ့်ဟာကိုယ်ကျုံးထနေမှ သတိ ရကာ အိုဗာတင်းခွက်ချပြီး အဝေးကို ကူညီပွေ့ထူသည်။ အ ဝေးသည် အိုဗာတင်းကို ကျိုက်ချရင်း မျက်ရည်ပေါက်တွေ ကျလာသဖြင့် အိုဗာတင်းခွက်ထဲပင်ဝင်ကုန်ပါသည်။

"မငိုနဲ့လေ ..."

မောင့်လေသံက ထောင့်မကျိုးသေး။ ပျော့သော်လဲ ထောင့်နေသည်။

"ဟိုဘက်ခန်းက အန်တီ့သားလေးပြောလိုက်တာ ..."





"ဘာပြောလိုက်တာလဲ ..."

"အဝေးဗိုက်နာပြီး ရှူ့မဲ့ပြီး တွဲပွေ့သွားရတယ်တဲ့ ကန် တော်ကြီးဆေးရုံမှာတဲ့။ ကန်တော်ကြီးဆေးရုံ ဘယ်နားမှန်းတောင်မသိဘူး။ ကားဆရာသိလို့တော်သေးတယ်"

"ဘာလို့လိုက်လာတာလဲ ..."

အဝေးစကားကြောင့် မောင်စူပုပ်သွားသည်။

"မိန်းမတစ်ယောက်လုံး ကျုပ်ကလေးကိုမွေးနေတာ လာ ကြည့်တာပေါ့ ... မိန်းမမီးနေ ယောကျ်ားဖောင်စီးပဲ ဟာ ...ဆေးရုံမှာ ဗိုက်သည်တွေ ကျုပ်မွေးပေးနေရ တုန်းက ရှူ့မဲ့အော်ဟစ်ပြီး ယောကျ်ားကို တတနေကြ တာကြားဖူးလို့လိုက်လာတာ ... စိတ်အားငယ်နေမှာ စိုးလို့ ... ဒါပေမယ့် ခင်ဗျားက အမေကိုပဲ ထပ် တလဲလဲတပါတယ် ... ကျုပ်ကို တစ်ချက်မှမတပါ ဘူး ... အားမကိုးဘူးဆိုတာ သိပါတယ်အဝေးရယ် ဘယ်နေရာမှာမှ အရေးကြီးမလိုအပ်ဘူးဆိုတာသိပါတယ် ဒါပေမယ့် မနေနိုင်လို့လိုက်လာမိတာပါ ..."

မောင်သည် ဝမ်းနည်းသံပေါက်လာကာ မျက် သားတွေနီမြန်း မျက်ရည်တွေလည်လာသည်။ အဝေးငိုင်နေမိ သည်။ မောင့်ရင်ထဲ၌ မောင့်ခံစားချက်နှင့်မောင်ရှိပေမည်။ အ ဝေးဘက်ကအမြင် အဝေးရင်ထဲကခံစားမှုနှင့် အဝေးဤမျှ နည်းနေခဲ့သလို မောင့်ဘက်ကအမြင် မောင့်ဘက်ကခံစားမှု

www.burmeseclassic.com



နှင့် မောင်ဘယ်လိုဖြစ်နေသလဲဆိုတာကိုလဲ သိချင်လှသည်။ သူ့အတွင်းကြိတ် ခံစားမှုနှင့် သူ့မှာလဲ နာကျည်းချက်တွေရှိနိုင်သည်ပင်။ သို့သော် မောင့်ဘာသာ သိမ်ငယ်ခံစားနေပေမယ့် အဝေးစိတ်ထဲမှာ မောင့်ကို နှိမ့်ချသရော်လိုစိတ်၊ ချောင်ထိုးလိုစိတ်လုံးဝမရှိတာ မောင်သိစေချင်လှသည်။ မောင့်အနာက အထင်လွဲပြီးဖြစ်တဲ့အနာ။ အဝေးအနာက တကယ်ခံရလို့ဖြစ်တဲ့အနာ။ တစ်ကိုယ်ကောင်းဆန်တယ်ပဲပြောပြော အဝေး၌သာ ဒါဏ်ရာဒါဏ်ချက်များခဲ့သည်ဟု မောင်သိစေချင်သည်။

ထို့ကြောင့်လဲ ဝမ်းနည်းပစေ ဟု လွှတ်ထားလိုက်သည်။ မကြာခင် ညနေစောင်းလျှင် မောင့်ဒက်ဒီ မာမီနှင့် မကြီး သဲသဲတို့ရောက်လာကြသည်။ မမကြီးမျက်နှာသည် တစ်ဝက်ကျော်အပိုးကျိုးကျသွားကာ ယောက်ျားရမှ ဒုမ္ပေဒါလေးပြီးသိတတ်လိမ္မာသွားသောရုပ်ဖြစ်နေသည်။

"ကြည့်မယ်နော်အဝေး ... ချီလို့ရလား ..."

"ချီပါ မမကြီး ..."

မခေါ်ကြမတွေ့ကြတာ သူ့မင်္ဂလာဆောင်မတိုင်ခင်ကထဲကမို့ စိမ်းတိမ်းတိမ်းဆန်နေသည်။ ကလေးမှာ နုနုကလေးမို့ တတ်နိုင်သမျှ လူအများအတို့အထိမခံစေချင်သေးသော်လည်း ပြေလည်ခွင့်လွှတ်မှုပြသည့်အနေနှင့် ချီခွင့်ပေးလိုက်ပါသည်။

"မောင်ကျေးနဲ့တူတယ်တော့ ... မောင်ကေျးရုပ်တော့"

သူတို့ဘက်တူသဖြင့် ပိုပြီးဝမ်းမြောက်ချစ်မဝဖြ





နေလေသည်။ ကိုဆွေ့တွင် ကလေးနှစ်ယောက်ရှိသော်လဲ နှစ်ယောက်လုံးကို အဘိုးအဘွားမပိုင်။ အပြင်ခေါ်လည်ပတ်ခွင့်ပင်မရ။ ညှိသွားညှိလာပင် အလာကျဲကာ ကလေးအမေက စည်းကမ်းလုပ်ထားသဖြင့် သူတို့နှင့်မြေးဦးနှစ်ယောက်မှာစိမ်းလှသည်။ ထို့အပြင် သူတို့အမေဘက်ကအဘိုးအဘွားတွေရဲ့ အသွေးအရောင်ရုပ်ရည်ဖြစ်ကာ ကိုဆွေနှင့်လဲမတူ။ ကိုဆွေ့ဘက်က ဘယ်သူနှင့်မှမတူ။

ခုတော့ သမီးကလေးက မောင်နှင့်တူလှသည်။ မောင်က သူ့အဖေတူသဖြင့် သမီးလေးက အဘိုးနှင့်ပါသွားတူနေသည်။ ဒါကို သူတို့သဘောကျအားရမဆုံး။ တတွတ်တွတ်ပြောကာ မြူးတူးပြုံးပျော်နေကြလေသည်။

"အဝေးဘာစားချင်လဲ ... ခံတွင်းကောင်းရဲ့လား"

မမကြီးမေးဖော်ရသဖြင့် အဝေးအံ့ဩလှသည်။

"စားချင်စိတ်တော့ သိပ်မရှိလှဘူး ... ခုလဲ ညနေစာ သိပ်မစားနိုင်ဘူး ... ပါးစပ်ပျက်သလိုဖြစ်နေတယ်"

"စားချင်တာရှိရင်ပြောလေ ... ဆေးရုံကဆင်းပြီးရင်လဲ အိမ်လာ ကလေးကြည့်မယ်နော် ..."

"လာပါ မမကြီး ... အဝေးလာစေချင်ပါတယ်"

"ဖြစ်ခဲ့တာတွေအတွက် အညိုးအမှတ်မထားပါနဲ့တော့ အဝေး ..."

"မထားတော့ပါဘူး မမကြီး ... စိတ်အခန့်သင့်ရင်



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဆိုတာဖြစ်တတ်တာပါပဲ ... ပြီးတော့လဲ ပြီးသွားတာပါပဲ ... အဝေးဘက်က ကိုယ့်ထက်ကြီးသူတွေကို ရိုင်းရိုင်းပြောခဲ့မိတာတွေလဲ ခွင့်လွှတ်ပါ ...

"ဒါ ဒီလိုပဲပေါ့ ... အပြန်အလှန်ပေါ့ ..."

ချစ်ကြည်ရေးရနေသော အဝေးနှင့်မမကြူကို မောင်က မျက်စေ့စွေကာကြည့်နေသည်။ မာမီကတော့ လူကြီးမို့ မမကြူလို တောင်းပန်ပြေလည်စကားမဆိုသော်လဲ မျက်နှာထားအရ ဒီမြေးမကို ချစ်ခင်လိုသဖြင့် အိမ်ပေါ်ခွတ်တက်လာမှာပဲဆိုတာကို ဖော်ပြနေသည်။ ဒက်ဒီက သူနှင့်ဆင်သဖြင့် တစ်ချိန်လုံး တဟေးဟေးဖြစ်နေသည်။ သဲသဲကလဲ ဆွေ့ဆွေ့ခုန် ကြည့်မဝဖြစ်နေလေသည်။

ဒီမြင်ကွင်းကို အမေက ခပ်လှမ်းလှမ်းဖယ်ပေးပြီးရပ်ကြည့်နေကာ ကြည်နူးဝမ်းမြောက်ရိပ်နှင့် မျက်နှာကြည်လင်နေသည်။ မရီမှာ မရဲတရဲရှိနေသော်လဲ မမကြူက ဟိုဟာယူခိုင်း ဒီဟာလှမ်းပေးနှင့်ခိုင်းဖော်ရသဖြင့် အနည်းငယ်ရဲတင်းလာသည်။ အစစအရာရာဟာ လတ်တလောအခြေအနေလေးအတွင်း၌ သာယာကြည်နူးဖွယ်အတိပြီးလျက်ရှိလေသည်။

✧ ⌑ ✧

မောင် စာမေးပွဲဖြေပြီးကာ အားလပ်သွားခိုက်





နှင့် အဝေးရုံးပြန်တက်ရခိုက်သည် အတော်ပဲဖြစ်သွားသည်။ အဝေးရုံးသွားလျှင် အိမ်မှာ မရီနှင့်မောင်နှင့် သမီးလေးနှင့် သာကျန်သည်။ မောင်နှင့်မရီ ငြိမ်းချမ်းရေးရနေတာ သမီးတာဝန်ကို ပူးတွဲထမ်းဆောင်နေရလေသည်။ အဝေးအိမ်ပြန်ရောက်လဲ အကျင့်ပါနေသောသူတို့နှစ်ယောက်မှာ မရီရေ၊ ကိုမောင် မောင်ကျေးရေနှင့် အဝေးကိုခိုင်းဖို့ သတိမရဘဲ နှစ်ယောက်ချင်းသာ အော်ကြီးဟစ်ကျယ် အပေးအယူလုပ်နေကြသည်။

ဤအဖြစ်ကို ရင်ထဲ နှစ်သိမ့်ကြည်နူးလှသော်လဲ သမီးလေးကို မောင် ချိုပိုးချော့မြှူနေခိုက် ခေါင်းအုံးအောက်က ဘီးကုပ်ကိစ္စကို သွားသတိရလိုက်လျှင် ရင်ထဲအောင့်ကာသည်းခြေအိတ်ပင်ပေါက်သလို ခါးအံတက်လာသည်။ စောစောပိုင်းက ကြေကွဲစရာတွေမဖြစ်ခဲ့ဘူးဆိုရင် သိပ်ကောင်းမှာပဲ။

မိန်းမ မရှိခိုက်၊ မိန်းမနှင့်အဆင်မပြေခိုက် ... အချိန်ပိုင်း သာယာပျော်ပါးမှုရှာတတ်သော အတန်းအစားယောကျ်ားများထဲ၌ မောင်ပါသည်ဟုသိလိုက်ရသောအသိသည်နှမြောစရာကောင်းလှသည်။ ထိုအမဲစွန်းကို အဝေးစိတ်မှဖျောက်မရ။ အရှုံကြီးရှုံကာ တွေးမိတိုင်းဆို့နေလေသည်။ ထိုစဉ်က ထိုဘီးကုပ်မကျန်ရစ်လျှင် ကောင်းလေသား။ မောင့်ဟာမောင်ဘာလုပ်လုပ် အဝေးမသိခဲ့ရလျှင်ကောင်းလေသား။

မောင်သည် သူ့ကားအလုပ်ကို ရံဖန်ရံခါ အပြင်ထွက်လုပ်တတ်သေးသည်။ သို့သော် အဝေးကိုမတိုင်ပင်သော



www.burmeseclassic.com

www.burmeseclassic.com



လက်စ၊ ပိုက်ဆံမအပ်သောလက်စ ရှိနှင့်ပြီးဖြစ်သဖြင့် ခုမှ တိုင်ပင်ရ၊ ပိုက်ဆံပေးရမှာကို ရှက်သလို သိမ်ငယ်သလိုဖြစ် ခြင်းနှင့်ရောချကာ သူ့ဟာသူပဲသုံးစွဲနေသည်။ အဝေးကို တစ်ကြိမ်မှ ပိုက်ဆံမပေးဘူးသေးပါ။

သို့သော် သူ့ဟာသူရသောပိုက်ဆံထဲမှ သမီးအတွက် အကျီ၊ အရုပ်၊ နို့မှုန့် စသဖြင့်ဝယ်လာတတ်သည်။ ဝယ်လာတာမှ တန်ဖိုးခပ်ကြီးကြီးတွေဝယ်လာတာဖြစ်သဖြင့် မောင့်အမြတ်အစွန်းငွေဟာ နဲပုံမရ။ ပေးနေမကျ၍ ပေးရမှာ ဘယ်လိုပင်ရှက်ရှက် ပေးကိုပေးရမှာပေါ့။ ရှက်စိတ်ကို တစ်ကြိမ်ဖျောက်ပြီး ပေးစပြုလိုက်လျှင် နောက်အကြိမ်တွေ၌ လွယ်သွားပြီပေါ့။ သို့သော် မောင်က မသိလိုက်မသိဘာသာနေသည်။

မိန်းမကို ပိုက်ဆံပေးရမှာသည် သူ့တာဝန်ဟု သူ မမှတ်တော့။ အဝေးသည် အေးချမ်းသာယာနေသောအနေအထားလေးကို မဖျက်ဆီးလိုသဖြင့် ထိုကိစ္စကိုပြောချင်လိုက်သည်မှ လျှာယားနေသည့်ကြားက မျိုသိပ်နေသည်။ အဝေးမှာ မောင့်ကိုမေးလိုသောစကားတွေလဲရှိနေသည်။ ဟို ခပ်ငယ်ငယ်ကောင်မလေးနှင့်ကော ဘယ်လိုလဲ။ ဘယ်လောက်ရင်းနှီးခဲ့လဲ။ အခုရော ဘယ်အခြေအနေလဲ ...။ ပြတ်သွားပြီလား ...။ မေးရမှာကို ရှက်ကြောက်ဝန်လေးလှသည်နှင့် အဝေး မမေး။ သိတာကတော့ သိချင်လှသည်။ ဘယ်မှာလိုက်ပြီး စုံစမ်းမေးမြန်းရမည်ကိုလဲ အဝေးမသိ။ မောင့်သူငယ်ချင်းတချို့သိနိုင်သော်လဲ အ





အေးထက်ငယ်သောကောင်ကလေးတွေထံမှာ ထိုကိစ္စကို မျက်နှာအောက်ချကာ မစုံစမ်းချင်။ အဝေးသည်ရှင်းရှင်းကြီးပျော်ရွှင်ချမ်းမြေ့နေသည်ရယ်လို့မရှိဘဲ တစ်အုံနွေးနွေးနှင့်စိတ်ထဲအမြဲသိုးမသန့်ဖြစ်နေသည်။

မောင် အပြင်ထွက်သောရက်တွေ၌ ပြန်လာသော မောင့်မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်ရသည်မှာ ရင်ဖို ချောက်ချားစရာကောင်းလှသည်။ တထင့်ထင့်နှင့် စိတ်မခိုင်စရာကောင်းလှသည်။ တစ်နေ့သောအခါတော့ ...

ထိုညနေ အဝေးပြန်ရောက်လာတော့ ကလေးနှင့်မရီပဲရှိသည်။ မောင် အပြင်သွားနေသည်။ မရီမျက်နှာသည် သာမငြိမ်။ တစ်စုံတစ်ခုဖြစ်နေတာ သိသာလှသည်။ အဝေးကိုလဲ ရှောင်ဖယ်ဖယ်လိုလိုလုပ်နေသည်။ မျက်နှာချင်းတည့်တည့်မဆိုင်။ အဝေးသည် တစ်ခုခုပဲဟု အတပ်တွက်မိကာ ...

"မရီလာပါအုံး။ မရီဘာဖြစ်နေလဲ အဝေးကိုပြောပါအုံး"

"ဟို ... ဘာမှတော့မဖြစ်ပါဘူး မအဝေးရယ်"

"တစ်ခုခုပါပဲမရီရယ်။ မရီကို အဝေးက အားကိုးစိတ်ချလို့ခေါ်ထားတာပါ။ တစ်နေကုန် ကလေးနဲ့ထားရစ်ရတာ။ တော်ရုံအားကိုးမှုနဲ့မဖြစ်ပါဘူး။ ဆွေလိုမျိုးလိုဖြစ်နေပါပြီ။ အဝေးကို ထိန်ချန်ထားဖို့စိတ်မကူးပါနဲ့"

"ထိန်ချန်ထားဖို့မဟုတ်ပါဘူးမအဝေးရယ် မအဝေးကိုပြောဖို့ပါပဲ။ ဒါပေမယ့် ပြောရမှာလဲကုန်းတိုက်ရာကျ



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာကြောက်လို့ပါ။ ဟိုတစ်ခါ ကိုမောင်မောင်ကျေး
သူငယ်ချင်းတွေလာတယ် မိန်းကလေးပါတယ်ဆိုတာက
ဘာရည်ရွယ်ချက်မှမရှိဘဲ စကားစပ်လို့ပြောရတာပါ။
အခုက ကျွန်မကစကားစပ်လို့မဟုတ်ဘဲ တကူးတက"

"တကူးတကဖြစ်ဖြစ် ... ဘာဖြစ်ဖြစ် အဓိကက ကျွန်
သိဖို့ပဲမရှိ ..."

"ကျွန်မပြောမှာပါ ... နေ့လယ်က ဖုန်းလာပါတယ်
ကျွန်မကိုင်တော့ ကောင်မလေးတစ်ယောက်အသံနဲ့ ကို
မောင်မောင်ကျေးကိုမေးတယ် ... ဘယ်သူလဲမေးတော့
မပြောဘူး ... ခေါ်သာခေါ်ပေးပါတဲ့ ..."

"အင်း ..."

"အဲ့ဒါ ကိုမောင်မောင်ကျေးနဲ့ ဘာတွေပြောလဲတော့
မကြားရဘူး။ ဒါပေမယ့် ကိုမောင်မောင်ကျေးက ငြင်
ဆန်နေပုံမျိုးပါ။ ပြီးတော့ဖုန်းချလိုက်တယ် ခဏနေ
တော့တံခါးခေါက်လို့ တံခါးဖွင့်လိုက်တာ သံတံခါး
နောက်မှာ ကောင်မလေးတစ်ယောက်ရပ်နေတယ်။
သဲသဲလောက်ပဲရှိသေးပါတယ် ... ခပ်ငယ်ငယ်ပဲ"

"အင်း ..."

"ကိုမောင်မောင်ကျေးရှိလားတဲ့ ... ကိုမောင်မောင်ကျေး
ကထွက်လာပြီး မျက်နှာဆိုတာမဲပုပ်သွားတာပဲ ... စိတ်
ဆိုးပုံလဲရတယ် ... ဘာလို့လိုက်လာတာလဲလို့ဟောက်





တယ် ... မင်းကို ဒီအိမ်လာဖို့ခွင့်ပေးထားသလားလို့
မေးတယ် ... ကောင်မလေးက တွေ့ချင်လို့တဲ့ ..."

"အင်း ..."

အဆေးကုလားထိုင်မှာမှီလိုက်သည်။ ရင်ထဲမောကာ
ကျပ်လာသည်။

"ကိုမောင်မောင်ကျေးကဟောက်တယ် ... ကောင်မလေး
က ငုံ့ပြီးငြိမ်နေတာ ... ဘာမှမပြောဘူး ... သမီး
တွေ့ချင်လို့ပါပဲပြောတယ် ..."

"သမီး ..."

"ဟုတ်တယ် သမီးတဲ့ ..."

"နောက်ကော ..."

"ခဏနေတော့ ကိုမောင်မောင်ကျေးလဲ စိတ်ရှုပ်လာတယ်
ထင်ပါတယ် ... အစ်မပြန်လာခါလဲနီးတော့ တွေ့
မှာစိုးတယ်လဲထင်တယ် ... သွားနှင့်သွားနှင့် လှမ်းထိပ်
ကစောင့်လို့အော်လိုက်တာ ကောင်မလေးက ဟုတ်ကဲ့ဆို
ဆင်းပြေးသွားတယ် ... ခဏနေတော့ ကိုမောင်မောင်
ကျေးလဲ အဝတ်လဲပြီးဆင်းသွားတာပဲ"

အဆေးသည် ရင်လဲမခုန်။ ဆတ်ဆတ်လဲမတုန်ဘဲ
မောဈိသာနေသည်။ သမီးလေးကို နို့တိုက်ရင်းငေးငိုင်ကာ ငြိမ်
စားနေမိသည်။ ဇာတ်ရှုပ်ဦးလေမောင်ရေ ...။ ခွာမပြုမရ
တန်းတန်းစွဲကပ်နေတော့ ဘယ်လိုလုပ်ကြဦးမလဲ ရင်ထဲ၌



www.burmeseclassic.com

www.burmeseclassic.com



အောင့်ရှုလဲနေသည်။ အဝေးက အိမ်မှာ တင်ပုလင်ခွေ ချွေးသံရွှဲရွှဲနှင့် ကလေးနို့တိုက်နေခိုက်တွင် ထိုမိန်းကလေးကတော့ အလုပဆုံးအပြီးအခရာတို့နှင့် မောင့်နှလုံးသားကို ဆွဲကျုံးသိမ်းသွင်းနေသည်။

မောင့်လို ယိမ်းယိုင်ပေါ့လျှပ်သူသည် အကြိမ်ကြိမ်နှံ့လျှင် မပါဘဲမနေ။ ခုလောက်ရှိ ခုနကအော်ငေါက်မိတာကိုပင် ပြန်ချော့နေကောင်းချော့နေရမည်။

"မအေးရယ် ဒါကို မအေးသိတယ်ဆိုရင် ကျွန်မပြောတာပဲဆိုတာ ကိုမောင်မောင်ကျေးသိမှာပါ။ စိတ်ထဲပဲထားပြီး တခြားကစုံစမ်းပါဦး ... ကျွန်မကို ဒီတစ်ခါ တကယ်ကုန်းတိုက်တာဆိုပြီး ကန်ချမှာကြောက်တယ်။ အခုမှ ကိုမောင်မောင်ကျေးနဲ့ပြောရဲဆိုရဲ မျက်နှာသာရကာစလေးပဲရှိပါသေးတယ်။ သမီးလေးကိုလဲ ကျွန်မ သံယောဇဉ်ဖြစ်နေတယ်။ ဒီမှာပဲနေချင်ပါတယ်"

"စိတ်ချပါမရီ ... ဒီကိစ္စကို မသိသလိုနေပါ့မယ် မရီပြောသလိုပဲ တခြားကစုံစမ်းပြီးမှတကယ်ပဲ လက်မခံနိုင်တဲ့ပြဿနာဆိုမှ သူနဲ့ရှင်းမယ်"

အဝေးသည် မောင့်ရဲ့ဖောက်ပြန်မှုကို မရီတစ်စွန်းတစ်စရိပ်မိသည့်အတွက် အဝေးကိုယ်တိုင်လဲရှက်သည်။ မောင့်ကိုယ်စားလဲရှက်သည်။ ဖောက်ပြန်သစ္စာမဲ့တဲ့လင်ယောကျ်ားရဲ့ မိန်းမအဖြစ်အိမ်ဖော်ရှေ့၌ပင် အနေရခက်စေသောမောင့်ကိုလဲ





ပြန်လည်နာကျင်မှုစလာသည်။ သူဟာ ဇကိုပါတာ။

စိတ်ပျော့တာလဲပျော့တာ ... ဇကလဲပါတာ။ အိမ်အထိလိုက်လာသောထိုမိန်းကလေးငယ်ကလေးသည် ဘီးကုပ်ရဲ့ပိုင်ရှင်တော့မဟုတ်လောက်ဘူးထင်သည်။ ဘီးကုပ်ကတော့ တခြားအပေါစားမိန်းမတစ်ယောက်ရဲ့ဟာဖြစ်မှာ၊ ဒါက စီးပွားရေးဆန်သောကိစ္စဖြစ်မှာ ...။ မိန်းမငယ်ကလေးကတော့ ကျောင်းသူကလေးများလား။ မတွေ့စဘူးအချစ်နှင့်တွေ့ကာ မောင့်ကိုလူပျိုထင်ပြီး တန်းတန်းစွဲနေတော့တာဖြစ်မှာပေါ့။

သိလျက်နှင့်ပဲဖြစ်စေ၊ မသိလို့ပဲဖြစ်စေ ခုလို အိမ်ကိုအဆူအပေါက်ခံကာရောက်လာသည်ဆိုကထဲက အတော့်ကိုတွေ့ချင်လို့၊ အတော့်ကို လွမ်းနေစွဲလန်းနေတမ်းတနေလို့။ အဝေးသည် မျက်စိကလေးမှိတ်ကာ နို့စို့နေသည့် အပြစ်မဲ့သော သမီးကလေးမျက်နှာကို ငုံ့ပြီးကြည့်နေမိသည်။ သမီးကလေးဟာ ဘာကြောင့်များ ဖခင်ကောင်းတစ်ယောက်ရဲ့သမီးကလေးဖြစ်ခွင့်မရပါလိမ့်။ ဒီကိစ္စဘယ်လိုရှင်းမလဲဟုအစဉ်းစာရကျပ်နေကာ နံရံမှီပြီး အဝေးသာခွေယိုင်ဖြစ်နေသည်။ တစ်မျိုးပြီးတစ်မျိုး မရိုးအောင်စိတ်ဆင်းရဲမှုပေးသောမောင့်ကို ကြောက်လန့်ခါးသီးလှပါပြီ။ ရင်လဲပန်းဟိုက်လှပါပြီ။ နှလုံးသားများလဲ အကောင်းအကာတီမရှိတော့ပါ။

✧ ⌑ ✧



www.burmeseclassic.com

www.burmeseclassic.com

# ၁၀

မောင့်ကို ရပ်တန်းကရပ်ဖို့စောစောကထဲက ကြိမ်းဝါးခြိမ်းခြောက်ထားပြီးသားဖြစ်သောအဆေးက နောက်တစ်ကြိမ်ထပ်မံမပြောလိုတော့ပါ။ အဆေးရဲ့စကားသည် တစ်ကြိမ်ဆိုဆိုသလောက်တန်ဖိုးရှိစေလိုသည်။ အခုတော့လဲ တန်ဖိုးမဲ့ပြီဆိုတာ ပြောနေစရာမလိုတော့အောင်ထင်ရှားနေပါသည်။

သမီးလေးမွေးကထဲက အချိုးပြောင်းသလိုရှိလာသောမောင်သည် မရီပြန်လည်တိုင်တန်းပြီးနောက်၌ ပြန်လည်မူပျက်လာသည်။ စိတ်ပျော့သောမောင်တစ်ယောက် သူ့မူအတိုင်းပြန်လည်ယိမ်းယိုင်ပါသွားပြီဆိုတာ အဆေးသိပါပြီ။ ပထမပိုင်းက သူ့ကိုယ်သူမြင့်ဖို့ မောင်ကြိုးစားခဲ့ပါလိမ့်မည်။ သူ့ရဲ့ဖောက်ပြန်ရေးကိစ္စကို ရပ်တန်းကရပ်ဖို့ မောင် အားထုတ်ခဲ့ပါလိမ့်မည်။ သို့သော် အခုတော့ မအောင်မြင်တော့ဘူးဆိုတာကို





အဆေးရိပ်မိပါသည်။ သမီးလေးမွေးပြီးကထဲက အဆေးသည် ခုတင်အောက်ဘက်ဘေးမှာ ဖျာကြီးကြီးတစ်ချပ်ခင်းပြီး ခွမ်းကပ်၊ ရေမြှုပ်ပလတ်စတစ်ပြားတို့နှင့် သမီးလေးကိုချသိပ်ကာ သမီးလေးဘေးမှာပဲ အဆေးက သမီးလေးနှင့်အတူအိပ်ပါသည်။ လတွေဆင့်ကာဆင့်ကာချီလာသော် မောင်က အဆေးသဘောကို ရိပ်မိလို့မဟုတ်ဘဲ ...

"အဆေးရော သမီးလေးပါ ခုတင်ပေါ်တက်အိပ်လဲရတာပဲ။ ရှူးရှူးစိုမှာစိုးလို့လားအဆေးရဲ့၊ ပလတ်စတစ်ပြားလဲခင်းထားတာပဲဟာ မွေ့ရာမစိုနိုင်ပါဘူး။ ပြန်တက်အိပ်တော့လေနော်"

အဆေးသည် ကိုယ့်အတွင်းဒဏ်ရာနှင့်ကိုယ် မျက်နှာအလိုလိုတင်းကာ ...

"ဟင့်အင်း ..."

ခပ်ပြတ်ပြတ်နှင့်ခပ်ဆတ်ဆတ်ငြင်းပစ်လိုက်သည်။ ထိုအခါမှ မောင့်မျက်နှာက တစ်မျိုးတစ်မည်ပြောင်းကာအဆေးသဘောကိုရိပ်မိသွားသလိုရှိရင်း ...

"ဘာလဲအဆေး ... တစ်သက်လုံးပြန်တက်မအိပ်တော့ဘူးလား ..."

"ဟင့်အင်း ... မအိပ်ဘူး"

မောင့်မျက်နှာပျက်သွားကာ ချက်ချင်းတစ်ဖက်လှည့်ပြီး အိပ်သွားတော့၏။ မောင်နှင့်အဆေးတို့ အရင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်လောက်မဟုတ်သော်လဲ အရင်တစ်ကြိမ်နီးပါး ပြန်လည်တင်းမာ စိမ်းကားအေးစက်လာကြပြန်လေသည်။

သာတောင့်သာယာအေးချမ်းမှုသည် ခဏသာပါကလား။ အဝေးသည် မောင်အိမ်ပြန်နောက်ကျမှုတို့အတွက်လဲ ဘာမှမမေး။ တစ်ခါတစ်ရံ တိုက်ရှေ့လာရပ်ထားပြီး တစ်ခါတစ်ရံ ဘယ်မှာသွားထားမှန်းမသိရသော မောင့်ကားအကြောင်းကိုလဲမမေး။ မောင်နှင့် ဟိုကလေးမရဲ့အခြေအနေကိုလဲမမေး။ ဘာဆိုဘာမှမမေးဘဲ အသဲတယားယားစိတ်နာနာနှင့် စောင့်၍သာကြည့်နေသည်။ မောင် ဟောက်စ်ဆာဂျင်အဖြစ် ဆေးရုံမှာဝင်လုပ်ရပြီး တစ်လအကုန်တွင်တော့ မမေးဘဲမနေနိုင်သည်ကိုမေးမိသည်။

"မောင် ဒီနေ့လခထုတ်တယ်မဟုတ်လား ..."

"အင်း ..."

အဝေးသည် အေးစက်စက်အဖြေကြောင့်ဒေါသထွက်ကာ ...

"ဘာအင်းလဲ ... အင်းဆိုတော့ပြီးသွားရောလား ... လခထုတ်လာရင် လခဘယ်မှာလဲ ... ရှင် ကျွန်မကို ဒီ ဘာမဟုတ်တဲ့ငွေပမာဏကလေးအပ်ဖို့ရာတောင် အသိစိတ်မရှိတော့ဘူးလား ... ရှင့်မှာကလေးတစ်ယောက်ရှိတာရှင်သတိရသလား ... ကျွန်မကိုမကျွေးရင်တောင် ရှင့်ကလေးကိုကျွေးဖို့ ရှင့်မှာတာဝန်ရှိတယ်လို့ ရှင်မ





ထင်ဘူးလား ..."

မောင်က အရှက်ကွဲသောမျက်နှာနှင့် သွေးရူးသွေးတန်းလှည့်ကြည့်ကာ ...

"ရှည်ရှည်ဝေးဝေးလျှောက်ပြောမနေနဲ့ ... လခကုန်ပြီ ... လခအကုန်လုံး ကျွေးရမယ့်သူတွေကိုကျွေးလာခဲ့တယ် ... ကုန်တဲ့အပြင် အိပ်ထဲကတောင်စိုက်ရသေးတယ် ..."

အဝေးဒေါသထွက်လှ၏။

"အိပ်ထဲကချည်းစိုက်ကျွေးလိုက်ပါလား ... စိုက်စရာရှင့်မှာရှိသားပဲ။ ဒီလခထောင်ကျော်လေးကိုတောင် ရှင်ကျွန်မကိုအပ်နိုင်ဘူးလား"

"ရှိမှမရှိတော့တာ ... တော်ပြီ အဝေး ... ရန်မဖြစ်ပါရစေနဲ့ ..."

အဝေးသည် အလုံးအရင်းတက်လာသောခါးသီးမှုတို့ကိုမျိုချလိုက်ရပါသည်။ သည်းညည်းခံရမည်။ အဝေးလိုချင်သောပုံစံသို့ဝင်လာစေရန် အဝေးစိတ်ရှည်ရပေမည်။ ရိုက်ချလိုက်ချင်သောပါးပြင်ကို လက်ဖဝါးနှင့်အသာအုပ်ကိုင်လိုက်ရလျှင်ရင်ထဲ၌ တဆတ်ဆတ်ခါနေလေသည်။

"နောက်လကျရင် ... မောင့်လခကို ဘယ်လောက်ဖြစ်ဖြစ် အဝေးလိုချင်တယ်မောင် ..."

လေသံကိုပဟိုးအောက်ဆုံးအထိ တုတ်တုတ်လျှော့



www.burmeseclassic.com

www.burmeseclassic.com



ချကာ ပြောလိုက်ရသောအခါ မာနထိပါးခံရသလို ရင်၌သိမ် ငယ်သွားသည်။ သူ့ဟာသူပေးဖို့တာဝန်သိရမည်ဖြစ်ပါလျက် သူ မသိသဖြင့် သူတာဝန်မဲ့သဖြင့် ကိုယ့်ဘက်ကတောင်းဆို ရခြင်းအပေါ် အောက်ကျနောက်ကျခံစားရလျက် လူတစ်ကိုယ် လုံး၊ ကျုံးပွဲကြေမွနေသလို ဒဏ်ရာရနေလေသည်။

ကိုယ့်ဘက်ကအလွန်မရှိသော ကိုယ့်ဘက်ကအမှား မရှိသောကိစ္စတို့၌ မျိုသိပ်ခံစားရသော အခါပေါင်းများလာ သောအခါ လူသည် စိတ်ဓါတ်ကျရောဂါစွဲကပ်ချင်လာသည်။ အခါခပ်သိမ်း မှုန်ကုပ်ကုပ်ဂျစ်ကန်ကန်ဖြစ်နေမိကာ ပေါင်းသင်း ဆက်ဆံရေးပင် ပတ်ဝန်းကျင်၌ ကျဲပါးအားနည်းလာလေသည်။ လူသည်လဲပိန်ကျသွားသည်။

"အဝေးက ကလေးမွေးလိုက်ပေမယ့် ဝမလာဘူး၊ ပိန် တောင်ပိန်ကျသွားတယ်နော်"

ရုံးကဝန်ထမ်းအမျိုးသမီးချင်းက ဒါကိုပဲ အ ကောင်းထားအားကျနေကြသဖြင့် ရယ်ချင်သေးသည်။ ပိန်ချင် ရင် အဝေးဘဝခဏဝင်နေကြည့်ကြပါလားဟု ပြန်ပြောလိုက် ချင်သည်။ မောင်သည်ကား ဟောက်စ်ဆာဂျင်ဘဝလုပ်ငန်း ခွင်၌ ပျော်ရွှင်နေသယောင် နုနယ်ဖျိုမြစ်၍ပင်လာသည်။ လှုပ် ရှားပုံမှာ ဖြတ်လတ်သွက်လက်တက်ကြွကာနေနေသည်။ ကျေ နေသည်။ သူ့ကားနှင့်သူ တရွှတ်ရွှတ်သွားလာနေကာ ဘဝ၌ အရာရာပြီးပြည့်စုံနေသလိုဖြစ်နေသည်။





အိမ်၌လဲ ပြုံးပြုံးရွှင်ရွှင်ရှိသည်။ သို့သော် အဝေး ကိုကား အိမ်ဖော်တစ်ယောက်လောက်ပင်ဂရုမစိုက်။ မရီကို သူလိုအပ်သမျှခိုင်းကာပြုံကာ ခေါ်ကာပြောကာနှင့်နွေးထွေးသ လောက် အဝေးတစ်ယောက်အပေါ်၌ကွက်ကာ အေးစက်နေ သည်။ မရီသည် အနေခက်ကာ အဝေးကိုအားနာနေဟန်ရှိ သည်။ အဝေးက မရီနှင့်မောင်ပြေလည်တာကိုကျေနပ်ပါသည်။ သူ့ရန်လုပ်နေလျှင်တစ်ဒုက္ခ တစ်မျောင့်ဖြစ်ရဦးမည်။

သမီးလေးကိုတော့လဲ သူသည် ဂရုတစိုက်မြတ်နိုး လှလေသည်။ ဆေးရုံမှ ဘယ်အချိန်ပြန်လာလာ ...

"သမီးလေးရေ ... ဖေဖေကြီးကချီချင်လှပြီကွ ... ဖေဖေကြီး ကိုယ်က လူနာတွေကိုင်တွယ်ခဲ့ရတော့ ညစ် ပတ်နေလို့ ရေခဏချိုးဦးမယ်နော် ... ချီချင်လှပြီ သမီးလေးရယ် ..."

တတွတ်တွတ်နှင့် သမီးလေးက နားလည်နိုင်မ ယောင် ပြောပြောဆိုဆိုလုပ်ကာ ရေပြေးချိုးပြီးလျှင် သမီးမအိပ် ခင်အထိ သမီးကိုချော့မြူစိတ်ဝင်စားနေသည်။ သို့သော် ချော့ မြူရုံသာ၊ ချော့မြူကစားနေခိုက် သမီးလေးရှူးပေါက်လျှင်

"ဟော့ ... ဒီမှာ"

အဝေးကိုလှမ်းအချက်ပေးတတ်သည်။ သမီးလေး အီးပါလျှင် ...

"အာ သမီးလေးကညစ်ပတ်တယ်ကွာ ... အီးအီးတွေ

www.burmeseclassic.com



ကွာ ... ဖေဖေကြီးပြေးတော့မယ်ကွာ ...”

ပြောပြောဆိုဆိုတကယ်ပြေးတော့သည်။ ဘာတာ
ဝန်မှမယူနိုင်ဘဲ နှုတ်ဖျားလေးနှင့်ချစ်ရုံသာချစ်တတ်သူပေ
ကား။ သူက ပေးဖို့အလှည့်၌ခေါင်းထဲမထဲ့သော်လဲ မဖြစ်မနေ
ငွေလိုခိုက်မှာတော့ အေးတိအေးစက်ဆက်ဆံနေသောမိန်းမထံ
တောင်းဖို့ဝန်မလေးပြန်ချေ။

“အဝေး ... ပိုက်ဆံနှစ်ထောင်လောက်ချေးစမ်းပါ”

“ချေးစမ်းပါ ဟုတ်လား ...”

“အင်း ... ငွေပြေလည်ရင်ပြန်ဆပ်မှာ ...”

“ငွေနှစ်ထောင်ဘာလုပ်ဖို့လဲ ...”

အဝေးသည် သူ့ကို ဘယ်သောအခါမှအယုံအ
ကြည်မရှိလှဘဲ သံသယမျက်လုံးနှင့်လဲကြည့်တတ်လာသည်။
သူ့ကိုငွေမသုံးစေလိုဘူး ... မသထာဘူးဟု သူ့အရင်ထင်
စဉ်က ထိုစိတ်မျိုးတစ်စွန်းတစ်စမျှမထားခဲ့ဘူးသောအဝေးသည်
ခုချိန်၌ သူ့ကိုမသထာတော့။ သူ့ကိုမသထာမကြည်ဖြူသောစိတ်
သည် အရာခပ်သိမ်း၌ကပ်ငြိလာသည်။ အရင်က ညားကာ
က သူငွေတောင်းလျှင် ဘာလုပ်မလို့လဲဟု မမေးရက်အောင်
ညှာတာကရုဏာကြီးခဲ့သောအဝေးသည် ခုတော့ မေးချလိုက်
ကို အားလဲမနာ၊ ဘယ်လိုမှမနေ။

“ကားတိုက်လို့ ပြင်ဖို့လိုလာလို့ပါ ... ပြီးရင်ပြန်ဆ
မှာပေါ့ ...”





“ကားက ဘယ်တုံးကတိုက်တာလဲ ...”

သူ့ကားကိုတစ်ကြိမ်မှမစီးဘူးသေးသောအဝေးသည်
ထိုကားကိစ္စ ကိုယ့်ငွေအကုန်ခံရမှာကို တကယ်ပဲလက်တွန့်
နှမြောတတ်လေပြီ။

“ဘာလို့ဒီလောက်တောင်မေးနေတာလဲ ... သူငယ်ချင်း
တိုက်တာ ... ပေးချင်လဲပေး မပေးချင်လဲနေ ...
တခြားမှာရှာမယ် ...”

တခြားမှာရှာမရမှ ဒီမှာလာလက်ဖြန့်တာဆိုတာ
တော့ အဝေးကရိပ်မိပြီးသားပင်။

“သူငယ်ချင်းတိုက်ရင် သူငယ်ချင်းကိုစိုက်ပြင်ခိုင်းပါလား”

သူ့မျက်နှာမှာနီမြန်းလာသည်။ သူတခြားမှာ ဥ
မှာ သူ့အမေဆီမှာငွေတောင်းပြီးပြီ။ မရလို့သာ အဝေးထံ
အောက်ကျခံတောင်းတာ။ ထို့ကြောင့် အဝေးလက်ခက်နေသော
အခြေအနေပေါ်တွင် ရှက်နာသောအရိပ် မျက်နှာ၌ထင်ဟပ်
နေသည်။

“မပေးရင်လဲရတယ်လို့ပြောထားပြီပဲ ... ပြန်ဆပ်မှာ
လို့လဲပြောပြီးပြီ ...”

အဝေး ပိုက်ဆံထုတ်ပေးလိုက်သည်။ ဤသို့ တ
မိမ်းဆန်ဆန်အနေအထားမျိုးကိုလဲ သူပဲဖန်တီးခဲ့သည်။ လ
ရယ်မယားရယ်ဟူ၍ အေးအတူပူအမျှမရှိ။ အေးအတူသာရှိပြီး
ပူအမျှကိုတော့မေ့ထားခဲ့တဲ့သူ။ မယားထံမှ ပိုက်ဆံချေးရသည်

www.burmeseclassic.com



ဟူသည့်အဖြစ်ကို သူ့ဖာသူပဲဖန်တီးခဲ့တာဖြစ်သည်။ သူ့ပိုင်
ဆံသူ့ဟာသူသုံးသဖြင့် ပေးပါအုံးဟုတောင်းပိုင်ခွင့်ကို သူ့ဘာ
သာသူမဝံ့ရဲကာ သူ့ဘာသာသူရုတ်သိမ်းထားသည်။ ထို့ကြောင့်
ချေးရှံသာ သူချေးရဲတော့သည်။

သို့သော် ထိုငွေနှစ်ထောင်ကို နှစ်ပတ်အတွင်း
သူ့အမှန်တကယ်ပြန်ဆပ်ပါသည်။ သူ့ထံမှ သူ့အကြောင်း
ဘာမှရေရေရာရာမသိသောအဝေးသည် မကြာခင်မှာသိခွင့်ရ
သည်။ ကံအဆိုးတို့ကြားတွင် တစ်ချက်တလေဖောက်ကာ
ကောင်းရသည်က မမကြူသည် အင်မတန်ပြောင်းလဲကာ
ယောကျ်ားဘက်ကယောင်းမတွေနှင့်ယှဉ်ပြီး အဝေးကို အာ
တကင်းစင်အမြင်မှန်လာသည်။

သမီးလေးနှာခေါင်းပိတ်သဖြင့် ဆေးခန်းလာ
သောအဝေးနှင့်မရီကို မမကြူက ဆေးခန်းရှေ့မှလှမ်းမြင်
အထဲဝင်လာလေသည်။

"သမီးလေး ဘာဖြစ်လို့လဲအဝေး ..."

"နှာခေါင်းပိတ်လို့မမကြူ ... အသက်ရှူမရဖြစ်
ငိုငိုနေတာ ..."

"ဟဲ့ ... ဖအေက နှာခေါင်းပိတ်တာလေးတော
ကြည့်လုပ်မပေးတတ်ဘူးလား ..."

"မောင်ပြန်မရောက်သေးပါဘူး မမကြူရယ် ... တ
တလေ တွမ်တီဖိုးအာဝါဂျူတီဆိုရင် ညပါဆက်ဆင်း





မှာ ... သူ ဘယ်နေ့ဒေးလဲ ဘယ်နေ့နိုက်လဲ ဘယ်နေ့
တွမ်တီဖိုးအာဝါလဲဆိုတာလဲ အဝေးမသိတော့ပါဘူး။ သူ
ကမပြောဘူး ..."

မမကြူသည် သမီးလေးကို အဝေး မတ်မတ်ချီ
လျှောက်နေရသည့်နောက်မှ ခေါက်တုံ့ခေါက်ပြန်လိုက်လျှောက်
နေကာ ...

"မောင်ကျေးနဲ့အဝေး အဆင်ပြေရဲ့လား ..."

"ဒီလိုပါပဲ မမကြူ ..."

"ဒီလိုပါပဲဆိုတာက ဘယ်လိုလဲ ..."

"မပြေ့တပြေပါပဲ ..."

"မောင်ကျေးခြေလှမ်းပျက်ချင်တဲ့အဝေးသိလား ..."

"သိပါတယ်မမကြူ ... သဲသဲလဲပြောပါတယ် ...
အဝေးလဲ တစ်ကြိမ်မြင်ပါတယ်။ အဝေးမရှိတုန်း အိမ်
တောင်လိုက်လာတွေ့ပါတယ် ... ခြေလှမ်းပျက်ချင်နေ
တာမဟုတ်ပါဘူး ... လုံးလုံးပျက်နေတာပါ"

"ဒင်းတို့ယောကျ်ားတွေဖောက်ပြန်တဲ့ကိစ္စများ ငါအင်
မတန်ရွံတယ် ... မိန်းမတစ်ယောက်ထဲနဲ့ဘာဖြစ်လို့
များအားမရနိုင်တာပါလိမ့် ..."

မမကြူဒေါသဖြစ်လာသည်။ အင်း ... တစ်ချိန်
က သူကိုယ်တိုင်သူ့မောင်ကို နောက်တစ်ယောက်ကောက်တဲ့
ဒင်း အဝေးကိုမစွဲလမ်းသလိုနေဖို့လက်ချာရိုက်ခဲ့သူတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ဝင့်လည်တော့ဖြင့်ပူပူလောင်နေရပါသည်။ သူ့ယောကျ်ားဖောက်ပြန်လာတော့ ဖောက်ပြန်မှုကိုရှုံ့တတ်လာလေပြီ။

"မောင်ကျေးဟာမလေးက ပေါ့ရှပ်ရှပ်ဆတ်စလူး ... သူတို့အခေါ်အရတော့ ပေါ့ရှော့ပဲ ... မိဘကဲတောင်နိုင်တာမဟုတ်ဘူး။ လည်သမှုမှတ်နေတာ။ ဒီကောင်နွားမို့ ဘယ်သူမှအထင်မကြီးတဲ့ ဆတ်စလူးရဲ့အဖမ်းခံတာ ..."

"ယောကျ်ားကစမှဖြစ်တဲ့ကိစ္စပါ မမကြူရယ် ..."

"ဘယ်က ယောကျ်ားကစရမှာလဲ ... ဒင်းကစတာဘယ်တုန်းကစလဲ သိရဲ့လား ... အဝေးမန္တလေးသွားတုန်းက မသွားခင်သူပိုက်ဆံအိတ်ပျောက်တာအဝေးသိလား ..."

"ဟင့်အင်း ..."

"သတင်းစာထဲ သူကကြော်ငြာထဲ့တယ်။ ငွေပြန်မလိုချင်ပါဘူး ... မှတ်ပုံတင်တစ်ခုပဲ ကျေးဇူးပြု၍ပြန်ပေးပါပေါ့ ..."

"အော် ... အဝေးသိတောင်မသိလိုက်ပါဘူး ... ပြဿနာပြင်းထန်နေတဲ့အချိန်တွေလေ မမကြူရယ် ... ကောင်မလေးက အိတ်ကောက်ရလို့လား ..."

"ကောက်ရလို့လာဆက်သွယ်ရင်အများကြီးတော်သေးတယ် ခုဟာက ကောက်လဲမရ ... ကြော်ငြာရှင်ကိုလဲ မသိ





မမြင်ဘူးပဲနဲ့ ကြော်ငြာထဲ ဖုန်းနံပါတ်ပါတာတစ်ခုနဲ့ လက်ကမြင်းပြီး ဖုန်းဆက်မိတ်ဆက်တာလေ ..."

"အော် ..."

တော်တော်ပဲစိတ်ပျက်သွားမိပါသည်။ သတင်းစာထဲ သူ့ကိစ္စနှင့်သူ ပါလာသောဖုန်းနံပါတ်တစ်ခုကို နေရင်းထိုင်ရင်းနဲ့များ အကြောင်းမဲ့လှမ်းဆက်ပြီး မိတ်ဆက်ရတယ်လို့ အတော်ကြီးကိုစိတ်ပျက်မိပါသည်။

"အဲဒီကနေစတာပေါ့ ... သူပဲစဆက် ... သူပဲချိန်းကဲ ... ဘယ်လောက် အားအားယားယားနိုင်သလဲဆိုတာလေ ... အဲသလိုအစားထဲကဟာမျိုးအဝေးရေ ... စသိကထဲက မမကြူဖျက်ပါတယ်၊ တားပါတယ် ... အပေါ်စားအပေ့ါစားဟာမျိုးတွေနဲ့သွားပြီး ငြိငြိရှုပ်ရှုပ်မလုပ်နဲ့နော်လို့ ... အင်းပါဆိုတာနဲ့ဘာမှမပြောတော့ဘူး ... ဘယ်ဟုတ်မလဲ ..မောင်မင်းကြီးသားက မကြာမကြာတွေ့ရင်း '... စကားပြောရင်း ချိန်းရင်းစိတ်ကယိုင်ပြီးပျော့ပါတာ ..."

"သူ့လောက်ယိမ်းယိုင်လွယ်ပြီး နားယောင်တတ်တဲ့လူမိန်းမတွေထဲတောင်မတွေ့ဘူးခဲ့ပါဘူး မမကြူရယ် ... အဝေးလဲစိတ်ပျက်လှပါပြီ ..."

"စိတ်မပျက်ပါနဲ့အဝေးရယ် ... မမကြူတောင်းပန်ပါတယ် ... အိမ်ထောင်တစ်ခုဟာ အလွယ်နဲ့ပျက်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းပါဘူး ... ကြိုးစားပါ၊ ပြုပြင်ပါ၊ ထိန်းသိမ်းပါနော်။ မမကြူတို့လဲ တတ်နိုင်သမျှ ဝင်ကူပါ့ပါ့မယ်"

"အဝေး မပြုပြင်ချင်တော့ဘူး ... သူ့အရွယ်ဟာ တကူးတကဆုံးမပြုပြင်ပေးနေရမယ့်အရွယ်လဲ မဟုတ်ဘူး ... ကိုယ့်အသိဉာဏ်နဲ့ကိုယ် ထိန်းသိမ်းရမဲ့အရွယ်"

"ဒါလဲဟုတ်ပါတယ် ... ဟုတ်ပေမယ့် အိမ်ထောင်တစ်ခုပြိုကွဲသွားရင် မိန်းမဘက်ကပဲ ညံ့ရာကျပါတယ်အဝေး"

အဝေးသည် ရင်ထဲမျက်ခနဲဖြစ်အောင်နာမိသည်။ မိန်းမဘဝရဲ့အောက်ကျနောက်ကျနိုင်မှု၊ တန်းတူရည်တူလိုက်ခွင့်မရှိမှုတို့သည် မိန်းမတို့၏ဘဝကို တစိမ့်စိမ့်သတ်နေသော အခွင့်အရေးမဲ့မှုများပင်တကား။

"ဒီဟာမျိုးလေးနဲ့ ကြာရင်အတည်တကျလိုသဘောမျိုးဖြစ်သွားရင် သူပဲ ဒုက္ခအကြီးအကျယ်ရောက်မှာပဲ ... ဖို့ရပေးရတာလဲမနဲဘူး။ ဟိုတလောက မေမေ့ဆီရောက်မှသိရတယ်။ သူပြန်ရောင်းမဲ့ကားကို ကောင်မလေးက တိုက်ပစ်လိုက်လို့ မေမေ့ဆီပြင်ဖို့ပိုက်ဆံလာချေးတယ်လေ။ သဲသဲပြောပြလို့ ကောင်မလေး သူ့ကားယူမောင်းပြီးတိုက်မှန်း မေမေကကြိုသိပြီးသား။ ပိုက်ဆံမပေးဘဲ ပက်ပက်စက်စက်ပြောပစ်လိုက်တယ် ..."

"အော် ..."

အဝေးသည် အနီးကပ်ဆုံးကလူဖြစ်ပါလျက် နောက်အကျဆုံးမှသိရမြဲလူဖြစ်လေသည်။

"သူ့ကားကို ပေးပေးမောင်းတယ်။ ဟိုကသင်ကာစတတ်ခါစ ...၊ ညအိပ်ညနေကားပေးစရာလား။ မောင်ကျေးဟာ နွား ..., တကယ့်နွားပဲ။ ဟိုဟာမလေးက ခုမှစက္ကန့်ယီးယား၊ ကလေးမဟုတ် လူကြီးမဟုတ်နဲ့ သူ့ကိုရုပ်သေးလိုကြိုးကိုင်တာ။ မသိနားမလည်တဲ့အပြစ်ကင်းတဲ့ကလေးပုံဖမ်းပြီး ထင်သလိုခြယ်လှယ်နေတာ။ သူ့မှာ တဟဲဟဲနဲ့ ရှက်စရာကောင်းလိုက်တာ အဝေးရယ် ..."

အဝေးက ငေးနေရင်းမှ ...

"သမီးလေးမမွေးခင်က မေးရင်းစမ်းရင်း ရန်တစ်ခါအကြီးအကျယ်ဖြစ်သေးတယ် ... သူက ခံငြင်းတာပဲ မမကြူ"

"ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ ... ဟုတ်တယ် ... ကိုယ့်မောင်ပေမယ့် ဒီလိုပဲပြောတော့မယ်။ ငါတို့ကိုလဲ တစ်ခါမှ သေချာဝန်မခံပါဘူး။ ရှောင်ဖယ်လွှဲနေတာ။ ဒါပေမယ့် သိတဲ့လူကသေချာသိနေတာ ... ဒီဟာမလေးက ငါတို့နဲ့လဲနီးပါတယ်။ နေတာမဝေးဘူး ... မောင်ကျေးနဲ့ဖြစ်နေတာသိတဲ့လူ မနည်းဘူး။ သူကသာ သတ္တိကြောင်ပြီးဝန်မခံရဲတာ ..."

"သူ ယူရင်လဲယူလိုက်ပစေတော့မမကြူ ... မြိုင်ကိုမှဘူး လုရအောင်လဲ သူ့ကိုမမက်မောတော့တာအမှန်ပဲ။







www.burmeseclassic.com

www.burmeseclassic.com



အဝေး စိတ်ပျက်လှပြီမမကြူ ... မြန်မြန်ကွဲမြန်မြန်ဝင့်ကျွတ်ပါတယ် ...”

မျက်ရည်လည်ကာပြောသောအဝေးကို မမကြူက စိတ်မချမ်းမသာကြည့်ကာ ...

“ဟုတ်ကိုမဟုတ်သေးဘူးအဝေး ... ဒီလိုအရှုံးမပေးရဘူး ... အဝေးကမယားကြီး၊ ချွေးမကြီး၊ ယောင်းမကြီး ...”

အော ... မယားကြီးလို့ပင်ပြောနေရပြီကိုး။

အဝေးရင်မှာနာလှသည်။

“ငါတို့ကလဲ အဝေးကိုပဲအသိအမှတ်ပြုတယ်။ ဒါပဲ ဒီကောင်မကို စာရင်းထဲတောင်မထဲ့နိုင်ဘူး။ အဝေးက မောင်ကျေးအတွက်အကောင်းဆုံးမိန်းမပါ။ မိခင်နှင့်တူသောမယားလို့ပြောလို့ရတယ် ...၊ ရှာတောင်ကျွေးခဲ့တယ် ...ကျောင်းဆက်ထားခဲ့ရတယ်။ ဆရာဝန်ဖြစ်တော့မှ သူက ကြူရာထပ်ကောက်ယူချင်လို့ရမလား။ တစ်မျိုးလုံးယုတ်သွားမှာပေါ့။ ဟိုဟာမက အေးအေးကလေးဆရာဝန်ကတော်တက်လုပ်ချင်နေတာ။ ဒင်းကိုသာယူရင် ခါးချိုအောင်ရှာပေတော့။ ရှာလို့ကိုလောက်မှာလဲမဟုတ်ဘူး ...”

“သူ့ဒုက္ခသူခံနိုင်ရင်ပြီးရောပေါ့ မမကြူ ...”

“ဒီလိုကိုမဖြစ်ရဘူး။ ဒီမှာအဝေး ... အဝေးသတ္တိမရှိ





ရင်တောင် ဒီဟာမကို လက်ညှိုးငေါက်ငေါက်ထိုး ပါးရိုက်ပြီး တံတွေးနဲ့သွားထွေးရဲတယ်။ သူများမယားငယ်မလုပ်ချင်တဲ့မိန်းမတွေရှိနေတာ မိန်းမလောကနာတယ်”

“သူ့ကို အိမ်ထောင်သည်ဆိုတာ သိချင်မှသိဦးမှာပေါ့”

“အော် ... ကျွတ် ... ကျွတ် ...”

မမကြူက စုတ်သတ်လိုက်သေးသည်။

“ရိုးလှချည်လားအဝေးရယ်။ တစ်ချိန်လုံး ထက်ထက်မြက်မြက်ရှိနေတာတွေ ဘယ်ပျောက်ကုန်ပါလိမ့်။ သူဒီလိုဆက်ဆလူးကြွနေလို့ ဘယ်ကောင်ကလေးမှအတည်မယူချင်ပဲ ရည်းစားအခါနှစ်ဆယ်လောက်ပြတ်သေးတဲ့ဟာမက ဆရာဝန်ကအတည်ယူမယ်ဆိုရင် ကနေမှာပေါ့။ စက္ကဲန်းမကလို့ သာဒ္ဒိဖြစ်ဖြစ်၊ ဖို့သိဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ် ..., မသိဘဲနေပါမလား။ သိသိကြီးနဲ့ကိုမိုက်ရိုင်းနေတာပါ။ ဒီလိုဟာမမျိုးတွေကို မောင်ကျေးကိုမက်မက်မမက်မက် အဝေးအရှုံးမပေးရဘူး။ အနိုင်ပဲရရမယ်။ မောင်ကျေးက ကိုယ့်ဘက်ပဲပါရမယ်။ ကိုယ့်က တရားဝင်မယားကြီး ... သိရဲ့လား ...”

အဝေးသည် ထိုသို့ဆွေးနွေးနေရသည့်အတွက် ရှက်ရှက်နှင့်နာပြုံးသာပြုံးနေမိလေသည်။ ကိုယ်က တရားဝင်မယားကြီး ...တဲ့။ မယုံပါဘူးမောင်ရယ်။ တစ်ချိန်မှာ အဝေးဟာ မယားကြီးဖြစ်ရလိမ့်မယ်လို့ မယုံပါဘူး။ တစ်ဦးတည်းသော



www.burmeseclassic.com

www.burmeseclassic.com



မယားမဟုတ်ဘဲ အငယ်ရှိလာလို့ အလိုလိုအကြီးဖြစ်ရတဲ့ဘဝကို စက်ဆုပ်လှပါသည်။ မယားကြီးဘဝကို မယားငယ်ဘဝမရောက်ချင်သလိုမျိုးပဲ မရောက်ချင်ပါဘူး။ တန်းတူစက်ဆုပ်နာကျည်းပါတယ်။

"ဒီမှာအဝေး ... သမီးလေးဟာ ခုမှ လသမီးပဲရှိသေးတယ်။ နှစ်အကြာကြီးလူလုပ်ရပါဦးမယ်။ အရွယ်ရောက်ဖို့အများကြီးလိုပါသေးတယ်။ အဝေးတို့မိသားစုဘဝဟာ ရှေ့မှာ နှစ်ပေါင်းများစွာကျန်သေးတယ်။ နှစ်ပေါင်းများစွာသိုက်ဝန်းသာယာဖို့ ဒီတခဏမှာ အဝေးမာနကိုလဲ လျှော့ချပေးထားပါကွယ်။ ဒါ တောင်းဆိုတာပါ။ မောင်ကိုလဲ ဘဝမပျက်စေချင်၊ ယောင်းမကိုလဲ အိမ်ထောင်ရေးအောင်မြင်စေချင်၊ တူမလေးကိုလဲ ရှေ့ရေးဖြောင့်ဖြူးစေချင်တဲ့စေတနာနဲ့ တောင်းပန်တာပါ။ ဖြစ်ပြီးသမျှကို နာမနေ စိတ်ပျက်မနေဘဲ ရှေ့ရောက်သာယာနိုင်ဖို့ကြိုးစားပါနော်။ မောင်ကျေးကိုပြန်ထိန်းပါ။ ပြန်စည်းရုံးပါ။ ကွဲရင် ပိုကောင်းတယ်ဆိုပြီး ရေစုန်မမျှောလိုက်ပါနဲ့။ ဒါ မမကြူကိုယ်တိုင် အိမ်ထောင်သည်တစ်ယောက်ဘဝရောက်မှ ကိုယ့်ခံစားချက်နဲ့ ကိုယ်ချင်းစာပြီး အကောင်းဆုံးဖြစ်သင့်တာကို အကြံပေးတာပါ။ မမကြူတောင်းပန်ပါတယ် အဝေးရယ် ..."

အဝေးသည် မမကြူကိုအံ့ဩပြီးငေးကြည့်နေမိ





သည်။ အခုမှပင်အဝေးကို ဆွေမျိုးအရာသွင်းလျက် သောကကို ဖွဲ့ယူဝေမျှလေပြီ။

"ကျေးဇူးတင်ပါတယ်မမကြူရယ် ..."

✧ ⌑ ✧

အဝေးသည် သူမအဖို့ရာ ဘဝမှာမလုပ်နိုင်ခဲ့သော ကိစ္စများ၌ အပါအဝင်တစ်ခုဖြစ်သည့် ဤကိစ္စကို လုပ်ရပေတော့မည်။ အဝေးတစ်ဦးတည်းအတွက်ဆိုလျှင်ဖြင့် မောင့်ကို အောက်ကျနောက်ကျခံကာ ဆွဲဆောင်ပေါင်းနေတော့မည်မဟုတ်ချေ။

"သမီးတို့မှာ ကလေးလေးလဲရှိနေပြီ။ ဒီကလေးရှေ့ရေးကိစ္စကိုလဲထဲ့စဉ်းစားပါလို့ ဒက်ဒီကတောင်းပန်ချင်တယ်"

မောင့်ဒက်ဒီစကားကို သူမ အလေးအနက်စဉ်းစားပြန်သောအခါ သမီးလေးအတွက် ရင်ထဲလေးပင်သနားနေမိလေသည်။ အဝေးကို မောင့်မိဘများက အိမ်တိုင်ရာရောက်လာ၍ဖျောင်းဖျနားချတာဖြစ်သည်။ မောင့်မာမီကလဲ ထိုမိန်းကလေးကို အင်မတန်မှမျက်စေ့ စပါးမွေးစူးကာ စိတ်ချဉ်ပေါက်နေသည်။

"ဒီလိုဟာမလေးမျိုးက လုယူသွားတာဟာကို လက်ပိုက်ကြည့်နေရမှာအောက်ကျလှပါတယ်အဝေးရယ်။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



က တရားဝင်မို့ သူ့ကိုတားမြစ်ရတာ ဘာမှအောက်ကျစရာမရှိဘူး။ ငှံ့ခံရမှာကသာ အောက်ကျနောက်ကျနိုင်တာ အဓေးဒက်ဒီလဲထမင်းမစားနိုင်၊ ညမအိပ်နိုင်ဖြစ်နေတယ် ရှက်လဲရှက်တယ်၊ စိတ်လဲမကောင်းဘူး။ အဓေးသိတဲ့အတိုင်း မောင်ကျေးက အခုဟောက်ဆောဂျင်ဖြစ်ပြီ။ ရှေ့နှစ်ဆရာဝန်ပဲ။ အညွှန့်တလူလူနဲ့ပါ။ သူများလက်ထဲနာမည်ပျက်အညွှန့်ကျိုးကြီးနဲ့မထဲ့လိုက်ပါနဲ့။ မာမိလဲနမြောလွန်းလို့ပါ။ မောင့်ကျေးရဲ့အစဉ်အဆက်အသီးအပွင့်ကိုစားသုံးခွင့်ရှိသူဟာ အဓေးနဲ့ငါ့မြေးလေးပဲဖြစ်ရမယ် ...”

စေတနာစကားများဆိုသည်ကို အဓေးနားလည်ပါသည်။ သူတို့ရဲ့မျိုးရိုးနာမည်ကို ထိန်းသိမ်းလိုတာလဲပါမည်။ နှစ်ဦးချင်းယှဉ်လျှင်တော့ အဓေးကိုသာချွေးမအဖြစ် အသိအမှတ်ပြုလိုတာလဲဖြစ်ပါမည်။ သူတို့ရဲ့မြေးကလေးအတွက် အမှန်တကယ်ထဲ့သွင်းစဉ်းစားရင်လေးနေကြတာလဲ အမှန်ပဲဖြစ်မည်။

သို့သော် အဓေးသည် မိမိကိုမထောက်ထား၍ ဖောက်ပြားရက်သောယောကျ်ားတစ်ယောက်ကို ဘယ်လိုနည်းလမ်းနှင့်မှလိုက်ပြီး ပိတ်ပင်တားဆီးမနေချင်သည့်အတွက် မောင့်မိဘများစကားကို အတန်တန်ခေါင်းခါငြင်းဆန်ပါသေးသည်။

“အဓေးမလုပ်ချင်ဘူးမာမီ ... အမှန်က ကိုယ့်ဘက်ကိုယ့်တာကိုပဲ လုံအောင်ထိန်းရမှာပါ။ တခြားဘက်





ကို ဘာမှသွားပြီး တားဆီးနေဖို့မလိုဘူး။ မောင်မကောင်းလို့ဖြစ်ရတာ။ မောင့်ကိုနိုင်အောင်မထိန်းနိုင်မှတော့ တခြားတစ်ဖက်ကိုလဲ ဘာမှသွားလုပ်မနေသင့်တော့ပါဘူး”

“မဟုတ်ဘူးသမီး ... မောင်ကျေးကို ဒက်ဒီဆုံးမမယ် မောင်ကျေးက နားဝင်လာတယ်ပဲထား။ ဟိုဘက်က မရမကလိုက် ကပ်ကပ်တွယ်နေရင် ဇာတ်လမ်းကပြတ်မှာမဟုတ်ဘူး။ မောင်ကျေးကိုလဲ တစ်ဖက်ကနိုင်အောင်ကိုင်မယ်။ ဟိုတစ်ဖက်ကိုလဲတားမြစ်ရမယ်။ ဒက်ဒီကနင်ပဲငဆသွားပြောပြီး ပါးရိုက်မစ်ခဲ့တာမျိုးလုပ်ခိုင်းနေတာမဟုတ်ဘူး။ အေးအေးဆေးဆေးပြောပြီး ရပ်တန်းကရပ်ဖို့သတိပေးခိုင်းတာ ...”

“အဓေးသွားပြောရုံနဲ့သူကရပ်တန်းကရပ်မယ်တဲ့လား ဒက်ဒီရယ် ...”

“ရပ်တန်းကရပ်အောင် ခြိမ်းခြောက်တန်တာလဲခြိမ်းခြောက်ပြီးပြောရမှာပေါ့အဓေး ...ဒီတိုင်းတော့ ဘယ်နည်းနဲ့မှလွှတ်ပေးထားလို့မရဘူး ...”

“အဓေးဘယ်လိုခြိမ်းခြောက်ရင် သူကကြောက်မလဲ ဒက်ဒီ ...”

“မရပ်ရင်အရှက်ခွဲမယ်စသဖြင့် ...”

အဓေး အားလျော့စွာပြုံးမိပါသည်။

“ကျွန်မသာလျှင် တရားဝင်မယားကြီးဖြစ်ကြောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ကိုယ်ပဲအရှက်ကွဲရမှာပါဒက်ဒီရယ် ... ဒီလို လူတစ်ယောက်ကို ဒီလောက်မရမကတွယ်ကပ်နေမှတော့ သူ့မှာရော ဆော်ရုံတန်ရုံအပေါ်ရှက်စိတ်ရှိဦးပါ့မလား"

"သူတစ်ယောက်ထဲနဲ့မရရင် သူ့မိဘကိုပါကိုင်တွယ်ရမယ်။ ဘာပဲဖြစ်ဖြစ် တားကြည့်ဖို့ကတော့ကိုယ့်အလုပ်ပဲ"

အဝေးငိုင်နေတာကို မာမီကကြည့်ရင်း ...

"အဝေးတစ်ယောက်ထဲသွားရမှာစိုးရိမ်နေရင် မာမီလဲလိုက်မယ်။ လိုအပ်ရင် ကြူကြူ့ကိုပါခေါ်အုံးမယ် ..."

အဝေးခေါင်းရမ်းလိုက်ပါသည်။

"အဝေးတစ်ယောက်ထဲပဲ ပထမဆုံးသွားပါဦးမယ် မာမီ အရှက်တကွဲလဲခံလာရနိုင်တာမျိုးရှိနိုင်ပါတယ် ...မာမီကို အဲသလိုအရှက်တကွဲမျက်နှာငယ်စရာနေရာကို အဖော်မခေါ်ချင်ပါဘူး ..."

ဤသို့ဖြင့်အဝေးသည် "ခြူ"ဟုအမည်ရသော မောင်မိန်းကလေးထံသွားဖို့ဖြစ်လာခဲ့ရပါသည်။ ကိုယ်က မှန်ကန်သူနေရာမှဖြစ်ပေမယ့် အဝေးသည် ရှက်ကြောက်ကာ မျက်နှာတွေထူပူနေသည်။ ရုံးပိတ်ရက်မှာသွား၍မဖြစ်။ မောင်နှင့်ဆုံမှာပင်စိုးရိမ်ရသဖြင့် ရုံးမှခွင့်တစ်ရက်ယူကာ သတ်သတ်သွားရပါသည်။ မမကြူထံမှ ကောင်မလေးနှင့်ပတ်သက်သောအချက်အလက်များအားလုံးရထားပြီးသား။ အိမ်လိပ်စာအတိုင်း ရေကျော်ရပ်ကွက်ထဲသို့ အဝေးရောက်ခဲ့ရပါသည်။ ထိုမိန်းက





လေးရဲ့အိမ်သည် သူမကိုအဝေးဖျတ်ခနဲမြင်လိုက်စဉ်က ခေတ်ဆန်သစ်လွင်တောက်ပသည့် သူမရဲ့သဏ္ဌာန်နှင့် မအပ်စပ်လှတဲ့ ခပ်နွမ်းနွမ်းအိုအိုဖြစ်သည်။ သစ်သားနှစ်ထပ်အိမ်အိုဖြစ်သည်။ အိမ်ဝတွင် ကောင်မလေးတစ်ယောက်နှစ်ယောက်ရှိနေသဖြင့် "ခြူတို့အိမ်လား" အဝေးကမေးလိုက်သည်။

"ခြူ ...!!"

ရေရွတ်ပြီးလျှင် ကောင်မလေးနှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တခွစ်ခွစ်ရယ်လိုက်ကြရင်း ...

"အပေါ်ထပ်မှာအစ်မ ... အခုတော့ သူ့အမေပဲရှိတယ် သူ အပြင်ထွက်သွားတာတွေ့လိုက်တယ်"

"အခုပဲထွက်သွားတာလား ..."

"မနက်ကထဲကထွက်သွားတာ ... အစ်မ အပေါ်တက်မေးလိုက်ပါ ... လှေကားကတက်ရတယ်အစ်မ"

အဝေးသည် လှေကားမှဖြည်းဖြည်းတက်လာရင်း အောက်မှရယ်သံနှင့်အတူ ...

"ခြူဆိုလို့ကြောင်တောင်သွားတယ် ...ဟားဟား ..."

"ဘယ်သူလဲမသိဘူး ..."

"တစ်ယောက်ယောက်ရဲ့မယားကြီးဖြစ်မှာပေါ့ ...ခိခိခိ"

အဝေးသည် သက်ပြင်းတစ်ချက်ချပြီး တံခါးခေါက်လိုက်သည်။ သစ်သားတန်းကျဲတံခါးဖြစ်၍ ခေါက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မလွယ်။ သော့လှုပ်သံကြောင့် အိမ်ရှေ့ခန်း၌ထိုင်ကာ မီးပူတိုက်နေသောမိန်းမကြီးက ထလာသည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲကွယ် ..."

"ခြူနဲ့တွေ့ချင်လို့ပါ ..."

"အော် ... မစိုးက ကျူရှင်ဆိုလား ... မနက်ကထွက်သွားတယ် ..."

"ဘယ်အချိန်ပြန်ရောက်မလဲဒေါ်ဒေါ် ..."

"ခဏနေရောက်မယ်ထင်ပါရဲ့ ... ထမင်းပြန်စားမယ်ဆိုရင်တော့ တော်ကြာရောက်မှာပဲ ..."

"ကျွန်မ ခဏထိုင်စောင့်လို့ရမလားဒေါ်ဒေါ် ..."

"လာလေ ... လာ ... လာ စောင့်ပါ ... စောင့်ပါ"

မိန်းမကြီးကတံခါးဖွင့်ပေးသဖြင့် ဧည့်ခန်းက သစ်သားဆက်တီအဟောင်းကလေးတစ်လုံးတွင် ဝင်ထိုင်လိုက်ရပါသည်။ မိန်းမကြီးသည် ဘာကိစ္စလဲ ဘာလဲဘာမှမစပ်စု။ မီးပူပြန်ဆက်တိုက်နေပုံမှာ အိမ်ရှင်မကြီးတစ်ယောက်ထက် အိမ်ဖော်အမျိုးသမီးကြီးတစ်ယောက်နှင့်ပင်ပိုတူနေသည်။ အမူအရာမှာ ကျိုးကျိုးနွံနွံ ယို့ယို့ကုပ်ကုပ်။

အဝေးသည် မနေနိုင်သဖြင့်မေးမိ၏။

"ခြူနဲ့ဘာတော်ပါသလဲရှင် ..."

"အော် ... သူ့အမေပါ ... အမေပါကွယ် ... မိန်းတစ်ယောက်ပဲရှိတာ ... သူက ကြီးမှခေတ်ဆန်ချင်လို့





ခြူတွေဘာတွေနာမည်ပြောင်းထားတာလေ။ အဒေါ်သမီးစိုးစိုးပေါ့ ... ဒီတစ်ယောက်ပဲရှိတာ ..."

"အော် ..."

ပြုံးပြုံးပြုံးပြုံးနှင့်ပြောနေပုံကို အဝေးရင်နင့်ရသည်။ သမီးလူလည်လုပ်သမျှ နှပ်ချသမျှ မြိန်မြိန်ကြီးယုံကြည်ရိုးတာနေမည့် ရိုးရိုးထုံထုံအေးအေးအမျိုးသမီးကြီးပေတကား။ ခြူ့အဖေဆိုသူဟာ ရုံးကအရာရှိငယ်ရာထူးရှင်။ ထိုသူဟာလဲ အမည်မကောင်းလှတာကြားထားရသည်။ ဤမိန်းမကြီးကား လင်သည်နှင့်သမီးကိုသာ သူ့ကမ္ဘာထင်ကာ အကောင်းမှတ်ကိုးကွယ်ယုံစားနေခြင်း၌ အသားသေအနေကျပျော်ပိုက်နေပုံပါတကား။

"ခြူက ဒုတိယနှစ်တက်နေတာနော် ..."

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်။ တက္ကသိုလ်တက်နေတာ။ အလုပ်လဲလုပ်ပါတယ်။ အမေ့ကိုလဲ တစ်ခါတစ်ခါငွေအပ်ပါတယ်။ အိမ်စရိတ်ဖြည့်ပါတယ် ..."

ခြူတစ်ယောက် ဘာအလုပ်မှလုပ်မနေတာကို သိထားရသောအဝေးကတော့ ခြူရလာသောငွေဟာ မောင်တို့လိုလူတွေဆီကဆိုတာ အတတ်တွေးမိနေပါသည်။ သို့ပေမယ့် အမေဖြစ်သူကို အနည်းအကျဉ်းပြန်ထောက်ပံ့နေတာဟာတော့ ချီးကျူးစရာပါပဲ။ မလောက်ငသောအိမ်စရိတ်အတွက် တင်းသလိုမှတ်သလိုကြံဖန်ရှာဖွေနေတာကို သနားပဲသနားရတော့မလား။ အဝေးက တွေးငိုင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ဆရာမလား ..."

"ရှင် ... အော် ... မဟုတ်ပါဘူး ..."

"အလုပ်ကိစ္စထင်ပါရဲ့ ... စိုးစိုးလာတော့တိုင်ပင်ပါ။ အဒေါ်ကတော့ဘာမှနားမလည်ပါဘူးသမီးရယ် ... အပြင်တောင်မထွက်ဖြစ်ပါဘူး။ ဘာမှမသိဘူး။ သူတို့သားအဖပဲအားကိုးနေရတာပါ။ သူတို့ပြီးရင်ပြီးပါတယ် ..."

အမျိုးသမီးကြီးစကားကြောင့်အဝေးမှာ ရင်နင့်ချင်ချင်ဖြစ်လာကာ လာရင်းကိစ္စအတွက်မလုံမလဲဖြစ်ရလေသည်။ ဤကဲ့သို့သောအမျိုးသမီးကြီးအားအဝေးရဲ့လာရင်းကိစ္စကိုမသိစေအပ်ဟုထင်သည်။ ရိုးအေးလွန်းသောအသက်ကြီးကြီးအမျိုးသမီးကြီးတစ်ယောက်ရဲ့ယုံကြည်ချက် မျှော်လင့်ချက်တို့ကိုအဝေးဖျက်ဆီးမပစ်လိုပါ။

အဝေးသည် မီးပူတိုက်နေသောအမျိုးသမီးကြီးနှင့်အတူ အိမ်ရှေ့ခန်းကလေး၌အချိန်အတော်ကြာအောင် တိတ်ဆိတ်ငြိမ်သက်စွာပေထိုင်နေသည်။ လာအောင်စောင့်မည်။ အခေါက်ခေါက်အခါခါမလာလို။ ဤသို့သောမလုပ်ချင်သည့်ကိစ္စတစ်ခုကိုအထပ်ထပ်အခါခါမကြိုးစားလို။

အဝေးရောက်သည်မှာတစ်နာရီနီးပါးခန့်ရှိလျှင်စောင့်စားနေရသောဖြူရောက်ရှိလာပါသည်။ လှေကားကိုတခေါက်ခေါက်မြည်အောင်သွက်သွက်နင်းတက်လာသံကိုကြားလျှင် အဝေးသည် ဖြူလာပြီ ဟုထင်သော်လည်းလှည့်မကြည့်ဘဲနေ၏။





လှေကားထိပ်၌ခြေသံရပ်သွားလျှင် လှေကားထိပ်နှင့်အနီးတဝိုက်၌အမွှေးရနံ့တစ်ခု ရှူးရှူးရှဲရှဲသိုင်းခြုံသွားလေသည်။

"ဟော ... လာပြီ လာပြီ ... စိုးစိုးလာပြီ ..."

မိန်းမကြီးကထကာ တံခါးဖွင့်သည်။ အဝေးသည်မျက်နှာမြင်၌ခေါ်သဖော်ဟုတို့တတ်နိုင်သမျှကင်းအောင်ထားလျက် သူမကိုလှည့်ကြည့်လိုက်သည်။ နားအောက်ရောက်ရုံဆံပင်တိုကလေးကွပ်ထားသည့်မျက်နှာညိုညိုကလေးတွင် အရောင်တွေစုံလှသည်။

အသားညိုသော်လည်းရောင်စုံတို့မှာ သူ့အသားရောင်နှင့်အပ်စပ်၍ အကြည့်ရမဆိုးလှပေ။ မျက်ခုံးထူထူတိုတို၊ မျက်လုံးဝိုင်းနှင့် ကျန်တာဘာတစ်ခုမှပြောပလောက်အောင်မလှသော်လဲ မျက်နှာပေးကလှပပါပေသည်။ အဝေးကိုအကဲခတ်ရှုးစမ်းဟန်ကလေး၌ပင် အနုပညာပါနေသည်။

စပို့ရှပ်အကျပ်၊ လုံခြည်ပျော့ပျော့၊ ခေါက်မြင့်ကြိုးသိုင်းအနက်၊ လက်သီးဆုပ်သာသာအိတ်ကလေးကို ကြိုးရှည်နှင့်လွယ်ထားကာ ဖိုင်လ်တစ်ခုပိုက်ထားသောဟန်ပန်မှာ ခေတ်မိကျော့မော့သပ်ယပ်လျက်ရှိသည်။ အတုလားအစစ်လားခွဲခြားခက်သော လည်ပင်းမှရွှေဆွဲကြိုးသုံးလေးကုံး၊ ဟင်းချိုန်းပျော့ပျော့သုံးလေးခု၊ လက်စွပ်တွေလဲ လက်ချောင်းများစွာ၌မြည့်သပ်လျက် နားကပ်ကတော့ အနက်ရောင်ကပ်နားကပ်လေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလေးရဲ့အဆင်းအဝါသည် ဤအိမ်ခန်းလေးနှင့် ဘယ်လိုမှမအံဝင်ဂွင်ကျဘဲ သူ့ချည်းသာမြင်လိုက်ရလျှင် အမေ့အမေကဘယ်သူကြီးများလဲ ... ဘယ်ကသူဌေးကြီးများလဲဟု ရုတ်တရက်ရှိန်ချင်စရာအသွေးအမွေးမျိုးဖြစ်သည်။

"ဒီမှာညည်းသည်တောင်ရောက်နေတယ် ... စိုးစိုး"

"ဟုတ်ကဲ့အမေ ...၊ အမေ ... သမီးကိုရေလေးတစ်ခွက်လောက်နော် ..."

သူ့အမေကို ပထုတ်လိုက်ပြီးလျှင် ဖိုင်လ်ကိုစားပွဲပေါ်ချလျက် အဝေးကိုမျက်နှာချင်းဆိုင်လိုက်လေသည်။

"ခြူ ... မမက ..."

"မမက ကိုမောင့် ... အဲ ... ကိုမောင်မောင်ကျော်ဇနီးမဟုတ်လား၊ ကျွန်မတို့ လက်ဖက်ရည်ဆိုင်မှာသွားစကားပြောကြမယ် ..."

"ကောင်းပါတယ် ..."

အဝေးရင်ပေါ်ကာ အသက်ရှူချောင်သွားသည်။ အဝေးသည် ခြူ့အမေကြီးရှေ့၌ ဘာဆိုဘာမှပြောထွက်နိုင်လိမ့်မည်မဟုတ်ပါ။ သူ့အမေ ရေခပ်လာပေးတာကိုသောက်ပြီးလျှင်

"အမေ ... ဒီအစ်မနဲ့ အလုပ်ကိစ္စတစ်ခုပြောဖို့ လက်ဖက်ရည်သွားတိုက်လိုက်ဦးမယ်နော် ... ခဏပဲ သိလား"

"အေး ... အေး..၊ သွားတိုက်လိုက်ပါ ... ညည်းသည်စောင့်နေရတာကြာလှပါပြီ ...အားနာပါတယ်သမီးရယ်"





ခြူက ရှေ့ကဆင်းသွားနှင့်သဖြင့် အဝေးက မိန်းမကြီးကိုနှုတ်ဆက်ပြီး နောက်မှလိုက်လာသည်။ ခြူခေါ်သွားသောလက်ဖက်ရည်ဆိုင်မှာ ငါးမိနစ်ခန့်လမ်းလျှောက်ရပါသည်။ အဝေးသည် ဘာမှမမေးမိဘဲ ဒီနားတင်ထင်သဖြင့် ကားကို ခြူတို့အိမ်ရှေ့၌သာရပ်ထားရစ်ခဲ့မိသည်။

လက်ဖက်ရည်ဆိုင်မှာလူရှင်းလှ၍ ခြောက်ကပ်ကပ်ဖြစ်နေသည်။ ထိုင်မိကြပြီးလျှင် ခြူက လက်ဖက်ရည်နှစ်ခွက်မှာလိုက်၏။ လက်ဖက်ရည်လုံးဝမသောက်သောအဝေးသည် ပြင်ပြီးမှာဖို့မကြိုးစားတော့။ မသောက်ဘဲနေလိုက်ဖို့သာ စိတ်ကူးသည်။

"မမ ... ပြောစရာရှိတာပြောပါ ..."

သူမက သွက်လက်သလောက် အဝေးသည် အာစေးထဲ့ထားသလိုဖြစ်နေသည်။ သူမကဘာမှမဖြစ်ဘဲ အဝေးကမျက်နှာပူအားနာနေသည်။ ခြူ၏ဆွတတ ဖလတ်တပ်တပ်အမူအရာတို့ကိုမြင်နေရသော်လဲ ခြူ့ကိုအဝေးကစာနာကြင်နာနေမိပါသည်။ ခြူ၏ဝိုင်းစက်သောမျက်လုံးကလေးများတွင် ပေါ့ရုပ်သောအရိပ်အယောင်တို့ရှိသော်လဲ စဉ်းလဲသောအရိပ်အရောင်တို့မရှိ။

"အပာမ်း ..."

အဝေးသည် ချောင်းတစ်ချက်ဆိုးကာ လည်ချောင်းရှင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com

"အားမနာပါနဲ့မမ ...၊ ပြောစရာရှိတာပြောပါ ..."

"ဒီလိုပါ ...၊ မြို့တို့ကိစ္စက သိပ်လူပြောသူပြောများလာတာနဲ့ မမ မြို့ကိုလာတွေ့ရင်ကောင်းမယ်လို့ဆုံးဖြတ်မိပြီးရောက်လာတာ ..."

"ဟုတ်ကဲ့ ..."

"ပတ်ဝန်းကျင်ကလဲ တော်တော်သိလာကြပြီး သူ့မိဘတွေကပါ မမကို ဒီအတိုင်းငြိမ်နေရကောင်းလားလို့ ပရက်ရှာပေးလာကြပါတယ်။ နို့မို့ဆိုရင် မြို့ကို မမလုံးဝမဆက်သွယ်ပါဘူး။ မမတစ်ယောက်ထဲအတွက်ဆိုရင် သူ့နဲ့အဆင်မပြေရင်ဆက်မပေါင်းဖို့ပါပဲ။ ဒါပေမယ့် အခုက မမတို့မှာသမီးလေးတစ်ယောက် ..."

အဒေးလည်ချောင်း၌ဆို့ကာ အသံကပ်သွားသည်။ စကားမဆက်နိုင်။ တစ်မျက်နှာလုံးသည် တရှုရှုယားယံကာ ထူအမ်းရှက်ရွံ့နေသည်။

"အော် ... သမီးလေးမွေးတာ ကျွန်မကြားပါတယ်။ သမီးလေးဘယ်လောက်ရသွားပြီလဲ ..."

သူကဘာမှမဖြစ်သလို အလာပသလာပလိုပြောနေသည်။ အဒေးသည်သာရင်တွေခုန်နေလေသည်။

"ဆယ့်တစ်လ ..."

"အော် ... အခါတောင်လည်တော့မှာပဲ ..."

"ဟုတ်တယ် ..."





"ကိုမောင် ... အဲ ... ကိုမောင်မောင်ကျေးနဲ့ ..."

"ခေါ်တာတ်သလိုခေါ်ပါမြို့ ..."

အဒေးဆို့နှင့်စွာခွင့်ပြုလိုက်ရပါသည်။

"အင်း ... ကိုမောင်နဲ့ဒီကိစ္စဆွေးနွေးကြည့်ပြီးပြီလား ရပ်တန်းကရပ်ဖို့ပေါ့ ..."

အဒေးသည် မျက်နှာကိုလွှဲအရိုက်ခံရသလိုပြာနှမ်းကာ ခဏငိုင်နေသည်။

"သမီးလေးမွေးကာနီး သိရကာစကတစ်ကြိမ်ပဲပြောဖူးတယ်။ နောက်ပိုင်းမှာဘာမှမဆွေးနွေးဖြစ်ပါဘူး။ ဆွေးလဲမဆွေးနွေးချင်တော့ဘူး။ တကယ်တော့ ကိုယ့်ဘက်ကလူ ကိုယ်နိုင်အောင်ကိုင်တွယ်ရမယ်ဆိုတာ မမနားလည်ပါတယ်။ ကိုယ့်သဘောနဲ့ကိုယ်ဆိုရင် မြို့ဆီကိုတို့ရောက်လာဖို့မရှိပါဘူး ..."

မြို့က လက်ဖက်ရည်ကိုတစ်ကြိုက်ချင်းသောက်နေရင်း ...

"မြို့ ... ကိုမောင်နဲ့အဆက်ဖြတ်ပေးရမှာပေါ့နော်"

အဒေးသည် အံ့သြသွားကာ အင်း ...ဟု ခေါင်းမညိတ်ဖြစ်အောင် မြို့ကိုငေးကြည့်နေမိသည်။ ဒီကိစ္စအတွက်ထွက်လာကထဲက သူဘာပြောလျှင်ကိုယ်ဘာပြောမည်ရယ်လို့ ကြိုတင်မောင်းတင်ကာ စဉ်းစားခဲ့တာတွေရှိသည်။ ကိုယ့်ဘက်ကအညှံခံလိုက်ရမှာကိုလဲစိုးကာ စကားအရာဖြင့်ကိုယ့်ဘက်က


www.burmeseclassic.com

www.burmeseclassic.com

အထက်စီးရအောင် မရတဲ့အဆုံးအနစ်နာဆုံးစကားလုံးတွေနှင့် ထိုးနှက်ဖို့အထိ။

"မမလာတာ ဒီအတွက်ပဲမဟုတ်လား ..."

"ဟုတ်ပါတယ် ဒီအတွက်လာတာပါပဲချို ..."

"ချိုရှောင်ပါ့မယ် ... တတ်နိုင်သမျှပုန်းပါ့မယ်။ ဒီကြားထဲမှာမမ ကိုမောင်နဲ့ပြေလည်အောင်ညှိပါ ..."

"ချိုတကယ်ပြောနေတာလား ..."

"ချိုတကယ်ပြောနေတာပါ ...၊ ချိုလိုမိန်းကလေးမျိုးကပြောတာဆိုတော့ မမယုံချင်မှတော့ယုံပေါ့။ ချိုမကောင်းတာသိပေမယ့် သူများအိမ်ထောင်ကိုတော့ချို မဖျက်ဆီးချင်ပါဘူး။ ကိုမောင့်ကိုစသိတုန်းက လူပျိုဆရာဝန်လောင်းကလေးလို့ပဲထင်နေခဲ့တာပါ။ သူ့ပုံစံကလဲအိမ်ထောင်သည်နဲ့မှမတူတာမမရယ်။ သူကလဲပြောမှမပြောတာ။ သမီးလေးမွေးပြီးနောက်မှ သူဟာကလေးအဖေဖြစ်နေပါလား လို့ချိုသိရတာပါ။ ဒါပေမယ့် သံယောဇဉ်တွေကတွယ်နေတော့ ဖွတ်နစ်နေကြတယ် ..."

"သူဟာ ချိုအချစ်ဦးတော့မဟုတ်ဘူးမဟုတ်လားဟင်"

"ဟင့်အင်း ...မဟုတ်ပါဘူး။ ချိုကကံဆိုးပါတယ် ချိုဟာခုချိန်ထိတယ်လူကောင်းတစ်ယောက်ကိုမှမရွေးချယ်မိသေးဘူး။ ချိုထားခဲ့သမျှချစ်သူတွေဟာ ကို့လို့ကန့်လန့်တစ်ခုခုဖြစ်နေတာချည်းပဲမို့ချိုနာမည်ပျက်လာတယ်။





ဘဝပါပျက်မတတ်ပါဘဲ။ တစ်ခါတစ်ခါတော့လဲ ပေးစာကမ်းစာမှန့်ဖိုးပဲဖိုးပိုးကြေးပန်းကြေးတွေနဲ့ အိမ်စားရိတ်ခုမှီနေလို့ ဒီလိုနေနေတာဟာပဲကောင်းသလားလို့ထင်တယ် ...တစ်ခါတစ်ခါတော့ ချိုကိုကံကောင်းစေမယ့်နောက်ဆုံးချစ်သူတစ်ယောက်နဲ့လှပတဲ့အိမ်ထောင်လေးတစ်ခုထူထောင်ခွင့်ရချင်တယ်။ ကိုမောင့်ကို ချိုသံယောဇဉ်ကြီးသွားလို့ဒီလောက်ကြာအောင်ဖွတ်နစ်နေမိတာပါ။ ဒါပေမယ့် စိတ်ထဲမှာတစ်ရက်မှအပြစ်မကင်းပါဘူးမမရယ် ကိုမောင့်မိန်းမသိသွားရင် ဆိုတာတွေးတိုင်း ရင်ထဲမအေးပါဘူး။ လိုက်လာခဲ့ရင် ငါ့ပါးကိုရိုက်ချလိုက်ရင်ဆိုတာအထိတွေးထားပါတယ် ..."

"သူက ချို့ကိုမပြတ်နိုင်တာလားဟင် ..."

အဝေးသည် ချို့အပေါ်အနိုင်ရဖို့မတွေးဘဲ တကယ့်ကို အောက်ကျနောက်ကျမေးထွက်မိလေသည်။

"သူက စိတ်ပျော့သူတစ်ယောက်ပဲ ..."

မှန်လိုက်လေ။ မောင့်ကိုဒီလိုကောင်းကောင်းအကဲခတ်နိုင်နေသောမိန်းကလေးတစ်ယောက်ဟာ အညံ့အအထဲကတော့မဟုတ်နိုင်ပေ။

"ချို့နေရာမှာ တခြားတစ်ယောက်နဲ့သူဖြစ်နေရင်လဲ အဲဒီတစ်ယောက်ကိုသူ သံယောဇဉ်ကြီးနေမှာပါပဲ ... သူ့ပြဿနာက သူ့မိန်းမကိုမကောင်းထင်နေတာချို့မို့ တ



www.burmeseclassic.com

www.burmeseclassic.com



ခြားဘယ်မိန်းမကိုမဆို သူ့အကောင်းထင်နေတော့မှာပဲ"

အဝေးသည် ရုက်လိုက်သည်မှာလဲ၍ဝင်သေလိုက်ချင်သည်။ ဤစကားပြောခံရသည့်အတွက် မောင့်ကိုနပ်နပ်စဉ်းခြေမွပစ်လိုက်ချင်လေသည်။ ကိုယ်ကလွဲပြီးတခြားဘယ်မိန်းမကိုမဆိုအကောင်းထင်နေမည့်လူတစ်ယောက်၏ မိန်းမဘဝ၌ ထို့ထက်ပို၍အောက်တန်းကျအရှက်ရစရာမကျန်ပေ။

"မြို့ သူ့ကိုသံယောဇဉ်ကြီးပါတယ်မမရယ်။ အတည်တကျအနေနဲ့တွက်ရင်လဲ တက်လမ်းရှိနေတဲ့လူတစ်ယောက်အဖြစ် ပညာတတ်ဂုဏ်သရေရှိဆရာဝန်ဆိုတဲ့အသက်မွေးဝမ်းကြောင်းမှုကိုလဲသဘောကျမိပါတယ်။ ဒါတွေကြောင့် စာတ်လမ်းမပြတ်နိုင်တာထက်ပိုဆိုးတာက မြို့ ဖြတ်ပစ်လိုက်ရင် သူ့ဘဝအဖတ်ဆယ်မရအောင်ပျက်စီးသွားတော့မှာစိုးလို့ပဲ ..."

ဘုရားရေ ...။

အဝေးသည် မိမိယောကျ်ားဘဝအဖတ်ဆယ်မရအောင်မပျက်စီးဖို့အရေး နောက်ထပ်မိန်းမတစ်ယောက်က အရေးကြီးနေတာကို အံ့သြဝမ်းနည်းနေသည်။

"မမ စိတ်မကောင်းမဖြစ်နဲ့နော် ... စိတ်လဲမဆိုးနဲ့နော်"

အဝေးယောင်ယမ်းခေါင်းညိတ်လိုက်မိ၏။

"မမအပေါ်မှာသူ့အမြင်ဟာသိပ်ဆိုးနေတာပဲ ..."

"ဟုတ်လား ..."





အဝေးအသံမှာ ခြောက်ကပ်ထောင့်အက်နေသည်။ ကိုယ့်အပေါ်အမြင်ဆိုးထားလျက် ကြိုရာအရပ်မှာလည်းပြောနေသောမောင့်ကို ဘယ်လိုလက်စားချေရမည်စဉ်းစားမရဘဲ ချွေးပြန်ကာ ပူစပ်မှုလောင်ဖြစ်နေသည်။ ရင်ထဲ၌ခါးအန်နေသည်။ သူ့ကိုမုန်းသည်မှာသတ်၍ပင်ပစ်ချင်သည်။ ခုလိုလာပြောမိတာလဲမှားတာပဲ။

မြို့နှင့်ပြတ်ကာ ကိုယ်နှင့်တစ်သက်တာလုံးဆက်မြဲနေရမည်ကိုပင်ကြောက်လွန်း၍ လာရင်းကိစ္စကိုသိမ်းဆည်းလို့သာရရင်ပြန်သိမ်းထားလိုက်ချင်သည်။

မြို့နှင့်မပြတ်တာကမှတော်ဦးမည်။ ဤမျှ မိမိအပေါ်မကောင်းမြင်ကာ အရပ်တကာလည်ပြောပြီး နာကျည်းခါးသီးနေသည့်ယောကျ်ားတစ်ယောက်နှင့် အဝေးဆက်ပေါင်းသင့်ပါရဲ့လား။

"စချစ်ခဲ့ကြကတဲက မမက အသက်ကြီးလို့ သူ့ကိုကြိုးကိုင်ခဲ့တာပဲတဲ့။ လက်ထပ်ကြခါနီးမှာ သူ့အမေက သူ့ကိုငယ်သေးတယ် ... ကျောင်းလဲမပြီးသေးဘူးဆိုပြီးတားခဲ့တယ်။ ဒါပေမယ့် သူ့အမေကတားပါတယ်လို့ သူ မမကိုပြန်မပြောရဲဘူးတဲ့ ... ဒါကြောင့် ကျောင်းတန်းလန်းနဲ့လက်ထပ်လိုက်ရတယ်တဲ့ ..."

အဝေးသည် ရင်၌နှင့်ကာ မျက်ရည်လည်လာသည်။ ဒေါသထွက်စရာပင်မကျန်အောင် လူကအားယုတ်ရွေ



www.burmeseclassic.com

www.burmeseclassic.com



လျော့သွားသည်။ ထိုစဉ်က မရမကလက်ထပ်ချင်ခဲ့တာဟာ သူပဲမဟုတ်ဘူးလား။ သူ့အမေနှမြောတာအဝေးသိသားပဲ။ သူကတားမှမရတာ။

"မမက သူ့ကိုကျောင်းထားပေးတယ်၊ ရှာကျွေးထားတယ်တဲ့ ...၊ အဲသလိုလုပ်ပေးနေခဲ့တဲ့မိန်းမတစ်ယောက်ဟာ သူ့ကိုဘယ်လိုသဘောထားလာမလဲဆိုတာ မယူခင်ကစဉ်းစားမိဖို့ကောင်းတယ်တဲ့ ... မမဟာ သူ့ကို ချောင်ထဲထိုးထဲ့ပြီး လင်ယောကျ်ားတစ်ယောက်အနေနဲ့လုံးဝနေရာမပေးခဲ့ဘူးတဲ့ ... အသေးဆုံးကိစ္စလေးမှာတောင် မမရဲ့ဆုံးဖြတ်ချက်ပဲဖြစ်ရတယ်ဆိုတဲ့ ဂုဏ်ယူကျေနပ်မှုနဲ့မမဟာ အရေးပါအရာရောက်တဲ့ အရှုးမျိုးရှူးနေတာယ်တဲ့ ...၊ အပြင်ထွက်ရင်မကြိုက် ...၊ ပိုက်ဆံသုံးရင်မကြိုက်၊ အသုံးလိုလို့ ပိုက်ဆံပေးပါလို့တောင်းလိုက်ရတဲ့အခါတိုင်း သူ့ရင်ထဲမှာခါးနေတဲ့ဒါဏ်ရာတစ်ချက်တိုးပြီး အနာရှုတ်အထပ်ထပ်တက်နေတဲ့ အနာကြီးရင့်လာတာတဲ့။ ပိုက်ဆံမရှာနိုင်သေးတဲ့အတွက် မမက မမရဲ့အဝတ်အစားကိုတောင် သူ့ကိုလျှော်ပေးစေချင်ခဲ့တယ်တဲ့။ ဒါတွေ အမှန်ဟုတ်မဟုတ် ခြူမသိပေမယ့် ဒီလိုကြားရတဲ့အခါ သူ့ကိုသနားမိခဲ့ပါတယ်။ မမလက်ထဲမှာသူ့ဘဝဟာ တဖြည်းဖြည်းခြောက်ခြောက်လာပြီး တစ်စထက်တစ်ညှိုးရော်ပြီး သေခါနီးနေတဲ့ဆူးပင်လိုပဲတဲ့။





သူ့ကိုယ်သူဆူးပင်လို့ဘာကြောင့်နှိုင်းရသလဲဆိုရင် တစ်ချက်ချက်မှာ မမကို ဆူးစူးဒါဏ်ရာပေးခွင့်ပြန်ရချင်လို့တဲ့။ အဲသလောက်ထိ ရင်ထဲမှာခါးသက်ပြီး မခံမရပ်နိုင်အောင်နာနေတဲ့အထိ အဖိနှိပ်အနှိမ်နင်းခံထားရတယ်။ မမက သူ့ကို ခြေဖဝါးအောက်မှာပဲဖိထားချင်တဲ့မိန်းမတဲ့ ...။ သူ့ကိုမိန်းမတစ်ယောက်လိုနှိမ်ချင်တဲ့သူတဲ့။ သူ့ကိုအစာရေစာပေးပြီးကျွန်လုပ်ထားချင်တဲ့သူ။ ကျွန်တောင်မှ ကျွန်အထီးလိုမဟုတ်ဘဲ ကျွန်မတစ်ယောက်လိုအဆုံးစွန်အထိ သူ့ဘဝကို နလန်မထူအောင်သတ်ဖြတ်ထားတဲ့သူတဲ့ ..."

အဝေးသည် မိုက်ခနဲသတိလစ်မလိုဖြစ်လာသည်။

"တော်ပါတော့ခြူ ... ဒါတွေဘာကြောင့်တို့ကိုဒီလောက်နိုက်နိုက်ချွတ်ချွတ်လာပြောပြနေရသလဲ ..."

"မမစိတ်မဆိုးနဲ့လို့ ခြူကြိုပြောပါတယ် ... ခြူဘာကြောင့်ပြောရသလဲဆိုရင် ကိုယ့်အပေါ်ဒီလောက်ခါးသီးနာကျည်းပြီး မကျေနိုင်အောင်တေးထားတဲ့ယောကျ်ားတစ်ယောက်နဲ့မမဆက်ပေါင်းချင်သေးသလား ...။ ဆက်ပေါင်းသင့်သေးသလား စဉ်းစားနိုင်အောင်ပါ"

"သိပ်သေချာတာပေါ့ ဆက်ကိုမပေါင်းသင့်ဘူး ..."

"ခြူ အမှန်စကားတွေပဲပြောခဲ့တာပါ ... ဘာတစ်ခုမှ မလုပ်ကြံဘူး။ မမက ခြူကို ရပ်တန်းကရုပ်ဖို့တောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုလာတဲ့အတွက် ဒါကိုပြောပြရတာပါ။ ဒီလောက် ကိုယ့်အပေါ်မှာမှန်းပြီးနာနေတဲ့ယောကျ်ားတစ်ယောက်ကို ခြူသာဆိုဆက်မပေါင်းဘူး။ ဒါဟာ သူ့ကိုကွာပေးပါလို့တောင်းဆိုနေတာမဟုတ်ပါဘူး မမ။ ဒါပေမယ့် မမနဲ့သူ ကင်းရှင်းသွားရင်တော့ သူ့ကို ခြူယူရလိမ့်မယ်။ ဒါတော့ ကြိုပြောထားတာပါ ...”

“ဒီလိုယောကျ်ားကို မင်းယူမယ်ဟုတ်လား ခြူ ...”

“ယူမယ် ... ဘာလို့လဲဆိုတော့ သူက ခြူ့ကိုတော့ အကောင်းထင်ပြီး သူ့ရဲ့ကာယ်တင်ရှင် သူ့ရဲ့လင်းရောင်ခြည်လို အထွတ်အမြတ်ထားတဲ့ယောကျ်ားကိုး ...”

အဝေးသည် ပါးစပ်အဟောင်းသားဖြစ်နေသည်။

“ခြူ့ရဲ့ သူ့အပေါ်အားကိုးမှု၊ သူ့အထောက်အပံ့ကိုလိုအပ်မှု၊ သူ့ပိုက်ဆံ၊ သူ့ရာထူးဂုဏ်သိမ်ကိုမက်မှုတွေဟာ သူ့အတွက်ခွန်အားပဲ။ ခြူ သူ့ဆီက လိုအပ်သလိုအထောက်အပံ့ယူတယ်။ သူ့မှာမရှိဘူးငြင်းရင်တောင် မရမကရှာပေးပါ အိမ်မှာငတ်တော့မယ်လို့ ဖွင့်ပြောပြီးတောင်းတယ်။ အဲဒီအတွက် ခြူ့ဆီမှာ သူဟာအရေးပါတဲ့လူတစ်ယောက်ဖြစ်နေတယ်။ ခြူ ဆရာဝန်ကသော်ဖြစ်ရရင် သိပ်သဘောကျမှာပဲလို့ သူ့ကိုပြောပြတယ်။ အဲ့ဒါကြောင့် ခြူ့ကို သူကျေးဇူးတင်တယ်။ ခြူ့ကို သူလိုအပ်တယ်။ ခြူကလဲ သူ့ကိုလိုအပ်ပါတယ်လေ။ အခု





သူ ခြူ့ကို တစ်လလေးငါးထောင်အနဲဆုံးပေးမှဖြစ်တယ်မပေးရင် ခြူ့ကျောင်းစရိတ်၊ ကျူရှင်စရိတ်နဲ့ထမင်းဖိုးမရဘူး။ ခြူ သူ့ဆီက ဒါလိုချင်တယ်။ တောင်းလဲတောင်းတယ်။ သူ့ဆီက ပိုက်ဆံလိုချင်တဲ့မိန်းမတစ်ယောက်ကိုသူပိုက်ဆံပေးရတာ သူ့အတွက်ဂုဏ်ရှိနေတယ်လေ မမရဲ့ ...”

အဝေးသည် အကြီးအကျယ် မကျေနပ်ကာ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာသည်။

“တို့လဲ သူ့ဆီကလိုချင်တာပဲ။ သူ့လခကိုအပ်စေချင်တာပဲတို့လဲတောင်းခဲ့တာပါပဲ။ တို့ကိုပိုက်ဆံပေးရင်ကျတော့သူ့မှာဂုဏ်မရှိဘူးလား ...”

“ဟင့်အင်း ... သူဂုဏ်ငယ်တယ်။ ခြူက သုံးဖို့ကိုလိုလို့တောင်းတာမှန်းသူသိတယ်လေ။ မမက သူ မမဆီမှာပိုက်ဆံအပ်တယ်ဆိုတာကိုလိုချင်တာ။ ခြူ့ကိုပေးရတာသူဂုဏ်ယူတယ်။ မမကိုပေးရမှာကို အောက်ကျတယ်လို့သူထင်တယ် ...”

“အော် ... အော် ...”

အဝေးသည် ကြေကြေကွဲကွဲမချိတင်ကဲရေရွတ်ကာ ရင်ဝကိုလက်ချောင်းလေးများနှင့်ပင်ဖိထားလိုက်ရပါသည်။

“ယောကျ်ားတွေဟာ ပေးကမ်းစွန့်ကြဲရခြင်းမှာပဲဂုဏ်ယူတတ်တယ်။ ပေးကမ်းစွန့်ကြဲခံရခြင်းမှာ ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှကြာကြာမပျော်ဘူး။ မမ သူ့ကို ဘယ်လောက်ပဲ ရှာကျွေးခဲ့၊ ကျောင်းထားပေးခဲ့ပေမယ့် ဒီအတွက် သူ ဘယ်တော့မှမပျော်ဘူး။ ဒီအတွက် သူ အမြဲရှက်ကြောက် သိမ်ငယ်နေရတယ်။ သူ့ကို ရှက်ကြောက် သိမ်ငယ်ရ ပေးတဲ့မမကို သူမုန်းတယ်၊ နာတယ်။ မမစဉ်းစားပါ မမ ရှေ့ဆက်ဘာလုပ်မလဲစဉ်းစားပါ။ မမဆန္ဒအတိုင်း ဖြစ်ရပါစေမယ်လို့ ချူကတိပေးပါတယ်။ အဆက်ဖြတ် ပါဆိုရင် ဖြတ်ပေးပါမယ်မမရယ်။ မမတို့အိမ်ထောင် ရေးကိုလဲ သာယာစေချင်ပါတယ်။ ဘယ်လိုမှ ဒီလူ နဲ့ရှေ့ဆက်ဖို့မဖြစ်ဘူးလို့မမထင်လို့ မမဘက်က နောက် ဆုတ်ရင်တော့ ကိုမောင့်ကို ချူလက်ထပ်မယ် . . .

အဝေးသည် လောကကြီးရဲ့ကမောက်ကမ ဖောက် ထိုးမိုးမျှော်ဆန်မှုကို အလန့်တကြားမှင်သက်မိကာနေသည်။ အလာတုန်းက အဝေးဟာ ချူ့ကိုနောက်ဆုတ်ပေးဖို့ပြောမည် ရည်ရွယ်ချက်နှင့်။ ခုတော့ နောက်ဆုတ်သင့်သူသည် အဝေး အနေအရ အဝေးပင်ဖြစ်လို့နေသယောင်ပါကလား။

ချူ့ကို အဝေးစိတ်၌ရှင်းရှင်းပြောတတ်သောမိန်း ကလေးတစ်ယောက်အဖြစ်အမှတ်ပင်ပေးချင်သေးသည်။ မောင့် ကိုတော့နာသည်။ နာသည်ဆိုသောစကားထက်ပိုပြီး အဓိပ္ပါယ် ပြည့်ဝမည့်စကားလုံးရှိအုံးမည်ဆိုလျှင် ထိုစကားလုံးကိုသုံးမည် နာကျည်းသည်။ မုန်းတီးသည်။ စက်ဆုပ်သည်။ ရွံသည်





အထင်သေးသည်။

မျက်နှာကိုစေ့စေ့ကြည့်ကာ တံတွေးနှင့်ထွေးခွင့်ရ လျှင် ထွေးလိုက်ချင်သည်။ ဤသို့တံတွေးနှင့်ထွေးလိုက်ရရုံနှင့် လဲကျေနပ်မည်မဟုတ်ပေ။ ချူဟာ မျှော်လင့်မထားဘဲ ပညာရှိ ဆက်ဆံနည်းနှင့် ဆက်ဆံနိုင်သောအစွမ်းရှိသည့် ခပ်ဘွင်းဘွင်း မိန်းကလေးတစ်ယောက်ဖြစ်သဖြင့် ထိုအချက်ကိုသဘောကျ တာအသာထား ဘယ်လိုပင်ဖြစ်စေ ချူဟာ ကာမပိုင်ရှင်နှီးမယား ရှိသည့်ယောကျ်ားတစ်ယောက်နှင့် ဖောက်ပြန်ပတ်သက်နေသူ တစ်ယောက်မို့ အထင်သေးစရာတော့ အထင်သေးစရာပဲဖြစ် သည်။

ထိုသို့သော ရပ်ကွက်ကပျက်ရယ်ပြုထားသည့် အပေါ် စားမိန်းကလေးတစ်ယောက်ထံမှာ အဝေးရဲ့အမနာပ အတင်း အဖျင်းတို့ကို ယုံကြည်အားကိုးစွာရင်ဖွင့်တိုင်တည် ပြီး အဝေးကို မိန်းမယုတ်မိန်းမကြမ်းကြီးတစ်ယောက်ဖြစ် အောင် ဖွဲ့နွဲ့နာကျည်းပြထားသောမောင်သည် အဝေးအပေါ် ဘယ်လောက်များ မိုက်ရိုင်းယုတ်မာလိုက်ပါသလဲ။ ထိုမိန်း ကလေးကို တန်ဖိုးကြီးစွာထားနေလျက် အဝေးသိက္ခာကိုတော့ မြေကြီးအောက်အထိ ထိုးနှံထဲ့သွင်းထားသည်။

ဒီလိုမိန်းမ စားမျိုးကပြန်ပြီး အဝေးဘက်လှပ် ရှောင်ပေးသင့်သည်ဆိုတာ နားချရလောက်အောင် တိုင် ထိပ်တက်နိုင်သောအခွင့်အရေးမျိုးကို မောင်ကပေးထားလျက်



www.burmeseclassic.com

www.burmeseclassic.com



အဝေးကိုတော့ အကောင်းတစ်ချက်မျှမမြင်နိုင်တာကို နာခြင်းမကနာလှသည်။

✧ ⌑ ✧



## ၁၁

ထိုတစ်ညက မောင်အိမ်ပြန်လာသောအခါ မျက်နှာတစ်ခုလုံးစုတ်ပြတ်ဖူးရောင်နေကာ မြင်မကောင်းအောင်ဖြစ်ပျက်နေသည်မှာ ကြောက်စရာပင်။ အိမ်တံခါးကို မရီဖွင့်ပေးအပြီး၌ အိမ်ထဲသို့မှန်တိုင်းတစ်ချက်ဝင်မွှေလိုက်သလို အဟုန်ပြင်းပြင်းကြမ်းတမ်းစွာ မောင်ဝင်လာကာ ရှိရှိသမျှပစ္စည်းများကို ကန်ကျောက်ရိုက်နှက်ပေါက်ခွဲသည်။

ဝုန်းဒိုင်းကြိုကာလဲသံပြိုသံကွဲသံရှသံတွေဆူညံနေလျက် မရီသည် နေစရာမရှိအောင်ထိတ်လန့်နေကာ လန့်နိုးအော်ငိုသောသမီးကလေးကို မီးဖိုထဲ၌ တံခါးပိတ် စုတ်သပ်ချော့သိပ်နေရ၏။ အဝေးသည် အတန်ကြာအောင် သည်းညည်းခံစောင့်ကြည့်နေသော်လဲ တစ်စတစ်စမပြီးနိုင်မစီးနိုင်ဖြစ်လာသောအခါ အတော်စိတ်ပျက်အော်ဂလီဆန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်လောက်ပြီထင်တယ်။ သမီးလေးလဲလန့်လှပြီ ဘေး ခန်းတွေလဲကြားကုန်တော့မယ် ... ဘာတွေဒီလောက် ဖြစ်နေတာလဲ။ ကိုယ်ဖြစ်တဲ့ပြဿနာ အပြင်မှာပဲရှင်း ခဲ့ဖို့ကောင်းတယ်။ အိမ်အထိသယ်လာဖို့မကောင်းဘူး"

"အိမ်အထိသယ်လာရမှာပဲ ... အိမ်ကစတဲ့ပြဿနာပဲ"

"အိမ်က ..."

"ဟုတ်တယ် ... မင်း ... မင်းကြောင့်ဖြစ်တဲ့ပြဿနာ"

အဝေး သူ့ကို စိတ်ပျက်လက်ပျက်ကြည့်မိသည်။

"ကျွန်မဘာလုပ်လို့လဲ ..."

"အေး ... ငါ့မိဘကိုလျှောက်တိုင် ... မဆိုင်သူကို သွား ရမ်းလုပ်လို့ ငါ့ကိုပြန်ရလိမ့်မယ်လို့မထင်နဲ့အဝေး ... ငါ့ကိုကြည့်စမ်းပါ ... ငါ့မျက်နှာကိုကြည့်စမ်းပါ။ ဒယ် ဒီဆုံးမလွှတ်လိုက်တာလေ ... မင်းကို ဒီအတိုင်းပြန်လုပ် ချင်တယ်ဆိုတာမှတ်ထား ... လုပ်ရင်းကလက်လွန်ပြီး အသက်ထွက်သွားရင် ငါ ထောင်ထဲမဝင်နိုင်လို့ မင်း ကိုယ်စား ရှိသမျှကိုဖျက်ဆီးနေတာ နားလည်လား"

အဝေးနားထဲ၌ တော်တော်ခါးသည်။ သည်း ညည်းမခံနိုင်စိတ်သည် ရင်ကိုထိုးခွဲကာ အပြင်ကိုဖောက်ထွက် လာတော့မလိုဖြစ်သည်။

"ရှင် အဲသလိုဖြစ်နေရအောင် ကျွန်မက ဘာလုပ်နေလို့ လဲ ...။ ဘာမှားခဲ့လို့လဲ။ ဒီနေ့အထိတောက်လျှောက်





မကောင်းခဲ့တာ ရှင်။ ဆက်တိုက်အမှားကျူးလွန်နေတာ ရှင်။ ကျွန်မကိုလုပ်ချင်ရအောင် ကျွန်မက ဘာမဟုတ် တာလုပ်မိသလဲ ..."

သူက ဒေါသတကြီးလှည့်လာသည်။

"ငါ့ကိုမအော်နဲ့နော် ... မင်းလုပ်သမျှ ငုံ့ခံနေတော့မယ့် ကောင်မဟုတ်ဘူး ..."

"အော ... ဟုတ်လား ... ကျွန်မရဲ့ ကျွန်အဆင့်ကတက် လာပြီပေါ့ ..."

အဝေးသည် သူ့ မနာနာအောင်ပြောချလိုက်သည်။ ကျားတစ်ကောင်လို ဗလုံးဗထွေးအော်ဟစ်ကာ အဝေးထံပြေး လာပြီးမှ အနားရောက်လျှင် နံရံကပ်နာရီတစ်ခုပေါ်လွှဲချပေါက် ကွဲပစ်လိုက်ရာ အနီးဆုံးမှတယ်လီဖုန်းတင်သည့်စဉ် ကျိုးပဲ့ကျ ကာ တယ်လီဖုန်းသည်လဲ သူ့ ဆက်တိုက်ဆောင့်ရိုက်နေမှု ကြောင့် ကွဲကြေသွားလေသည်။

အဝေးသည် ရင်၌နာလိုက်သည်မှာပြောစရာမရှိ တော့။ သူ့ကိုအနစ်နာဆုံး ဘာများလုပ်လို့ရမည်လဲ။ ဒီအတိုင်း လုပ်ချင်သည်။ မျက်ရည်ပေါက်ပေါက်ကျလာကာ ...

"နင် ငါ့ပစ္စည်းတွေ ဘာမှလျှောက်ဖျက်ဆီးမနေနဲ့မောင် မောင်ကျေး ... ဒီဖုန်းဟာ ငါ့အပိုင်လဲမဟုတ်ဘူး သူ့ တစ်ပါးပစ္စည်း ..."

"ဘာလဲ ... နောက်ယောကျ်ားရဲ့ပစ္စည်းလား ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်ကျေး ...ငါ့ကို ဟိုလူဒီလူနဲ့သမုတ်စွတ်စွဲပြောဆိုရအောင် ငါက နင့်လိုအောက်တန်းကျနေတဲ့မိန်းမမျိုးလား။ နင်သာ အောက်တန်းစားပီပီ သစ္စာမဲ့တဲ့ကောင်၊ ကျေးဇူးတရားကိုမထောက်ထားဘဲ ဖောက်ပြန်နေတဲ့ အသားထဲကလောက်ကောင် ...သိလား"

"ဖောက်ပြန်တော့ဘာဖြစ်သလဲ ...ဘာကျေးဇူးတရားလဲ ...အဲဒီအသုံးမကျတဲ့ကျေးဇူးတရားတွေကို အိမ်သာထဲပစ်ချပြီးလဲသေလိုက် ...။ ခင်ဗျားလိုမိန်းမတစ်ယောက်ဆီမှာ ဒီထက်တောင် စောစောဖောက်ပြန်သင့်တယ် ...ဘယ်မှာလဲသာယာမှု။ ယောကျ်ားကို နွားလောက်သဘောထားနေတဲ့မိန်းမဆီမှာ ဘယ်သူမှကြာကြာသစ္စာမရှိဘူးဆိုတာမှတ်ထားလိုက် ..."

"ငါက မင်းကို နွားလို့တစ်ခွန်းမှမပြောဘူးပါဘူး။ ဒီစကားလုံးဟာ မင်းအစ်မနဲ့မင်းကိုယ်တိုင်က မင်းအတွက်သုတ်မှတ်ထားတဲ့စကားလုံး။ ဘာမှ အသိဉီးနှောက်မရှိတဲ့သူ၊ နားလည်မှုမရှိတွဲ့သူ။ မင်းကိုမင်းနွားလို့ထင်နေရင်လဲနွားပဲပေါ့ ..."

သူသည် အသားတွေတဆတ်ဆတ်တုန်နေသည်။ ဒေါသရာဒေါသချက်တွေနှင့် ခက်ထန်နေသောမျက်နှာကြီးမှာကြောက်စရာကောင်းလှသည်။ အဝေးသည် ဇဝေဇဝါပင်ဖြစ်လာမိချင်ချင်။ သူဒီလောက်နာကျည်းခံပြင်းခဲ့ရလောက်အောင်ပဲ အ





ဝေးဟာ သူ့ကိုဖိနှိပ်ချိုးချေခဲ့မိလေသလား။ ကိုယ့်ဟာနှင့်ကိုယ်မို့ပဲမေ့နေသလား။ နာကျင်သောသူ့မျက်နှာသည် ငိုချတော့မလို့လဲဖြစ်နေသည်။ မျက်သားတွေနီမြန်းကာ မျက်ရည်ကြည်ဝိုင်းရစ်နေသည်မှာ အံ့ဩစရာပင်။

"ခင်ဗျားလိုမိန်းမတစ်ယောက်ကို တစ်ချိန်က ဘာကြောင့်ရူးမိုက်ပြီး ချစ်ခဲ့မိပါလိမ့်ဆိုတာ စဉ်းစားကြည့်လို့တောင်မရတော့ဘူးအဝေး ..."

"အေး..အတူတူပဲမောင်မောင်ကျေး နင့်ကိုဘယ်လို မျက်စေ့မွဲပြီး ဉာဏ်နဲ့ပြီးရွေးခဲ့သလဲဆိုတာလဲ ငါမတွေးတတ်တော့ဘူး။ ငါတို့လမ်းခွဲကြရင်ကောင်းမယ်ထင်တယ်"

"ဟားဟားဟား ..."

ရုတ်တရက် သူက အရူးလိုခေါင်းမော့ကာ တစ်ပတ်လှည့်ပြီး ရယ်လိုက်သည်။

"မရဘူး။ ကျုပ်ကို မိဘဆီပြေးတိုင်...မဆီမဆိုင်မိန်းကလေးကိုရှောင်ပေးခိုင်း သွားလုပ်ထားပြီးမှ ခုလို ကိုယ်လွတ်ရုန်းလို့မရဘူး။ ကျုပ်ဒေါသရာတွေကိုကြည့် ...ဒက်ဒီလုပ်လွှတ်လိုက်တာ။ ခြုံကလဲ ကျုပ်ကို လုံးဝရှောင်ပုန်းနေပြီ။ ခင်ဗျားလုပ်ချင်တာလုပ်ပြီးမှ ကျုပ်ကိုခွာလို့မရဘူး။ ကွာမပေးဘူး။ ဒီထက်ဆိုးတဲ့ဝဋ်ကြွေးလည်စင်းခံပေဦး။ ချိုးချိုးကျတဲ့အထိ မနှိပ်စက်နိုင်ရင်ကျုပ်ညှဲ့လို့ပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ခြူနှင့်ကိစ္စကို လုံးဝအတိအလင်းဝန်ခံပြီပေါ့။ ခြူဟာ တကယ်ပဲ သူ့ကတိအတိုင်းမောင့်ကိုရှောင်နေပေးသားပဲ။ ခြူလိုမိန်းမစားလောက်ပင် အလိမ္မာမရှိသော ထိုယောကျ်ားအား သနားလှပါဘိတော့သည်။

"ရှင့်ကိုဆက်ပေါင်းရဖို့အတွက် ဟိုဟိုဒီဒီလိုက်တွေ့နေမယ် ရှင်ထင်သလား။ ရှင့် ခြူဆီကို ရှင့်အမေလွှတ်တာ။ ကျွန်မမသွားရင် ရှင့်အမေသွားမှာမို့ ရှင့်အမေကို ဒီလိုမျက်နှာ သိမ်ငယ်အရှက်ရမဲ့ကိစ္စအတွက် မလွှတ်ချင်လို့ကျွန်မသွားတာ။ ရှင့်အဖေကိုလဲ ကျွန်မက ဘာမှသွားတိုင်နေစရာမလိုဘူး။ ရှင့်အဖေကသာ အိမ်တိုင်ရာရောက်ကျွန်မကိုလာတိုင်တာ။ ရှင့်အဖေနဲ့ရှင့်အမေက မကွဲပါနဲ့တောင်းပန်ထားလို့ ကျွန်မငုံ့ခံနေတာ နားလည်ရဲ့လား။ အခုတော့မရတော့ဘူး။ ရှင့်ကို ကျွန်မဘယ်နည်းနဲ့မှ ဆက်မပေါင်းနိုင်ဘူး ..."

"ဟားဟား ..."

သူက သွေးရူးသွေးတန်းရယ်မောကာ သူ တွန်းလှဲကန်ကြောက်ထားသမျှတွေကို စိတ်နှင့်လူမကပ်သလိုပြန်ထောင်တဲ့မတ်နေရာချနေသည်။

"မရဘူး။ မင်း ငါ့ကိုမုန်းလေ၊ ကွာခွင့်မပေးလေ သိရဲ့လား ...ကွာချင်လေကွာခွင့်မရလေ ..."

"တောက် ..."





အဆေး နီးရာနံရံကိုမှီရပ်ကာ မူးမိုက်လာသည်ကို ထိန်းရသည်။

"တရားရုံးကစကားပြောမယ် ..."

"ပြောပါ ရတယ် ...ပြောချင်တဲ့ဆီကပြော ...ငါ့သမီးကိုလဲ ဘယ်တော့မှငါနဲ့မခွဲဘူးမှတ် ...ငါ့သမီး ငါ့လက်ထဲမှာပဲရှိရမယ် ..."

"ဒီသမီးမျက်နှာကို ရှင်ဘယ်တုံးကထောက်ခဲ့လို့ခုမှလာမက်နေတာလဲ။ သစ္စာဖောက် ကြာကူရီကောင်က သမီးမိန်းကလေးကို အုပ်ထိန်းခွင့်ရမယ်ထင်သလား ..."

"အုပ်ထိန်းခွင့်ရရမှာပေါ့ ...ငါ့သမီးပဲ ..."

"ဟင်းဟင်း ...ဒီမှာ မောင်မောင်ကျော်ရဲ့ ...နင့်မှာ ဘယ်မှာလဲအလုပ်၊ ဘယ်မှာလဲဝင်ငွေ၊ ဘယ်မှာလဲ မယားနဲ့သမီးကိုထောက်ပံ့မှု ..."

"ကျုပ် ကားအရောင်းအဝယ်လုပ်တာ ကားလောကတစ်ခုလုံးသက်သေခံနိုင်တယ်။ ဝင်ငွေဘယ်လောက်ရှိမယ်ဆိုတာ အားလုံးသက်သေခံနိုင်တယ်။ အခုဆရာဝန်ဖြစ်နေပြီ။ ဒါဟာ ခိုင်မာတဲ့ ဂုဏ်ရှိတဲ့အလုပ်။ မင်းလိုကုမ္ပဏီအလုပ်က ကုမ္ပဏီပျက်ရင် ပျက်။ ဘာမှအာမခံချက်ရှိတဲ့အလုပ်မဟုတ်ဘူး။ သမီးကို ဧါ့ရှာကျွေးနိုင်တာကို သက်သေပြနိုင်တယ် ..."

"ဘယ်တုံးကရှာကျွေးခဲ့လို့လဲ။ မိန်းမကိုလဲ ဘယ်တုံး



www.burmeseclassic.com

www.burmeseclassic.com



ကထောက်ပံ့ခဲ့လို့လဲ။ သုံးနှစ်တိတိအထောက်အပံ့လွတ်ရင် ကွာခွင့်တောင်းနိုင်တယ် ...”

“ငါ့ဝင်ငွေကိုပြနိုင်ရင်ပြီးတာပဲအစေးရဲ့။ မထောက်ပံ့ဘူးဆိုတာဟာ မင်းလိမ်ထွက်နေတာပါလို့ငါချေပနိုင်တာပဲ”

“ဟင် ... နင် နင့်ကိုငါ ...”

အစေးသည် မှိုနေသောနံရံမှ စိတ်လိုက်မာန်ပါအရွာတွင် ဒူးမခိုင်ဘဲ ရုတ်တရက်ညွတ်ကျကာ ကြမ်းပေါ်ခွေခနဲပုံကျသွားလေသည်။ မောင်က ကုလားထိုင်တစ်လုံး၌အေးဆေးစွာဝင်ထိုင်လိုက်ရင်း ... စီးကရက်ကိုမီးညှိသည်။

“ငါ့သမီးဟာ ကြီးလာရင် မင်းလို လောဘ၊ ဒေါသ၊ မောဟနဲ့ အလိုဆန္ဒကြီးတဲ့ ငွေဂုဏ်မောက်တဲ့ မိန်းမတစ်ယောက်ဖြစ်မလာရဘူး။ နားလည်ရဲ့လားအစေး ... လောကကြီးမှာ မင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ငါ့သမီးဟာ ငါနဲ့အတူပဲရှိရမယ်။ အေး ...မင်းကိုတော့ အခုကွာမပေးနိုင်သေးဘူး။ မခွဲနိုင်လို့ လို့တော့ အထင်တကြီးမတွက်နဲ့။ ငါ့ဘဝရဲ့အောင်မြင်လာတဲ့အချိန်ကို မင်းစောင့်ကြည့်ရဦးမယ်အစေး။ မင်းအောင်မြင်နေတဲ့အချိန်မှာ အရသာရှိခဲ့သလို ငါလဲ အရသာပြန်ပြီးခံစားရဦးမယ် ... ဒါပါပဲ”

အစေးသည် ရင်ထဲကျင်နေကာ ဆို့နစ်သတိလစ်မတတ်ဖြစ်နေသည်။ ဘာကြောင့် ဤမျှ အညံ့ထားစရာဖြစ်နေ





ရတာလဲ။ သူ့ကိုကျောင်းထားပေးခဲ့တာ၊ သူ့ကိုရာဇဝင်လုပ်ကိုင်ကျွေးမွေးခဲ့တာဟာ နာကျည်းစရာလား။ သူ့ကိုချစ်လွန်းလို့ကိုယ့်ဘက်ကငွေကြေးစိုက်ထုတ်ခဲ့တာဟာ မခံချင်စရာလား။ အစေးရင်ထဲ၌ ဖြူစင်သောမေတ္တာစေတနာထားခဲ့ပါလျက် ဘယ်လိုအရိပ်မဲကြီးက မောင့်ဆင်ခြင်ဉာဏ်ကို အရိပ်ထိုးအုပ်မိုးခဲ့သလဲ။ သူ့မှာဝင်ငွေမရှိစဉ်က ဘာကိုမှမမျှော်ကိုးခဲ့ဘဲ၊ ဝင်ငွေရှိပါလျက် မအပ်မထောက်ပံ့သောအခါကျမှ မျှော်ကိုးမိခဲ့တာဟာလဲ အလွန်တရာငွေမက်ရာကျနေသလား။

ဘယ်လိုဦးနှောက်၊ ဘယ်လိုသဘောထား၊ ဘယ်လိုဆင်ခြင်ဉာဏ်နှင့်များ အစေးအပေါ်တလွဲကြီးမှားယွင်းကောက်ချက်ချထားခဲ့ပါသလဲ။ အိမ်ထောင်ဦးအစကထဲက သူ့သိမ်ငယ်မှုနှင့် သူ့ဟာသူအံ့ပုန်းမကျေနပ်ချက်များရှိနေတာကို အစေးကဘယ်လိုဖြေရှင်းပေးရမှာလဲ။ သူ့အမေ၊ သူ့အစ်မ မကောင်းစဉ်က မကောင်းတဲ့အလျှောက်ဆက်ဆံခဲ့မိခြင်း၌လဲ သူဟာနာလုံးပေါက်နေသည်။

ဖြစ်ပျက်သမျှ အစစအရာရာဟာ သူ့အပေါ် အစေးအရေးမထား၊ ဂရုမစိုက်၊ လူရာမသွင်းခြင်းဟုသာ တစ်ယူသန်စွဲမြဲနာကျည်းနေသည်။ ဟုတ်ကိုမဟုတ်သောအမြင်မှားကြီးကို အစေးက မည်သို့ဖြေရှင်းရမည်နည်း။

ဘယ်လိုနည်းနှင့်မျှ မဖြေနိုင်တော့သော သူ့တစ်ယူသန်အစွဲအနာကြီးနှင့် အစေးရှေ့လျှောက် မည်ကဲ့သို့ခရီးဆက်



www.burmeseclassic.com

www.burmeseclassic.com



ရမည်နည်း။ ဤနာလုံးဆို့လုံးကြီး ခုခံဖုထစ်နေသ၍ ဘယ်လိုမှ အောင်မြင်သာယာတော့မည်မဟုတ်သော ဤအိမ်ထောင်ရေးကြီးကို အဆေးရှေ့ဆက် ဘယ်လိုလက်ခံရင်ဆိုင်ရပါမည်နည်း။

အဆေးသည် ခေါင်းတွေမူးနောက်ကာ ချာချာလည်လာသည်။ ဘာကြောင့်များဤမျှကံဆိုးခဲ့ရပါသနည်း။ ဘယ်ကဘယ်လိုတိမ်းစောင်းကွေ့ကောက်သွားသည်မသိသော ဤလမ်းကြောင်းကြီးကို အဆေး မည်သည့်နည်းနှင့်မှ ပြန်လည်မတည့်မတ်တတ်တော့ပါ။ ကိုယ်ဘာမှမတတ်နိုင်တော့သော အခြေအနေဆိုးကြီးကို ဤအတိုင်းလက်ခံထားလိုက်ရတော့မှာလား။

"မြူကရောင်ပြေးသွားလို့ မင်းအနိုင်ရပြီလို့လဲမထင်နဲ့ အဆေး။ သွေးအေးသွားတဲ့အခါ မြူဟာငါ့ဆီပြန်ရောက်လာမှာပဲ။ ရောက်မလာလဲသူဟာငါ့ဘဝရဲ့အမက်မောဆုံးမဟုတ်ဘူး၊ ငါ့အတွက်အကောင်းဆုံးလဲမဟုတ်ဘူး၊ သာမန်လိုအပ်ချက်တစ်ခုပဲ။ ဒါပေမယ့် ... ဒီသာမန်လိုအပ်ချက် ဟာမင်းထက်တော့ပိုအရေးပါတယ် သဘောပေါက်လား"

အဆေးသည် မျက်ရည်တွေတွေကျကာ ကြမ်းပေါ်မှမထနိုင်ဘဲ သူ့ကို ပင်ပန်းဆင်းရဲစွာငေးကြည့်နေလေသည်။

"လောကမှာ ငါ့ရဲ့ဂုဏ်သိက္ခာကို လိုအပ်တဲ့မိန်းမတွေရှိမှာပါ။ သူတို့ဆီမှာ ငါ့ရဲ့ဂုဏ်သိက္ခာကိုအပ်ရမယ်။ မင်းက ငါ့ရဲ့ဂုဏ်သိက္ခာကိုမလိုအပ်တဲ့မိန်းမ။ မင်းဆီမှာငါဟာ ဂုဏ်ရှိဖို့လဲမလိုဘူး။ သိက္ခာရှိဖို့လဲမလိုဘူး။ ငါ့ကို မင်းပေးထားတဲ့နေရာကနေ မင်းဒါကိုပဲပြန်ရနိုင်တယ်။ နားလည်ရဲ့လားအဆေး မင်းကအောက်ဆုံးတန်းမှာငါ့ကိုနေရာသတ်မှတ်ထားတော့ ငါ့ဆီက အောက်ဆုံးတန်းက သိက္ခာ အကျင့် စာရိတ္တကိုပဲ မင်းရမယ်"

"ကျွန်မကိုဒီလောက်ထိသဘောထားနေရင် ကျွန်မကိုကွာပေးပါမောင်မောင်ကျေးရှယ်။ ရှင့်ကို ကျွန်မတောင်းပန်ပါတယ်။ ရှစ်ခိုးဆိုရင်ခိုးပါ့မယ် ..."

"မလိုပါဘူး ..."

"ရှင် ကျွန်မကို အထင်သိပ်လွဲနေပါတယ်။ ကျွန်မပင်ပန်းလှပါပြီ။ ကျွန်မကိုကွာပေးပါ။ ရှင်ကြိုက်တဲ့သူနဲ့ယူသွားပါတော့ ... ရှင်လိုအပ်တဲ့သူကိုရွေးယူပါတော့"

"ဘာအထင်လွဲနေတာလဲ။ မင်းကတော့ ရက်စက်လှချည်ရဲ့ထင်ကောင်းထင်မယ်။ မင်းလုပ်ခဲ့ပုံအားလုံးကို အသေးစိတ်စဉ်းစားလိုက်ရင် ငါပြောသမျှဟာသက်သာနေပါတယ်။ ငါစိတ်နာခဲ့တာနဲ့နေပါသေးတယ်။ မင်းဟာ ကိုယ့်ယောကျ်ားဆီကတောင်မှ ပိုက်ဆံမရရင် ခုတင်ပေါ်အတူတက်မအိပ်ချင်ခဲ့တဲ့မိန်းမ ..."

အဆေးအာရုံသည် ပြာမိုက်မှုန်ဝါးကာ မိန်းဝိတ်သွားသည်။ ယောကျ်ားဆီကတောင်မှ ပိုက်ဆံမရရင် ခုတင်







www.burmeseclassic.com

www.burmeseclassic.com



ပေါ်အတူတက်မအိပ်ချင်တဲ့မိန်းမ။ ဆိုးလှချည့်လား။ အဝေးအဖြစ်ဆိုးလှချည့်လား။ တစ်ခုတင်ထဲမအိပ်ချင်အောင်စိတ်နာခဲ့သောအဖြစ်ဟာဘာကြောင့်ဆိုတာသူ မသိဘူးလား။ သူ့ကို ရွံလို့၊ သူ့ကိုမထိချင်ဖို့၊ သူ့ကိုမထိချင်လို့၊ သူ့ကိုနှလုံးနာလို့သာ။ စွပ်စွဲထိုးနှက်မှုက ပြင်းထန်ရက်စက်လှပါဘိတော့သည်။ သူပြောသလိုသာဖြင့်လျှင် အဝေးဆိုတဲ့မိန်းမဟာ ရွံဖို့ကောင်းလောက်အောင်ငွေမှငွေဖြစ်နေတဲ့မိန်းမ။ ပိုက်ဆံမရလျှင် အိုရက်စက်လွန်းလှပါတယ်မောင်ရယ်။ မောင်သိပ်ရက်စက်လွန်းပါတယ်။

✧ ¤ ✧

အဝေးသည် စိတ်၏ပင်ပန်းဆင်းရဲသော ဒါဏ်ကို မခံရပ်နိုင်သည့်အဆုံး အင်မတန်လောဘသံယောဇဉ်ကြီးလှသောအလုပ်မှ ခွင့်ရက်ရှည်ယူကာ အိမ်ပေါ်မှဆင်းလာခဲ့သည်။ သမီးကလေးကိုလဲမခေါ်နိုင်။ အိမ်ပေါ်မှအိတ်ဆွဲဆင်းလာသည်အထိ ဘယ်သွားရမည်မသိသေး။

"မရီ ... သမီးလေးကိုဂရုစိုက်ပါ ..."

"မအဝေးရယ် ... မလုပ်ပါနဲ့မအဝေးရယ်၊ မသွားပါနဲ့ ကျွန်မတို့ကို ... သနားပါအုံး၊ အစ်မကြောင့်နေနေတာပါ"





မရီသည် ရှိုက်ကာငိုကာတားသည်။

"သမီးလေးမပါတဲ့အတွက် ကျွန်မပြန်လာရမှာပါမရီရယ် ...၊ တစ်နေ့နေ့ပြန်ရောက်လာမှာပါ။ သမီးလေးကိုသာဂရုစိုက်ပါ ..."

"မသွားပါနဲ့မအဝေးရယ် ... သမီးလေးကိုသနားပါအုံး"

"သမီးလေးကို သနားတဲ့အတွက် ကျွန်မပြန်ကိုပြန်လာမှာပါ မရီရယ် ..."

မောင်မရှိခိုက် အိတ်တစ်လုံးဆွဲကာ အိမ်မှဆင်းလာသောအဝေးသည် မနက်ကထဲကထွက်လာသော်လဲ ညနေစောင်းသည်ထိ ဘယ်သွားရမလဲမဆုံးဖြတ်နိုင်သေးပေ။ မြို့ထဲတပိုက်၌သာ အိတ်တစ်လုံးနှင့်တလည်လည်ဖြစ်နေသည်။ အမေ့ဆီလဲမသွားချင်။ အန်တီစန်းနှင့်အခြားအမျိုးများထံလဲမသွားချင်။ အဝေးကိုနားချဖျောင်းဖျကာ မရမကပြန်ပို့ကြမည်ကိုကြောက်လှသည်။

ဤနည်းအားဖြင့်ရှန်းမထွက်နိုင်သည်ကို အဝေးသိပါသည်။ တစ်နေ့၌ ဝဋ်နွံထဲသို့ တစ်ပတ်လည်ကာ ပြန်င်ရဦးမည်ကိုလဲသိပါသည်။ သို့သော် ခဏတဖြုတ်ကလေးင်ဖြစ်စေ လွတ်ကင်းပါရစေတော့။ ဤခဏတဖြုတ်ကလေးတွင်း၌စိတ်အေးချမ်းသာရှိချင်သည်။ ဤခဏတဖြုတ်လေးတွင်း၌ပင် အိမ်ကိုပြန်ပို့မည့်သူတို့ထံ မသွားလိုပါ။

ဗိုလ်ချုပ်ဈေးရှေ့၌လျှောက်နေမိစဉ် ကျောင်းတုန်း



www.burmeseclassic.com

www.burmeseclassic.com



က သူငယ်ချင်းမတစ်ယောက်နှင့်အမှတ်မထင်ဆုံစည်းလိုက်မိလေသည်။ ကျောင်းတုန်းကသူငယ်ချင်းများများစားစားမရှိခဲ့သောအဝေးတွင် သူငယ်ချင်းနှစ်ယောက်သည် တစ်မြို့စီခြားကာနေသဖြင့် အဆက်အဆံပြတ်နေခဲ့ကြရာမှ တစ်ယောက်သောသူငယ်ချင်းကို ရုတ်တရက်ဆုံရလျှင် အားကိုးဝမ်းသာသွားလေသည်။

"ဟယ် ...အဝေးရယ် ...ပိန်လိုက်တာ ...ခုဘယ်ရောက်နေလဲ ... ဘာလုပ်နေလဲ ... အိမ်ထောင်ကျပြီဆို ..."
"စိမ်း ...စိမ်း၊ စိမ်းအခုဘယ်မှာနေလဲဟင် ..."
"စိမ်းကအခု ကလောမှာလေ၊ ယောကျ်ားကဆရာဝန်ကလောမှာတာဝန်ကျနေတဲ့သူမို့ ... သူ့ဆီလိုက်နေတာပေါ့ ... အဝေးယောကျ်ားလဲဆရာဝန်ဆို ... နွယ်နွယ်ပြောတယ်"
"အခုမှဖြစ်ကာစပါ ..."
"အဝေးဘယ်လဲ ...၊ အိတ်ကြီးတစ်လုံးနဲ့ လူကလဲအားမရှိသလိုဘဲ ဖြူဖျော့ဖျော့နဲ့ ..."
"အဝေးနေမကောင်းလို့စိမ်းရယ် ..."
"ဘာဖြစ်နေတာလဲ ..."
"အစုံပါပဲ နောက်မှပြောပြမယ်၊ အခု အဝေးခိုးထွက်





မလို့အိမ်ကထွက်လာတာ ... တစ်နေရာမှာနားနားနေနေချင်လို့ ...ဘယ်သွားရမှန်း စဉ်းစားမရသေးလို့ ..."
"အရူးကျနေတာပဲ အဝေးရယ်၊ စဉ်းစားပြီးမှ အိတ်လေးဘာလေးပြင်ရောပေါ့၊ မင်းကတော့လေ ရယ်ရတယ်"
"ဒီမှာစိမ်း ... စိမ်းဆီ ... အဝေးလိုက်လည်လို့ရမလား"
"အို ...ဘာလို့မရရမလဲ၊ ရတာပေါ့၊ ဟိုမှာ မိတ်ဆွေသူငယ်ချင်းမရှိဘဲ တစ်ယောက်ထဲပျင်းနေတာအတော်ပဲပေါ့၊ ဒါပေမယ့် ... စိမ်းတို့က နက်ဖြန်မနက်ပြန်မှာနော်"
"ဘာဖြစ်လဲ၊ ကောင်းတယ် ...လိုက်မယ် ..."
"အဝေး ...မင်းပုံစံကပုံမှန်မဟုတ်ပါလား၊ ယောကျ်ားရော၊ ယောကျ်ားကလိုက်မပို့ဘူးလား ..."
"သူ ...သူ ...ခရီးသွားနေတယ် ..."
ပါးစပ်ထဲတွေ့သလိုကောက်လိမ်လိုက်ပြီး စိတ်ပေါ့သွားကာ စိမ်းလက်ကိုဝမ်းသာအားရဖက်တွယ်ထားလေသည်။

"အဝေး နေကောင်းရဲ့လား၊ လက်တွေအေးပြီးတုန်တုန်ရီရီနဲ့ကွယ် ..."
"နေမကောင်းဘူး၊ အဝေးအရမ်းကိုနေမကောင်းဘူး စိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရယ် ...”

“ဘယ်လိုတုန်းဟယ် ...၊ ကဲ ...ကဲ ...လာ ... ကားပေါ်လာထိုင်အုံး ...”

ဒရိုင်ဘာမောင်းလာသောကားတစ်စီးပေါ် စိမ်းက ဆွဲတင်လိုက်သဖြင့် အဝေးကားပေါ်ရောက်သွားသည်။ စိမ်းက သံသယမကင်းအကဲခတ်နေသည်။

“အဝေးကို ဒီလိုမကြည့်ပါနဲ့စိမ်းရယ်၊ အဝေးတကယ် နေမကောင်းတာပါ၊ ဒါကြောင့် ခရီးထွက်ချင်နေတာ”

“နေမကောင်းရက်ကြီးနဲ့ဘယ်သွားမယ်မဆုံးဖြတ်ရသေးဘဲ အိမ်ကနေအထုပ်အပိုးပြင်ပြီး ထွက်လာပုံက တစ်ခုခု မှားနေသလိုပဲ ...၊ ဘာပဲဖြစ်ဖြစ် စိမ်းနဲ့လိုက်မယ်ဆို ရင် စိမ်းကပျော်တာပဲ၊ စိမ်းက အခုမေမေတို့အိမ်မှာ ညအိပ်မှာ၊ မနက်ကျမှထွက်မယ်၊ အဝေးကကော ...”

“အဝေးလဲ စိမ်းနဲ့ပဲညလိုက်အိပ်မယ် ...”

“ကဲ ...ဒါဖြင့်ပြီးရော၊ ဦးလေးရေအိမ်ကိုပဲမောင်းတော့”

အဝေးသည် ကားဘီးလိမ့်ကာစထွက်လိုက်သည်နှင့် အိမ်နှင့်ပိုဝေးသွားသလိုခံစားရကာ အသဲထဲနင့်ခနဲဖြစ်အောင် သမီးကလေးကိုလွမ်းလှတော့သည်။ သမီးလေး ...။ အဝေးရဲ့ ဘဝမှာခုချိန်မှာအရေးအပါဆုံး ကရုဏာအပိုဆုံး မေတ္တာအရှိ ဆုံးလူသားလေး။ သမီးလေးရေ ...။ အဝေးသည် အံတ ကြိတ်ကြိတ်နှင့်မငိုမိအောင် တင်းကာတင်းကာပင် ကလောအ





ထိ ရောက်သွားခဲ့ရပါသည်။

✧ ¤ ✧

ကလောမြို့ကလေးမှာ စိတ်အေးချမ်းသာသောကာ ကင်းကင်းနေခွင့်ရသော်လဲ အဝေးသည် အချိန်ပြည့်သမီးလေး ကိုသာ သတိရကာ မအိပ်နိုင်မစားနိုင်ဖြစ်နေသည်။ တစ်ယောက် ထဲကြိတ်ကာ ရှိုက်လို့ငိုလို့မပြီးနိုင်အောင်ဖြစ်နေသောအဝေးကို နှစ်ရက်သုံးရက်အတွင်း စိမ်းကရိပ်မိလာလေသည်။

“မင်းဟာက ဘယ်လိုဖြစ်နေတာလဲအဝေးရယ်၊ နေမ ကောင်းလို့ခရီးထွက်ရုံတော့ ဟုတ်ကိုမဟုတ်တော့ဘူး ယောကျ်ားနဲ့ပြဿနာဖြစ်လာတာမဟုတ်လား ...”

သူကရိပ်မိမှတော့ အဝေးဖုံးကွယ်မနေတော့ဘဲ ပွင့်ပွင့်လင်းလင်းရှိုက်ကြီးတငင်ငိုလေသည်။

“သမီးလေးကိုအဝေးသို့ပ်လွမ်းတာပဲ စိမ်းရယ် ...”

“ဘုရားရေ ...သမီးလေးကို ဘယ်သူနဲ့မင်းထားရစ်ခဲ့ သလဲ ...”

“အိမ်ကအလုပ်သမားကအမျိုးလိုကောင်းပါတယ်၊ သူ့ ကိုပဲအဝေးအပ်ခဲ့တယ် ...”

“ဘုရား ...ဘုရား ...အဝေးရယ်၊ မဖြစ်သေးပါဘူး ဘယ်လောက်ပဲအမျိုးလိုဖြစ်နေနေ ...အခါလည်သမီး



www.burmeseclassic.com

www.burmeseclassic.com



လေးကိုကွယ် ... မင်းမို့ထားခဲ့တယ် ...”

“သူ့အဖေလဲရှိတာပဲဟာ ...၊ အဝေးရဲ့အဖြစ်အပျက်အားလုံးကို မင်းသိရင် ဒီအချိန်ထိသည်းခံနေနေတာကိုတောင် အံ့သြပြီး ဘာလို့စောစောအိမ်ကထွက်မလာလဲလို့တောင် အပြစ်တင်မှာပါစိမ်းရယ်၊ အိမ်မှာဘယ်လိုမှဆက်မနေနိုင်လို့ ထွက်လာရတာပါ။ ဒါပေမယ့် တစ်နေ့နေ့အဝေးပြန်ရမယ်ဆိုတာလဲ အဝေးသိပါတယ် စိမ်းရယ် ...”

စိမ်းသည် အဝေးကို ကရုဏာသက်စွာငေးကြည့်နေကာ အဝေးပြောသမျှသာနားထောင်နေ၍ စပ်စပ်စုစုမမေးရှာပေ။ သူသိရလျှင် ဒီထက်စိတ်ညစ်ရလိမ့်ရုံပဲဆိုတာနားလည်နေပုံရသောစိမ်းကို အဝေးကလဲခရေစေ့တွင်းကျမပြောလိုပါ။ ပြောပြလို့နားထောင်ကောင်းသော ပုံပြင်ဇာတ်လမ်းမျိုးလဲမဟုတ်ပါတကား။

“အဝေးရေ ...ဒီမှာ မင်းအတွက်ကြော်ငြာတွေပါလာပြီ ...”

တစ်ရက်မှာ စိမ်းက သတင်းစာတစ်စောင်ကိုင်လာကာအဝေးကို စိတ်မကောင်းလှပုံနှင့်လာပေးသည်။ အဝေးစိမ်းဆီမှာ ကိုးရက်တိတိရှိခဲ့ပြီမို့ သက်သာတန်တာသက်သာသလို ပိုဆိုးတန်တာလဲပိုဆိုးလာသည်။ သက်သာသည်မှာ မောင့်အပေါ်နာကျည်းခါးသီးစွာပူလောင်နေသမျှတို့အတိုင်းအတာတစ်ခုထိ မေ့လျော့သက်သာရာရလာတာဖြစ်ပြီး ပိုဆိုးလာသည်မှာ သမီး





လေးကို နစ်နစ်မောမောလွမ်းလှခြင်းပင်။

အဝေးသည် သတင်းစာထဲမှာ တစ်နေ့ထဲပါလာသောသတင်းနှစ်ပုဒ်ကိုဖတ်ရ၏။

“အမြန်ပြန်လာပါ”

သမီးလေးအဝေး ...။ မေမေစိတ်ပူနေသည်။ ရောက်ရာအရပ်က အကြောင်းကြားပါ။ သတင်းပေးနိုင်သူအားကျေးဇူးဆပ်ပါမည်။

မေမေ ...။

အမေဘယ်လောက်စိတ်ပူနေမည်ဆိုတာအဝေးမှန်းဆနိုင်ပေသည်။ အမေ့အိမ်မှာ မောင်သွားရှာတာသာဖြစ်မည်။ နို့မို့ဖြင့်အမေသိဖို့မလွယ်။ မရီကိုလဲအမေ့ကိုကြောင်းမကြားဖို့ အမေစိတ်ဆင်းရဲမည့်သတင်းကိုမပေးဖို့အနူးအညွတ်ပိတ်ပင်ခဲ့ပါသည်။ နောက်သတင်းတစ်ခုမှာ ...

“လက်ခံထားသူအားအရေးယူမည်”

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်ဝေးဝေး (မှတ်ပုံတင်အမှတ် / ---)သည် ကျွန်တော်မရှိခိုက်တစ်နှစ်အရွယ်သမီးလေးကိုထားရစ်ပြီး လက်ဝတ်လက်စားများယူ၍ အိမ်မှထွက်သွားပါသည်။ သွေးဆောင်ဖျားယောင်းလက်



www.burmeseclassic.com

www.burmeseclassic.com



ခံထားသူများအားတရားဥပဒေအရပြင်းထန်ထိရောက်စွာ အရေးယူမည်။

ပုံ

မောင်မောင်ကျေး ...။

ထိုကြော်ငြာကိုဖတ်ပြီးလျှင်တော့ အဆေးသည် နာကျည်းခြောက်ကပ်စွာမျက်ရည်စို၍ရယ်မောလိုက်မိပါသည်။ ကျွန်တော်မရှိခိုက် လက်ဝတ်လက်စားများယူ၍တဲ့ ရယ်ပဲရယ်ရပါသေးတော့။ လက်ဝတ်လက်စားတွေယူသွားတော့ဘာဖြစ်တုန်း။ လွှင့်ပစ်တော့ရောဘာဖြစ်တုန်း။ သူ့ပိုက်ဆံတစ်ပြားဖိုးပါဝင်လို့လား။ ကိုယ်ပိုင်နှင့်အမေကဆင်ထားသောပစ္စည်းတွေ အဆေးယူသွားတာကို သူက ဘာကြောင့်တခုတ်တရထည့်ရေးရတာလဲ။ ရယ်စရာကောင်းလှပေသည်။

ဖတ်မိသူများအတွက် အဆေးသည် မိန်းမဆိုးကြီးတစ်ယောက်ဖြစ်စေရမည်။ သူစာရေးပုံသည် ဒေါသသင့်နေသော်လဲ ဖတ်မိသူများက ဒေါသဖြစ်သူကိုခွင့်လွှတ်ကြပေမည်။ လက်ဝတ်လက်စားတွေကျတော့ ယူသွားပြီး တစ်နှစ်သမီးလေးကိုကျတော့ အိမ်မှာထားရစ်ခဲ့တဲ့မိန်းမ။ ဘယ်လိုမအေမျိုးလဲဆိုပြီး အတော်ကြီးအမြင်ကတ်ကြပေမည်။

လက်ဝတ်လက်စားကိစ္စကိုထဲ့ရေးတာဟာ သူ့ရဲ့အရှက်မရှိကောက်ကျစ်ယုတ်မာမှုသက်သက်ပင်။ သူနှင့်လားလားမျှမဆိုင်သော ဤပစ္စည်းများကိစ္စ သူဘာကြောင့်ထဲ့ရေးဖို့လိုသလဲ။ ဖတ်မိသူအတွက် သူကပဲလုပ်ပေးပြီးဆင်ထားသလိုလို။ တော်တော်ကိုယုတ်တဲ့၊ အရှက်မရှိတဲ့ယောကျ်ားတစ်ယောက်ပင်။

"အဆေးရယ် ...။ စိမ်း အဆေးကိုခင်ပါတယ်။ သနားလဲသနားတယ်။ ဒါပေမယ့် မင်းပြန်သင့်တယ်ထင်တယ် ဒီတိုင်းဆို ပတ်ဝန်းကျင်မှာ မင်းကို မိန်းမဆိုးကြီးတစ်ယောက်လို မေးငေါ့ရှုံ့ချအတင်းပြောနေကြရှေ့မယ် ...။ ပြဿနာကိုမျက်ချင်းဆိုင်ဖြေရှင်းပြီး ဆွေးနွေးတာကောင်းပါတယ် ...လုံးဝမပေါင်းနိုင်ကြတော့ရင်လဲ ကွာရှင်းသင့် ကွာရှင်းကြရမှာပေါ့။ ဒီလိုရှောင်ပြေးနေလို့ကတော့ မပြေလည်နိုင်ဘူးကွယ်။ ရှောင်ပြေးတာဟာ ဒီပြဿနာရဲ့ထွက်ပေါက်လဲမဟုတ်ဘူး ..."

"အဆေးနားလည်ပါတယ်စိမ်းရယ်။ လက်ခံထားသူကိုတောင် သူကအရေးယူဦးမယ်ဆိုတော့ စိမ်းတို့ကို ဒုက္ခမပေးချင်ပါဘူး။ ဒါပေမယ့် နှစ်ရက်၊ သုံးရက်နေပါရစေဦးနော် ...။ အဆေး အခု တကယ့်ကိုနေမကောင်းလို့ပါ ..."

အဆေးသည် တကယ်ပဲ ထလိုက်လျှင် မိုက်ခနဲပြာဝေယိုင်လဲသွားကာ ဖြည်းဖြည်းကလေးလှုပ်ရှားနေရပါသည်။ အိပ်ခန်းမှထမင်းစားခန်းသို့ ကူးရတာပင်လျှင် တလှုပ်လှုပ်နေအောင် မောဟိုက်မူးမိုက်နေသည်။





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ဟင် အဝေး ..."

"အဝေး လှုပ်လိုက်တာနဲ့ မူးမူးနေပြီး ရင်ထဲကတအား မောမောနေတယ်စိမ်းရယ် ..."

ထိုညနေ၌ စိမ်းရဲခင်ပွန်းသည်ဆရာဝန်က အဝေးကိုစမ်းသပ်ပါသည်။ အဝေးသည် မောင် အဝေးကို တစ်ကြိမ်မှသွေးမစမ်းဘူး။ သွေးပေါင်မချိန်ဘူး။ ဆေးညွှန်းကာ မတိုက်ဘူးတာကို အံ့သြစွာစိတ်နာနာနှင့် တွေးနေမိလေသည်။

"အဝေး ပရက်ရှာက အရမ်းကိုကျနေတာပဲ။ နှလုံးခုန်သံလဲသိပ်မကြိုက်ဘူး။ လောလောဆယ် ပရက်ရှာပြန်ရလာအောင် ကျွန်တော်ပုလင်းချိတ်ပေးမယ်။ နှလုံးခုန်သံအတွက်တော့ ရန်ကုန်ကျမှပဲ အေးအေးဆေးဆေးအီးစီဂျီရိုက်တော့ ..."

စိမ်းရဲ့ခင်ပွန်းက ဆားရည်နှင့်အားဆေး ဒရစ်ပ်ထဲ ထဲ့ပေးပါသည်။

"အဝေးသတင်းလဲ စိမ်းပြောလို့သိရပါတယ်။ ဒါပေမယ့် အဝေးပြောသလိုမဲ့ နှစ်ရက်၊ သုံးရက်တော့နေဦးမှ၊ ဒီလောက်ကျနေတဲ့ပရက်ရှာနဲ့တော့ ခရီးဝေးမပြန်ပါနဲ့အုံး"

စိမ်းရော သူ့ခင်ပွန်းပါ အဝေးအတွက် စိတ်မကောင်းဖြစ်နေကြသည်။ အဝေးသည် ရပ်ဝေးမြေခြားတွင် တစ်ကိုယ်ထဲအားပျက်ကာ နေမကောင်းဖြစ်နေရခြင်း၌ ဝမ်းနည်းအားငယ်လှသည်။ အဝေးပြန်မည့်ရက်ကို အတိတကျမသတ်





မှတ်ရသေး။ နေ့တိုင်းဆက်ကာ ဒရစ်ပ်သွင်းနေရသည်။

သုံးရက်မြောက်နေ့၌ သတင်းစာတွင် သတင်းတစ်ပုဒ်ထပ်၍ပါလာပြန်သည်။

"တရားဝင်ခင်ပွန်းဖြစ်ကြောင်း"

ကျွန်တော် မောင်မောင်ကျော(မှတ်ပုံတင်အမှတ်/--) နှင့် ဒေါ်ဝေးဝေး(မှတ်ပုံတင်အမှတ်/--)တို့သည် ၁၉၉၃ ခုနှစ်ဇန်နဝါရီလအတွင်း နှစ်ဖက်မိဘများနှင့်နှစ်ဦးသဘောတူတရားဝင်လက်မှတ်ရေးထိုးလက်ထပ်ခဲ့ကြသည် ဖြစ်၍ ကျွန်တော်မောင်မောင်ကျောသည် ဒေါ်ဝေးဝေး၏ တရားဝင်ခင်ပွန်းသည်ဖြစ်ပါကြောင်း။

ပုံ-မောင်မောင်ကျော ...။

အဝေးသည် ကြော်ငြာကိုဖတ်ကာ တစ်ကိုယ်လုံးအေးစက်လာသည်။ သူ ရက်ရက်စက်စက် သက်သက်မဲ့အရှက်ခွဲပစ်လိုက်တာ။ ဘယ်သဘောနှင့်ကြေညာသည်ဆိုတာ အသိသာကြီးဖြစ်သော ထိုသို့ကြော်ငြာမျိုးကိုသူမို့ထဲ့ရက်သည်။ ထိုသို့ကြော်ငြာစရာ ဘာအကြောင်းမှမရှိပါဘဲလျက် တမင်တကာအရှက်ကွဲအောင် ကြော်ငြာတာ။ အဝေးသည် မယုံနိုင်လောက်အောင် ထိုသူ့ရဲ့ညှိုးတကြီးယုတ်မာမှုကိုအံ့သြရသည်။ သူ ကွာမပေးဘူး ...ပါလျက် အိမ်မှဇွတ်ထွက်သွားသောအဝေးကို



www.burmeseclassic.com

www.burmeseclassic.com



မှတ်လောက်သားလောက်လုပ်ပြလိုက်တာ။

ထိုကြော်ငြာကြောင့် စိမ်းမျက်နှာမကောင်းလှ။

"အဝေးတို့ပြဿနာက အဲ့ဒါလား ...ဟုတ်လား"

သူ့ဝါကျကမပြည့်စုံသော်လဲ အဓိပ္ပါယ်ကရှင်းနေသည်။ မင်းတို့ ပြဿနာက မင်းနှောက်မီးလင်းတဲ့ကိစ္စလား။ ဤသို့ရည်ရွယ်မေးချလိုက်တာဖြစ်သည်။ ဘာမှသိမထားသော စိမ်းအဖို့ သံသယဝင်ချင်စရာပဲဖြစ်သည်။

"အဝေးရှင်းမပြချင်တော့ပါဘူးစိမ်းရယ်။ အဝေးတစ်ခွန်းပဲပြောမယ်။ ဒင်း သိပ်ယုတ်မာရက်စက်တယ်။ ဒါပါပဲ ...။ အဝေးပြန်ပါတော့မယ် ..."

စိမ်းသည် ကောင်း၏ဆိုး၏မပြော။ အဝေးကိုယုံဖို့လဲခက်၊ သနားလဲသနား၊ အရှုပ်အယှက်ထဲလဲမပါချင်ဆိုသောပုံစံမျိုးနှင့်အပြန်ခရီးကိစ္စကိုတော့ အဝေးအတွက်ကူညီကာကြင်ကြင်နာနာလိုက်လုပ်ပေးရှာပါသည်။

"အဝေးရယ် ...ကိုယ့်ဆီစာရေးပါလား ...အဝေးအတွက် စိတ်တထင့်ထင့်ကျန်ခဲ့ရမှာပါ။ စိမ်းတို့ဆီကိုပြဿနာတွေပြေလည်ရှင်းလင်းသွားတဲ့အခါကျ လာလည်ပါဦးနော် ...ကျန်းမာရေးလဲဂရုစိုက်နော်။ အိုးစီဂျီရိုက်ဖြစ်အောင်ရိုက်။ ကိုယ့်ကျန်းမာရေးကိုယ်မွေးနော် စိတ်ကိုဒုန်းဒုန်းချပြီး ပစ်မထားနဲ့ ..."

စိတ်မချနိုင်အောင် တဖွဖွမှာနေရှာပါသေးသည်။





"အဝေးစာရေးလိုက်ပါ့မယ် စိမ်း။ တစ်နေ့နေ့တော့ အဝေးရဲ့အဖြစ်တွေကို စိမ်းတစ်ယောက်ထဲမကဘူး ...တစ်လောကလုံးသိအောင် အဝေးကြေညာရဦးမယ်။ စိတ်ပြတ်သတ်အောင်၊ လူ့တကာအထင်သေးသွားအောင် လုပ်ရက်ခဲ့တဲ့ သူနဲ့ အဝေးရဲ့အကြောင်းကို တစ်တိုင်းပြည်လုံးသိအောင်ကို တစ်နည်းနည်းနဲ့ကြေညာရဦးမယ် စာရေးဆရာတစ်ယောက်ဆီ ဝတ္ထုဇာတ်လမ်းအဖြစ်ပို့ပြီးတော့ပဲဖြစ်ဖြစ်ပေါ့ ..."

အဝေးက နာကျင်ပြုံးနှင့်ယဲ့ယဲ့ကလေးပြောခဲ့မိပါသည်။

✧ ¤ ✧



www.burmeseclassic.com

www.burmeseclassic.com

# ၁၂

အိမ့်တံခါးကိုခေါက်လိုက်လျှင် အိမ်ထဲမှကလေး ငိုသံချော့မြူသံတို့အနက် လူကြီးသံများတိတ်သွားကာ ကလေး ငိုသံကလေးသာ ဆက်ပြီးထွက်လျက်ရှိသည်။ အမလေး ... ငိုနေရှာလိုက်တာသမီးလေးရယ်။

အဆေးသည် ရုတ်ခြည်းမျက်ရည်လည်လာသည်။ တံခါးဖွင့်သူမှာအမေဖြစ်နေရာ အဆေးသည် အံ့အားသင့်သွားမိ၏။ သို့သော် ကြာကြာလဲအံ့အားသင့်မနေနိုင်။ အဆေးမရှိတုန်း အမေလာရောက်စောင့်ရှောက်နေတာပဲဖြစ်မည်။ အမေသော့ဖွင့်နေစဉ် ...

"သမီးလေး ... သမီးလေး ..."

အဆေးသည် တဖွဖွရွတ်နေမိကာ မရိချီလျှောက်လာနေသော သမီးကလေးဆီသို့ မျက်လုံးကိုစိုက်ကာထားသည်။





အဆေးမျက်ဝန်းမှမျက်ရည်များ လိမ့်ကာစီးကာကျလာနေလျက် ရင်ထဲ၌ ကိုယ့်ကိုကိုယ်ချွင့်မလွှတ်နိုင်အောင်ဖြစ်နေသည်။ သမီးကလေးငိုနေရရှာပြီ။ သမီးလေးရယ်။

အဝါနုမျက်နှာသုတ်ပဝါသားလို ဆွယ်တာနှင့် ဘောင်းဘီရှည်ဝမ်းဆက်ကလေးဝတ်ဆင်ကာ ခြေအိတ်ပါစွပ်ထားသောသမီးလေးကို ရုတ်တရက်၌ ဂရုမပြုမိသေးဘဲတံခါးအပွင့် မရီရင်ခွင်ထဲမှလှမ်းအယူ အဆေးလက်ထဲရင်ထဲရောက်မှ ခြစ်ခြစ်တောက်ပူနေသော သမီးလေးအသားအရေကို ဂရုပြုလိုက်မိလေသည်။

"အမေ ... သမီးလေးဖျားနေတာလား ..."

"အင်း ... နှစ်ရက်ရှိပြီ .."

"ဘာဖြစ်တာလဲ ... ဟင်"

"မနေ့ညနေကထဲက ဆေးခန်းသွားပြတော့ အအေးပတ်တာလို့ပဲပြောတာပဲ ... ခုနကအဖျားတက်လာတယ်။ အဖျားတိုင်းကြည့်ထားတာ တစ်ရာ့သုံးတောင်ရှိတယ်။ သမီးပြန်ရောက်လာတာတော်ပါသေးရဲ့ သမီးရယ်၊ အမေရယ်၊ မရီရယ် ပူရတာဒေါင်းကိုတောက်နေတာပဲ ဆရာဝန်တော့ပြပါရဲ့။ ကိုယ်ကအကြောင်းမသိတစ်ခုခု မှားယွင်းမှာစိုးလို့ အမေဖြစ်ဖြစ် အမေဖြစ်ဖြစ်ရှိစေချင်တာ"

အဆေးမျက်နှာတင်းသွားရသည်။

"သူ့အဖေက ဘယ်သွားနေလဲ ..."

www.burmeseclassic.com



"ဘယ်သွားလဲ ကျွန်မလဲမသိဘူးမအေးရယ် ...သူ ပြန်မလာလို့ သူ့အမေဆီဖုန်းဆက်မေးတော့ မလာဘူး တဲ့။ မနေ့က သူတို့လဲလာကြည့်ပါတယ်။ ကိုမောင်မောင် ကျေးက ဖုန်းနံပါတ်တော့ပေးသွားပါတယ်။ မအေးပြန် လာပြီဆိုမှ သူ့ဆီဆက်ပါတဲ့။ အဲဒီကျမှ သူလဲပြန်လာ မယ်တဲ့ ..."

အကြောမခံ၊ အတင်မခံတဲ့သဘော။ အအေးထွက် သွားသဖြင့် အားကျမခံ သူပါထွက်သွားချလိုက်သည်။

"ကျွန်မသွားကထဲကလား ..."

"မအေးသွားပြီးနှစ်ရက်နေတော့သွားတာပဲ ...ကျွန်မ လဲငိုပြီးတားတာပဲ။ သမီးလေးနဲ့ကျွန်မ ဘယ်လိုနေရမလဲ မအေးရယ်။ သူထွက်သွားတော့ မမမြကိုဖုန်းဆက်အ ကျိုးအကြောင်းပြောရတယ်။ မမမြ ဒီမှာလာနေတာ ဆယ်ရက်ကျော်ပြီ ..."

သမီးလေးကိုချီလွှာက်နေရင်း အအေးလည်ချောင်း တွေပူကာဆို့နေသည်။ သမီးလေးသည် အမေ့ကိုယ်နံ့ကြောင့် ကျေနပ်သွားလားမသိ။ အငိုတိတ်ကာ ပခုံးပေါ်မေးတင်မှေးငိုက် နေသည်။

"သမီးနေမကောင်းတော့ မရီ သူ့ဆီမဆက်ဘူးလား"

"ဆက် ...ဆက်တယ် မအေး ..."

"ဘာတဲ့လဲ ..."





"ဘာဖြစ်တာလဲတော့မေးပါတယ် ...ကျွန်မကပြောပြ တော့ မဂိုလမ်းက ကလေးအထူးကု ဦး --- ဆီ သွားခိုင်းတယ် ...မသက်သာရင် သမီးအသည်းအသန် ဖြစ်တယ်ဆိုပြီး သတင်းစာထဲထဲ့လိုက်တဲ့ ...၊ မအေး ပြန်ရောက်မှ သူပြန်လာမယ်တဲ့ ..."

"တောက် ..."

အအေးတောက်တစ်ချက်ခေါက်ကာ အံကိုကြိတ်ထား လိုက်သည်။

သေသွားရင်ကော၊ တစ်စုံတစ်ခုဖြစ်သွားရင်ကော ရင်ခေါင်းထဲမှာ အကျယ်ကြီးအော်ဟစ်ကာမေးမိသည်။ ဖအေ တစ်ယောက်လုံးဆရာဝန်ဖြစ်ပါလျက် သမီးအဖျားကြီးနေတာကို တစ်ချက်လာရောက်မစမ်းသပ်ဘဲ မာနချင်းပြိုင်ဆိုင်ကာ သူ မလာကိုယ်မလာစတမ်းရယ်လို့ နေရက်သော နှလုံးသားကို အံ့ ဩမိပါရဲ့။ နေမကောင်းဖြစ်မှန်းသိသိနှင့် မသက်သာရင် သတင်း စာထဲ သမီးအသည်းအသန်ဖြစ်တယ်ရယ်လို့ ထဲ့ကြော်ငြာခိုင်း ပြီး လုံးဝလာမကြည့်ဘဲ နေရက်မှုကိုဩချမိပါရဲ့။

"မရီ ...အကျီပါးပါး ချည်ထည်ရှန်သားထည်ထဲက ယူပေးပါ ..."

"ဟုတ်ကဲ့ ...ဟုတ်ကဲ့ ..."

သမီးလေး ကိုယ်ပေါ်က ထူပိုက်ပိတ်အထပ်တွေ ကို အအေးလဲလှယ်ပေးနေတာကို အမေက စိတ်မကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ငိုင်ကြည့်နေရင်း ...

"ပါးပါးဝတ်ထားရင် လေသလပ်ပြီး အအေးများထပ်မိမလားလို့ ... အမေက နားမလည်ဘူးသမီးရယ်"

"အမေမသိတာ အပြစ်မဟုတ်ပါဘူးအမေရယ် ... အမေလာနေတာကို ကျေးဇူးတင်ပါတယ်။ သူ့အဖေကို လူ့အမှတ်နဲ့အဝေးသမီးကိုထားရစ်ခဲ့တာပါ။ လူမှတ်လို့"

"အမေစိတ်ဆင်းရဲလိုက်တာသမီးရယ် ...။ ဘယ်လိုဖြစ်ကြရတာလဲ ..."

အမေ့အသံမှာ ကြေကွဲစွာတုန်လာသည်။

"မရှိမပြောဘူးလား အမေ ..."

"ပြောတော့လဲပြောပါတယ် ..."

"မရှိပြောတော့ သူနောက်မီးလင်းတာပဲအမေသိရမှာပေါ့ နောက်မီးလင်းလို့ မကျေနပ်လို့ အဝေးကထွက်သွားတယ်အမေထင်မှာပေါ့ ...ကိုယ့်အပေါ် ကြင်နာညှာတာတဲ့ယောကျ်ားတစ်ယောက်ဆိုရင် လူပီပီ တစ်သက်တစ်ခါမှားယွင်းမိလို့ ဖောက်ပြန်မိသွားတယ်ဆိုရင် အဝေးမျက်စိမှိတ်ပြီး ကျေအေးခွင့်လွှတ်လိုက်နိုင်ပါသေးတယ် နှုတ်နဲ့ပြောပြလို့မရတဲ့ ဒီထက်ဆိုးတဲ့ နာစရာတွေ သူ့ရင်ထဲရော အဝေးရင်ထဲပါ အပြည့်ပဲ။ အဝေးချစ်မြတ်နိုးစေတနာထားခဲ့သမျှ အရာမထင် ့ဲအပြင် အဝေးကားခံရသေးတဲ့ဘဝမှာ ကွာရှင်းခွင့်လဲမရ။ သမီးကိုယ်





ခေါ်ခွင့်မရ။ သူ့မျက်နှာကြည့်နေရတာ မီးလိုပူလွန်းလို့ အဝေး ခဏတဖြုတ် သက်သာရာသက်သာကြောင်းရှာတာပါ ..."

"သမီး ဘယ်ကိုထွက်သွားတာလဲ ..."

"သမီး ကလော်မှာ ..."

"အဝေးကြီးပါလားကွယ် ...အမေကမြို့စွန်နားလောက်ဖြစ်မလားဘဲထင်မိပါတယ်။ အမေ့ကြော်ငြာဖတ်ရလားသမီး ..."

"ဖတ်ရပါတယ်အမေ ...

ပက်ပက်စက်စက် လီဆယ်ရေးထဲ့တဲ့ သူ့ကြော်ငြာကိုလဲ ဖတ်ရပါတယ်။ ဟောဒီရင်ထဲမှာ ငှတ်တစ်ချောင်းစူးနေသလို တစ်ချိန်လုံးနာနေပြီအမေ ...၊ ဖျောက်မရတော့ဘူး။ ကုလို့လဲမရတော့ဘူး။ တစ်နေ့က ကြော်ငြာကပိုဆိုးပါတယ်။ အမေသိရဲ့လားဟင် ..."

"အမေဖတ်ရပါတယ်ကွယ် ..."

အမေသည် ပြောပြောဆိုဆို မအောင့်နိုင်သလို တရှုပ်ရှုပ်ငိုချလိုက်လေသည်။

"အမေ မငိုပါနဲ့အမေရယ် ..."

"ဒီကြော်ငြာကြောင့် အစန်းတို့ရော ဘာရော ဖုန်းဆက်လိုက်ကြတာ။ အမေလဲရင်နာတယ်။ ဒင်းဒီလိုအရှက်ခွဲရက်တာကို အမေအံ့သြမဆုံးပါဘူး။ ဘယ်လောက် အာ



www.burmeseclassic.com

www.burmeseclassic.com



ယာတကြီးတယ်ဆိုတာသိသာတာပဲ။ အမေ ငါ့သမီးကို တပြီးငိုနေတာ။ မနေ့ကတစ်ညလုံးပဲကွယ်။ ဒီနေ့ သမီး ရောက်လာတယ်။ အမေ တရကျိုးနပ်ပါတယ်။ သမီး အတွက်လဲစိတ်ပူ၊ မြေးအတွက်လဲစိတ်ပူ။ အဝေးရယ် ဖြစ်မှဖြစ်ရလေတယ်သမီးရယ် ...”

အမေသည် တတွတ်တွတ်တိုးတိုးညည်းညူကာ တရှုပ်ရှုပ်ငိုကြွေးနေသည်။ အဝေးသည် တားမရမည်ကိုသိလျက် တားမနေတော့ချေ။ အဝေးအတွက် အမေရင်ထဲမီးတောက်ကာ ငိုကြွေးနေရသည်ကို အားနာကြင်နာကာတိတ်နေမိသည်။

သမီးကိုချီလျှောက်ရတာမောဟိုက်လာသဖြင့် အဝေး ကုလားထိုင်မှာဝင်ထိုင်ကာ သမီးကို ရင်ခွင်မှာပွေ့ယူသည်။ ငိုက်မြည်းနေသောသမီးလေးကို နို့တိုက်သည်။ သမီးလေးသည် ဆယ့်သုံးလေးရက်ကင်းကွာနေသော မိခင်နို့ချိုကို အငမ်းမရမဟပ်တော့။ နှုတ်ခမ်းနှင့်ထိပေးသော်လဲ ရှောင်ကာ ပါးလေးနှင့်ဖိအိပ်ပြီး ငိုက်ကျသွားသည်။ သမီးလေးရယ် မေ မေထွက်သွားလိုက်လို့ နို့တောင်ပြတ်သွားပြီပဲလား။

အဝေးမျက်ရည်ပေါက်များသည် သမီးလေးဆံ ပင်ကြားထဲကျကာ စိမ့်ဝင်သွားသဖြင့် ရှောင်ဖယ်ကာမျက်ရည် သုတ်ရသည်။

“သမီး အဝေး .၊ လက်ကအပ်ရာတွေကဘာတွေတုန်း”

တံတောင်ကွေးနှစ်ဖက်၌နာသဖြင့် နောက်ဆုံးနေ





ကလက်ကောက်ဝတ်စောင်းတွင်သွင်းခဲ့သည်။ ဤနေရာမှာစိမ်း ညိုကာ ဒါဏ်ရာလိုဖြစ်နေသည်။

“အဝေးဟိုမှာနေမကောင်းဖြစ်နေတယ်။ ဒရစ်ပ်တွေသွင်း ရတယ် ...”

“ဟင် ...”

အမေက သက်ပြင်းရှည်ကြီးခွဲကာချလိုက်သည်။

“အဝေး နေကောင်းပါတယ်အမေ ...၊ သမီးလေးအ တွက်နေကောင်းရမယ်အမေ ...၊ ညနေ ဆေးခန်းသွား ပြီးမှ အမေ့ကို အဝေးပြန်ပို့မယ် ...”

“အမေ့ကိုပြန်ပို့ဖို့မလိုပါဘူးသမီး ...၊ ဒါပေမယ့် ပြန် တော့ပြန်မယ် ...၊ မောင်မောင်ကျေးရောက်မလာခင် ပြန်မယ်၊ သူ့ဆီကိုပြန်ရောက်ကြောင်းတော့ ကိုယ့်ဝတ္တရား ကျေအောင် ဖုန်းဆက်လိုက်နော်။ မရှိဖြစ်ဖြစ် ဆက်ရင် ဆက်နိုင်း ...”

“အဝေးကိုယ်တိုင်ဆက်မှာပါ အမေ ...”

အဝေးအသံက အေးစက်ခက်မာနေသည်။ အဝေး သည် သမီးလေးကိုချသိပ်ပြီးလျှင် စိတ်ရောကိုယ်ပါပျော့ပျောင်း သွားအောင် လျှော့ချကာ ဖျာခင်းလဲလျောင်းလိုက်သည်။ ထမင်း စားချင်သဖြင့် မရှိဖျော်ပေးသောအိုဗာတင်းနွေးနွေးတစ်ခွက် တွင် ပေါင်မုန့်နှစ်ချပ်ကုန်အောင်မျှောချစားလိုက်ရသည်။

“မအဝေး ပိုက်ဆံပေးသွားတာထဲက ဒါပိုတာပါ။ နေ့



www.burmeseclassic.com

www.burmeseclassic.com



တိုင်းစာရင်းမှတ်ထားပါတယ်။ နောက်ပိုင်းရက်တွေက မမမြဲ ဝယ်ခြမ်းလို့ ပိုတာတွေ ...”

မရီက ပိုက်ဆံတစ်ထပ်ယူလာပေးသည်။

“အမေ ... အမေစိုက်ဝယ်ထားတာတွေပြန်ယူပါနော်”

“အဝေး အမေစိတ်ချမ်းသာရအောင်မပေးပါနဲ့သမီးရယ်”

“ဟုတ်ကဲ့အမေ ... အဝေးမပေးတော့ဘူး။ ဒီမှာ မရီ သူသွားခါနီး ပိုက်ဆံကိစ္စဘာပြောသေးလဲ။ ပိုက်ဆံရှိရဲ့လားလို့မရီကိုမေးသေးလား ...”

မရီကခေါင်းခါသည်။

အဝေးမျက်စိမှိတ်ကာ အိပ်ပျော်အောင်ကြိုးစားလိုက်သည်။ လူတစ်ကိုယ်လုံးမှာ ကိုင်ရိုက်ထားသလို နာကျင်ကိုက်ခဲနေကာ ခေါင်းချလိုက်ရသည်မှာ အရသာရှိလှပေသည်။ သမီးလေးရဲ့ နွေးပူသော်လက်ဖဝါးလေးကိုဆုပ်ကိုင်ကာ ခဏအိပ်ပျော်သွားသည်။

အဝေးအိပ်ရာမှနိုးလျှင် သမီးလေးလဲနိုးနှင့်ကာ အမေက သမီးလေးကိုနို့မှုတ်ကိုက်နေရင်း ...

“မြေးလေး ... ဘွားဘွားပြန်တော့မယ်ကွယ် ... မြေးလေးကိုလွမ်းနေမှာပဲ။ ဘွားဘွားမပြန်ချင်ပါဘူး မြေးလေးရယ်။ ဒါပေမယ့် ပြန်ရတော့မယ်ကွယ် ...”

အမေ့မျက်ဝန်းအစုံသည် မျက်ရည်ရစ်ဖုံးလျက်။

အဝေးရေဝင်ချိုးပြီးလျှင် မရီက ဖုန်းလာသည်ဆို





သဖြင့် ဖုန်းကိုင်ရသည်။ ဖုန်းဆက်သည်မှာမောင့်မေမေ။ အဝေးရောက်ပြီဆိုသဖြင့် ဝမ်းသာအားရအသံတုန်နေသည်။ စိတ်ပူနေတာတွေ၊ စိတ်မကောင်းရတာတွေ တဖွဲ့တနွဲ့ကြားရလေသည်။ အဝေးကား နှုတ်နဲ့နေသည်။

“မြေးလေးအပူကျလား ... လာခဲ့မယ်နော် ...”

“ဒီနေ့မလာနဲ့တော့မာမီ ... အဝေးတို့လဲ ခုပဲဆေးခန်းသွားမှာ။ ပြန်ရောက်ရင်လဲ မာမီ့သားကိုလှမ်းခေါ်ရအုံးမယ်။ သူနဲ့စာရင်းရှင်းရအုံးမယ်။ အလကားစိတ်ညစ်နေရမယ်။ နောက်နေ့မှလာပါတော့ ...”

“အေး ... အေး။ ဖြည်းဖြည်းဆွေးနွေးညှိနှိုင်းကြပါနော် မြေးလေးမျက်နှာရော၊ မာမီတို့မျက်နှာရော ငဲ့ပါအဝေးရယ် ... နော် ...”

“ဒါပဲနော် မာမီ ...”

အဝေးတို့အားလုံးအိမ်ကထွက်ကြသည်။ ဆေးခန်းအရင်ဝင်ပြပြီးမှ အမေက ဆေးခန်းရှေ့မှကားငှားပြန်သည်။ ကားပေါ်တက်ခါနီး အဝေးကိုကြည့်လိုက်သောအမေ့မျက်လုံးတို့သည် ဘာစကားသံတစ်ခွန်းမှမထွက်သော်လဲ ဆုံးမစကားတစ်ပုံကြီး ပြောဆိုပစ်ခဲ့သလို အဓိပ္ပါယ်တွေများစွာပျော်ဝင်နေလေသည်။ အမေ့ကိုပြန်လည်စိုက်ကြည့်ခဲ့သော အဝေးမျက်လုံးများကတော့ အမေ့ကိုတိုးလျှိုးခြင်း၊ တောင်းပန်ခြင်း၊ ကိုယ်နှင်းစခြင်း၊ အားကိုးခြင်း၊ ကရုဏာသက်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



အဝေးသည် ကိုယ့်ကိုကိုယ်ဖျားလာပြီဟုထင်သည်။ တရှိန်ရှိန်ပူကာ မျက်ကြောတွေညောင်း၊ မျက်လုံးတွေစပ်လျက် နေရာအနှံ့တဆစ်ဆစ်ထိုးကိုက်နေသည်။ အိမ်ရောက်လျှင် တစ်ရှူသုံးကျော်သောသမီးလေးကို ရေခဲအုပ်ရပါသေးသည်။ အေးစက်သောအထိအတွေ့ကြောင့် အလန့်တကြားငိုသော သမီးလေးအသံမှာ သနားစရာကောင်းလှသည်။

"မအဝေး ..."

"ဘာလဲ မရီ ..."

"ဖုန်း ...ဟို ဖုန်းဆက်ရမလားလို့ ..."

"ကျွန်မဆက်မယ်မရီ ..."

မရီသည် သူပါဝင်ရမည့်အရေးအရာမဟုတ်၍ ဘာမှပြောခွင့်မရှိ၍သာနေရသော်လဲ အဝေးကိုစိတ်လျှော့ဖို့ကျေအေးဖို့ဖျောင်းဖျလိုဟန် မျက်နှာမှာထင်ဟတ်နေသည်။ အဖြူရောင် ဘုတ်ပြားလေးမှာ ဆော့ဖ်ပင်အပြာနှင့် သူ့လက်ရေးသော့သော့နှင့်ရေးခြစ်ပေးခဲ့သောဂဏန်းလေးများကို တစ်လုံးချင်းမှတ်ပြီးဖုန်းကိုနှိပ်စဉ် အားလုံးဖျက်ဆီးပေါက်ကွဲသောတစ်ညကို သတိရတော့သည်။

တယ်လီဖုန်းပါ ကျိုးကြေအောင်ဖျက်ဆီးပစ်တာ။ ဖုန်းအိမ်ကလေးမှာ ခုတော့အသစ်တစ်လုံးတည်း။ ထိုညက မျက်စီးကျိုးကြေခဲ့သောအဝေးနှလုံးသားတို့သည်ကား ဘယ်သောအခါမှ အသစ်တစ်ခုထပ်မံ အစားထိုးမရတော့။





"ကိုမောင်မောင်ကျေးရှိပါသလား ..."

"ဘယ်သူပါလဲ ..."

"သူ့မိန်းမ ..."

တစ်ဖက်က ဖုန်းချကာ ကမန်းကတန်းပြေးသွားသံကြားရသည်။ တမင်ညစ်ကာ အချိန်ဆွဲထားဟန်ဖြင့် သုံးလေးမိနစ်ကြာပြီးမှ ဖုန်းကို မောင်လာကိုင်သည်။

"အင်း ...ပြော ..."

"အဝေးပြန်ရောက်ပြီ ..."

"အင်း ..."

"ရှင် ပြန်လာခဲ့တော့ ..."

အဝေးအသံသည် ပြတ်ကာအေးစက်နေသည်။

"အင်း ...ဒါပေမယ့် မိုးချုပ်မယ် ..."

"ရတယ် ...မိုးမလင်းရင်တော်ပြီ ..."

အဝေး အရင်ဖုန်းကိုချလိုက်သည်။ ညနက်ပါစေ၊ မိုးချုပ်ပါစေ၊ ယူချင်သလောက်အချိန်ကိုယူလိုက်စမ်းပါ။ ငါ့အပေါ်နောက်ဆုံးညစ်ပတ်နိုင်ခြင်းမျိုးနဲ့ အခွင့်အရေးယူစမ်းပါ။ ဘယ်အချိန်ကျမှပဲပြန်ရောက်ရောက် ငါ့ရှေ့ပြားပြားမှောက်ရောက်လာဖို့က အဓိကပဲမောင်မောင်ကျေးရေ။

◇ ၂၀ ◇

www.burmeseclassic.com



သူအိမ်ပြန်ရောက်တော့ ညဉ့်တစ်နာရီ။

တံခါးဖွင့်ပေးသူမှာ အဝေးဖြစ်သည်။ နှစ်ဦးစလုံးသည် နှုတ်ဆက်ဖို့မလိုသဖြင့် တိတ်တိတ်ဆိတ်ဆိတ်ပင်။ သူက အိပ်ခန်းထဲတန်းဝင်သွားသည်။ အဝေးသည် အရာရာကိုလှည့်ပတ်ကြည့်ပြီးသော် တစ်စုံတစ်ရာကိုသတိရကာ တယ်လီဖုန်းနံဘေးသို့လျှောက်လာလေသည်။

ဂဏန်းများကိုနှိပ်သောအဝေးလက်များသည် ချွေးစေးဖြင့် စွတ်စိုအေးစက်နေသည်။ တစ်ဖက်မှာအတော်ကြာခေါ်နေပြီးမှ ဖုန်းလာကိုင်လေသည်။

"အမေလား ..."

အဝေးအသံသည် ခပ်တိုးတိုး။

အမေ့ကိုပြောဖူးသမျှလေသံတို့တွင် ဤတစ်ကြိမ်သည် အတိုးတိတ်အနူးညွတ်ဆုံးနှင့် မေတ္တာတရားအပါဆုံးဖြစ်သည်။

"အဝေး ...အဝေးလားဟင် ...သမီးဘာဖြစ်သလဲ ဘာလဲသမီး ..."

"အမေ ..."

"သမီး ...အဝေး ..."

"အမေ့ကို အဝေးသိပ်ချစ်ပါတယ်အမေ ...၊ အမေ့ကို အဝေးသိပ်ချစ်တယ်။ သိပ်စိတ်နာခဲ့ဖူးသမျှလဲ အားလုံးကျေပျက်ပြီ။ အမေ့ကို အဝေးနားလည်တယ်။ အမေ့





ကို အဝေးသနားတယ်။ အဝေးအဖေကို အမေသ
တဲ့အတွက် အမေ့ကို အဝေး မနာကျည်းတော့ပါ
မိန်းမတစ်ယောက်ဟာ အတိုင်းအတာတစ်ခုအတွင်းမှ
သည်းခံနိုင်စိတ်ဖြစ်တည်နေတယ်ဆိုတာ အဝေးသိ

"အဝေး ...သမီး ..."

"ညနေတုန်းက အဝေးဒီလိုပြောရင် အမေစိတ်ထင့်
ဆိုတာ အဝေးသိလို့ ခုမှပဲဖုန်းဆက်လိုက်တာပါ။ အ
ကြားတယ်နော်။ အမေ့ကို အဝေးချစ်တယ်။ အမေ
ဘယ်တော့မှမမုန်းတော့ဘူး။ ဘယ်တော့မှ စိတ်မနာ
ဘူး။ အဝေးကိုခွင့်လွှတ်ပါအမေ ..."

"အဝေး ...အဝေး ..."

အဝေးက ဖုန်းကိုတိုးတိတ်စွာပခက်ပေါ်ချလို
ကာ အိမ်နောက်ဖေးဘက်သို့ တည်ငြိမ်အေးစက်စွာပင် လျှေ
ဝင်လာခဲ့သည်။ ထမင်းစားစားပွဲပေါ်၌ ညဦးကထဲက အ
ထုတ်ယူတင်ထားသော ဓါးတစ်ချောင်းရှိသည်။ အဝေးရွေး
ထားသောဓါးမှာ ရှစ်လက်မရှည်သော မီးဖိုသုံးစတီးဓါးချွ
သစ်ဖြစ်သည်။ အမေ့တုန်းကလို ဓါးရှည်တော့ဖြင့်မဟုတ်

✧ ⌑ ✧



www.burmeseclassic.com

www.burmeseclassic.com

# ၁၃

ပြင်းထန်စွာ ရိုက်ပုတ်အော်ဟစ်သော တံခါးအပြင်မှအသံများကြောင့် အံကြိတ်ကာ ညှို့ခန်းမှာ ငိုကြွေးနေသောအဝေးမှာ ဆတ်ခနဲဖြစ်သွားလေသည်။

"အဝေး ...အဝေး ...သမီး ...တံခါးဖွင့် ..."

"အဝေးရေ တံခါးဖွင့်ပါအုံး ..."

"အဝေးရေ အမေပါသမီးရယ် ..."

မရီသည် ဆူညံသောအသံများကြောင့် အတွင်းခန်းမှ ပြေးထွက်လာကာ တံခါးသော့ကိုဖွင့်သည်။ အမေ၊ အန်တီစန်းနှင့် အန်ကယ်ဦးလှမောင်သည် အတင်းပယ်ဖောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ခန်းထဲဝင်လာသည်။ မရီက သူတို့ကို ဂရုမပြုအားဘဲ အတွင်းဘက်အိပ်ခန်းထဲ သုတ်သုတ်ပြန်ဝင်သွား၏။ ကလေးငိုသံသည် စူးရှစွာပျံ့လွင့်လျက် ...

အမေသည် အဝေးအနီးသို့ လွင့်ခနဲလေအဟုန်လို လျင်မြန်စွာရောက်လာသည်။ ဧည့်ခန်းစားပွဲပေါ်မှ စတီးခါးချွန်ကိုကြည့်ကာ ငိုသံပါကြီးနှင့် ...

"အဝေး ..."

ခေါင်းကိုစိုက်ချကာ ကြိတ်သိပ်ပြီးငိုညည်းနေသောအဝေးကို အတင်းဖက်ရမ်းဆွဲလှုပ်ကာ မျက်နှာကိုမော့စေသည်။ ဆံပင်ဖို့ရို့ဖားလျား မျက်ရည်အလူးလူးနှင့် အရူးလိုဖြစ်နေသော အဝေးနှင့်အမေ မျက်နှာချင်းတည့်တည့်ဆိုင်မိလေသည်။

အမေ့မျက်လုံးအိမ်၌ မျက်ရည်ဥကြီးများ၊ ယူကျုံးမရမှုများ။

"သမီး ... သမီးလေးရယ် ... အမေမှိုရဲ့လား၊ အရောက်ဦးရဲ့လား ...၊ လွန်သွားပြီလား ... ဟင် ... ဟင် သမီး ..."

အဝေးသည် နာကျင်ပျော့ခွေကာ အမေ့ရင်ခွင်၌ မျက်နှာအပ်လိုက်လေသည်။ အဝေးမျက်လုံးများမှာ အရောင်မဲ့လျက် ဦးတည်ချက်ပျောက်ကာ လှုသည် အရုပ်ကြိုးပြတ်။

"မှီပါတယ်အမေရယ် ..."





အဝေးအသံတိုးတိုးကလေးထွက်လာသည်။

"အေး ... အေး ... သမီးလေးရယ် ... မငိုပါနဲ့ကွယ် တိတ် ... တိတ် ... ရှိတယ်လေ ဖေဖေကြီးရှိတယ်လေ ..."

အတွင်းခန်းမှ ယောကျ်ားသံကြောင့် ဝင်လာသောလူစုသည် သက်မကြီးများကိုယ်စီချကာ နီးရာခုံများ၌ မောပန်းတကြီး သက်သာရာရသလို ထိုင်ချလိုက်ကြလေသည်။

အဝေးသည် ဝရန်တာကိုဖြတ်လျက် အပြင်ဘက်က မှောင်ပိန်းသောည၏အရောင်ကို ငေးစိုက်နေသည်။

"အဝေး သူ့ကို သတ်တော့သတ်မယ် ...၊ ဒါပေမယ့် ခုနက သမီးလေးလန့်နိုးလာပြီး ... အဖျားကြီးပြီးငိုတယ်လေ ...၊ ဖေဖေကြီးလို့တပြီး ငိုတယ် ...၊ အခု ရေခဲတင်နေတာတောင် ... ဖေဖေနဲ့လို့တောင်းဆိုတာနဲ့ သူ့အဖေတင်ပေးနေရတယ် ...၊ မအောင်မြင်လိုက်ဘူး အဝေးမလုပ်လိုက်ရသေးဘူး ...၊ ဒါပေမယ့် ... ဒါပေမယ့် ... လုပ်ဖို့ဆုံးဖြတ်ပြီးပြီ ... ဒါပေမယ့် ..."

အဝေးသည် မောဟိုက်သွားသလို ပင့်သက်ရှိုက်ကာ မျက်လုံးကလေးများမှေးစင်းလိုက်သည်။

"သမီးလေးအတွက် အဝေး ခဏစောင့်ဦးမယ် ..."

ဆို့နစ်သောအသံသည် ဝရန်တာမှ တိတ်တဆိတ်

www.burmeseclassic.com



လွင့်ပျံ့ထွက်ကာ ညအမှောင်ထုထဲ၌ တိုးတိုးတိတ်တိတ်ပဲ့တင် ထပ်နေလေသည်။

✧ ¤ ✧

BURMESE CLASSIC .com

လမင်းမိုမို

..............................................

စေတနာစာပေ

www.burmeseclassic.com